global witness

# ကျောက်စိမ်းနှင့် ပဋိပက္ခ

## မြန်မာနိုင်ငံ၏အဆိုးသံသရာ

ဇွန် ၂၀၂၁



ဤစာတမ်းသည် ၂၀၂၁ ခုနှစ် ဖွန်လတွင် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ပြန်ခဲ့သော ကျောက်စိမ်းနှင့် ပဋိပက္ခ - မြန်မာနိုင်ငံ၏ အဆိုးသံသရာ အစီရင်ခံစာ၏ မြန်မာဘာသာပြန်ဆိုချက်ဖြစ်သည်။ ကွဲလွဲမှု သို့မဟုတ် မရှင်းလင်းမှု တစ်စုံတစ်ရာရှိပါက ကျေးဇူးပြု၍ အင်္ဂလိပ်ဘာသာမူရင်းကို ဖတ်ရှုပါ။

# မာတိကာ


အတိုကောက်များ/ကျောက်စိမ်း ကဏ္ဍအတွင်း လှုပ်ရှားနေသော အဓိက လက်နက်ကိုင်အဖွဲ့များ ........ ၄

မြန်မာနိုင်ငံမြေပုံ ........ ၅

နိဒါန်း ........ ၇

၁။ ကျောက်စိမ်း နှင့် ပဋိပက္ခ - မြန်မာနိုင်ငံ၏ အဆိုးသံသရာ ........ ၁၀

၁.၁ ကျောက်စိမ်း- ပဋိပက္ခ ဆက်စပ်မှုကို ဖြတ်တောက်ရန် NLD ၏ ကြိုးပမ်းမှုများ ........ ၁၀

၁.၂ လမ်းကြောင်းလွဲနေသော သတ္တုတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှု ........ ၁၁

ဖြစ်စဉ်လေ့လာမှု - ၂၀၁၉ ခုနှစ် ကျောက်မျက်ဥပဒေ ........ ၁၂

ဖြစ်စဉ်လေ့လာမှု - အစိုးရ၏ စောင့်ကြည့်ရေးအဖွဲ့တစ်ခုဖြစ်သော MGE တွင် အကျိုးစီးပွား ပဋိပက္ခများ နှင့် ပြည့်နှက်နေသော လုပ်ငန်းများနှင့် မသမာသော ဆက်ဆံရေးများ ရှိနေသည်။ ........ ၁၈

၁.၃ အာဏာသိမ်းမှုနောက်ပိုင်း ကျောက်စိမ်းလုပ်ငန်း ........ ၂၂

၂။ ကျောက်စိမ်းမှရရှိသည့် ဝင်ငွေများကို မှီခိုအားထားနေသည့် လက်နက်ကိုင်အဖွဲ့များ ........ ၂၆

၂.၁ တပ်မတော်သည် သတ္တုတူးဖော်မှုများအပေါ် ထိန်းချုပ်ထားခြင်းမှ အမြတ်အစွန်းများ ရရှိနေသည်။ ........ ၂၆

ဖြစ်စဉ်လေ့လာမှု - ကာကွယ်ရေးဦးစီးချုပ်၏ မိသားစုသည် ကျောက်စိမ်းဆိုင်ရာ လာဘ်ပေးလာဘ်ယူမှုများ မှ မည်သို့ အမြတ်အစွန်းများ ရရှိနေသနည်း? ........ ၃၁

၂.၂ ကချင်လွတ်လပ်ရေးအဖွဲ့ချုပ်၏ အဓိကကျသည့် အခန်းကဏ္ဍ ........ ၃၃

ဖြစ်စဉ်လေ့လာမှု - ကျောက်စိမ်း -ကချင်ပြည်နယ်၏ ခါးသီးသော အပစ်အခတ်ရပ်စဲမှု အတွေ့အကြုံ ........ ၃၄

၂.၃ ရက္ခိုင့်တပ်တော် ........ ၃၉

၂.၄ ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် ........ ၄၂

ဖြစ်စဉ်လေ့လာမှု - ရခိုင်ပြည်နယ်ရှိ UWSA ၏ လက်နက်များ ........ ၄၆

၂.၅ မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ်မတော် ........ ၄၇

၃။ လိုင်စင်ထုတ်ပေးမှု ရပ်ဆိုင်းခဲ့ပြီးနောက် ဖားကန့် ........ ၄၈

ဖြစ်စဉ်လေ့လာမှု - အန္တရာယ်ရှိသည့် တူးဖော်မှု၊ အသက်ဆုံးရှုံးစေနိုင်သည့် ရလဒ်များ ........ ၄၈

၃.၁ လိုင်စင်ထုတ်ပေးမှု ရပ်ဆိုင်းခဲ့ပြီးနောက် ကျောက်စိမ်းထုတ်လုပ်မှု ........ ၅၀

ဖြစ်စဉ်လေ့လာမှု - မြန်မာနိုင်ငံ၏ ကျောက်စိမ်းလုပ်ငန်းသည် မည်မျှ ကြီးမားသနည်း? ........ ၅၁

၃.၂ မြင့်တက်လာနေသည့် ကျောက်စိမ်းမှောင်ခိုကုန်သွယ်မှု ........ ၅၂

ဖြစ်စဉ်လေ့လာမှု - ကျောက်စိမ်းမှ အခွန်များကို ပြောင်းလဲခြင်း ........ ၅၅

၃.၃ ဖားကန့်ရှိ တရုတ်စီးပွားရေး အကျိုးစီးပွားများ ........ ၅၆

၃.၄ ရေမဆေးသမားများ ပေါ်များလာမှု ........ ၅၆

၃.၅ အကြောက်တရား နှင့် အကြမ်းဖက်မှုတို့ကြောင့် နှုတ်ဆိတ်နေရခြင်း ........ ၅၉

ဖြစ်စဉ်လေ့လာမှု - မူးယစ်ဆေးဝါးများ နှင့် ကျောက်စိမ်း - ပဋိပက္ခ နှင့် ထိခိုက်မှုတို့အတွက် လမ်းစတစ်ခု ........ ၆၀

၃.၆ လိုင်စင်ထုတ်ပေးမှု ရပ်ဆိုင်းခြင်းကို ပြန်လည်သုံးသပ်ခြင်း ........ ၆၂

၄။ နိဂုံးချုပ် သုံးသပ်ချက် ........ ၆၃

၄.၁ မြန်မာနိုင်ငံ၏ ကျောက်စိမ်း-ပဋိပက္ခ ဆက်စပ်မှုကို ဖြတ်တောက်ခြင်း ........ ၆၃

၄.၂ အကြံပြုတင်ပြချက်များ ........ ၆၄

မှတ်စုများ ........ ၆၈

# အတိုကောက်များ

| | |
|---|---|
| AA | ရက္ခိုင့်တပ်တော် |
| BGF | နယ်ခြားစောင့်တပ်ဖွဲ့ |
| CRPH | ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ |
| DICA | ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန |
| EITI | တွင်းထွက်သယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး |
| KIO/A | ကချင်လွတ်လပ်ရေးအဖွဲ့ချုပ် / ကချင်လွတ်မြောက်ရေးတပ်မတော် |
| MEC | မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း |
| MEHL | မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် |
| MEITI | မြန်မာနိုင်ငံ တွင်းထွက်သယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး |
| MONREC | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန |
| MGE | မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း |
| MGJEA | မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း |
| MNDAA | မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ်မတော် |
| KNDPC | ကချင်တိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်ရေး (ကျောက်မျက်ရတနာ) ကုမ္ပဏီ |
| NCA | တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် |
| NLD | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |
| NUG | အမျိုးသားညီညွတ်ရေးအစိုးရ |
| SAC | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ |
| UWSP/A | ဝ ပြည်နယ် သွေးစည်းညီညွတ်ရေး ပါတီ / ဝပြည် သွေးစည်းညီညွတ်ရေး တပ်မတော် |

# ကျောက်စိမ်းကဏ္ဍအတွင်းလှုပ်ရှားနေသော အဓိကလက်နက်ကိုင်အဖွဲ့များ

| အဖွဲ့အစည်းအမည် | လှုပ်ရှားသည့် နယ်မြေ (များ) | အဆင့်အတန်း |
|---|---|---|
| တပ်မတော် | မြန်မာတစ်နိုင်ငံလုံး | ကြည်းတပ်၊ ရေတပ် နှင့် လေတပ်တို့ အပါအဝင် မြန်မာနိုင်ငံ၏ တရားဝင် လက်နက်ကိုင်တပ်ဖွဲ့ ဖြစ်သည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှင့် ပြည်သူ့စစ် အဖွဲ့များကဲ့သို့သော အရန်တပ်ဖွဲ့များလည်း ပါဝင်သည်။ |
| ကချင် လွတ်မြောက်ရေး တပ်မတော် | ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ စစ်ကိုင်းတိုင်း အရှေ့ပိုင်း | ကချင်လွတ်လပ်ရေးအဖွဲ့ချုပ်၏ လက်နက်ကိုင် အဖွဲ့ဖြစ်သည်။ ကချင်ပြည်နယ်၊ လိုင်ဇာမြို့တွင် ဌာနချုပ် တည်ရှိသည်။ |
| ဝပြည် သွေးစည်းညီညွတ်ရေး တပ်မတော် | ဝ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ရှမ်းပြည်နယ် | ဝပြည် သွေးစည်းညီညွတ်ရေးပါတီ၏ လက်နက်ကိုင်အဖွဲ့ ဖြစ်သည်။ ရှမ်းပြည်နယ်၊ ပန်ခမ်းမြို့တွင် ဌာနချုပ် တည်ရှိသည်။ |
| ရက္ခိုင့်တပ်တော် | ရှမ်းပြည်နယ်မြောက်ပိုင်း၊ ချင်းပြည်နယ်တောင်ပိုင်း နှင့် ရခိုင်ပြည်နယ်အနောက်ပိုင်း | ရက္ခိုင့်အမျိုးသားအဖွဲ့ချုပ်၏ လက်နက်ကိုင် အဖွဲ့ဖြစ်သည်။ အဓိက လှုပ်ရှားသည့် နယ်မြေမှာ ရခိုင်ပြည်နယ် ဖြစ်သော်လည်း ဌာနချုပ်မှာ လိုင်ဇာမြို့တွင် တည်ရှိပါသည်။ |
| မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ်မတော် | ရှမ်းပြည်နယ်မြောက်ပိုင်း | ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း အခြေစိုက်သည်။ |


မြန်မာနိုင်ငံမြေပုံ
BANGLADESH
INDIA
CHINA
LAOS
THAILAND
MYANMAR
Kachin
Tanai
Hkamti
Hpakant
Myitkyina
Laiza
Sagaing
Muse
Laukki
Kutkai
Lashio
Hakha
Pangkham
Sagaing
Mandalay
Chin
Shan
Paletwa
Mandalay
Kyauktaw
Taunggyi
Sittwe
Rakhine
Magway
Nay Pyi Taw
Kayah
Bago
Mon
Kayin
Ayeyarwady
Yangon
Tanintharyi



မြန်မာနိုင်ငံ၏ ကချင်ပြည်နယ်မြောက်ပိုင်းရှိ ဖားကန့်သည် ကမ□ာတစ်ဝန်းရှိ ကျောက်စိမ်းလုပ်ငန်း၏ ဗဟိုချက်တွင် ရှိပါသည်။ ၎င်း၏ ရှုခင်းများသည် အနီးပတ်ဝန်းကျင်ကို ပျက်စီးစေခဲ့သော အကြီးစား သတ္တုတူးဖော်ခြင်းများ နှစ်ပေါင်းများစွာ ဆောင်ရွက်လာခဲ့မှုကြောင့် ထိခိုက်ခဲ့ရသည်။
*Global Witness*





ဖားကန့်ဒေသရှိ အရင်းအမြစ်များကို ပြောင်တလင်းခါ သွားသည်အထိထုတ်ယူရန် ကြီးမားသည့် တူးဖော်ရေး စက်ကိရိယာများဖြင့် နေ့ရောညပါ လုပ်ဆောင်ကြသည်။
*Global Witness*



ထောင်နှင့်ချီသော ရေမဆေးသမားများအနေဖြင့် အသက်ဆက်နိုင်ရုံမျှအတွက် တည်ငြိမ်မှုမရှိသည့် မြေစာပုံများမှ ရှာဖွေရွေးထုတ်ကြရစဉ်တွင် စစ်တပ်နှင့် အခြားသော လက်နက်ကိုင်အဖွဲ့အစည်းများသည်  ဖားကန့်ရှိ တန်ဖိုးအကြီးဆုံး ကျောက်စိမ်းများကို ထိန်းချုပ်ထားခဲ့သည်။
*Global Witness*







ကချင်ပြည်နယ်ရှိ 'ရတနာသိုက်"အများစုတို့သည် အထက်ပါပုံတွင် ဖော်ပြထားသည့်အတိုင်း ရွှေလီရှိ ကြယ်ခေါင် လက်ဝတ်ရတနာ ဈေးကွက်တွင် အဆုံးသတ်သွားခဲ့သည်။
*Global Witness*

# နိဒါန်း

မြန်မာနိုင်ငံရှိ ကျောက်စိမ်းနှင့် ပဋိပက္ခတို့သည် ဆယ်စုနှစ် နှစ်ခုကျော်ကြာ အကြမ်းဖက်မှု နှင့် ခေါင်းပုံဖြတ် အမြတ်ထုတ်မှုများ၏ အပြန်အလှန် အားဖြည့်ပေးနေကြသောအဆိုးသံသရာတစ်ခုအတွင်းပိတ်မိနေခဲ့သည်။ ကမ□ာပေါ်တွင်တန်ဖိုးအကြီးဆုံးဖြစ်ပြီး ဒေါ်လာ ဘီလီယံနှင့်ချီသော နှစ်စဉ်တူးဖော်သည့် တွင်းထွက်သယံဇာတ ပေါကြွယ်ဝမှုများ၏ အရင်းအမြစ်ဖြစ်သည့် ကချင်ပြည်နယ်၏ ကျောက်စိမ်းတွင်းများသည် အစိုးရနှင့် အစိုးရမဟုတ်သော လက်နက်ကိုင်တပ်ဖွဲ့များအား နှစ်ပေါင်းများစွာ ငွေကြေးထောက်ပံ့လာခဲ့ပြီး ကျောက်စိမ်းတွင်းများရှိရာ ဒေသများနှင့် ၎င်းဒေသများရှိ ကြွယ်ဝမှုများအပေါ် ချုပ်ကိုင်ထားနိုင်ရေးအတွက် တိုက်ပွဲဝင်ရန် လက်နက်ကိုင်တပ်ဖွဲ့များအတွက် မက်လုံးအဖြစ် တည်ရှိနေခြင်းဖြင့် ပဋိပက္ခများကို ပိုမိုဆိုးရွားစေကာ ငြိမ်းချမ်းရေးရရှိရန်ကြိုးပမ်းမှုများကို ထိခိုက်စေသည်။ အပြန်အလှန်အားဖြင့် ကျောက်စိမ်းတွင်းများတစ်ဝိုက်ရှိ ပဋိပက္ခများသည် အန္တရာယ်ရှိသည့် တူးဖော်မှု အလေ့အထများ၊ အကျင့်ပျက်ခြစားမှုများ၊ မှောင်ခိုမှုများ၊ အခွန်ရှောင်တိမ်းခြင်းများ၊ မူးယစ်ဆေးဝါး ကုန်ကူးခြင်းများနှင့် သဘာဝ ပတ်ဝန်းကျင်ကို ဖျက်ဆီးခြင်းများ ပေါများလာစေရန် ထောက်ကူနေသည့် ဥပဒေမဲ့ ဝန်းကျင်တစ်ခုကို အားပေးခဲ့သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ကို အာဏာရရှိလာစေခဲ့သည့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲသည် ကျောက်စိမ်းတွင်းများအတွင်း၌သာမကဘဲ နိုင်ငံတစ်ဝန်းလုံး၌ စစ်တပ်မှ ချန်ထားခဲ့သည့် အကျင့်ပျက်ခြစားမှု နှင့် ဆိုးမွေများကို ကန့်သတ်နိုင်မည့် အခွင့်အလမ်းတစ်ရပ်ကို ယူဆောင်လာခဲ့ပါသည်။ တပ်မတော်(မြန်မာနိုင်ငံ၏စစ်တပ်) တွင် ၎င်းအပေါ် အရပ်သားအစိုးရ၏ အုပ်ချုပ်စီမံမှုမှ ကာကွယ်ပေးထားသည့် သိသာသော အာဏာများရှိနေဆဲဖြစ်သော်လည်း မြန်မာနိုင်ငံ၏နိုင်ငံရေးအခြေအနေအတွင်း ဤသို့ ကြီးမားသည့် အပြောင်းအလဲတစ်ခု ပေါ်ပေါက်လာမှုကြောင့် ပိုမိုတောက်ပသည့် အနာဂတ်တစ်ခုအတွက် မျှော်လင့်ချက်များဆက်လက်ထားရှိခဲ့ကြသည်။

မည်သို့ပင်ဆိုစေကာမူ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် မြန်မာနိုင်ငံ၏ ရွေးကောက်ခံ အစိုးရကို ဆန့်ကျင်ကာ တပ်မတော်၏ အာဏာသိမ်းမှုကြောင့် ထိုသို့သော မျှော်လင့်ချက်များမှာ တမဟုတ်ချင်း ချုပ်ငြိမ်းသွားခဲ့ရသည်။ အာဏာသိမ်းမှုသည် တိုင်းပြည်အား စစ်တပ်၏ ဖိနှိပ်ချုပ်ချယ်မှုအောက်သို့ ရောက်ရှိစေရန် ခြိမ်းခြောက်နေပြီး မြန်မာနိုင်ငံအား လွန်ခဲ့သည့် ဆယ်နှစ်ကျော်ကာလအတွင်း ရရှိလာခဲ့သည့် တိုးတက်မှုများကို နောက်ပြန်ဆုတ်သွားစေခဲ့သည်။

စစ်တပ်သည် မြန်မာနိုင်ငံ၏ တိုင်းရင်းသား လူနည်းစုများနေထိုင်ရာ အစွန်အဖျားဒေသများအတွင်း အရေးယူ ဒဏ်ခတ်ခံရမှု လုံးဝမရှိဘဲ လှုပ်ရှားနေခဲ့ရာမှ အာဏာသိမ်းမှုသည် ယခုအခါတွင် တပ်မတော်၏ရက်စက်မှုများအား တိုင်းပြည်၏ ဗမာလူမျိုးအများစု အချက်အချာဒေသအတွင်းသို့ ယူဆောင်လာခဲ့ပြီဖြစ်သည်။ စစ်တပ်သည် ၎င်း၏ အာဏာလုယူမှုကို ဆန့်ကျင်သည့်အနေဖြင့် သန်းပေါင်းများစွာသော ပြည်သူများ၏ လမ်းမထက်တွင် ဆန္ဒပြခြင်းများ၊ သပိတ်မှောက်ခြင်းများနှင့် နိုင်ငံတစ်ဝန်း အာဏာဖီဆန်ရေးလှုပ်ရှားမှု(CDM)တွင် ပါဝင်ကြခြင်းတို့ဖြင့် တိုင်းပြည်၏ အုံကြွလာမှုအား အလွန်အမင်း ရက်စက်ကြမ်းကြုတ်စွာ တုန့်ပြန်ခဲ့ပြီး အရပ်သား ၈၀၀ ကျော်ကို သတ်ဖြတ်ခဲ့ကာ ထောင်နှင့်ချီသော ပြည်သူများကို ဖမ်းဆီးထိန်းသိမ်းခဲ့သည်။[၁]

အာဏာသိမ်းမှုသည် မြန်မာနိုင်ငံ၏ နိုင်ငံရေးအကူးအပြောင်းသည် မည်မျှ အခက်အခဲများရှိနေခဲ့ပြီး ပျက်စီးလွယ်သည်ကိုလည်းကောင်း၊ ၎င်း၏ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုသည် မည်မျှမပြည့်စုံ မလုံလောက်ခဲ့သည်ကိုလည်းကောင်း သတိပေးချက်တစ်ခုဖြစ်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ်တွင် NLD ဦးဆောင်သည့်အစိုးရ အာဏာရရှိလာပြီးနောက် တပ်မတော်သည် မည်သည့်အခါတွင်မျှ ၎င်း၏ ထိန်းချုပ်မှုကို အမှန်တကယ် လက်လွှတ်ခဲ့ခြင်း မရှိပေ။ [၂]

တပ်မတော်သည် ၎င်းအပေါ် အရပ်သားများ၏ ကြီးကြပ်မှုမှ အကာအကွယ်ပေးထားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲမှုများအပေါ် ၎င်းအနေဖြင့် ဗီတိုအာဏာဖြင့် ကန့်သတ်နိုင်ကြောင်း သေချာစေရေးအတွက် လွှတ်တော်အတွင်း နေရာအလုံအလောက်ရရှိစေရန် အာမခံထားကာ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးတို့ကို ကြီးကြပ်သည့် အဓိကကျသည့် ဝန်ကြီးဌာနများအပေါ် ထိန်းချုပ်နိုင်စေသော ၎င်းရေးဆွဲခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခုမှတစ်ဆင့် အရေးပါသည့် အာဏာများကို ဆက်လက်ရယူထားခဲ့သည်။ [၃]

အရေးအကြီးဆုံးအနေဖြင့် ၎င်းသည် တပ်မတော်အား အဖွဲ့အစည်းအနေဖြင့် အထောက် အပံ့ပေးရုံသာမကဘဲ အာဏာသိမ်းခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အပါအဝင် အရာရှိတစ်ဦးချင်းစီအလိုက် ကိုယ်ရေးကိုယ်တာ ကြွယ်ဝမှုနှင့် အခွင့်အရေးများကိုပါ ပေးအပ်ခဲ့သည့် ကျယ်ပြန့်သည့် အကျိုးစီးပွားများ ပါဝင်သည့် ကွန်ရက်တစ်ခုကိုလည်း လက်လှမ်းမီစေခဲ့သည်။

အာဏာသိမ်းမှု၏နောက်ကွယ်ရှိ နိုင်ငံရေးဆိုင်ရာလှုံ့ဆော်ကြံစည်မှုများကို အသေးစိတ် ဆန်းစစ်ရေးသည် ဤစာတမ်း၏ နယ်ပယ်ပြင်ပတွင် ကျရောက်ပါသည်။ မည်သို့ပင်ဆိုစေကာမူ ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲတွင် NLD ၏ သောင်ပြိုကမ်းပြိုပြန်လည်အနိုင်ရရှိခဲ့မှုကြောင့် မြန်မာ့နိုင်ငံရေးရှိ စစ်တပ်၏ အကာအကွယ်ပေးထားသည့် အခန်းကဏ္ဍအပေါ် ခြိမ်းခြောက်မှုဖြစ်လာခြင်းနှင့်တကွ မဖြစ်မနေ အငြိမ်းစားယူရမည့် အသက်အရွယ် နီးကပ်လာသည့် မင်းအောင်လှိုင်၏ကိုယ်ရေးကိုယ်တာ ရည်မှန်းချက်တို့သည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အကူးအပြောင်းကို နောက်ကြောင်းပြန်လှည့်ရန်၊ NLD ၏ ခေါင်းဆောင်ပိုင်း အားလုံးကို ဖမ်းဆီးရန်နှင့် တိုင်းပြည်အား အကျပ်အတည်းအတွင်းသို့ ကျရောက်သွားစေရန် တပ်မတော်၏ ဆုံးဖြတ်ချက်တွင် အခန်းကဏ္ဍတစ်ရပ်မှ ပါဝင်ခဲ့ပါသည်။ [၄]

တပ်မတော် နှင့် ၎င်း၏မဟာမိတ်များမှ ဆန့်ကျင်ခဲ့ကြသည့် တစ်စိတ်တစ်ပိုင်း ပြုပြင်ပြောင်းလဲမှု ဖြစ်စဉ်သည် အမျိုးသားနိုင်ငံရေးအဆင့်တွင်သာမကဘဲ ပြည်နယ် နှင့် တိုင်းဒေသကြီး အစိုးရများနှင့်တကွ ခရိုင်၊ မြို့နယ် နှင့် ကျေးရွာအုပ်စုအဆင့်များရှိ ဒေသန္တရအုပ်ချုပ်ရေးယူနစ်များအကြားတွင်ပါ ဖြစ်ပွားခဲ့ပါသည်။ ယင်းသည် တပ်မတော်၊ ၎င်း၏ အကြီးတန်းအရာရှိများနှင့် ၎င်းတို့၏ မဟာမိတ်များအနေဖြင့် စီးပွားရေးစနစ်၏ ကဏ္ဍအမျိုးမျိုးတို့တွင် အမျိုးမျိုးသော စီးပွားရေးလုပ်ငန်းများ ဆက်လက်ရှိနေသည့် စီးပွားရေးစနစ်တစ်ဝန်းတွင်လည်း ဖြစ်ပွားခဲ့ပါသည်။ မြန်မာနိုင်ငံ၏ ဘီလီယံပေါင်းများစွာတန်ဖိုးရှိသည့် ကျောက်စိမ်းလုပ်ငန်းသည် ဤဖြစ်စဉ်၏ စံနမူနာဖြစ်သည့် သာဓကတစ်ရပ်ဖြစ်ပါသည်။

Global Witness ၏ ၂၀၁၅ ခုနှစ် အစီရင်ခံစာဖြစ်သော "ကျောက်စိမ်း - မြန်မာနိုင်ငံ၏ 'ကြီးမားသည့် နိုင်ငံတော်လျှို့ဝှက်ချက်" တွင် ကျောက်စိမ်းလုပ်ငန်းအား စစ်အာဏာရှင်အုပ်ချုပ်မှု၏ အမှောင်မိုက်ဆုံးနေ့ရက်များမှ အမြစ်တွယ်လာခဲ့သည့် စစ်ဘက်ဆိုင်ရာ ထိပ်ပိုင်းခေါင်းဆောင်များ၊ မူးယစ်ရာဇာများနှင့် ခရိုနီကုမ္ပဏီများ၏ ကွန်ရက်များမှ မည်သို့ လျှို့ဝှက်စွာ ထိန်းချုပ်ခဲ့ကြောင်း ဖော်ထုတ်ခဲ့ပါသည်။ ဤအစီရင်ခံစာသည် အဆိုပါ အကြောင်းအရာကို ဆက်လက်ဖော်ပြထားပါသည်။ ယင်းသည် တပ်မတော် နှင့် ကျောက်စိမ်း လုပ်ငန်းတို့ အကြားရှိ နက်ရှိုင်းစွာ အမြစ်တွယ်နေမှုများသည် ယနေ့ထိတိုင် တိုင်းပြည်ကို မည်သို့ ဝမ်းနည်းဖွယ်ရာ ထိခိုက်စေလျက်ရှိကြောင်း ရှင်းပြထားပါသည်။

NLD သည် ၂၀၁၆ ခုနှစ်တွင် အာဏာရရှိလာခဲ့သည့်အခါ၌ ပြဿနာများ ရှိနေသည့် ကျောက်စိမ်းလုပ်ငန်းအတွက် ပြုပြင်ပြောင်းလဲရေး အစီအစဉ်တစ်ခုကိုစတင်ခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ ဤအစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်းပင် အဆိုပါ ပြုပြင်ပြောင်းလဲရေး အစီအစဉ်သည် NLD ၏ ပထမ ငါးနှစ် သက်တမ်းအတွင်း ပြီးမြောက်မှုနှင့် ဝေးကွာနေဆဲဖြစ်ခဲ့သည်။ ပြုပြင်ပြောင်းလဲမှုများသည် NLD ၏ အာရုံစူးစိုက်မှုနှင့် ဦးစားပေးဆောင်ရွက်မှု မရှိခြင်း၊ အဆက်အသွယ်ကောင်းမွန်သည့် ကျောက်စိမ်းစီးပွားရေးလုပ်ငန်းရှင်များ၏ အတိုက်အခံပြုခြင်း၊ ကျောက်မျက်ရတနာ စီမံအုပ်ချုပ်ရေးအတွက် တာဝန်ရှိသည့် အင်စတီကျူးရှင်းများအတွင်း ပြုပြင်ပြောင်းလဲမှုများကို ဆန့်ကျင်ခဲ့ခြင်းနှင့် မြန်မာနိုင်ငံ၏ ကျောက်စိမ်းတွင်းများသည် ကာလရှည်ကြာ ပဋိပက္ခများ ဖြစ်ပွားခဲ့သည့် ဗဟိုချက်တစ်ခု ဖြစ်သော တိုင်းရင်းသားလူနည်းစု အများစုဖြစ်သော နေရာတစ်ခုတွင် တည်ရှိခြင်းတို့ အပါအဝင် အကြောင်းအမျိုးမျိုးတို့ကြောင့် နှောင့်နှေးကြန့်ကြာနေခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ အခြားအကြောင်းအရင်းများထက် သိသာထင်ရှားသည့်အကြောင်းအရင်းမှာ - ကျောက်စိမ်းလုပ်ငန်းအား လက်နက်ကိုင်အဖွဲ့များ(တပ်မတော်သည် ၎င်းတို့အနက် အများဆုံးဖြစ်သည်)မှ အဓိက ထိန်းချုပ်ထားခဲ့ခြင်းနှင့် ဆက်လက်ထိန်းချုပ်ထားခြင်းကြောင့် ဖြစ်သည်။

ဖေဖော်ဝါရီလ အာဏာသိမ်းမှုသည် အဆိုပါပြဿနာများအားလုံးကို ပိုမိုဆိုးရွားစေနိုင်သည့်အလားအလာရှိပြီး ကျောက်စိမ်းလုပ်ငန်းအား စစ်အာဏာရှင်အုပ်ချုပ်မှုလက်ထက်ရှိ ရက်စက်ကြမ်းကြုတ်သောနေ့ရက်များဆီသို့ ပြန်လည်ရောက်ရှိသွားစေနိုင်သည်။ ရပ်တန့်နေခဲ့သည့် NLD ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်သည် ယခုအခါတွင် လုံးဝနီးပါး ပျက်စီးသွားပြီ ဖြစ်သည်။ တပ်မတော်တွင် အာဏာရှိနေသရွေ့ စစ်အာဏာရှင်၏ အကြီးတန်းအဖွဲ့ဝင်များနှင့် ၎င်းတို့၏ စီးပွားရေး မဟာမိတ်များသည် အကြွယ်ဝဆုံးသော ကျောက်စိမ်းလုပ်ကွက်များကို ဆက်လက် ရရှိနေဦးမည်ဖြစ်သည်။ တစ်ချိန်တည်းတွင် စစ်တပ်သည် ယခင် စစ်တပ်၏ အုပ်ချုပ်မှုအောက်တွင် ရှိနေခဲ့သော အထိန်းအကွပ်မရှိ၊ စက်ယန္တရားကြီးများဖြင့် အကြီးစား ကျောက်စိမ်း တူးဖော်မှုများ၏ ဘေးထွက်ပစ္စည်းများ ဖြစ်ကြသည့် လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများကို ဆက်လက်လျစ်လျူရှုနေဆဲ ဖြစ်နိုင်ဖွယ် ရှိပါသည်။

ကျောက်စိမ်းတူးဖော်သည့် နယ်မြေများအတွင်းရှိ လက်နက်ကိုင်ပဋိပက္ခများသည် ပိုမိုဆိုးရွားလာခဲ့ပြီးဖြစ်ကာ အာဏာသိမ်းမှုသည် တပ်မတော်နှင့် ကချင်လွတ်လပ်ရေးအဖွဲ့ချုပ်(KIO)နှင့် ၎င်း၏လက်နက်ကိုင်အဖွဲ့ဖြစ်သော ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) တို့အကြား တိုက်ခိုက်မှုများကို ဖားကန့်တွင်ပင် ပြန်လည် ပေါ်ပေါက်လာစေခဲ့သည်။[၅]

ဤသို့ တိုက်ပွဲများဖြစ်ပေါ်လာမှုသည် အာဏာသိမ်းမှုကို တုန့်ပြန်သည့်အားဖြင့် ဖြစ်ပေါ်လာခြင်းဖြစ်ပြီး ၎င်း၏ အရပ်သားများအား တပ်မတော်ထံမှ အကာအကွယ်ပေးရန်ဖြစ်သည်ဟု KIO/A က ဖော်ပြခဲ့ပါသည်။[၆]

မည်သည့်အကြောင်းကြောင့်ဖြစ်စေ တိုက်ပွဲများသည် အနိမ့်ဆုံးအနေဖြင့် ယာယီအားဖြင့် ဖားကန့်ရှိ သတ္တုတူးဖော်မှုများကို အလျဉ်ပြတ်စေခဲ့ပါသည်။

ဤအစီရင်ခံစာ၏ ကျန်ရှိနေသေးသည့် အပိုင်းသည် လုပ်ငန်းအတွင်းရှိ အကြောင်းသိသူများ၏ ထွက်ဆိုချက် အများအပြားနှင့် ကျောက်စိမ်းလိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ သတင်းအချက်အလက်အပေါ် ကျယ်ကျယ်ပြန့်ပြန့် စိစစ်လေ့လာမှုတစ်ခုတို့ကို အခြေခံကာ အဆိုပါ ပြောင်းလဲမှုများကို အသေးစိတ် စိစစ်လေ့လာသွားမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ ကျောက်စိမ်းတူးဖော်ရေး လုပ်ငန်း၏ လက်ရှိအခြေအနေနှင့် လွန်ခဲ့သည့် ငါးနှစ်တာအတွင်း မည်သို့ပြောင်းလဲသွားခဲ့ကြောင်း နိုက်နိုက်ချွတ်ချွတ် ဖော်ပြသွားမည် ဖြစ်သည်။

ယင်းသည် ကျောက်စိမ်းလုပ်ငန်းကို ပြုပြင်ပြောင်းလဲရန် NLD ၏ ကြိုးပမ်း အားထုတ်မှုများရှိနေသော်လည်း လက်နက်ကိုင်အဖွဲ့များအနေဖြင့် ကျောက်စိမ်းတွင်းများအပေါ် ဆက်လက် ဩဇာလွှမ်းမိုးနေဆဲဖြစ်ကာ ကချင်ပြည်နယ်၏ သဘာဝသယံဇာတကြွယ်ဝမှုများကို ၎င်းတို့နှင့် ၎င်းတို့၏ မိတ်ဖက်များ၏ ဘဏ္ဍာတိုက်များအတွင်းသို့ ဆက်လက်ပို့ဆောင်နေကြောင်း ဖော်ပြသွားမည် ဖြစ်ပါသည်။ ယင်းသည် မြန်မာနိုင်ငံ၏အဖိုးအတန်ဆုံး ပြန်လည်ပြည့်ဖြိုးခြင်း မရှိသည့် သဘာဝသယံဇာတများအပေါ် သေနတ်ကိုင်ဆောင်ထားသူများမှ ဆက်လက် ထိန်းချုပ်နေပြီး အကျိုးအမြတ် ရယူနေသရွေ့ ကျောက်စိမ်းသည် ပဋိပက္ခများ၊ အကျင့်ပျက်ခြစားမှုများနှင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ထိခိုက်ပျက်စီးမှုများကို ဆက်လက် အထောက်အပံ့ပေးနေမည်ဖြစ်ကြောင်း အပါအဝင် မြန်မာနိုင်ငံ၏ ကျောက်စိမ်းလုပ်ငန်းအပေါ် ဖေဖော်ဝါရီလ အာဏာသိမ်းမှု၏ ဖြစ်နိုင်ခြေရှိသော အကျိုးသက်ရောက်မှုများကိုလည်း ဆွေးနွေးသွားမည် ဖြစ်ပါသည်။

## အစီရင်ခံစာအတွက် သုတေသနနှင့် အကြမ်းဖျင်းဖော်ပြချက်

Global Witness အနေဖြင့် ဤအစီရင်ခံစာအတွက် သုတေသနလုပ်ငန်းများကို စတင် ဆောင်ရွက်ခဲ့စဉ်က မြန်မာနိုင်ငံရှိ အခြေအနေသည် ယနေ့အခြေအနေနှင့် အလွန်ကွဲပြားခြားနားပါသည်။ Global Witness အနေဖြင့် ဤအစီရင်ခံစာနှင့်






၂၀၂၁ ခုနှစ် ဧပြီလတွင် စစ်အာဏာသိမ်းမှုကိုဆန့်ကျင်သည့် ဖားကန့်နေပြည်သူများသည် KIO/A နှင့် NUG တို့အား ထောက်ခံကြောင်း အလံများလွှင့်ထူကာ ဆန္ဒပြခဲ့ကြသည်။

ယင်းအတွက် အခြေခံထားသည့် စုံစမ်းဖော်ထုတ်မှုများအား NLD ၏ကျောက်စိမ်း လုပ်ငန်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၏ အောင်မြင်မှုများနှင့် ကျရှုံးမှုများကို ဆန်းစစ်ရန်နှင့် လုပ်ငန်းအား ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်လျက်ရှိသည့်တိုင် တပ်မတော် နှင့် အခြားသော လက်နက်ကိုင်အဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်လျက် ရှိကြသော နည်းလမ်းများကို ဖော်ထုတ်ရန် အခွင့်အလမ်းတစ်ခုအဖြစ် ရှုမြင်ခဲ့ပါသည်။ နောက်ဆုံးအနေဖြင့် ဤအစီရင်ခံစာ၏ ရည်မှန်းချက်သည် ကျောက်စိမ်း လုပ်ငန်းအနေဖြင့် မြန်မာနိုင်ငံမြောက်ပိုင်းရှိ ပဋိပက္ခများကို ဆက်လက်အထောက်အပံ့ပေးနေသည့်အတိုင်းအတာကို စုံစမ်းဖော်ထုတ်ရန်နှင့် ဤကျောက်စိမ်း -ပဋိပက္ခ ဆက်စပ်မှုကို အကောင်းဆုံး ဖြတ်တောက်ရန်အတွက် NLD အစိုးရထံ အကြံပြုတင်ပြချက်များ ပေးအပ်ရန် ဖြစ်ပါသည်။

ဖေဖော်ဝါရီလ ၁ ရက်နေ့ စစ်အာဏာသိမ်းမှုသည် ကျောက်စိမ်းလုပ်ငန်းအား လတ်တလောကာလအတွင်း ထပ်မံသန့်ရှင်းခြင်းများ လုပ်ဆောင်နိုင်မည့် မျှော်မှန်းချက်များကို ချုပ်ငြိမ်းစေခဲ့ခြင်းနှင့်အတူ ထိုစဉ်မှစတင်ကာ မြန်မာနိုင်ငံ၏ ကျောက်စိမ်းတူးဖော်သည့် နယ်မြေများနှင့်တကွ နိုင်ငံတစ်ဝန်းလုံးရှိ နိုင်ငံရေး အခြေအနေတို့ကို သိသိသာသာပြောင်းလဲစေခဲ့ပါသည်။ ကိုဗစ်-၁၉၊ ဆက်သွယ်ရေး ပြတ်တောက်မှုများနှင့် အာဏာသိမ်းပြီး နောက်ပိုင်း လုံခြုံရေး အန္တရာယ်များ မြင့်မားလာခဲ့ခြင်းတို့၏ ရိုက်ခတ်မှုအမျိုးမျိုးတို့ကြောင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ မှ စတင်ကာ ဤအစီရင်ခံစာ၏ တွေ့ရှိချက်များ အပေါ် ပြောင်းလဲမှုဖြစ်စေနိုင်သည့် အတိုင်းအတာကို စစ်ဆေးအတည်ပြုရန် စိန်ခေါ်မှုများ ရှိခဲ့ပါသည်။ ကျွန်ုပ်တို့ အနေဖြင့် အာဏာသိမ်းမှုသည် ဤအစီရင်ခံစာအတွင်းရှိ ကျွန်ုပ်တို့၏ တွေ့ရှိချက်များအပေါ် မည်သို့ သက်ရောက်မှုရှိနိုင်ခဲ့ကြောင်းနှင့် အခြေအနေကို အပြည့်အဝ ဆန်းစစ်ရန် မရေရာမှုများကို အစီရင်ခံစာအတွင်း ရှင်းလင်းစွာဖော်ပြထားပါသည်။

ထိုသို့သော မရေရာမှုများရှိနေသော်လည်း ကျွန်ုပ်တို့၏ တွေ့ရှိချက်များသည် ဆီလျော်မှုရှိနေဆဲဖြစ်ပါသည်။ ဤအစီရင်ခံစာသည် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်သည့်အခါတိုင်းတွင် ဆန့်ကျင်နေသည့် လုပ်ငန်းအတွင်းရှိ ပုဂ္ဂိုလ်အဖွဲ့အစည်းများ၊ ငွေကြေးရရှိရန်အတွက် ခါးသီးသည့် ရန်သူများအကြား ပူးပေါင်းဆောင်ရွက်မှုများ၊ အဆိုပါ ငွေကြေးများအား တိုင်းပြည်၏ အခြားနေရာများရှိ ပဋိပက္ခများကို တိုက်ရိုက် ရန်ပုံငွေ ပံ့ပိုးရန် အသုံးပြုလျက်ရှိနေမှုတို့အကြောင်းကို ဖော်ပြထားပါသည်။ ယင်းသည် အစိုးရအနေဖြင့် သတ္တုတူးဖော်သည့်နယ်မြေများ အတွင်း ဥပဒေကို လိုက်နာစေရန် ဆောင်ရွက်နိုင်မှု မရှိခြင်းကြောင့် ရာဇဝတ်မှုများ ပေါ်များနေမှု နှင့် ရေမဆေးသမားများ၏ ဆင်းရဲဒုက္ခများ အကြောင်းကိုလည်း ဖော်ပြထားပါသည်။ ရေမဆေးသမား အများစုတို့သည် ချမ်းသာကြွယ်ဝလာရန် မျှော်လင့်ချက်များဖြင့် နိုင်ငံတစ်ဝန်းမှ ဖားကန့်သို့ လာရောက်ကြသည့် ဆင်းရဲနွမ်းပါးသူများဖြစ်ကြပြီး အခြားသူများ၏ လောဘအတွက် ဖြည့်ဆည်းပေးရန် ဆိုးရွားသည့် အခြေအနေများဖြင့် လုပ်ကိုင်နေရပြီး ခက်ခဲစွာ ရုန်းကန်နေကြရသည်။ ယင်းတို့အားလုံးသည် ယနေ့အချိန်အထိ ဆီလျော်မှုရှိနေဆဲ ဖြစ်ကြပါသည်။ အမှန်စင်စစ်တွင် သမိုင်းကို ပြန်လည်ကြည့်ပါက ယင်းတို့သည် လမ်းကြောင်းသစ်တစ်ခု တည်ဆောက်ရန် စုပေါင်းညှိနှိုင်းအားထုတ်မှုတစ်ခုမရှိပါက ဖားကန့်၏ အနာဂတ်၏ အစိတ်အပိုင်းတစ်ခု ဆက်လက်ဖြစ်နေမည့် အခြေအနေများ ဖြစ်ပါသည်။ တပ်မတော်အနေဖြင့် အာဏာသိမ်းခြင်းမတိုင်မီ အနေအထားတွင် အကျိုးအမြတ် ရရှိခဲ့သည့် အတိုင်းအတာကို ကြည့်ရှုပါက ထိုသို့ ညှိနှိုင်းဆောင်ရွက်မှုသည် အာဏာသိမ်း စစ်အစိုးရတစ်ရပ်၏ လက်အောက်တွင် ဖြစ်ပေါ်လာနိုင်ဖွယ် မရှိသည့် အရာတစ်ခုဖြစ်ပါသည်။

ထိုသို့ဆိုရာတွင် ဤအစီရင်ခံစာအား အခန်း ၄ ခန်းတို့ဖြင့် စီစဉ်ထားပါသည်။

**အခန်း ၁** သည် လွန်ခဲ့သော ငါးနှစ်တာကာလအတွင်း NLD ၏ ကျောက်စိမ်း လုပ်ငန်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေး ကြိုးပမ်းအားထုတ်မှုများကို ပြန်လည် သုံးသပ်ပြီး ထိုပြုပြင်ပြောင်းလဲမှုများ အဘယ်ကြောင့် မအောင်မြင်ခဲ့ကြောင်း ရှင်းပြထားပါသည်။ ၎င်းတွင် စစ်တပ်ပိုင် ကုမ္ပဏီများနှင့် ဩဇာကြီးမားသော အငြိမ်းစား တပ်မတော်အရာရှိများက ပြုပြင်ပြောင်းလဲရေးကို မည်ကဲ့သို့ဆန့်ကျင်ခဲ့ကြကြောင်း နှင့် သတ္တုတူးဖော်သည့် ဒေသများတွင် ယင်းကို ထိခိုက်စေရန် မည်သို့ လှုပ်ရှားခဲ့ကြကြောင်း ဖော်ပြခြင်းတို့ ပါဝင်မည်ဖြစ်ပါသည်။ ထို့နောက်တွင် ယင်းသည် အာဏာသိမ်းမှု ဖြစ်ပေါ်လာချိန်တွင် ကျောက်စိမ်း လုပ်ငန်း၏ အလားအလာများကို လေ့လာကြည့်ရှုပြီး ကျောက်စိမ်းသည် ကချင်ပြည်နယ်ရှိ ပဋိပက္ခများ၏ ဗဟိုတွင် အဘယ့်ကြောင့် တစ်ဖန်ပြန်လည် ရောက်ရှိလာကြောင်းကို ကြည့်ရှုသွားမည် ဖြစ်သည်။

**အခန်း ၂** သည် ကျောက်စိမ်း-ပဋိပက္ခ သံသရာကို လည်ပတ်နေစေသည့် အဓိက အဖွဲ့အစည်းများအား တစ်ခုချင်းစီ ဖော်ထုတ်ထားပါသည် - တပ်မတော်၊ KIO/KIA, ရက္ခိုင့်တပ်တော် (AA)၊ ဝ ပြည်နယ် သွေးစည်းညီညွတ်ရေးပါတီ / ဝပြည် သွေးစည်းညီညွတ်ရေး တပ်မတော် (USWP/A), မြန်မာ အမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ်မတော် (MNDAA) နှင့် တပ်မတော်နှင့် မဟာမိတ် ဖွဲ့ထားသည့် ပြည်သူ့စစ်များနှင့် နယ်ခြားစောင့်တပ်များ (BGF များ)။ ဤအခန်းတွင် NLD အာဏာရရှိပြီးနောက်၌ပင် တပ်မတော်နှင့် ဆက်စပ်သော ကုမ္ပဏီများသည် ကျောက်စိမ်းလုပ်ငန်းကို မည်သို့ဆက်လက်လွှမ်းမိုးခဲ့ပုံနှင့် အချို့သော ကုမ္ပဏီများ သည် သတ္တုတူးဖော်ရေးဆိုင်ရာ ကန့်သတ်ချက်များကို လျစ်လျူရှုထားခဲ့ကြောင်း တို့ကို ရှင်းလင်းစွာ ဖော်ပြသွားမည်ဖြစ်သည်။

**အခန်း ၃** သည် လွန်ခဲ့သောငါးနှစ်အတွင်း ကျောက်စိမ်းတူးဖော်သည့်လုပ်ငန်း၏ ပြောင်းလဲသွားပုံကို လေ့လာသွားမည်ဖြစ်ပါသည်။ ယင်းသည် NLD ၏ ပြုပြင်ပြောင်းလဲရေးအစီအစဉ်ကို တုန့်ပြန်သည့်အားဖြင့် ကုမ္ပဏီများအနေဖြင့် တစ်ခါတစ်ရံတွင် တရားမဝင်သည့် အလေ့အထများကို ကျင့်သုံးခဲ့သဖြင့် ကျောက်စိမ်း တူးဖော်ရေး အလေ့အထများကို မည်သို့ပြောင်းလဲစေခဲ့ကြောင်း ဖော်ထုတ်သွားမည်ဖြစ်သည်။ ယင်းသည် စစ်တပ်နှင့် အခြား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ များနှင့် ဆက်စပ်နေသော ကျောက်စိမ်းကုမ္ပဏီများမှ ကျင့်သုံးလာခဲ့သော ပိုမို မဆင်မခြင် တူးဖော်လာသည့် အမူအကျင့်များကြောင့် ပိုမိုအန္တရာယ် များပြားလာသော တူးဖော်ရေးပတ်ဝန်းကျင်တစ်ခုကို ဖြစ်ပေါ်လာစေခဲ့ကာ တူးဖော်သူများ အတွက် အသက်ဆုံးရှုံးစေနိုင်သည့်အကျိုးဆက်များ မည်သို့ဖြစ်လာစေခဲ့ကြောင်း ကို ဖော်ပြသွားမည်ဖြစ်ပါသည်။

**အခန်း ၄** သည် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် စစ်အာဏာသိမ်းမှုကို တုန့်ပြန်သည့်အားဖြင့် မြန်မာနိုင်ငံ၏ ကျောက်စိမ်းလုပ်ငန်းကို မည်သို့ ဆက်ဆံသင့်ကြောင်း အကြံပြုချက်များနှင့် တပ်မတော်ကို အာဏာမှ စွန့်လွှတ်စေရန် ဆောင်ရွက်နိုင်ပါက ပြုပြင်ပြောင်းလဲမှုများအတွက် အကြံပြုချက်များနှင့် နိဂုံးချုပ်ထားပါသည်။ ထိုသို့ လုပ်ဆောင်ရာတွင် ယင်းသည် မြန်မာနိုင်ငံ၏ အနာဂတ်တွင် အမျိုးသား ညီညွတ်ရေးအစိုးရ (NUG)၊ အရပ်ဘက်အဖွဲ့အစည်းများ၊ တိုင်းရင်းသား နိုင်ငံရေးပါတီများ၊ လက်နက်ကိုင်အဖွဲ့အစည်းများနှင့် အခြားသော တရားဝင် အကျိုးစီးပွား ပတ်သက်ဆက်နွယ်သူများအနေဖြင့် မြန်မာနိုင်ငံ၏ ပြည်သူအားလုံး အတွက် အကျိုးရှိစေသော သဘာဝသယံဇာတ စီမံအုပ်ချုပ်ရေးနှင့် ပတ်သက်၍ မျှတပြီး အားလုံးပါဝင်သော ငြိမ်းချမ်းသည့် သဘောတူညီမှုတစ်ခုအတွက် အခြေခံ အုတ်မြစ်များကို မည်သို့ချမှတ်နိုင်ကြောင်း အကြမ်းဖျင်း ဖော်ပြထားပါသည်။



ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် ဆန္ဒပြသူများသည် ရန်ကုန်ရှိ လမ်းတစ်ခု၌ စစ်အာဏာသိမ်းမှုကို ဆန့်ကျင်သည့်အားဖြင့် သင်္ကေတများနှင့် မြန်မာနိုင်ငံ၏ တိုင်းရင်းသားအလံများကို ကိုင်ဆောင်ကာ ချီတက်ဆန္ဒပြခဲ့ကြသည်။ *Getty Images မှတစ်ဆင့် AFP*

# ၁။ ကျောက်စိမ်းနှင့် ပဋိပက္ခ - မြန်မာနိုင်ငံ၏ အဆိုးသံသရာ

## ၁.၁ ကျောက်စိမ်း-ပဋိပက္ခ ဆက်စပ်မှုကို ဖြတ်တောက်ရန် NLD၏ကြိုးပမ်းမှုများ

မြန်မာစစ်တပ်သည် ၁၉၉၀ ခုနှစ်တွင် KIO/A ထံမှ မြန်မာနိုင်ငံ၏ အကြီးဆုံး ကျောက်စိမ်းတူးဖော်သည့် ဒေသဖြစ်သော ဖားကန့်ကို ထိန်းချုပ်နိုင်ခဲ့ပြီး ၁၉၉၄ အစိုးရနှင့် KIO/A တို့အကြား အပစ်အခတ်ရပ်စဲရေးသို့ ဦးတည်ခဲ့သည်။ ယင်းသည် ဆယ်စုနှစ် နှစ်ခုကြာ စစ်အာဏာရှင်များ၏ အကျင့်ပျက်ခြစားမှုများနှင့် သယံဇာတများအပေါ် ထိခိုက်ပျက်စီးစေသည့် စီမံခန့်ခွဲမှုကို အစပျိုးခဲ့ပြီး စစ်တပ်သည် ဒေသခံပြည်သူလူထု သို့မဟုတ် သဘာဝပတ်ဝန်းကျင်တို့အပေါ် အလေးထားမှု မရှိဘဲ ၎င်း၏ မဟာမိတ်များ၊ ခရိုနီများနှင့် ၎င်း၏ ကိုယ်ပိုင်ကုမ္ပဏီများထံသို့ လိုင်စင်များ ထုတ်ပေးခဲ့သည် (စာမျက်နှာ ၃၄ ရှိ "ကျောက်စိမ်း- ကချင်ပြည်နယ်၏ ခါးသီးသည့်အပစ်အခတ်ရပ်စဲရေးအတွေ့အကြုံ" ဖြစ်စဉ်လေ့လာမှုကို ကြည့်ရှုပါ)။ ၂၀၁၅ ခုနှစ်တွင် မြေပြိုမှုများ အကြီးအကျယ်ဖြစ်ပွားခဲ့ခြင်း၊ ကျောက်စိမ်းလုပ်ငန်း၏ အလွန်များပြားသော ငွေကြေးအတိုင်းအတာများအပေါ် အာရုံပိုမိုစိုက်မိလာကြခြင်းနှင့် ကျောက်စိမ်း-ပဋိပက္ခ ဆက်စပ်မှုအပေါ် ဖော်ထုတ်မှုများကြောင့် စစ်တပ်၏ မှားယွင်းစွာ လုပ်ဆောင်နေမှုများကို ဆွေးနွေးရန် နိုင်ငံတစ်ဝန်းလုံးမှ ဂရုပြုမိလာခဲ့ကြသည်။

NLD အစိုးရအနေဖြင့် ၂၀၁၆ ခုနှစ်တွင် အာဏာရပြီး မကြာမီ ကျောက်မျက် လုပ်ငန်း၊ အကျင့်ပျက်ခြစားမှုနှင့် လူမျိုးရေး ပဋိပက္ခများအကြားရှိဆက်နွယ်မှုများကို အသိအမှတ်ပြုခြင်း တစ်စိတ်တစ်ပိုင်းအဖြစ် ပထမဦးဆုံး အဓိက လုပ်ဆောင်ချက်တစ်ခုမှာ ကျောက်စိမ်းလုပ်ငန်းကို ပြုပြင်ပြောင်းလဲရန် ပိုမို ကျယ်ပြန့်သည့် ကြိုးပမ်းမှုတစ်ခု၏ အစိတ်အပိုင်းအဖြစ် ပါမစ်အသစ်များ ထုတ်ပေးမှုကို ရပ်ဆိုင်းခြင်း နှင့် လက်ရှိကျောက်မျက် တူးဖော်ခွင့်ပါမစ်များအား အသစ် ထပ်မံ သက်တမ်းတိုးပေးမှုကို ရပ်ဆိုင်းခြင်းတို့ ဖြစ်သည်။

## လိုင်စင်ထုတ်ပေးမှု ရပ်ဆိုင်းခြင်း

၂၀၁၆ ခုနှစ်တွင် အာဏာရရှိလာခဲ့ပြီး မကြာမီတွင် အစိုးရ၏ ပထမဦးဆုံး လှုပ်ရှားမှုမှာ ကျောက်စိမ်းနှင့် ကျောက်မျက်သတ္တုတူးဖော်ရေး လိုင်စင်အသစ်များ ထုတ်ပေးခြင်းကို ရပ်ဆိုင်းခဲ့ခြင်းနှင့် တည်ဆဲလိုင်စင်များ၏ သက်တမ်းတိုးခြင်းကို ရပ်တန့်ခဲ့ခြင်းဖြစ်သည်။ [၇]

လိုင်စင်ချထားခြင်းကို ရပ်ဆိုင်းထားခြင်းသည် အစိုးရအနေဖြင့် ကျောက်မျက် စည်းမျဉ်း ဥပဒေများကို ပြုပြင်ပြောင်းလဲနိုင်ရန် ဝန်းကျင်တစ်ခု ပေးအပ်ရေး၊ သဘာဝပတ်ဝန်းကျင်ပျက်စီးမှု နှင့် အားနည်းသည့် ဘေးကင်းလုံခြုံမှုဆိုင်ရာအလေ့အထများကို ကိုင်တွယ်ဖြေရှင်းရေး၊ သယံဇာတများအား ဩဇာအာဏာရှိသော လူတစ်စုက အမြတ်ထုတ်နေခြင်းနှင့် ပဋိပက္ခဆိုင်ရာ အင်အားစုများကို ရင်ဆိုင်ဖြေရှင်းရေး၊ နှင့် နှစ်စဉ် ဒေါ်လာ သန်းပေါင်း ရာနှင့်ချီသော အခွန်ဘဏ္ဍာများ ဆုံးရှုံးမှုကို ဖြစ်စေသည့် တရုတ်ပြည်သို့ ကျောက်စိမ်းမှောင်ခို တင်သွင်းမှုများ လျော့ကျစေရေး စသည့် အကြောင်းအရင်း အများအပြားတို့တွင် အခြေခံထားပါသည်။ [၈]

အဆိုပါ ရပ်ဆိုင်းမှုကို ကြေညာခဲ့စဉ်တွင် နိုင်ငံတော်ပိုင် မြန်မာ့ ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း(MGE)၏ မှတ်တမ်းနှင့်လိုင်စင်ဌာန လက်ထောက်ညွှန်ကြားရေးမှူးဖြစ်သူ ဦးသက်ခိုင်က "ကျွန်တော်တို့အနေနဲ့ လိုင်စင်သက်တမ်းတိုးတာတွေကို ရပ်ဆိုင်းထားရတဲ့ အကြောင်းအရင်း အများကြီး ရှိပါတယ်။ ဒါပေမဲ့ အဓိကကတော့ စည်းမျဉ်းစည်းကမ်း၊ ဥပဒေ တွေကို ပြောင်းလဲဖို့ ဖြစ်ပါတယ်။" ဟု ဆိုခဲ့ပါသည်။ [၉]

တွင်းထွက်သယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး (EITI) အတွက် မြန်မာနိုင်ငံ၏ စတုတ္ထမြောက် အစီရင်ခံစာအရ လိုင်စင်ထုတ်ပေးမှုကို ရပ်ဆိုင်းခဲ့သည့် အချိန်တွင် အစိုးရနှင့် ကုမ္ပဏီများ၏ အချက်အလက်များအရ သတ္တုတူးဖော်ရေးလုပ်ကွက် ၁၉၀၀၀ ကျော် အပါ




၂၀၁၆ နှစ်လယ်ပိုင်းတွင် ဆိုင်းငံ့ထားချိန်မှစ၍ သတ္တုတူးဖော်ရေးလုပ်ငန်း လုပ်ကိုင်ခွင့် လိုင်စင်အရေအတွက်မှာ လျင်မြန်စွာကျဆင်းသွားသည်။ မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးနှစ်ကို အောက်တိုဘာ ၁ ရက်မှ စတင်ရန် ၂၀၁၉ ခုနှစ်မှစ၍ ပြောင်းလဲခဲ့သည်။ ဤအစီရင်ခံစာသည် အချက်အလက်များ နှိုင်းယှဉ်ရာတွင် တသမတ်တည်းရှိစေရေးအတွက် ဧပြီ-မတ် ဘဏ္ဍာရေးနှစ်ကို အသုံးပြုထားပါသည်။ [၁၃]

အဝင် လိုင်စင် ၂၀၀၀၀ ကျော် ရှိခဲ့ပါသည်။ [၁၀]

EITI သည် ၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံမှ ပူးပေါင်းပါဝင်ခဲ့သော ကမ□ာလုံးဆိုင်ရာ စံနှုန်းတစ်ခုဖြစ်ပြီး အာဏာသိမ်းမှုနောက်ပိုင်း ဖေဖော်ဝါရီလတွင် ၎င်းကို ရပ်ဆိုင်းခဲ့ပါသည်။ [၁၁]

ကုမ္ပဏီများအား ရှိပြီးသားလိုင်စင်များအောက်တွင် တူးဖော်ရန် ခွင့်ပြုမည်ဖြစ်ပြီး ယင်းတို့အနောက် နောက်ဆုံးလိုင်စင်များသည် ၂၀၂၁ ခုနှစ်တွင် သက်တမ်း ကုန်ဆုံးမည်ဖြစ်သည်။ [၁၂]

လိုင်စင်ချထားပေးမှုရပ်ဆိုင်းခြင်းသည် ဤစာတမ်းကို ရေးသားနေဆဲကာလတွင် တရားဝင်ဆက်လက် ဖြစ်ပွားနေဆဲဖြစ်ပြီး NLD ၏ ပြုပြင်ပြောင်းလဲရေး ကြိုးပမ်းမှုများကို ရှုပ်ထွေးစေခဲ့သော မရည်ရွယ်သည့် အကျိုးဆက်များ ဖြစ်ပေါ်စေခဲ့ပြီး ဖားကန့်တွင်နေထိုင်သူများ နှင့် သတ္တုတူးဖော်သူများ၏ ဘဝကို ပိုမို အန္တရာယ်ရှိစေခဲ့သည် (ယင်းကို အခန်း ၃ တွင် ထပ်မံဆွေးနွေးဖော်ပြထားပါသည်)။ လိုင်စင်ထုတ်ပေးခြင်းကို ရပ်ဆိုင်းခြင်းသည် ရေရှည်သက်ရောက်မှုများသည် ရောထွေးနေသော်လည်း ရပ်ဆိုင်းခြင်းသည် NLD ၏ ကျောက်မျက်ရတနာ စီမံအုပ်ချုပ်မှု ပြုပြင်ပြောင်းလဲရေး လှုပ်ရှားမှုများကို အရှိန်အဟုန်ဖြင့် စတင်ရေးအတွက် အရေးကြီးပါသည်။

## *NLD သည် ကျောက်စိမ်း လုပ်ငန်းအတွက် စည်းမျဉ်းသစ်များ စတင်ရေးဆွဲခဲ့သည်*

လိုင်စင်ချထားခြင်းကို ရပ်ဆိုင်းလိုက်ပြီးနောက် အစိုးရသည် ကျောက်မျက် ကဏ္ဍအပေါ် စီမံအုပ်ချုပ်ရေးကို အလုံးစုံပြုပြင်ပြောင်းလဲရန်အတွက် အရေးပါသည့် ကနဦးအဆင့်များကို ပြုလုပ်ခဲ့သည်။ ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန(MONREC)သည် အစိုးရ၊ ကျောက်မျက်လုပ်ငန်း နှင့် အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်သည့် အကျိုးစီးပွား ပတ်သက်ဆက်နွှယ်သူ အများအပြားပါဝင်သော ကော်မတီတစ်ခုကို တည်ထောင်ခဲ့ပြီး မူဝါဒသစ်ကို ရေးဆွဲရန် ဆွေးနွေးတိုင်ပင်မှုများ ပြုလုပ်ခဲ့သည်။[၁၄] အစိုးရသည် ၂၀၁၈ ခုနှစ် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအတွင်း သတ္တုတူးဖော်ရေးကဏ္ဍကို ပြုပြင်ပြောင်းလဲမှု ပြုလုပ်ရန် ကတိကဝတ် ပြုခဲ့သည်။ ယင်းသည် သတ္တုတူးဖော်ရေးကဏ္ဍအား ရေရှည်တည်တံ့မှုရှိစေပြီး အကျိုးအမြတ်ရရှိစေကာ အစိုးရဝင်ငွေများနှင့် မြန်မာပြည်သူများ၏ဘဝများအပေါ် အထောက်အပံ့များဖြစ်စေရန် ကတိကဝတ်ပြုခဲ့သည်။” [၁၅]

NLD အစိုးရသည် သတ္တုတူးဖော်ရေး ဒေသများအတွက် သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲရေး အစီအစဉ် တစ်ရပ်ကိုလည်း ရေးဆွဲခဲ့ပြီး (၂၀၁၈ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည်) ပြည်ထောင်စုလွှတ်တော်သည် လိုင်စင်ထုတ်ပေးမှုများ ပြန်လည်စတင်ရေးအတွက် အခင်းအကျင်းကို သတ်မှတ်ရန် ပုံစံရေးဆွဲထားသည့် ၂၀၁၉ ခုနှစ် ကျောက်မျက်ရတနာဥပဒေသစ်တစ်ခုကို ပြဋ္ဌာန်းခဲ့သည်။[၁၆] ထို့ပြင် EITI သတ်မှတ်ချက်များနှင့်ကိုက်ညီရန်အတွက် အစိုးရအနေဖြင့် မြန်မာနိုင်ငံ၏ EITI (MEITI) အစီရင်ခံတင်ပြမှု မူဘောင်အောက်တွင် “နိုင်ငံရေးအရသြဇာတိက္ကမ ရှိသည့်ပုဂ္ဂိုလ်များ” ဖြစ်ကြသည့် ပိုင်ရှင်များရှိကြသော အခြားသော သတ္တုတူးဖော်ရေး ကုမ္ပဏီအချို့တို့အား ၎င်းတို့၏ အကျိုးအမြတ် ရရှိပိုင်ဆိုင်မှုကို ထုတ်ဖော်ကြေညာရန် စတင်တောင်းဆိုခဲ့သည်။ ဤသတင်းအချက်အလက်များအား ရင်းနှီးမြှုပ်နှံမှု နှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန(DICA)မှ စီမံခန့်ခွဲသည့် အများပြည်သူဆိုင်ရာ အချက်အလက် အစုအဝေးတစ်ခုမှတစ်ဆင့် ရရှိနိုင်ခဲ့သော်လည်း အများစုတို့အား ဖေဖော်ဝါရီလ ၁ ရက်နေ့ အာဏာသိမ်းမှု နောက်ပိုင်းတွင် ဖြုတ်ချခံခဲ့ရသည်။ ယင်းသည် စစ်အစိုးရအနေဖြင့် ကော်ပိုရိတ်များ၏ ပွင့်လင်းမြင်သာမှုကို မည်သို့ဆက်ဆံသွားမည်ဖြစ်ကြောင်း စီစဉ်ထားပုံ၏ ရှင်းလင်းသည့် ဥပမာတစ်ရပ် ဖြစ်ပါသည်။

နောက်ဆုံးအနေဖြင့် အစိုးရသည် အထူးသဖြင့် လက်ဖြင့်တူးဖော်မှုနှင့် အသေးစားတူးဖော်မှုများအတွက် သတ္တုတူးဖော်ရေးကဏ္ဍ၏ အချို့သောအစိတ်အပိုင်းများအတွင်း စီမံအုပ်ချုပ်မှုကို အကန့်အသတ်နှင့် ဗဟိုချုပ်ကိုင်မှုလျှော့ချခဲ့သည်။ ယင်းတွင် ဒေသဆိုင်ရာ သတ္တုတူးဖော်ရေးဆိုင်ရာ စီမံအုပ်ချုပ်မှု မူဘောင်များ စတင်ရေးဆွဲရန်နှင့် လိုင်စင်များ စတင်ထုတ်ပေးရန်အတွက် အချို့သောဒေသန္တရ အစိုးရများအား ခွင့်ပြုခြင်း တို့ ပါဝင်ခဲ့သည်။[၁၇] ယင်းသည် ထိုစဉ်က အကယ်၍ အလျင်စလိုလုပ်ဆောင်ပါက ဤမူဝါဒသည် ထိုသို့သော ရှုပ်ထွေးသည့်လုပ်ငန်းတစ်ခုကို စည်းမျဉ်းထိန်းကျောင်းခြင်းကို ထိန်းချုပ်နိုင်ရန် အရင်းအမြစ် မလုံလောက်သည့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အင်စတီကျူးရှင်းများတွင် ‘အကျင့်ပျက်ခြစားမှုကို ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း’ သို့ ဦးတည်စေမည်ဖြစ်သည်။ အကျင့်ပျက်ခြစားမှုများကို လျှော့ချမည့်အစား ယင်းသည် ရှိပြီးသားပုံစံအား အောက်ခြေ စီမံအုပ်ချုပ်မှုအဆင့်များတွင် ပုံစံတူ ဖြစ်ပေါ်စေသည့် အန္တရာယ်ကို ဖြစ်စေပါသည်။

ဤစိုးရိမ်ပူပန်မှုသည် သီအိုရီအားဖြင့်သာမကပေ။ နိုင်ငံတကာ၏ အထောက်အပံ့ရှိသည့် ဒေသန္တရ အုပ်စုများအနေဖြင့် သတ္တုတူးဖော်ရေး မူဝါဒများ ရေးဆွဲခြင်းနှင့် ကြီးကြပ်ရေး စွမ်းရည်တို့ကို မြှင့်တင်ခြင်းတို့တွင် ပါဝင်နိုင်ကြသော်လည်း အဆိုပါ ဒေသန္တရ စည်းမျဉ်းများကို အကောင်းဆုံးအသုံးချနိုင်မည့် အနေအထားရှိကြသည်မှာ ကဏ္ဍကို လွှမ်းမိုးလျက်ရှိပြီးဖြစ်သော အဆက်အသွယ်ကောင်းသည့် ခရိုနီများနှင့် ပဋိပက္ခတွင်ပါဝင်သည့် အဖွဲ့အစည်းများသာ ဖြစ်ကြသည်။[၁၈] ဤအစီရင်ခံစာအရ ၂၀၁၆ ခုနှစ်တွင် လိုင်စင်ထုတ်ပေးမှုကို ရပ်တန့်ခဲ့ခြင်းသည် နေပြည်တော်မှ အကျင့်ပျက်ခြစားမှုများအား ကချင်ပြည်နယ်ရှိ ဒေသဆိုင်ရာတာဝန်ရှိသူများ၊ ဒေသအဆင့် စစ်ဘက်ဆိုင်ရာ ခေါင်းဆောင်များနှင့် လက်နက်ကိုင်အဖွဲ့များထံသို့ ရွှေ့လျားလာစေခဲ့ကြောင်း ပြသနေသည်။

ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းအား တစ်စိတ်တစ်ပိုင်းမျှသာ လုပ်ဆောင်ပါက သို့မဟုတ် ဒေသခံများက ပိုမို တရားဝင်သည့် အုပ်ချုပ်ရေး အာဏာပိုင်အဖြစ် မကြာခဏ မှတ်ယူလေ့ရှိကြသည့် KIO/A တို့ကဲ့သို့သော ဒေသခံ တိုင်းရင်းသားအဖွဲ့များကို ထည့်သွင်းစဉ်းစားခြင်းမရှိပါက အထူးထိခိုက်မှုဖြစ်စေနိုင်သည်။[၁၉] မည်သို့ပင် ဆိုစေကာမူ ထိုသို့သော အကန့်အသတ်နှင့်သာရှိသော ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းသည်ပင်လျှင် NLD ၏ ပထမ သက်တမ်းတစ်လျှောက် ပြုပြင် ပြောင်းလဲမှုများကို ဆက်လက်လုပ်ဆောင်ရန် လုံလောက်ခြင်းမရှိပေ။

## ၁.၂ ပြုပြင်ပြောင်းလဲမှုများ လမ်းချော်သွားခဲ့ခြင်း

အဆိုပါ ပြုပြင်ပြောင်းလဲရေးကြိုးပမ်းမှုများသည် အစပိုင်းတွင် အလားအလာကောင်းသော်လည်း ကြေညာထားသည့်အတိုင်း ဖြစ်မလာခဲ့ကြပေ။ အဆိုပါ အားထုတ်မှုများ အဘယ့်ကြောင့် မအောင်မြင်ခဲ့ရကြောင်း နားလည်သဘောပေါက်ရေးသည် လုပ်ငန်းအပေါ် ထိန်းချုပ်ထားသည့် တပ်မတော်ကဲ့သို့သော အမြစ်တွယ်နေသည့် အကျိုးစီးပွား ပတ်သက်ဆက်နွှယ်သူများ အကြောင်းကို ဖော်ပြနိုင်မည်ဖြစ်ပြီး အာဏာသိမ်းမှုနောက်ပိုင်း ကဏ္ဍကို မည်သို့ ထိန်းချုပ်သွားမည်ဖြစ်ကြောင်း ဖော်ပြပါသည်။ ယင်းသည် စစ်တပ်အား အာဏာမှဖယ်ရှားပြီး တရားဝင်အရပ်သားအစိုးရတစ်ရပ်ဖြင့် အစားထိုးနိုင်သည့်အခါ အနာဂတ် ပြုပြင်ပြောင်းလဲရေး မျှော်လင့်ချက်များအတွက်လည်း အရေးကြီးပါသည်။

လိုင်စင်ထုတ်ပေးမှုကို ရပ်ဆိုင်းနိုင်ခဲ့ပြီးတွင် အစိုးရသည် အစိုးရ၏ မူဝါဒများကို လျစ်လျူရှုခဲ့ကြသူများ အပါအဝင် ဆိုးရွားသည့် ပါဝင်ပတ်သက်သူများကို တာဝန်ခံစေရန် ကြိုးပမ်းအားထုတ်မှု အနည်းငယ်မျှသာ ရှိခဲ့သည်။ စည်းကမ်းထိန်းသိမ်းရေးမူဘောင်နှင့် လုပ်ငန်း၏ ကြီးကြပ်ရေး အဖွဲ့အစည်းများအတွင်း အမြစ်တွယ်နေသည့် အကျိုးစီးပွားပဋိပက္ခများကို ဖြေရှင်းရန်လည်း အားထုတ်မှု အနည်းငယ်မျှသာ ရှိခဲ့သည်။ ထို့ပြင် အဆိုပါ အားနည်းချက်များကို သိသိသာသာ ဖြေရှင်းမည့် ဥပဒေစနစ်တစ်ခုကို ကျင့်သုံးရေး သို့မဟုတ် စည်းကမ်းများကို ချိုးဖောက်သည့် သတ္တုတူးဖော်ရေး လုပ်ငန်းများအတွက် သတ်မှတ်ထားသည့် စည်းမျဉ်း အနည်းငယ်တို့ကို လိုက်နာစေရန် ဆောင်ရွက်ခြင်းတို့တွင် နောက်ဆက်တွဲဆောင်ရွက်မှုများစွာ မရှိခဲ့ပေ။ နောက်ဆုံးတွင် ပြုပြင်ပြောင်းလဲမှုများသည် ပိုင်ဆိုင်မှုဆိုင်ရာ အခြေခံကျသည့် ကိစ္စရပ်နှင့် ကျောက်စိမ်း - ပဋိပက္ခ ဆက်စပ်မှု၏ အခြေခံ ဖြစ်သည့် သဘာဝသယံဇာတများမှ အကျိုးကျေးဇူး ရှိပိုင်ခွင့်တို့ကိုလည်း ဖြေရှင်းရန် ပျက်ကွက်ခဲ့သည်။

# ၂၀၁၉ ခုနှစ် ကျောက်မျက်ရတနာဥပဒေ

၂၀၁၉ ခုနှစ် ကျောက်မျက်ရတနာဥပဒေ၏ ပြဿနာမှာ ယင်းသည် မြန်မာနိုင်ငံ၏ ကျောက်မျက် စည်းမျဉ်းဥပဒေ ပတ်ဝန်းကျင်အတွင်းသို့ ဆိုးကျိုးဖြစ်စေသော ပြဋ္ဌာန်းချက်သစ်များကို မိတ်ဆက်ထည့်သွင်းခဲ့ခြင်းကြောင့်မဟုတ်ဘဲ ကဏ္ဍတွင် ရင်ဆိုင်နေရသည့် အရေးတကြီး ဖြေရှင်းရမည့် ပြဿနာများကို ဖြေရှင်း မပေးနိုင်ခြင်းကြောင့်ဖြစ်သည်။ ၎င်းတို့တွင် အောက်ပါတို့ လုပ်ဆောင်ရန် လိုအပ်ချက်ပါဝင်ပါသည် -

> **ကပ်လျက် လုပ်ကွက်များကို ပေါင်းစပ်ခြင်းဖြင့် အကြီးစား တူးဖော်ထုတ်လုပ်ခြင်းကို စည်းမျဉ်းထိန်းကျောင်းခြင်း။** ဥပဒေတွင် အလတ်စား၊ အသေးစား နှင့် လက်လုပ်လက်စားထုတ်လုပ်ခြင်းတို့သာ ပါဝင်ပါသည်။ တစ်နည်းအားဖြင့် ဆိုရသော် အကြီးစား တူးဖော်ထုတ်လုပ်ခြင်းကို အနိမ့်ဆုံးအနေဖြင့် သီအိုရီအားဖြင့် ကန့်သတ်ထားပါသည်။ မည်သို့ပင်ဆိုစေကာမူ ဥပဒေသည် ကပ်လျက်လုပ်ကွက်အများအပြားကို လျှောက်ထားကာ စုပေါင်းခြင်းဖြင့် အရွယ်အစားဆိုင်ရာကန့်သတ်ချက်များကိုကျော်လွှားသည့်ကုမ္ပဏီများကို ဖြေရှင်းမှု တစ်စုံတစ်ရာမရှိပေ။ [၂၄]

> **ကဏ္ဍအတွင်းရှိ MGE ၏ အခန်းကဏ္ဍကို ရှင်းလင်းခြင်း။** အကြီးတန်းအရာရှိများ အားလုံးနီးပါးပင် တပ်မတော်အရာရှိဟောင်းများ ဖြစ်ကြသည့် MGE သည် လက်ရှိတွင် ကျောက်မျက်စည်းမျဉ်းဥပဒေများကို ကြီးကြပ်ခြင်းနှင့် လိုက်နာအောင်ဆောင်ရွက်ခြင်းတို့အတွက် တာဝန်ယူထားစဉ် တစ်ချိန်တည်းတွင် အကြီးစားစီမံကိန်းများတွင် စီးပွားရေးဆိုင်ရာ မိတ်ဖက်အဖြစ်လည်း ဆောင်ရွက်နေခြင်းကြောင့် အကျိုးစီးပွားပဋိပက္ခဖြစ်နေသည်။[၂၅] အမှန်စင်စစ်တွင် ဥပဒေအတွင်း၌ MGE ကို အကြိမ်ရေ အနည်းငယ်မျှသာ ဖော်ပြထားပြီး MONREC အနေဖြင့် "ဤဥပဒေအရ အပ်နှင်းထားသည့် ၎င်း၏အာဏာများကို MGE ထံသို့ အပ်နှင်းရန်" ခွင့်ပြုထားသော အရေးပါသည့် ဖော်ပြချက်တစ်ခုသာ ရှိပါသည်။ ယင်းသည် ဤဥပဒေ၏ ရလဒ်အဖြစ် MGE ၏ အခန်းကဏ္ဍ မည်သို့ပြောင်းလဲသွားကြောင်းကို အနည်းငယ်မျှသာ ဖြေရှင်းနိုင်ပြီး MGE အနေဖြင့် အနာဂတ် ကျောက်စိမ်းတူးဖော် ထုတ်လုပ်မှုများအတွင်း စီးပွားရေးဆိုင်ရာ မိတ်ဖက်အဖြစ် ဆက်လက်လုပ်ဆောင်နိုင်ရန် လမ်းဖွင့် ပေးထားသည်။ [၂၆]

> **လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ စံချိန်စံနှုန်းများကို အသေးစိတ်သတ်မှတ်ဖော်ပြခြင်း။** ဥပဒေသည် ကျောက်မျက် လိုင်စင်တစ်ခု ရရှိရန်အတွက် မည်သည့် စံချိန်စံနှုန်းကိုမျှ ချမှတ်ထားခြင်းမရှိဘဲ MONREC သို့မဟုတ် သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး အစိုးရတို့က "လျှောက်ထားမှုကို စိစစ်ပြီးနောက် လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်းတို့ကို လုပ်ဆောင်နိုင်သည်" ဟူ၍သာ ဖော်ပြထားပါသည်။ [၂၇] တစ်ဖန် ယင်းသည် လိုင်စင်ထုတ်ပေးခြင်းအား ရပ်ဆိုင်းထားခြင်းမတိုင်မီနှင့် များစွာကွာခြားမှုမရှိဘဲ - ရေရှည်တည်တံ့ရေးထက် နိုင်ငံရေးဆိုင်ရာ အဆက်အသွယ်များကို ဦးစားပေးသည့် စာအုပ်ပိတ် လုပ်ငန်းစဉ်တစ်ခုမှတစ်ဆင့် ဆက်လက် လုပ်ဆောင်ရန်အခွင့်အလမ်းတစ်ခု ရှိနေစေပါသည်။

> **သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကာအကွယ်များကို ပိုမိုတိုးတက်ကောင်းမွန်စေခြင်း။** ဥပဒေသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်များကို အကောင်အထည်ဖော်ရေးအတွက် ဖော်ပြထားခြင်း သို့မဟုတ် ပတ်ဝန်းကျင်ဆိုင်ရာ သတ်မှတ်ချက်များကို လိုက်နာရန် ပျက်ကွက်သည့် ကုမ္ပဏီများကို မည်သို့ အရေးယူမည် ဖြစ်ကြောင်း ဖော်ပြထားခြင်းမရှိပေ။

> **ကဏ္ဍအတွင်း တာဝန်ခံမှုကို မိတ်ဆက်ထည့်သွင်းခြင်း။** ဥပဒေသည် ကျောက်မျက်ရတနာများကို တရားမဝင် တင်ပို့ခြင်း၊ သတ်မှတ်ထားသည့် လုပ်ကွက်များ၏ ပြင်ပတွင် တူးဖော်ထုတ်လုပ်ခြင်း သို့မဟုတ် ပါမစ်မရှိဘဲ တူးဖော်ထုတ်လုပ်ခြင်း သို့မဟုတ် အခွန်ပေးဆောင်ရန် ပျက်ကွက်ခြင်းတို့ဖြင့် ဖမ်းဆီးမိသည့် လူပုဂ္ဂိုလ်များ သို့မဟုတ် ကုမ္ပဏီများအတွက် ပြစ်ဒဏ်များကို ပြဋ္ဌာန်းထားပါသည်။ မည်သို့ပင်ဆိုစေကာမူ ယင်းသည် တရားမဝင်လုပ်ဆောင်ချက်များ ပြုလုပ်ခဲ့သည့် ရာဇဝတ် ရှိသော ကုမ္ပဏီများအား အနာဂတ်တွင် လိုင်စင်သစ်များ ပေးအပ်ခြင်းကို တားမြစ်ထားခြင်းမရှိပေ။ [၂၈]

> **တိုင်းရင်းသားများ၏ မကျေနပ်မှုများကို ဖြေရှင်းခြင်း သို့မဟုတ် မြေယာအခွင့်အရေးများဆိုင်ရာ မေးခွန်းများကို ဖြေရှင်းခြင်း။** အရေးအကြီးဆုံးအချက်အဖြစ် ဥပဒေသည် ကဏ္ဍ၏ ကမောက်ကမ ဖြစ်နေမှု၏ အဓိကဖြစ်သော သယံဇာတ ပိုင်ဆိုင်မှု နှင့် စီမံခန့်ခွဲမှုဆိုင်ရာ အပြင်းအထန်ထောက်ပြထားသည့် မေးခွန်းများကိုမူ ဖြေရှင်းထားမှု လုံးဝမရှိပေ။ ဒေသအဆင့်၌ ထိန်းချုပ်နိုင်စေရေးအတွက် လုပ်ဆောင်မည့်အစား ဆုံးဖြတ်ချက်ချမှတ်ရေး လုပ်ပိုင်ခွင့် အာဏာအများစုသည် MONREC, သတ္တုတွင်းဦးစီးဌာန နှင့် MGE တို့အဖြစ် အမျိုးသားအဆင့် အစိုးရထံတွင်သာ ရှိနေဆဲဖြစ်သည်။ အစိုးရက ဗဟိုချုပ်ကိုင်မှု လျှော့ချရေး တရားဟောနေသော်လည်း ဤဥပဒေသည် သတ္တုတူးဖော်ရေးဆိုင်ရာ ဆုံးဖြတ်ချက်များအပေါ် ဗဟိုမှ ထိန်းချုပ်မှုကို ပိုမိုခိုင်မာစေသည်။

တပ်မတော်အနေဖြင့် မြန်မာနိုင်ငံ၏ အစိုးရယန္တရားများအားလုံးကို ပြန်လည် ထိန်းချုပ်နေပြီဖြစ်သဖြင့် အဆိုပါ ပြဿနာများကို ဖြေရှင်းနိုင်ဖွယ်မရှိပေ။ ယင်းသည် လာဘ်ပေးလာဘ်ယူမှုများနှင့် အကျိုးစီးပွားပဋိပက္ခများ အလွန်များပြားစွာ ရှိခဲ့သည့် နယ်ပယ်စီမံခန့်ခွဲမှုရှိခဲ့သော MGE နှင့်ပတ်သက်၍ အထူးမှန်ကန်ပါသည်။ [၂၉]

ရှေ့ဆက်ဖော်ပြသွားမည့်အပိုင်းတွင် ကျောက်စိမ်းကဏ္ဍ ပြုပြင်ပြောင်းလဲရေးအတွက် NLD မှ ကျင့်သုံးခဲ့သော အပြစ်အနာအဆာများရှိနေသည့် ချဉ်းကပ်မှုကို ဖော်ပြသွားမည်ဖြစ်သည်။ ယင်းသည် ပြုပြင်ပြောင်းလဲမှုများ ရပ်တန့်နေသည်နှင့် အမျှ ပေါ်များလာသည့် အကျင့်ပျက်ခြစားမှုများ၊ ပြုပြင်ပြောင်းလဲရေး အားထုတ်မှုများကို ထိခိုက်စေရန်အတွက် အချို့သော သက်ဆိုင်ရာ အကျိုးစီးပွားပတ်သက်ဆက်နွှယ်သူများ၏ အတိုက်အခံ ဆောင်ရွက်မှုများ နှင့် အဓိက အကျဆုံးအဖြစ် ပြုပြင်ပြောင်းလဲမှုများမှ ဖြေရှင်းပေးနိုင်ခဲ့ခြင်း မရှိသည့် ကျောက်စိမ်း-ပဋိပက္ခ ဆက်စပ်မှု၏ အဓိက ပြဿနာများကို ဖော်ပြသွားမည် ဖြစ်ပါသည်။

## ပြုပြင်ပြောင်းလဲမှုအတွက် အပြစ်အနာအဆာများ ရှိနေသည့် လုပ်ငန်းစဉ်တစ်ခု

ကျောက်မျက်တူးဖော်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုအပေါ် အစိုးရ၏ ချဉ်းကပ်ပုံအတွင်းရှိ အခြေခံကျသည့် ချို့ယွင်းချက်တစ်ခုမှာ ၎င်း၏ ကြိုးပမ်းမှုများသည် စနစ်တကျမရှိဘဲ ကသောင်းကနင်းဖြစ်နေခြင်းဖြစ်သည်။ ၂၀၁၇ ခုနှစ်တွင် ကဏ္ဍကို ပြုပြင်ပြောင်းလဲရန် မည်သို့ အကောင်းဆုံး လုပ်ဆောင်နိုင်ကြောင်း ဖော်ပြထားသည့် အသေးစိတ် ရှင်းလင်းချက်တစ်စောင်ကို Natural Resource Governance Institute က ရေးသားထုတ်ပြန်ခဲ့သည်။[၂၀] ပထမဆုံး အကြံပြုတင်ပြချက်မှာ မြန်မာနိုင်ငံ၏ ကျောက်မျက် ဥပဒေကို ပြင်ဆင်မွမ်းမံခြင်း မပြုမီတွင် ပြင်ဆင်မွမ်းမံထားသည့် အမျိုးသားအဆင့် ကျောက်မျက် မူဝါဒတစ်ခုကို ရေးဆွဲခြင်းဖြင့် "ပြုပြင်ပြောင်းလဲမှုများကို သင့်လျော်စွာ အစီအစဉ်ချထား လုပ်ဆောင်ရန်" ဖြစ်ပါသည်။ [၂၁]

ထို့နောက်တွင် စီးပွားရေးလုပ်ငန်းနှင့် အရပ်ဘက်အဖွဲ့အစည်းတို့မှ အကျိုးစီးပွားပတ်သက်ဆက်နွှယ်သူများနှင့် ဆွေးနွေးတိုင်ပင်ကာ MONREC က ရေးဆွဲထားသည့် အမျိုးသားအဆင့်ကျောက်မျက် မူဘောင်သစ်တစ်ခုကို အခြေခံပြီး ကဏ္ဍတွင် ရင်ဆိုင်နေရသည့် ကြီးမားသည့် ပြဿနာများကို အမှန်တကယ် ဖြေရှင်းနိုင်မည့် ဥပဒေ မူဘောင်သစ်တစ်ခုကို အပြီးသတ် ပြဋ္ဌာန်းရမည် ဖြစ်သည်။ သို့မှသာ လိုင်စင်ထုတ်ပေးခြင်းကို ပြန်လည်စတင်နိုင်ရေးအတွက် စည်းမျဉ်းဥပဒေများ နှင့် လုပ်ထုံးလုပ်နည်းများကို အပြီးသတ်နိုင်မည် ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်သည့်တိုင် အကောင်အထည်ဖော်ရေးတွင် ပြဿနာရှိနေဦးမည် ဖြစ်သည်။ ယင်းကို ၂၀၁၉ ခုနှစ်ရှိ အစည်းအဝေးတစ်ခု၌ အစိုးရ၏ ထိန်းချုပ်မှုအောက်တွင် အပြည့်အဝမရှိသေးသည့် သတ္တုတွင်းနယ်မြေများအတွင်း ဥပဒေကို လိုက်နာမှုရှိအောင် ဆောင်ရွက်ရန် နှင့် စောင့်ကြည့်ရန် နည်းပညာဆိုင်ရာ စွမ်းရည် မရှိဘဲ အရင်းအမြစ်များ မလုံလောက်သဖြင့် စိန်ခေါ်မှုတစ်ခု ဖြစ်နေဦးမည် ဖြစ်သည်ဟူ၍ MGE ကိုယ်တိုင်က Global Witness အား ဝန်ခံခဲ့ပါသည်။ [၂၂]

ဤသို့အစီအစဉ်တကျ လုပ်ငန်းစဉ်တစ်ခုအတိုင်း လိုက်နာဆောင်ရွက်မည့်အစား မြန်မာနိုင်ငံ၏ ဥပဒေပြု လွှတ်တော်သည် MONREC ၏ ကျောက်မျက်မူဝါဒကို

အပြည့်အဝ ရေးဆွဲရခြင်းမရှိသေးမီတွင် ၂၀၁၈ ခုနှစ်၌ ထုတ်ပြန်ခဲ့သော MGE မှ သတ်မှတ်ထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်များနှင့် သီးခြားစီဖြစ်သော ၂၀၁၉ ခုနှစ် ကျောက်မျက်ရတနာဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ် ၄/၂၀၁၉) ကို ပြဋ္ဌာန်းခဲ့သည်။ [၂၉] အရပ်ဘက်အဖွဲ့အစည်းထံမှ အကြံဉာဏ် အနည်းငယ်မျှကိုသာ ရယူခဲ့သည့် တံခါးပိတ်လုပ်ငန်းစဉ်တစ်ခုမှတစ်ဆင့် ရေးဆွဲခဲ့သော ကျောက်မျက်ရတနာဥပဒေတွင် အပြစ်အနာအဆာ များစွာရှိနေခြင်းသည် အံ့အားသင့်ဖွယ်ရာ မဟုတ်ပေ။

## မေ့လျော့နေသည့် ကျောက်မျက်ရတနာ စည်းမျဉ်း ထိန်းသိမ်းမှု

အကယ်၍သာ တစ်နိုင်ငံလုံးမှ သဘောတူညီသည့် မူဝါဒမူဘောင်တစ်ခုကို အခြေခံ၍သာ လုပ်ဆောင်ခဲ့ပါက အဓိကကျသည့် ကိစ္စရပ်များအပေါ် ၂၀၁၉ ခုနှစ် ကျောက်မျက်ရတနာ ဥပဒေ၏ မရေရာမှုနှင့် အဘက်ဘက်မှ အားနည်းမှုတို့ကို လျှော့ချနိုင်ခဲ့မည် ဖြစ်သည်။ ထိုသို့ဖြစ်ရမည့်အစား အမျိုးသား ကျောက်မျက် မူဝါဒသည် နှစ်ပေါင်းများစွာ ဖွံ့ဖြိုးတိုးတက်မှုမရှိဘဲ မရေမရာသာ ရှိနေခဲ့သည်။ MONREC သည် ဤမူဝါဒကို ရေးဆွဲရန်အတွက် ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် အစိုးရ၊ လုပ်ငန်းနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းတို့မှ ကိုယ်စားလှယ်များဖြင့် ကျောက်မျက်ရတနာကဏ္ဍ အထောက်အကူပြုရေးကော်မတီကို ဖွဲ့စည်းခဲ့ပါသည်။ [၃၀] အမေရိကန် ပြည်ထောင်စုအစိုးရသည်လည်း အဆိုပါ လုပ်ငန်းစဉ်အား မြန်မာနိုင်ငံ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေးလုပ်ငန်း အစီအစဉ်မှတစ်ဆင့် United States Agency for International Development မှတစ်ဆင့် အထောက်အပံ့ ပေးခဲ့ပါသည်။ [၃၁] အဆိုပါ ကော်မတီသည် မူဝါဒသစ်နှင့်ပတ်သက်၍ အကြံဉာဏ်များ စုဆောင်းရယူရန်အတွက် ၂၀၁၇ ခုနှစ် နှင့် ၂၀၁၈ ခုနှစ်တို့ အတွင်း ရန်ကုန်၊ နေပြည်တော် နှင့် ကျောက်စိမ်းနှင့် ပတ္တမြား အဓိက တူးဖော်ထုတ်လုပ်သည့်ဒေသများတွင် ဆွေးနွေးတိုင်ပင်မှုများ ပြုလုပ်ခဲ့ပါသည်။ မည်သို့ပင်ဆိုစေကာမူ မူဝါဒကို အပြီးသတ်ရခြင်းမရှိသေးသလို ၎င်း၏ အကြောင်းအရာများကိုလည်း အများပြည်သူထံသို့ ထုတ်ပြန်ကြေညာရခြင်း မရှိသေးသဖြင့် ပြဋ္ဌာန်းချက်များသည် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းကို ပိုမိုမျက်နှာသာပေးရန် ထိရောက်မှုကို လျှော့ချထားကောင်း လျှော့ချထားနိုင်သည် ဟူသော စိုးရိမ်ပူပန်မှုများကို ပေါ်ပေါက်လာစေသည်။ မြန်မာနိုင်ငံ၏ ၂၀၂၀ ရွေးကောက်ပွဲ ပြီးဆုံးသွားသည်နှင့်အတူ အစိုးရသစ်အနေဖြင့် ဤမူဝါဒအား ၎င်း၏ ပြဋ္ဌာန်းချက်များကို လျှော့ချခြင်းမရှိဘဲ တတ်နိုင်သမျှ ဆောလျင်စွာ အပြီးသတ်၍ ထုတ်ပြန်သင့်ပါသည်။

Global Witness အနေဖြင့် ၂၀၁၉ နှစ်လည်က ထုတ်ပြန်ခဲ့သော ၂၀၁၉ ကျောက်မျက်ရတနာ ဥပဒေကို အကောင်အထည်ဖော်ရန် ရည်ရွယ်ထားသည့် ကျောက်မျက်ရတနာ ဥပဒေများ၏ မူကြမ်းများကိုလည်း သုံးသပ်ခဲ့ပြီးဖြစ်ကာ မူကြမ်းရေးဆွဲသည့်လုပ်ငန်းစဉ်ရှိ ကျွမ်းကျင်ပညာရှင်များကိုလည်း တွေ့ဆုံမေးမြန်းခဲ့ပြီးဖြစ်ပါသည်။ ကြီးမားသည့် ပြဿနာများ ရှိနေသေးပါသည်။ စည်းမျဉ်းမူကြမ်းများသည် MGE ၏ အခန်းကဏ္ဍကို ပြောင်းလဲထားကြောင်း မတွေ့ရသေးသည်မှာ စိုးရိမ်ပူပန်ဖွယ်ရာဖြစ်ပါသည်။ MGE သည် ကျောက်မျက်လုပ်ကွက်များ သတ်မှတ်ခြင်း၊ အခွန်များ ကောက်ခံခြင်းနှင့် တူးဖော်ထုတ်လုပ်ရေး စီမံကိန်းများအား စည်းမျဉ်းထိန်းကျောင်းခြင်းတို့ကို တာဝန်ယူထားဆဲဖြစ်ပါသည်။ ကုမ္ပဏီများအနေဖြင့် ကပ်လျက်လုပ်ကွက် အများအပြားကို လေလံဆွဲခြင်းဖြင့် ၎င်းတို့၏ သတ္တုတွင်းများ၏ အရွယ်အစားကို တိုးချဲ့ရန် ဖြစ်နိုင်နေဆဲဖြစ်ပြီး သဘာဝပတ်ဝန်းကျင်သို့မဟုတ် လုပ်သားများ ဘေးကင်းရေးဆိုင်ရာ စည်းမျဉ်းဥပဒေများကို ချိုးဖောက်သည့် ကုမ္ပဏီများအတွက် ရှင်းလင်းသည့် ပြစ်ဒဏ်များ မရှိသေးပေ။ တိုတို ပြောရလျှင် ကျောက်မျက်ရတနာလုပ်ငန်းကို ထိထိရောက်ရောက် ပြုပြင်ပြောင်းလဲရမည်ဖြစ်ပါက ကျောက်မျက်ရတနာဆိုင်ရာ စည်းမျဉ်းများကိုလည်း ခိုင်မာ အားကောင်းအောင် ပြုလုပ်ရန် လိုအပ်ပါသည်။

ဖေဖော်ဝါရီလ ၁ ရက်နေ့ စစ်အာဏာသိမ်းမှုသည် အဆိုပါမူဝါဒများနှင့် နည်းဥပဒေများကို တိုးတက်စေရန် မျှော်လင့်ချက်များအားလုံးကို ရိုက်ချိုးခဲ့သည်။ အာဏာသိမ်းမှုမတိုင်မီတွင် အမျိုးသားကျောက်မျက်ရတနာ မူဝါဒသည် ထုတ်ပြန်ကြေညာရန် အဆင်သင့်ဖြစ်လုနီးပါးရှိနေခဲ့ပြီး အပြီးသတ်ခွင့်ပြုမှုအတွက် စောင့်ဆိုင်းနေခဲ့ခြင်းဖြစ်သည်ဟု Global Witness ၏ အရင်းအမြစ်များအရ သိရှိရပါသည်။ ယခု

အဓိပ္ပာယ်ပြည့်ဝသည့် ပြုပြင်ပြောင်းလဲမှုများကို တွန်းအားပေးရန် အစိုးရ၏ ပျက်ကွက်မှုသည် ကျေးရွာများအား ဖားကန့်ရှိ ယခုကျေးရွာကဲ့သို့ပင် တဲတဲမျှသာကျန်ရှိနေသည့် အနေအထားသို့ ရောက်ရှိစေကာ အထိန်းအကွပ်မရှိလုနီးပါးဖြစ်သည့် သတ္တုတူးဖော်ခြင်းများကြောင့် ထိခိုက်လွယ်စေ နိုင်ပါသည်။ *Global Witness*



အခါတွင်မူ စစ်အစိုးရသည် မူဝါဒအား ထုတ်ပြန်ခြင်းပြုမည် သို့မဟုတ် မူဝါဒသည် MONREC ၏ စားပွဲအံဆွဲအတွင်း၌သာ ရှိနေဦးမည်ဆိုသည်မှာမူ မရေရာတော့ပေ။ မည်သို့ပင်ဆိုစေကာမူ ယခုအခါတွင် စစ်တပ်သည် အာဏာ ပြန်လည်ရရှိနေပြီ ဖြစ်သဖြင့် အပြုသဘောဆောင်သည့် ပြုပြင်ပြောင်းလဲမှုများ ဖြစ်ပေါ်လာမည် ဟု ယုံကြည်နိုင်မည့် အကြောင်းအရင်း အလွန်နည်းပါးပါသည်။

## အဂတိလိုက်စားမှု၊ ပူးပေါင်းဆောင်ရွက်မှု နှင့် လျှို့ဝှက်ပူးပေါင်းမှု

အဆိုပါ အကြောင်းအရာများအားလုံးတို့ကြောင့် မြန်မာနိုင်ငံ၏ ကျောက်စိမ်းတူးဖော်ထုတ်လုပ်ရေး လုပ်ငန်းသည် လုပ်ချင်ရာလုပ်နိုင်သည့် စည်းမျဉ်းထိန်းကျောင်းမှု မရှိသော လုပ်ငန်းတစ်ခုကဲ့သို့ ဖြစ်နေပါသည်။ လိုင်စင်ရပ်ဆိုင်းမှုအပြီးတွင် ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများသည် လိုင်စင်သက်တမ်းကုန်ဆုံးသွားသည်နှင့်အမျှ ကျောက်စိမ်းတူးဖော်မှုများကို ဆက်လက် ပြုလုပ်ခဲ့သည် (အခန်း ၃ ရှိ ရပ်ဆိုင်းခြင်း၏ တူးဖော်မှု ပမာဏအပေါ် သက်ရောက်မှုအပေါ် ဆွေးနွေးမှုကို ကြည့်ပါ)။ ဤအခြေအနေများကြောင့် လက်နက်ကိုင် အဖွဲ့အစည်းများ၊ အထူးသဖြင့် တပ်မတော်နှင့် ၎င်း၏ ဆက်စပ်ကုမ္ပဏီများအနေဖြင့် ဆက်လက်၍ သတ္တုတူးဖော်ခြင်းကို ပိုမိုလွယ်ကူချောမွေ့စေရန် ပူးပေါင်းဆောင်ရွက်မှု၊ အဂတိ လိုက်စားမှု နှင့် လျှို့ဝှက် ပူးပေါင်းမှုများ တိုးမြှင့်လာခြင်းကို ဖြစ်ပေါ်စေခဲ့သည်။

### တိုက်ပွဲများ ဖန်တီးခြင်းမရှိဘဲ ငွေကြေးရှာဖွေခြင်း

ရပ်ဆိုင်းမှုနောက်ပိုင်း ပူးပေါင်းဆောင်ရွက်ခြင်းများသည် ထူးခြားသည့် ရန်ဘက်များကို ပေါင်းစည်းပေးခဲ့သည်။ ကျွန်ုပ်တို့၏ စုံစမ်းဖော်ထုတ်မှုများအရ စစ်တိုက်နေသော အုပ်စုများသည် မြန်မာနိုင်ငံ မြောက်ပိုင်းရှိ အခြားနေရာများတွင် ပဋိပက္ခများ ဖြစ်ပွားနေသည့်တိုင် ဖားကန့်တွင်မူ ပူးပေါင်းဆောင်ရွက်လျက် ရှိကြကြောင်း တွေ့မြင်ရပါသည်။ [၃၂]

> "နှစ်ဖက်စလုံးသည် ဖားကန့်တွင် ကာရာအိုကေ အတူဆိုရန် အပြင်ထွက်ကြသော်လည်း တိုက်ခိုက်ရန် ဟန်ဆောင်နေကြသည်။" [၃၃]
> – ဒေသခံ ဂျာနယ်လစ်တစ်ဦး

ဤအခြေအနေသည် လုံးဝအသစ်မဟုတ်သော်လည်း ၂၀၁၆ ခုနှစ် လိုင်စင်ထုတ်ပေးခြင်းကို ရပ်ဆိုင်းခဲ့ခြင်းသည် ဤလမ်းကြောင်းကို အရှိန်အဟုန် မြင့်တက်စေခဲ့သည်။ ယင်းကို လက်တွေ့ စစ်ရေးအခြေအနေက အထောက်အပံ့ ပေးခဲ့ပါသည်။ တပ်မတော်အနေဖြင့် ၂၀၁၅ ခုနှစ်အတွင်း KIA ထံမှ ဖားကန့်၏ ကျောက်စိမ်းထုတ်လုပ်သည့် နယ်မြေများအပေါ် ထိန်းချုပ်မှုကို အခိုင်အမာရယူနိုင်ခဲ့ပြီးနောက်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ပူးပေါင်းဆောင်ရွက်ရန် သို့မဟုတ် ဆက်လက်တိုက်ခိုက်ရန် ခက်ခဲသည့် ဆုံးဖြတ်ချက်ကို ချမှတ်ရသည်။ ဖေဖော်ဝါရီလ အာဏာသိမ်းမှုသည် ဤအစီရင်ခံစာ၏ လာမည့်အပိုင်းတွင် ဖော်ပြထားသည့်အတိုင်း ဤအခြေအနေကို ယာယီရပ်တန့်နေစေခဲ့ပါသည်။ [၃၄]

မည်သို့ပင်ဆိုစေကာမူ ဖေဖော်ဝါရီလ အာဏာသိမ်းမှုမတိုင်မီတွင် တိုက်ခိုက်မှုများကို ရှောင်ရှားရန် နှင့် ငွေကြေးသာ ရှာဖွေရန် ဦးစားပေးမှုတို့ကြောင့် KIO/A, တပ်မတော်၊ UWSP/A တို့နှင့် ဆက်စပ်နေသည့် အဖွဲ့များနှင့် အခြားသော လက်နက်ကိုင် ပြည်သူ့စစ်များသည် တူးဖော်ရေးလိုင်စင်များ သက်တမ်းမကုန်မီ တတ်နိုင်သမျှ ကျောက်စိမ်းပမာဏများများ တူးဖော်ထုတ်လုပ်နိုင်ရန် တူညီသည့် အကြောင်းပြချက်ကို ရှာဖွေခဲ့ကြသည်။ "ယခုအခါတွင် နှစ်ဖက်စလုံးသည် ငွေကြေး ရှာဖွေနေကြပြီး အတူတကွလုပ်ကိုင်နေကြသည်" ဟု အရပ်ဘက်အဖွဲ့အစည်း ကိုယ်စားလှယ်တစ်ဦးက Global Witness အား အာဏာသိမ်းမှု မတိုင်မီတွင် ပြောကြားခဲ့ပါသည်။ [၃၅]

Global Witness အနေဖြင့် KIA, တပ်မတော် နှင့် UWSA နှင့်ဆက်စပ်နေသော ကုမ္ပဏီများအနေဖြင့် သတ္တုတူးဖော်သည့် နယ်မြေများအတွင်းမှ ကျောက်စိမ်းများကို တရားမဝင် တူးဖော်ထုတ်လုပ်ရန်၊ ငွေပေးချေမှုများအတွက် အကျပ်ကိုင်ရန် နှင့် တရုတ်နိုင်ငံသို့ မှောင်ခိုပို့ဆောင်ရန်အတွက် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများကို တွေ့ရှိခဲ့သည်။

ဒေါ်လာဘီလီယံပေါင်းများစွာ တန်ဖိုးရှိသည့် လုပ်ငန်းတစ်ခုအတွင်း တိုက်ခိုက်မည့်အစား အဘယ့်ကြောင့် ပူးပေါင်းဆောင်ရွက်မှု မပြုမည်နည်း?

> "တပ်မတော် နှင့် KIA တို့သည် စစ်တိုက်နေကြသော်လည်း ဖားကန့်တွင်မူ အလွန်ငြိမ်းချမ်းကြသည်။" ဟု ဒေသခံ နိုင်ငံရေးသမားတစ်ဦးက ဆိုပါသည်။ "အကယ်၍ တစ်ဖက်သည် အလွန်အင်အားကြီးထွားလာပါက တိုက်ပွဲများ ဖြစ်ပေါ်လာစေသည်။ ထို့ကြောင့် ၎င်းတို့သည် နှစ်ဖက်စလုံးအတွက် အကျိုးအမြတ်ရရှိစေရန် ပူးပေါင်းကြံစည်နေကြခြင်းဖြစ်သည်။" [၃၆]

လုပ်ငန်းအတွင်းမှ အရင်းအမြစ်တစ်ခုအရ ဖားကန့်ရှိ တပ်မတော်၏ တပ်မ ၁၀၁ မှ တပ်မှူးသည် ဖားကန့်တွင် အခြေစိုက်သော KIA တပ်ရင်းအမှတ် ၆ မှ တပ်မှူးနှင့် တိုက်ရိုက်ဖုန်းအချိတ်အဆက်ရှိပြီး ကျောက်စိမ်း နှင့် ဆက်စပ်လုပ်ငန်းများအပေါ် အခွန်များကို ညှိနှိုင်းရန်အတွက် ကျောက်စိမ်းပွဲစားများမှတစ်ဆင့်လည်း ဤဆက်ဆံရေးကို ထိန်းသိမ်းထားပါသည်။ [၃၇]

တူးဖော်ထုတ်လုပ်ရေးတွင် ပူးပေါင်းဆောင်ရွက်ခြင်းသည် KIA နှင့် တပ်မတော် တို့သာ မကပေ။ KIA တပ်ရင်း ၆ သည် UWSA နှင့်အဆက်အသွယ်ရှိသော ကုမ္ပဏီများနှင့်လည်း ဆက်ဆံရေးကောင်းများရှိသည်။ ယင်းသည် UWSA နှင့် အဆက်အသွယ်ရှိသော ကုမ္ပဏီများသည် လောဘဇောတိုက်ပြီး ခေါင်းပုံဖြတ်ကြသည်ဟု အများစုက ရှုမြင်ကြသည့် ဒေသခံ ကချင်ပြည်သူလူထုအကြားတွင် သဘောထားကွဲလွဲမှုများကို တစ်ခါတစ်ရံ ဖြစ်စေနိုင်ပါသည်။ [၃၈] ရပ်ရွာခေါင်းဆောင်တစ်ဦးက ဒေသခံပြည်သူများအနေဖြင့် KIO/A အား "ခင်ဗျားတို့က ဘာကြောင့် ဒေသခံတွေထက် ဝတွေကို အကာအကွယ်ပေးနေတာလဲ" ဟု မေးမြန်းခဲ့ကြောင်း ပြန်လည်ပြောပြသည်။ [၃၉]

အနှစ်ချုပ်ဆိုရပါက တပ်မတော် နှင့် KIA တို့ကဲ့သို့သော တိုက်ပွဲများဖြစ်ပွားနေသည့် အဖွဲ့အစည်းများသည်ပင်လျှင် ပဋိပက္ခဖြစ်နေသည့် နယ်မြေများ၏အလယ်မှ ဝင်ငွေများ ရရှိစေရန်အတွက် ပူးပေါင်းဆောင်ရွက်မည့် နည်းလမ်းများ ရှာဖွေရလောက်သည်အထိ ဝင်ငွေများစွာ ရရှိနေပါသည်။ ဤသို့ သတ္တုတွင်းများအတွင်း ပူးပေါင်းဆောင်ရွက်ခြင်းသည် ပဋိပက္ခကို ရှည်ကြာစေရန် အရေးပါသည့် အရင်းအမြစ်များ ထောက်ပံ့ခြင်း နှင့် လက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့၏ လက်ဝါးကြီးအုပ် အမြတ်ထုတ်သည့် လုပ်ငန်းများကို ဆက်လက် လုပ်ဆောင်နိုင်စေရန်အတွက် ရှိရင်းစွဲအခြေအနေတစ်ခုကို ဆက်လက်ထိန်းသိမ်းထားရန် ငွေကြေးဆိုင်ရာ မက်လုံးများပေးအပ်ခြင်းတို့ဖြင့် ပိုမိုကျယ်ပြန့်သည့် ပဋိပက္ခတစ်ခုကို အထောက်အပံ့ပေးနေ ပါသည်။

ယင်းအပေါ် မှတ်ချက်ပေးရန် ဆက်သွယ်ခဲ့ရာတွင် KIO ၏ ကိုယ်စားလှယ်တစ်ဦးက KIO/A သည် ကျောက်စိမ်းတူးဖော်ထုတ်လုပ်ရာတွင် UWSA နှင့်ဖြစ်စေ တပ်မတော်နှင့်ဖြစ်စေ ပူးပေါင်းဆောင်ရွက်ခြင်းမရှိကြောင်း သို့မဟုတ် KIA တပ်ရင်း ၆ နှင့် တပ်မတော်၏ တပ်မ ၁၀၁ တို့အကြားတွင် တိုက်ရိုက်အဆက်အသွယ် မရှိကြောင်း ငြင်းဆိုခဲ့ပါသည်။ ဆက်လက်၍ KIO ကိုယ်စားလှယ်က ၎င်းတို့အနေဖြင့် KIO ကို တည်ထောင်ခဲ့စဉ်ကတည်းက ကုမ္ပဏီများနှင့် လူပုဂ္ဂိုလ်များထံမှ တူးဖော်ထုတ်လုပ်မှုနှင့် ရောင်းချမှုများအတွက် ပုံမှန်အခွန် ကောက်ခံခြင်းများသာ

ရှိပြီး ကျောက်စိမ်းကုမ္ပဏီများထံမှ ခြိမ်းခြောက်ငွေညှစ်ခြင်း မရှိကြောင်း ငြင်းဆိုခဲ့ပါသည်။ USWA ၏ ကိုယ်စားလှယ်တစ်ဦးကလည်း KIO/A နှင့် UWSP/A တို့ အကြားတွင် ကျောက်စိမ်း တူးဖော် ထုတ်လုပ်ခြင်းနှင့်ပတ်သက်၍ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမရှိဟု ငြင်းဆိုခဲ့သည်။ တပ်မတော်၏ကိုယ်စားလှယ်များကမူ စွပ်စွဲချက်များကို တုန့်ပြန်ခဲ့ခြင်းမရှိပေ။

## အကျင့်ပျက်ခြစားမှုများ ပေါ်များလာခြင်းသည် တရားမဝင် တူးဖော်ထုတ်လုပ်ခြင်းကို အားပေးအားမြှောက်ဖြစ်စေသည်။

မြန်မာနိုင်ငံရှိ ကျောက်စိမ်းတူးဖော်ခြင်း နှစ်ရှည်လများရှိလာခဲ့သည့် အင်္ဂါရပ်များ ဖြစ်ကြသော တရားမဝင် တူးဖော်ထုတ်လုပ်ခြင်း နှင့် အကျင့်ပျက်ခြစားမှုများသည် လိုင်စင်ထုတ်ပေးမှုကို ရပ်ဆိုင်းခဲ့စဉ်ကတည်းက ဆက်လက်တိုးပွားလာခဲ့သည်ဟု လုပ်ငန်းအတွင်းရှိ ပုဂ္ဂိုလ်အများအပြားတို့က ဆိုပါသည်။ အဓိက အကျိုးခံစားခွင့်ရသူများသည် ဒေသခံတပ်မတော်တပ်မှူးများ အထူးသဖြင့် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်နှင့် ဖားကန့်ရှိ တပ်မ ၁၀၁ ၏ တပ်မမှူးနှင့်တကွ အစိုးရအရာရှိများ၊ ရဲတပ်ဖွဲ့၊ လက်နက်ကိုင်တပ်ဖွဲ့များနှင့် ဒေသခံ လောပန်းများဖြစ်ခဲ့ကြသည်။ [၄၀]

Global Witness အနေဖြင့် အစိုးရအရာရှိများ၊ တပ်မတော်အရာရှိများနှင့် ရဲတပ်ဖွဲ့တို့ထံသို့ လာဘ်ပေးလာဘ်ယူမှုများနှင့်တကွ KIO/A ထံ တရားမဝင် ငွေပေးချေမှုများကြောင့် တရားမဝင် တူးဖော်ထုတ်လုပ်သည့် အလေ့အထများကို အားပေးအားမြှောက်ဖြစ်စေသည်ဟူသော အထောက်အထားများကို စုဆောင်းရရှိခဲ့သည်။ UWSA နှင့်ဆက်စပ်နေသော ကုမ္ပဏီများနှင့် အခြားသော တရုတ်နိုင်ငံမှ စီးပွားရေးအကျိုးစီးပွားများမှ ကျောထောက်နောက်ခံပြုထားသည့် အခြားကုမ္ပဏီများ အပါအဝင် အဆက်အသွယ်ကောင်းမွန်သည့် ကုမ္ပဏီကြီးများသည် အစိုးရထံမှ လိုင်စင်မရှိဘဲ သို့မဟုတ် တရားဝင်မဝင် သံသယဖြစ်ဖွယ်ဖြစ်သော အလွတ်သဘော အကျိုးအမြတ်ခွဲဝေသည့် အစီအမံများမှတစ်ဆင့် တရားမဝင် တူးဖော်ထုတ်လုပ်လျက်ရှိခဲ့ကြပါသည်။ [၄၁] ယင်းတို့ အားလုံးသည် စစ်ဖြစ်ပွားနေဆဲဖြစ်သည့် ကုမ္ပဏီများအကြားရှိ စိတ်မချရသော ပူးပေါင်းဆောင်ရွက်မှုများဆိုင်ရာ အခြေအနေတစ်ရပ်အတွင်း ဖြစ်ပွားပါသည်။

ကုမ္ပဏီများစွာတို့အတွက် သက်တမ်းကုန်ဆုံးနေသည့် လိုင်စင်တစ်ခုသည် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်ခြင်းကို အမှန်တကယ် တားဆီးနိုင်ခြင်းမရှိကြောင်း ထင်ရှားပါသည်။ မြန်မာအစိုးရထံမှ တရားဝင်လိုင်စင်များ သက်တမ်းကုန်ဆုံးသွားခဲ့သည့် ကုမ္ပဏီများသည် ဆက်လက်တူးဖော် ထုတ်လုပ်ခွင့်အတွက် ကျောက်စိမ်းလုပ်ငန်းမှ အဓိကဝင်ငွေ ရရှိနေသော KIO ထံသို့ မကြာခဏ အားကိုးအားထားပြုကြသည်။ [၄၂]

စစ်တပ်ပိုင် ကုမ္ပဏီများသည်လည်း ထိုသို့သော တရားမဝင် တူးဖော်ထုတ်လုပ်ခြင်းများကို အကူအညီပေးကြပြီး သတင်းရင်းမြစ် အများအပြားတို့တွင် စစ်တပ်ပိုင်ကုမ္ပဏီများသည် လိုင်စင်ထုတ်ပေးမှု ရပ်ဆိုင်းထားခြင်းကို လိုက်နာရန် ဆန္ဒမရှိဟု ဖော်ပြထားပါသည်။ [၄၃]

“စစ်တပ်နဲ့ အဆက်အသွယ်ရှိတဲ့သူတွေပဲ တူးဖော်နိုင်တယ်။”

– လုပ်ငန်းနှင့် အဆက်အသွယ်ရှိသော နိုင်ငံရေးသမားတစ်ဦး [၄၄]

စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ကျောက်စိမ်းလုပ်ကွက်များအား Myanmar Imperial Jade အပါအဝင် ၎င်း၏ လက်အောက်ခံကုမ္ပဏီများမှတစ်ဆင့် စီမံခန့်ခွဲသည့် MEHL ၏ ကိုယ်စားလှယ်နှစ်ဦးတို့သည် ၎င်း၏ ကျောက်စိမ်း လုပ်ကွက်တစ်ခုအား သက်တမ်းကျန်ရှိနေခြင်း ရှိမရှိ မေးမြန်းခဲ့သည်ဟု ဆိုပါသည်- “လိုင်စင်ထုတ်ပေးခြင်းကို ရပ်ဆိုင်းခဲ့သော်လည်း ယင်းတို့ [MEHL] ထံတွင် တူးဖော်ရန်အခွင့်အရေးရှိနေဆဲဖြစ်သည်ဟု ဆိုပါသည်။ ထို့ကြောင့် အကယ်၍ ၎င်း၏ လိုင်စင်သက်တမ်းကုန်ဆုံးပြီးသား လုပ်ကွက်အတွင်း ကျောက်စိမ်း ကျန်ရှိနေသေးပါက ယင်းတို့အနေဖြင့် အကျိုးတူပူးပေါင်းကာ ထိုနေရာတွင် တူးဖော်ရန်ဆန္ဒရှိကြသည်။” [၄၅] ၎င်း၏သတ္တုတွင်းမှာ အလွတ်သာကျန်ရှိပြီးဖြစ်သော်လည်း အဆိုပါဖြစ်ရပ်အရ စစ်တပ်ပိုင်ကုမ္ပဏီများသည် ဥပဒေ၏အထက်တွင်လုပ်ဆောင်နေကြကြောင်းကို ညွှန်ပြနေပါသည်။

တပ်မတော်အရာရှိများသည် ၎င်းတို့၏ အမြတ်ဝေစုများကို ဆက်လက်ရရှိနေဆဲဖြစ်ကြသည်။ KIO/A သည် ၎င်း၏ ကိုယ်ပိုင် လိုင်စင်မဲ့ တူးဖော်ထုတ်လုပ်ခြင်းများကို လုပ်ဆောင်သည့်အပြင် ဖားကန့်ရှိ တူးဖော်ထုတ်လုပ်မှု များကို အကူအညီပေးရန်အတွက် စစ်တပ် နှင့် ရဲတပ်ဖွဲ့တို့နှင့် ပူးပေါင်းကြံစည်ကြသည်ဟု ဒေသခံ ရင်းမြစ်အများအပြားတို့က Global Witness ထံ ပြောကြားခဲ့ကြသည်။ KIO/A သည် အခွန်များ နှင့် ခွင့်ပြုကြေးများကို ကောက်ခံပြီး ဒေသခံ တပ်မှူးများမှာ ထုတ်လုပ်မှု၏ တန်ဖိုးအပေါ် လာဘ်ငွေများ ရယူကြကာ အပြန်အလှန် အကျိုးအမြတ် ရရှိစေသည့် အစီအမံတစ်ခုကို တည်ဆောက်ခဲ့သည်။ [၄၆]

“NLD အစိုးရသည် လိုင်စင်သက်တမ်းတိုးခြင်းများကို ရပ်တန့်ခဲ့သည်။ ထို့ကြောင့် စီးပွားရေး လုပ်ငန်းရှင်များသည် KIA, စစ်တပ်၊ ရဲတပ်ဖွဲ့နှင့် အခြားသော အာဏာပိုင်များနှင့် စေ့စပ်ညှိနှိုင်းလျက်ရှိကြသည်။”
– ကျောက်စိမ်းလုပ်ငန်းဆိုင်ရာ ထိန်းသိမ်းသူတစ်ဦး [၄၇]

လိုင်စင်ထုတ်ပေးမှုကို ရပ်ဆိုင်းထားခြင်းသည် စစ်တပ်၏ အကျင့်ပျက်ခြစားမှုများနှင့် တရားမဝင် လုပ်ဆောင်မှုများအတွက် အခွင့်အလမ်းသစ်များကို လမ်းဖွင့်ပေးခဲ့ပြီး နေပြည်တော်မှ အကျင့်ပျက်ခြစားမှုများကို နေပြည်တော်မှနေ၍ ကျောက်စိမ်း တူးဖော်သည့် ကုမ္ပဏီများထံသို့ ‘ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း’ ကို ဦးတည်စေခဲ့ပုံလည်း ရပါသည်။ ၂၀၁၅ ခုနှစ်မတိုင်မီတွင် ကျောက်စိမ်းလုပ်ငန်းဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များသည် နေပြည်တော်ရှိ အကြီးတန်း စစ်ဘက်ဆိုင်ရာ အရာရှိများနှင့် ဆုံးဖြတ်ချက်ချမှတ်သူများအား တိုက်ရိုက်ပစ်မှတ်ထားကာ တန်ဖိုးရှိသည့် လုပ်ကွက်များ ရရှိရန်အတွက် ငွေကြေးနှင့် အကျိုးအမြတ်ခွဲဝေရေး အစီအမံများဖြင့် လာဘ်ထိုးခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။ [၄၈] ၂၀၁၆ ခုနှစ်ရှိ လိုင်စင် ထုတ်ပေးမှု ရပ်ဆိုင်းချိန်မှစတင်ကာ ဗဟိုအစိုးရထံမှ ရယူရမည့် ခွင့်ပြုချက်မရှိတော့သဖြင့် တူးဖော်သည့် လုပ်ကွက်များ အသုံးပြုပိုင်ခွင့်အပေါ် ဒေသခံတပ်မတော် တပ်မှူးများ၊ ရဲတပ်ဖွဲ့၊ အစိုးရအရာရှိများနှင့် လက်နက်ကိုင်တပ်ဖွဲ့များက ထိန်းချုပ်ထားခြင်းကြောင့် အကျင့်ပျက်ခြစားမှုများ၏ တည်နေရာသည် ဒေသန္တရအဆင့်သို့ ပိုမိုရောက်ရှိလာခဲ့သည်။ [၄၉] လိုင်စင်ထုတ်ပေးခြင်းများကို ပြန်လည် စတင်ချိန်တွင် နေပြည်တော် အခြေပြု အကျင့်ပျက်ခြစားမှုများ ပြန်လည်ဦးမော့လာခြင်း ရှိမရှိသည် မသိရှိနိုင်သေးသည့် အရေးကြီးသော ပြဿနာတစ်ရပ် ဖြစ်သည်။

## ပြုပြင်ပြောင်းလဲမှုကို ထိခိုက်စေခြင်း

အကျင့်ပျက်ခြစားမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပေါ်များနေခြင်းသည် NLD ၏ လေးလံသည့် ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်ရန် ပိုမို ခက်ခဲစေသည်။ မည်သို့ပင်ဆိုစေကာမူ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်အား သတ္တုတူးဖော်မှု နည်းဥပဒေများကို ရှောင်ရှားရန်နှင့် ကျောက်စိမ်းလုပ်ငန်းအတွင်းရှိ အဓိက အကျိုးစီးပွား ပတ်သက်ဆက်နွှယ်သူများ၏ ဆန့်ကျင်တွန်းလှန်မှုတို့ကို အကူအညီပေးရန် ကုမ္ပဏီများမှ ကျင့်သုံးသည့် စီးပွားရေး ဗျူဟာများကလည်း ထိခိုက်စေခဲ့သည်။

# တရားမဝင်သည့် သတ္တုတူးဖော်ရေးဆိုင်ရာ ပူးပေါင်းမှုများ

လိုင်စင်ထုတ်ပေးခြင်းကို တရားဝင်ရပ်ဆိုင်းထားခြင်း၏ အနီးစပ်ဆုံးနှင့် အသိသာဆုံး ရလဒ်များမှာ တရားမဝင် သတ္တုတူးဖော်ထုတ်လုပ်ရန် ပူးပေါင်းထားသည့် အဖွဲ့အစည်းများ မြင့်တက်လာခြင်းဖြစ်သည်။ တရားမဝင် ပူးပေါင်းထားသည့် အဖွဲ့အစည်းတစ်ခုတွင် လိုင်စင်သက်တမ်းကုန်သွားသည့် ကျောက်စိမ်းကုမ္ပဏီများသည် သက်တမ်းမကုန်သေးသည့် သတ္တုတွင်း လုပ်ကွက်များအတွင်း စက်ယန္တရားများ၊ ကိရိယာများနှင့် လုပ်သားများ ပေးအပ်ပြီး အမြတ်အစွန်းများကို မျှဝေရန် လိုင်စင်သက်တမ်းမကုန်သေးသည့် ကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းကြသည်။ လိုင်စင်သက်တမ်းမကုန်ဆုံးမီ အချိန်အတွင်း တတ်နိုင်သမျှ လျင်မြန်စွာ တူးဖော်ရန်ဆန္ဒဖြင့် အဆိုပါ တရားမဝင် အဖွဲ့အစည်းများသည် သဘာဝ ပတ်ဝန်းကျင်နှင့် ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ စံသတ်မှတ်ချက်များကို မကြာခဏ လျစ်လျူရှုလေ့ရှိကြသည်။ [၅၀]

"အဆိုပါ အဖွဲ့အစည်းများသည် ယခင်ကကဲ့သို့ ပါဝင်ပတ်သက်နေကြဆဲဖြစ်သော်လည်း ယခုအခါတွင် စက်ယန္တရားကြီးများကို အသုံးပြုကာ အတူအတကွ ပူးပေါင်းဆောင်ရွက်လာကြသည်။" [၅၁]

– ကျောက်စိမ်းလုပ်ငန်းရှင်တစ်ဦး

ကက္ကာအတွင်းရှိ အရင်းအမြစ်များအရ UWSA နှင့်အဆက်အသွယ်ရှိသော ကုမ္ပဏီများသည် ထိုသို့သော အစီအမံများအတွက် အဓိကကျသည့် ပွဲစားများအဖြစ် လုပ်ဆောင်ကြသည်။ ၂၀၁၆ နှင့် ၂၀၂၀ အကြားတွင် အဆိုပါ ကုမ္ပဏီများသည် လိုင်စင်များ ကုန်ဆုံးခါနီး ကုမ္ပဏီများအား ၎င်းတို့၏ အချိန် မကုန်မီ ပိုမိုလျင်မြန်စွာ တူးဖော် ထုတ်လုပ်နိုင်စေရန်အတွက် တရားမဝင် ငွေပေးချေမှုများ - အများအားဖြင့် ၆၀:၄၀ အကျိုးတူပူးပေါင်းမှုများအဖြစ် - စတင် ကမ်းလှမ်းလာပြီး ယင်းတို့သည် ၂၀၁၈ ခုနှစ်တွင် ပိုမိုမြင့်တက်လာခဲ့သည်။ [၅၂] အဆိုပါ တရားမဝင်မဟာမိတ်များတွင် စက်ယန္တရားကြီးများဖြင့် စုပေါင်းတူးဖော်ခြင်းအပါအဝင် ဖက်စပ်တူးဖော် ထုတ်လုပ်မှု လုပ်ငန်းများပါဝင်ခဲ့ပြီး တရားမဝင်ပျက်စီးမှုများဖြစ်စေသော သတ္တု တူးဖော်ခြင်းများ ဖြစ်စေခဲ့သည်။ [၅၃]

ဥပမာအားဖြင့် KIA အကြီးတန်းအရာရှိဟောင်းတစ်ဦးဖြစ်သည့် ကျောက်စိမ်းတူးဖော် ထုတ်လုပ်သူတစ်ဦး၏ အဆိုအရ UWSA နှင့်ဆက်စပ်နေသော ထင်ရှားသည့် ကုမ္ပဏီတစ်ခုဖြစ်သော မြန်မာတကောင်းကုမ္ပဏီသည် ၂၀၁၈ ခုနှစ် ဩဂုတ်လ ကတည်းမှ စတင်ကာ ဖားကန့်၏ ဝေခါ (ဂွီခါ) ဒေသတွင် တရားမဝင် ဖက်စပ်အဖွဲ့အစည်းများနှင့်အတူ တူးဖော်ထုတ်လုပ်လျက်ရှိခဲ့သည်။ [၅၄] ဝေခါသည် ၂၀၂၀ ခုနှစ် ဇူလိုင်လအတွင်း လူပေါင်း ၂၀၀ ကျော် သေဆုံးခဲ့သောမြေပြိုမှု ဖြစ်ပွားခဲ့ရာ နေရာဖြစ်သည်။ [၅၅] မီဒီယာများ၏တင်ပြချက်များအရ အဆိုပါဖြစ်ရပ်သည် ယင်းကုမ္ပဏီပိုင်ဆိုင်သည့် လုပ်ကွက်ဟောင်းတစ်ခုတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အောက်ပါအပိုင်း ၃.၅ တွင် ဆွေးနွေးဖော်ပြထားသည့်အတိုင်း အခြားသော UWSA နှင့်ဆက်စပ်နေသော ကုမ္ပဏီများသည်လည်း အဆိုပါ ဧရိယာအတွင်း တူးဖော်ထုတ်လုပ်လျက်ရှိခဲ့ကြကြောင်း အတည်ပြုခဲ့ပါသည်။ [၅၆]

UWSA နှင့်ဆက်စပ်နေသော ကုမ္ပဏီများသည် ငွေကြေးအရင်းအနှီးများစွာရှိပြီး KIA နှင့် တပ်မတော် နှစ်ဖက်စလုံးနှင့် ကောင်းမွန်သည့် ဆက်ဆံရေးရှိပြီး လုံခြုံရေးပေးအပ်နိုင်သောကြောင့် ကုမ္ပဏီငယ်များအနေဖြင့် ၎င်းတို့ ပူးပေါင်းခြင်းဖြင့် အကျိုးရှိနိုင်ပါသည်။ အဆိုပါ ဖြစ်စဉ်များတွင် ကုမ္ပဏီငယ်များသည် အကျိုးအမြတ်များ၏ ၂၅% သို့မဟုတ် ၄၀% သာ ရရှိနိုင်ပါသည်။ ကုမ္ပဏီကြီးများသည် ထိုသို့သော အစီအမံများကို အခွင့်အရေးယူတတ်ကြကြောင်း ကြားသိရပါသည်။ [၅၇]

အစိုးရမှ ထုတ်ပေးသည့် ပါမစ်များ၏ သက်တမ်းတိုတောင်းမှုကြောင့် တရားမဝင် အဖွဲ့အစည်းများအဖြစ် ပူးပေါင်း၍ တူးဖော်ထုတ်လုပ်ခြင်းသည် လိုင်စင်ထုတ်ပေးခြင်းကို ရပ်ဆိုင်းခြင်း မပြုမီကပင် ဖြစ်နေကျဖြစ်သည်ဟု ကျောက်စိမ်းတူးဖော်သူတစ်ဦးက Global Witness အား ရှင်းပြခဲ့သည်။ အဆိုပါအစီအမံတွင် ကုမ္ပဏီအချို့ပါဝင်နိုင်ပြီး လိုင်စင်ပိုင်ဆိုင်သူသည် အကျိုးအမြတ်များ၏ ၂၀% ဝန်းကျင်ကို ရယူပြီး ကျန်ကုမ္ပဏီများသည် စက်ယန္တရားများပေးအပ်ခြင်းနှင့် ထောက်ပံ့ရေးပစ္စည်းများကို စီမံခန့်ခွဲခြင်းတို့ကို ပြုလုပ်သည် - "ခင်ဗျားအနေနဲ့ တခြားကုမ္ပဏီတွေကို ခေါ်လာပြီး [လိုင်စင်သက်တမ်း မကုန်ခင်] တတ်နိုင်သလောက် နေ့ရော ညပါ တူးဖော်လို့ရနိုင်တယ်။" [၅၈]

၂၀၁၉ ခုနှစ်၌ ဖားကန့်၊ လုံးခင်ရှိ သတ္တုတူးဖော်ရေး လုပ်ငန်းခွင်တစ်ခု၏ ပြင်ပ နေဝင်ရီတရောအချိန်တွင် တွေ့မြင်ရသည့် မြေစာကားများ။ ဒေသခံ တူးဖော်သူများ၏ အဆိုအရ ဤလုပ်ငန်းခွင်အား တရားမဝင် ယာယီပူးပေါင်းထားသည့် ကုမ္ပဏီပေါင်း ၉ ခု တို့မှ မျှဝေအသုံးပြုလျက်ရှိခဲ့ကြသည်။ *Global Witness/M.O.*



၂၀၁၉ ခုနှစ်အတွင်း Global Witness နှင့် အစည်းအဝေးတစ်ခုတွင် MGE က အဆိုပါ တူးဖော်ထုတ်လုပ်ရေးဆိုင်ရာ တရားမဝင်အဖွဲ့အစည်းများသည် မြန်မာနိုင်ငံ၏ ကျောက်မျက်ဥပဒေများအရ တရားမဝင်ခြင်းမရှိဟု ငြင်းဆိုခဲ့သည်။ [၅၉] မီဒီယာများထံ ပြောဆိုရာတွင် MGE ၏ လက်ထောက်မန်နေဂျာ ဦးသက်နိုင်က အခြားသော ပုဂ္ဂိုလ်/အဖွဲ့အစည်းများထံမှ စက်ယန္တရားများနှင့် လုပ်သားများကို "ငှားရမ်းခြင်း" သာပြုလုပ်သည့် ကုမ္ပဏီများသည် ဥပဒေကို ချိုးဖောက်နေသည်ဟု မဆိုနိုင်ဟု အရိပ်အမြွက်ပြောကြားခဲ့သည်။ [၆၀] မည်သို့ပင်ဆိုစေကာမူ ဥပဒေတွင် ကုမ္ပဏီများသည် "ရရှိထားသည့် ပါမစ်အား ထပ်ဆင့်ငှားရမ်းခြင်း သို့မဟုတ် မည်သည့်နည်းဖြင့်မဆို လွှဲပြောင်းခြင်း" မပြုရဟု [၆၁] ရှင်းလင်းစွာ ထုတ်ပြန်ထားသဖြင့် ဤဆင်ခြေကို လက်ခံရန် ခက်ခဲပါသည်။

ကျောက်မျက်ရတနာဆိုင်ရာ ဥပဒေသစ်များသည် ပါမစ်များအား အများဆုံး သုံးနှစ်အထိသာ ကန့်သတ်ထားသဖြင့် [၆၂] အလျင်အမြန်တူးဖော်ရန် မက်လုံးများသည် ဆက်လက်ရှိနေနိုင်ဖွယ်ရှိပါသည်။ အကောင်းဆုံး အခြေအနေတွင်ပင်လျှင် ထိုသို့သော ပြဿနာများ၏ တရားဝင်မှု၏ အနားသတ်မျဉ်းတွင်ရှိနေသည့် စီးပွားရေးအလေ့အထများ ပေါ်များလာခြင်းသည် ကုမ္ပဏီများအနေဖြင့် ဖားကန့်ရှိ ပြုပြင်ပြောင်းလဲမှုများအား အလွယ်တကူ လျစ်လျူရှုရုံမျှဖြင့် ထိခိုက်စေရန် မည်မျှ လွယ်ကူကြောင်း ပြသနေပါသည်။ [၆၃] ထို့ပြင် ချိုးဖောက်မှုများအပေါ် အပြင်းအထန်အရေးယူမှုများသည် ဖြစ်ပေါ်လာနိုင်ဖွယ်မရှိပေ။ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ကို ထိန်းချုပ်ထားသည့် တပ်မတော်တပ်မှူးများအနေဖြင့် ၎င်းတို့၏ ထိန်းချုပ်မှုအောက်ရှိ ကုမ္ပဏီများမှ ကျူးလွန်သည့် ရာဇဝတ်မှုများကို စုံစမ်းဖော်ထုတ်ရန်အတွက် အဘယ့်ကြောင့် ယင်းကို ခွင့်ပြုမည်နည်း?

## ကုမ္ပဏီများအား လူမြင်ကွင်းတွင် ကွယ်ဝှက်ထားခြင်း

အကျင့်ပျက်ခြစားမှုများ ကြီးထွားလာပြီး ပို၍ လျင်မြန်စွာ တူးဖော်ရန်အတွက် ရန်ဘက်အဖွဲ့များ ပူးပေါင်း ဆောင်ရွက်နေကြခြင်းတို့ကြောင့် ပြုပြင်ပြောင်းလဲရေးသည် လွယ်ကူမည်မဟုတ်ကြောင်း သိသာပါသည်။ တရားမဝင် တူးဖော်ထုတ်လုပ်ရေး အဖွဲ့အစည်းများရှိနေခြင်း နှင့် အန္တရာယ်များပြားသည့် တူးဖော်ရေး အလေ့အထများ ပေါ်များနေခြင်းတို့ကို ကြည့်ခြင်းအားဖြင့် ကုမ္ပဏီများသည် အကျိုးအမြတ်များ အများဆုံးရရှိစေရေးအတွက် တရားဝင်မှုနှင့် ဘေးကင်းလုံခြုံမှုဆိုင်ရာ

ကန့်သတ်ချက်များကို ဆန့်ကျင်ရန် ဆန္ဒရှိနေကြောင်း တွေ့မြင်နိုင်ပြီး ကုမ္ပဏီများ အနေဖြင့် ပြုပြင်ပြောင်းလဲမှုများကို တက်ကြွစွာ ဆက်လက် ဆန့်ကျင်သွားမည် ဖြစ်ကြောင်း သံသယဖြစ်ဖွယ် အကြောင်းပြချက် အပြည့်အစုံရှိပါသည်။

၎င်းတို့၏ နည်းစနစ်များသည် ပြောင်းလဲနေသည့် ဥပဒေဆိုင်ရာ သတ်မှတ်ချက်များပေါ် လိုက်၍ ပြောင်းလဲလာကြပြီဖြစ်သည်။ ကောင်းစွာနေရာချထားသည့် ရင်းမြစ်များအရ ကုမ္ပဏီကြီးများသည် ကုမ္ပဏီငယ် အများအပြား တည်ထောင်ကာ ၎င်းတို့၏ ပါမစ်များအား ပိုမိုကြီးမားသည့် လုပ်ကွက်များအဖြစ်သို့ ပေါင်းစပ်ခြင်းဖြင့် လုပ်ကွက်ဆိုင်ရာ ကန့်သတ်ချက်အသစ်များကို ရှောင်တိမ်းရန် ပြင်ဆင်နေကြနိုင်ပါသည်။ [၆၄] ကုမ္ပဏီများသည် ၂၀၁၉ ခုနှစ်တွင် DICA မှ သတ်မှတ်ထားသည့် အီလက်ထရွန်နစ် မှတ်ပုံတင်မှု စနစ်ကို အခွင့်ကောင်းယူကာ ၎င်းတို့၏ ကုမ္ပဏီများအား တစ်ခုနှင့်တစ်ခု ဆက်စပ်ကြည့်ရန်အတွက် ပိုမို ခက်ခဲစေရန် ပြန်လည်ဖွဲ့စည်းနိုင်သည်ဟူ၍ လုပ်ငန်းအတွင်းရှိ အတွင်းလူတစ်ဦးထံမှ ၂၀၂၀ ခုနှစ် ဩဂုတ်လတွင် Global Witness အနေဖြင့် ကြားသိခဲ့ရသည်။ နည်းလမ်းမှာ ဆက်စပ် ကုမ္ပဏီအရေအတွက်ကို တိုးမြှင့်ကာ ကုမ္ပဏီတစ်ခုချင်းစီရှိ ဒါရိုက်တာဦးရေကို လျှော့ချရန်ဖြစ်သည်။ ဤသို့ပြုလုပ်ခြင်းဖြင့် ကော်ပိုရိတ်ကွန်ရက်တစ်ခုတွင် ထပ်နေသည့် ကုမ္ပဏီ အရာရှိဦးရေ ပိုမိုနည်းပါးမည်ဖြစ်ပြီး တစ်ခုနှင့်တစ်ခု ဆက်စပ်မိရန် ပိုမိုခက်ခဲစေမည်ဖြစ်သည်။ [၆၅] ယင်းသည် အရည်အသွေး၊ တိကျမှုနှင့် လိုက်နာမှုတို့ကို သေချာစေရန်အတွက် ပြင်းထန်သည့် ပြစ်ဒဏ်များနှင့် အခြားသော ဆွဲဆောင်မှုများဖြင့် ကျယ်ပြန့်ပြီး ခိုင်မာသော အကျိုးအမြတ် ရရှိပိုင်ဆိုင်မှုဆိုင်ရာ ထုတ်ပြန်ကြေညာမှုများ၏ အရေးမှုကို အထူးပြသနေပါသည်။

Global Witness ၏ စုံစမ်းဖော်ထုတ်မှုများတွင် ယခင်က ဖော်ထုတ်ခဲ့သောကုမ္ပဏီများအပါအဝင် နာမည်ကြီး ကုမ္ပဏီဟောင်းအချို့တို့သည် ဥပဒေအရ သတ်မှတ်ထားသည့်အတိုင်း မြန်မာနိုင်ငံ၏ ကုမ္ပဏီမှတ်ပုံတင်တွင် ပြန်လည် မှတ်ပုံတင်ခြင်း မရှိကြပေ။ မူးယစ်ရာဇာ Wei Hsueh Kang ၏ အယောင်ပြ ကုမ္ပဏီ ဖြစ်သည်ဟု စွပ်စွဲခံထားရသော Myanmar Takaung Gems ကုမ္ပဏီသည် ၎င်းတို့အနက် တစ်ခု အပါအဝင်ဖြစ်သည်။ ၎င်း၏ တွဲဖက်ကုမ္ပဏီဖြစ်သော Myanmar Takaung Trading သည် DICA တွင် ပြန်လည်မှတ်ပုံတင်ပြီး မကြာမီ ဖျက်သိမ်းရန် အစီအစဉ်ကို ကြေညာခဲ့သည်။ [၆၆] DICA ၏ ဝက်ဘ်ဆိုက်အရ ဗိုလ်ချုပ်မှူးကြီးဟောင်း ဦးသန်းရွှေ၏ ကုမ္ပဏီဖြစ်သော Myanmar Naing Group သည် ၎င်း၏ နှစ်စဉ်အစီရင်ခံစာကို တင်ပြရန် ပျက်ကွက်သောကြောင့် ဆိုင်းငံ့ခြင်း ခံထားရသည်။[၆၇] အဆိုပါကုမ္ပဏီများ သို့မဟုတ် ၎င်းတို့ကို ထိန်းချုပ်သူများအနေဖြင့် အသွင်သစ်တစ်မျိုး၊ ဒါရိုက်တာသစ်များ သို့မဟုတ် အုပ်ချုပ်ရေးဆိုင်ရာ အားနည်းချက်များကို ရှောင်လွှဲရန် သို့မဟုတ် အမြတ်ထုတ်ရန် အခြားသော ကြိုးပမ်းမှုအချို့ဖြင့် ပြန်လည် ပေါ်ပေါက်လာမည် ဟုတ်မဟုတ်သည် အဖြေမသိရ သေးသော မေးခွန်းတစ်ခု ဖြစ်ပါသည်။

ထိရောက်သည့် ပွင့်လင်းမြင်သာမှုရှိရေးစနစ်များ - မြန်မာနိုင်ငံ၏ ကျောက်မျက်ရတနာ ကဏ္ဍအတွင်းရှိ မနှစ်မြို့ဖွယ်ရာ စီးပွားရေးလုပ်ငန်းကွန်ရက်များကို ဖော်ထုတ်ရုံသာမကဘဲ ပြန်လည်ဖြေရှင်းသည့် စနစ်များ - ရေးဆွဲရေးဆိုင်ရာ အခက်အခဲသည် ကုမ္ပဏီပေါင်း ၁၆၂ ခု တို့အား ၎င်းတို့၏ ပိုင်ရှင်အစစ်အမှန်များကို ထုတ်ဖော်ရန် သတ်မှတ်သည့် အကျိုးအမြတ် ရရှိပိုင်ဆိုင်မှုဆိုင်ရာ ထုတ်ဖော်မှုများနှင့် ပတ်သက်သော စည်းမျဉ်းသစ်များ ၂၀၂၀ ခုနှစ် အစောပိုင်းတွင် သက်ရောက်လာခဲ့သည့်အခါ၌ ပိုမိုသိသာလာခဲ့ပါသည်။ Global Witness အနေဖြင့် အဆိုပါ ထုတ်ဖော်မှုများအပေါ် စိစစ်လေ့လာမှုတစ်ခု ပြုလုပ်ခဲ့ရာ၌ ပွင့်လင်းမြင်သာမှုအတွက် တွန်းတိုက်လုပ်ဆောင်ရာတွင် သိသာသည့် ကွာဟမှုများ ရှိနေကြောင်း တွေ့မြင်ခဲ့ရသည်။[၆၈] ကုမ္ပဏီများ၏ ၂၅% ကျော် (၁၆၂ ခုအနက် ၄၁ ခု) တို့သည် ထုတ်ဖော်မှုကို နောက်ကျပြီးမှပြုလုပ်ခဲ့ခြင်း သို့မဟုတ် ထုတ်ဖော်မှုလုံးဝမပြုလုပ်ခဲ့ခြင်းတို့ကြောင့် အချက်အလက်များနှင့် အစီရင်ခံတင်ပြရေး သတ်မှတ်ချက်များ၏ စိတ်ချယုံကြည်ရမှုကို ထိခိုက်စေသည်။ ၎င်းတို့၏ အကျိုးအမြတ် ရရှိပိုင်ဆိုင်သူများအား "နိုင်ငံရေးအရ ဩဇာတိက္ကမ ရှိသူများ" အဖြစ် ထုတ်ဖော်ရန် ပျက်ကွက်ခဲ့သည့် ကုမ္ပဏီ ၁၀ ခုတို့ အပါအဝင် နောက်ထပ်ကုမ္ပဏီ ၂၁ ခုတို့သည် မပြည့်စုံသော သို့မဟုတ် တိကျမှုမရှိသော တင်ပြမှုများကိုပြုလုပ်ခဲ့သည်။ ကုမ္ပဏီများအနေဖြင့် ၎င်းတို့၏ အကျိုးအမြတ် ရရှိပိုင်ဆိုင်သူများကို ထုတ်ပြန်ခဲ့သည့်အခါများတွင်ပင် အဆိုပါပုဂ္ဂိုလ်များ မည်သူမည်ဝါတို့ ဖြစ်ကြကြောင်းနှင့် ပဋိပက္ခတွင် ပါဝင်သူများနှင့် အစိုးရအကြီးတန်းအာဏာပိုင်များနှင့် ၎င်းတို့၏ အဆက်အသွယ်များကို နားလည်သဘောပေါက်ရေးသည် လိုက်နာစေရန် ဆောင်ရွက်ခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ အတားအဆီးများကြောင့် အရေးပါသည့် စိန်ခေါ်မှုတစ်ခု ဖြစ်နေဆဲဖြစ်ပါသည်။

ကျောက်စိမ်းလုပ်ငန်း၏ ပွင့်လင်းမြင်သာမှုအတွက် ပို၍ အခက်အခဲဖြစ်စေသည်မှာ အဆိုပါ ထုတ်ဖော်မှုများ၏ နယ်ပယ်အတွင်း မြန်မာနိုင်ငံ၏ ကျောက်စိမ်းနှင့် ကျောက်မျက် ရတနာ ကုမ္ပဏီ ၈၄ ခု - အစိုးရထံ အခွန်အများဆုံး ပေးဆောင်သည့် ကုမ္ပဏီ ၈၄ ခု - တို့သာ ပါဝင်ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရသော် မြန်မာနိုင်ငံရှိ မှတ်ပုံတင်ထားသော ကုမ္ပဏီစုစုပေါင်း ၂၆၀၀ ခန့်အနက် ၈၄ ခုသာ ပါဝင်ပါသည်။ အခွန်အများဆုံးပေးဆောင်သည့် ကုမ္ပဏီများသာ ပါဝင်သည့် အချက်အရ ပမာဏအများအပြားကို မှောင်ခိုကုန်သွယ်ပြီး အခွန်ပိုမို နည်းပါးစွာ ပေးအပ်သည့် ကုမ္ပဏီများ ပါဝင်ခြင်းမရှိနိုင်ဟုလည်း အဓိပ္ပာယ်ရပြီး ကုမ္ပဏီများအနေဖြင့် ဝင်ငွေများကို လျှော့၍ သတင်းပေးပို့ပြီး အခွန်များကို ရှောင်လွှဲရန် နောက်ထပ်မက်လုံး တစ်ခုကို ဖြစ်စေနိုင်သည်။ [၆၉]

တစ်ဖန် စစ်တပ် နှင့် စစ်တပ်၏ မဟာမိတ် ကုမ္ပဏီများသည် လိုက်နာမှု အနည်းဆုံးဖြစ်ကြသည်။ စစ်တပ်၏ လုပ်ငန်းစုကြီးဖြစ်သည့် MEC သည် အဘယ့်ကြောင့်ဟု လူသိထင်ရှား ကြေညာခြင်းမရှိဘဲ မည်သည့် သတင်းအချက်အလက်ကိုမျှ ထုတ်ပြန်ခဲ့ခြင်း မရှိပေ။ [၇၀] MEHL သည်လည်း တစ်စိတ်တစ်ပိုင်း ထုတ်ဖော်မှုကိုသာ ပြုလုပ်ခဲ့ပြီး ၎င်း၏ ရှယ်ယာရှင်များနှင့် ခေါင်းဆောင်ပိုင်းများအကြောင်း လိုအပ်သည့် သတင်းအချက်အလက်များကို ထည့်သွင်းဖော်ပြရန် လျစ်လျူရှုခဲ့သည်။[၇၁] ဦးသန်းရွှေ၏ မြေးဖြစ်သူနှင့် အနီးကပ်ဆက်ဆံရေးရှိသော ယခင် မိတ်ဖက်ဟောင်းဖြစ်သူ ဦးဇော်ဇော်ပိုင်ဆိုင်သော Max (Myanmar) Manufacturing Company သည် ထုတ်ပြန်ကြေညာမှုကို မပြုလုပ်ခဲ့ဘဲ ဦးသန်းရွှေ၏ သားဖြစ်သူမှ တစ်စိတ်တစ်ပိုင်း ပိုင်ဆိုင်သည့် Kyaing International Gems Company Limited မှာမူ သတ်မှတ်ထားသည့်အတိုင်း အနီးကပ်ဆက်ဆံရေးကို မှတ်ချက်ပြုခဲ့ခြင်း မရှိပေ။[၇၂] Global Witness မှ သိရှိထားမှုအရ အစိုးရ၏ ပွင့်လင်းမြင်သာမှုဆိုင်ရာ ညွှန်ကြားချက်များကို လျစ်လျူရှုခြင်းအတွက် အဆိုပါကုမ္ပဏီများကို တစ်စုံတစ်ရာ အရေးယူခဲ့ခြင်း မရှိပေ။

## ပြုပြင်ပြောင်းလဲမှုများကို ဆန့်ကျင်ခြင်း

အင်အားကြီးမားသည့် ကျောက်စိမ်းလုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်များအနေဖြင့် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု ထုတ်ဖော်ခြင်းနှင့်ပတ်သက်၍ ပေါ်ပေါ်ထင်ထင် ဆန့်ကျင်လာခဲ့ပြီး ကျောက်စိမ်းကုမ္ပဏီအများစုတို့သည် ၎င်းတို့၏ အခွန် နှင့် ဝင်ငွေဆိုင်ရာ အချက်အလက်များကို ထုတ်ပြန်ခြင်းမရှိကြသေးပေ။

ကျောက်မျက်ရတနာ နှင့် သဘာဝသယံဇာတ စီမံအုပ်ချုပ်မှုဆိုင်ရာ စည်းမျဉ်းများကို အားနည်းစေရန် အင်အားကြီး လုပ်ရှားသူများ၏ ကြိုးပမ်းမှုသည် လုပ်ငန်း၏ ယခင်စီမံအုပ်ချုပ်ရေး အဖွဲ့အစည်းများအတွင်း ရောက်ရှိလာခဲ့သည်။ မြန်မာနိုင်ငံရှိ EITI အကောင်အထည်ဖော်မှု၊ အထူးသဖြင့် ခိုင်မာ အားကောင်းသော အကျိုးအမြတ် ရရှိပိုင်ဆိုင်မှု ထုတ်ဖော်ရေး စနစ်တစ်ခု ရေးဆွဲမှုကို ရှုပ်ထွေးစေရန် သို့မဟုတ် အားနည်းသွားစေရန်အတွက် လုပ်ငန်းတွင်းရှိ အင်အားကြီးမားသည့် ပုဂ္ဂိုလ်များ၏ ကြိုးပမ်းမှုများနှင့်တကွ ကျောက်မျက်ရတနာဆိုင်ရာ မူဝါဒသစ်တစ်ခု ကျင့်သုံးခြင်းကို အားနည်းစေရန် သို့မဟုတ် တားဆီးရန်အတွက် ကြိုးပမ်းမှုများအား လုပ်ငန်းအတွင်းရှိ အတွင်းလူများနှင့်တကွ အစိုးရ၏ အတွင်းလူများကပါ Global Witness အား ပြောကြားခဲ့သည်။

ကျောက်စိမ်း နှင့် ကျောက်မျက်ရတနာကဏ္ဍ ပြုပြင်ပြောင်းလဲရေးသည် အစဉ်အမြဲ ခက်ခဲနေဦးမည် ဖြစ်ပါသည်။ မည်သို့ပင်ဆိုစေကာမူ လုပ်ငန်းအတွင်းမှ ဩဇာကြီးမားသည့် လှုပ်ရှားသူများ၏ ပြုပြင်ပြောင်းလဲမှုကို ဆန့်ကျင်ခြင်းနှင့်တကွ ကန့်သတ်ချက်များကို လျစ်လျူရှုပြီး ကိုယ်ရေးကိုယ်တာ အကျိုးစီးပွားအတွက် အကျင့်ပျက်ခြစားမှုများတွင် ပါဝင်သည့် ဒေသဆိုင်ရာ လှုပ်ရှားသူများကို အားပေးသည့် ဖားကန့်ရှိ ပြောင်းလဲနေသည့် အခြေအနေများကြောင့် ပြုပြင်ပြောင်းလဲမှုများကို ထိရောက်စွာ အကောင်အထည်ဖော်ရန် ပို၍ပင် ခက်ခဲစေသည်။

# အစိုးရ၏ စောင့်ကြည့်ရေး အဖွဲ့ တစ်ခုဖြစ်သော MGE တွင် အကျိုးစီးပွား ပဋိပက္ခများ နှင့် ပြည့်နှက်နေသော လုပ်ငန်းများနှင့် မသမာသော ဆက်ဆံရေးများ ရှိနေသည်။

အကြီးတန်း ခေါင်းဆောင်ပိုင်းများတွင် တပ်မတော်အရာရှိဟောင်းများမှ ကြီးဖြဇ လွှမ်းမိုးနေပြီး မြန်မာနိုင်ငံ၏ ကျောက်စိမ်းလုပ်ငန်းဆိုင်ရာ စည်းမျဉ်းဥပဒေများကို ကြီးကြပ်ရေး နှင့် အကောင်အထည်ဖော်ရေးတို့အတွက် တာဝန်ရှိသည့် MGE သည် လိုင်စင်ထုတ်ပေးခြင်းနှင့် တရားမဝင် တူးဖော်ခြင်းတို့နှင့် ဆက်စပ်နေသော အကျိုးစီးပွားပဋိပက္ခများတွင် ပါဝင်ပတ်သက်နေသည်။ [၉] ကုမ္ပဏီများသည် လုပ်ငန်းတွင်းရှိ အကြီးတန်းအဖွဲ့ဝင်တစ်ဦး၏ အဆိုအရ ၂၀၁၉ ခုနှစ် နှောင်းပိုင်းတွင် အငြိမ်းစားယူခဲ့သော MGE ဦးဆောင်ညွှန်ကြားရေးမှူးဟောင်း ဦးအောင်ညွှန့်သိန်း အပါအဝင် MGE ၏ အကြီးတန်းအရာရှိများနှင့် အနီးကပ်ဆက်ဆံရေးများကို ထိန်းသိမ်းထားကြောင်း သေချာစေရန် လုပ်ဆောင်ကြသည်။ [၁၀]

အောင်ညွှန့်သိန်းသည် အထက်ပါ ဇော်ဘိုခန့်အပါအဝင် ကြီးဖြဇကြီးမားသော ကျောက်စိမ်းစီးပွားရေးလုပ်ငန်းရှင်များနှင့် ရင်းနှီးမှုရှိကြောင်း သိရှိရသည်။ ဝနှင့် ဆက်စပ်နေသော ပုဂ္ဂိုလ်/အဖွဲ့အစည်းများသည် ၂၀၁၆ ခုနှစ် ကတည်းမှစတင်ကာ ဖားကန့်တွင် လိုင်စင်မရှိဘဲ တရားမဝင်အဖွဲ့အစည်းတစ်ခု၏ အစိတ်အပိုင်းအဖြစ် တူးဖော်ထုတ်လုပ်သည်ဟု စွပ်စွဲခံထားရသည်။ အောင်ညွှန့်သိန်းနှင့် ဇော်ဘိုခန့်တို့အား ဥပမာအားဖြင့် ယခင် စည်းမျဉ်းထိန်းသိမ်းရေးအဖွဲ့အစည်း၏ အကြီးအကဲဖြစ်သူ အငြိမ်းစားယူပြီးနောက် မကြာမီ နိုင်ငံတကာကျောက်စိမ်းနှင့် ကျောက်မျက်ရတနာဆိုင်ရာ အခမ်းအနားတစ်ခုသို့ အထက်တန်းလေယာဉ်ဖြင့် ခရီးသွားခြင်း၊ အပျော်ခရီးသွားခြင်း၊ ဂေါက်ရိုက်ခြင်းနှင့် ဘုရားတစ်ဆူကို အတူတကွ ပြုပြင်မွမ်းမံခြင်းတို့ကို ဇော်ဘိုခန့်၏ Facebook စာမျက်နှာ၌ အများပြည်သူရှေ့တွင် မကြာခဏ တွေ့မြင်ရလေ့ရှိသည်။[၁၁] အရေးပါသည့် စည်းမျဉ်းထိန်းသိမ်းရေးအဖွဲ့အစည်းတစ်ခု၏ ခေါင်းဆောင်တစ်ဦးအနေဖြင့် လုပ်ငန်းအတွင်းရှိ အရေးပါသည့် ပုဂ္ဂိုလ်တစ်ဦးနှင့် နွေးထွေးသော ဆက်ဆံရေးရှိခြင်းကို ဖုံးကွယ်မှု မပြုခြင်းသည် လုပ်ငန်းအတွင်းရှိ အင်အားကြီးမားသော ပုဂ္ဂိုလ်များ၏ မျက်နှာပြောင်တိုက် ဒဏ်ခတ်မခံရခြင်းကို ပြသနေပြီး MGE အပေါ်သက်ရောက်နေသည့် အကျိုးစီးပွားပဋိပက္ခများကို ထောက်ပြနေပါသည်။

MGE နှင့် ၎င်း၏ မိခင်ဝန်ကြီးဌာနဖြစ်သော MONREC ရှိ အကျိုးစီးပွားပဋိပက္ခများနှင့် ပတ်သက်သည့် စိုးရိမ်ပူပန်မှုများအား "၎င်းတို့သည် တူးဖော်ထုတ်လုပ်မှုများမှ ၎င်းတို့ကိုယ်တိုင် အကျိုးအမြတ်များရရှိနေသဖြင့် ကုမ္ပဏီများကို အရေးယူလိုခြင်းမရှိ" ဟု အစိုးရအရာရှိတစ်ဦးက ပြောကြားသည်။[၁၂] နောက်ထပ် လုပ်ငန်းအတွင်းအဆက်အသွယ်ရှိသော ပုဂ္ဂိုလ်တစ်ဦးက MGE သည် ဖားကန့်ရှိ တရားမဝင်တူးဖော်ထုတ်လုပ်မှု အဆင့်များကို "လိမ်နေသည်" ဟု စွပ်စွဲခဲ့ပါသည်။ [၁၃]

မြန်မာနိုင်ငံ၏ EITI လုပ်ငန်းစဉ်ကို စောင့်ကြည့်လေ့လာသူများသည် MGE အနေဖြင့် အဆိုပြုထားသည့် ကျောက်မျက်ရတနာ စီမံခန့်ခွဲမှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၊ အထူးသဖြင့် ကျောက်စိမ်းဆိုင်ရာ စည်းမျဉ်းဥပဒေများအပေါ် ၎င်း၏ ထိန်းချုပ်မှုကို လျော့ပါးသွားစေမည့် မည်သည့်ပြောင်းလဲမှုမဆို ကန့်ကွက်နေမှုအပေါ် စိုးရိမ် ပူပန်မှုများရှိကြောင်း သီးသန့်ထုတ်ဖော်ပြောကြားခဲ့ကြပါသည်။ ဥပမာအားဖြင့် MGE သည် မြန်မာနိုင်ငံရှိ သတ္တုတူးဖော်ရေး လိုင်စင်များအားလုံးကို ကြီးကြပ်မည့် သီးခြားစီမံအုပ်ချုပ်ရေးစနစ်တစ်ခုဖြစ်သော သတ္တုတွင်းလုပ်ကွက် လိုင်စင်မှတ်ပုံတင်ခြင်းစနစ်တစ်ခု ဖန်တီးမှုကို ဆန့်ကျင်ခဲ့ကြသည်ဟု EITI အတွင်းလူများက စွပ်စွဲခဲ့ကြသည်။[၁၄] အကြောင်းသိ ရင်းမြစ်တစ်ခုက ဇော်ဘိုခန့်သည် သတ္တုတွင်းလုပ်ကွက် လိုင်စင်မှတ်ပုံတင်ခြင်းစနစ်တွင် ကျောက်မျက် ရတနာများကို ထည့်သွင်းရန် ကြိုးပမ်းမှုများကို ဆန့်ကျင်ခြင်းနှင့် MGE တွင် ၎င်း၏ မဟာမိတ်များကိုယ်စား ပြည်ပပိုင်ဆိုင်မှုများကို ကန့်ကွက်ခြင်းတို့ အပါအဝင် အဆိုပါ စေ့စပ်ညှိနှိုင်းမှုများ၏ အစိတ်အပိုင်းအဖြစ် MGE အတွက် ကြားခံတစ်ဦးအဖြစ် ဆောင်ရွက်သည်ဟု ဆိုခဲ့ပါသည်။[၁၅] နောက်ထပ် စောင့်ကြည့်လေ့လာသူတစ်ဦးက MGE သည် မြန်မာနိုင်ငံ၏ ခရိုနီစီးပွားရေးစနစ်ကြောင့် MGJEA အတွင်းရှိ အင်အားကြီး ပုဂ္ဂိုလ်များက "ထိန်းချုပ်ခံထားရသည်" ဟု ဖော်ပြခဲ့သည်။ [၁၆]

MGE သည် မြန်မာနိုင်ငံ၏ စစ်တပ်နှင့်လည်း နီးကပ်သည့် ဆက်ဆံရေးများ ရှိပါသည်။ ယခင်စစ်အစိုးရ လက်ထက်အတွင်း MGE အရာရှိများသည် "စစ်တပ်၏ ကုမ္ပဏီများထံမှ တောင်းဆိုမှုများကို ဆောင်ရွက်ပေးရသည့် စာရေးများကဲ့သို့ဖြစ်ကြသည်" ဟု အရင်းအမြစ်တစ်ခုက ဆိုပါသည်။ ဆက်လက်၍ အဆိုပါ အရင်းအမြစ်က "လိုင်စင်ထုတ်ပေးသည့် ဆုံးဖြတ်ချက်များအား စစ်ဘက်ဆိုင်ရာ ကောင်စီမှ ချမှတ်သဖြင့် ဆုံးဖြတ်ချက်များကို အမှန်တကယ်ချမှတ်သူမှာ စစ်တပ်မှ ဖြစ်ပြီး MGE သည် အုပ်ချုပ်ရေး လုပ်ငန်းစဉ်ကို လွယ်ကူစေရန်သာဖြစ်သည်။" ဟု ဆက်လက်ပြောကြားခဲ့ပါသည်။ [၁၇]

မှတ်ချက်ပေးရန်အတွက် MGE နှင့် ဇော်ဘိုခန့်တို့အား ဆက်သွယ်ရာတွင် ဖြေကြားခြင်းမရှိခဲ့ပေ။







Zaw Bo Khant's public Facebook page

## ဇော်ဘိုခန့်

Global Witness ၏ ၂၀၁၅ ခုနှစ် အစီရင်ခံစာအတွင်း ကျောက်စိမ်းလုပ်ငန်းအတွင်းရှိ ၎င်း၏ အခန်းကဏ္ဍကို ဖော်ပြခဲ့သော ဝမူးယစ်ဆေးဝါးကုန်သွယ်သူ Wei Hseuh Kang ၏ ကိုယ်စားပြု ပုဂ္ဂိုလ်တစ်ဦးဖြစ်သည် ဟု သံသယရှိသည့် ဇော်ဘိုခန့်သည် အဓိကကျသည့် အခန်းကဏ္ဍတစ်ခုတွင် ရှိနေဆဲဖြစ်ပါသည်။[၇၃] ၎င်းသည် ဤအစီရင်ခံစာ၏ အစပိုင်းတွင် အသေးစိတ် ဖော်ပြထားသည့်အတိုင်း MEITI အကျိုးစီးပွား ပတ်သက်ဆက်နွှယ်သူများအဖွဲ့အတွင်း MGJEA ၏ ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်နေပြီး ကျောက်စိမ်းတူးဖော်မှုဆိုင်ရာ စည်းမျဉ်းထိန်းကျောင်းသည့် အဖွဲ့အစည်းဖြစ်သော MGE ရှိ သူဌေးများနှင့် အနီးကပ်ဆက်ဆံရေးများ ရှိပြီး မြန်မာနိုင်ငံရှိ အကျိုးအမြတ် ရရှိပိုင်ဆိုင်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ဖော်ဆောင်ရာတွင် အဓိက အတိုက်အခံတစ်ဦး ဖြစ်ပါသည်။ [၇၄] ၎င်းသည် မြန်မာနိုင်ငံ၏ ကျောက်မျက်ရတနာဆိုင်ရာမူဝါဒ မူကြမ်းအတွင်း တူးဖော်ထုတ်လုပ်ရေးကုမ္ပဏီများအား အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဆိုင်ရာ ထုတ်ဖော်မှုများ ပြုလုပ်ရန် သတ်မှတ်သည့် နိုင်ငံတကာ ပွင့်လင်းမြင်သာမှုစံသတ်မှတ်ချက်ဖြစ်သည့် EITI အကြောင်း ရည်ညွှန်းချက်များကို ဖယ်ရှားရန် တိုက်တွန်းခဲ့သည်ဟု ရင်းမြစ်များစွာတို့က ဆိုကြပါသည်။[၇၅] စောင့်ကြည့်လေ့လာသူတစ်ဦးက ၎င်းသည် လုပ်ငန်းစဉ်ကို အနှောင့်အယှက်ပေးရန် တစ်ခုတည်းအတွက်သာ မြန်မာနိုင်ငံ၏ EITI လုပ်ငန်းစဉ်တွင် အဖွဲ့ဝင်တစ်ဦးအဖြစ် လက်ရှိတာဝန်ကို ရယူခဲ့ခြင်း ဖြစ်နိုင်ခြေရှိသည်ဟု ဆိုခဲ့သည်။ [၇၆]

"၎င်းနှင့် အခြားသော ပုဂ္ဂလိကကဏ္ဍ ကိုယ်စားလှယ်များသည် အကျိုးအမြတ် ရရှိပိုင်ဆိုင်မှုဆိုင်ရာ လုပ်ငန်းစဉ်နှင့် ယင်းမှ ထွက်ပေါ်လာမည့် သတင်းအချက်အလက်များကြောင့် အလွန်စိုးရိမ်ပူပန်နေကြသည်" ဟု ရင်းမြစ်က ဆိုပါသည်။ [၇၇] နောက်ထပ် လေ့လာသူတစ်ဦးက ဇော်ဘိုခန့်သည် မြန်မာနိုင်ငံရှိ EITI အကောင်အထည်ဖော်ရေးတွင် ဦးစီးလုပ်ဆောင်သည့် အကျိုးစီးပွား ပတ်သက်ဆက်နွှယ်သူ အများအပြားပါဝင်သောအဖွဲ့၏ အစည်းအဝေးများကို အနှောင့်အယှက်ပေးရာတွင် အလွန် ကျွမ်းကျင်သည် ဟု မှတ်ချက်ပြုခဲ့သည်။ [၇၈]

ဤသို့ ဆန့်ကျင်မှုသည် ကျောက်စိမ်းတူးဖော်မှုကဏ္ဍအတွင်း ပြုပြင်ပြောင်းလဲမှုများကို တွန်းအားပေးနေသည့် အင်စတီကျူးရှင်းများ နှင့် လုပ်ငန်းစဉ်များအတွင်း၌ပင် သိသာသည့် အကျိုးစီးပွားပဋိပက္ခများ ရှိနေကြောင်းကို ပေါ်လွင်စေပါသည်။

## ပဋိပက္ခ၏ ဇစ်မြစ်အကြောင်းအရင်းများကို လျစ်လျူရှုခြင်း

အထက်ပါ အခြေအနေများ၊ အစီအစဉ်တကျမရှိသော ပြုပြင်ပြောင်းလဲမှုများ၊ ရန်ဘက်များအတွင်း ပူးပေါင်းဆောင်ရွက်မှု မြင့်တက်လာခြင်း၊ အကျင့်ပျက်ခြစားမှုများပေါ်များနေခြင်းနှင့် ဗျူရိုကရေစီဆိုင်ရာ ဆန့်ကျင်မှုများအားလုံးတို့သည် NLD ၏ ပြုပြင်ပြောင်းလဲရေး အစီအစဉ်ကို ထိခိုက်စေခဲ့သည့် အရေးပါသော အချက်များ ဖြစ်ကြပါသည်။ မည်သို့ပင်ဆိုစေကာမူ ထိုသို့သော အခြေအနေများအနက် မည်သည့် အခြေအနေမျှ မရှိလျှင်ပင် NLD ၏ ကျောက်စိမ်းကဏ္ဍ ပြုပြင်ပြောင်းလဲမှုများသည် အောင်မြင်မှုမရှိဘဲ ရှိနိုင်ပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ အဆိုပါ ပြုပြင်ပြောင်းလဲမှုများသည် ကျောက်စိမ်း-ပဋိပက္ခဆက်စပ်မှု၏ အဓိက အခြေခံ အုတ်မြစ်ဖြစ်သော - ကျောက်စိမ်းကဏ္ဍအတွင်း စစ်တပ်နှင့် လက်နက်ကိုင်အဖွဲ့အစည်းများ၏ ဆက်လက်ရှိနေသော အခန်းကဏ္ဍ၊ ကချင်ပြည်နယ်ရှိ သယံဇာတ ကြွယ်ဝမှုများအား ပြည်နယ်တွင်း နေထိုင်သူများ၏ အကျိုးကျေးဇူးအတွက် ဖော်ဆောင်နိုင်မှု မရှိခြင်း၊ နှင့် ပါဝင်ပတ်သက်နေသူ အားလုံးအတွက် အလွန်ကြီးမားသည့် ဘဏ္ဍာရေးဆိုင်ရာ အခွင့်အရေးများအား ပစ်မှတ်ထားခဲ့မှု မရှိခြင်းကြောင့် ဖြစ်ပါသည်။ ရလဒ်အဖြစ် ပဋိပက္ခများသည် ဆက်လက် ဖြစ်ပွားနေခဲ့ပြီး ယင်းသည် အာဏာသိမ်းမှုကြောင့် မဝေးတော့သည့်အနာဂတ်အတွင်း ပိုမိုဆိုးရွားလာစေနိုင်ပါသည်။

ကျောက်စိမ်း -ပဋိပက္ခ ဆက်စပ်မှု၏ ဇစ်မြစ်များကို ဖြေရှင်းရန် စုပေါင်းကြိုးပမ်းမှုတစ်ခုသည် စစ်မှန်ပြီး၊ ရေရှည်တည်တံ့သော၊ အားလုံးပါဝင်သော ငြိမ်းချမ်းရေးတစ်ခုရရှိရန် ကြိုးပမ်းမှုများအတွက် အမှန်တကယ်တိုးတက်မှု ရရှိစေမည်ဖြစ်ပါသည်။ ၂၀၁၅ ခုနှစ်အတွင်း ဗဟိုအစိုးရ နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအများအပြားတို့အကြား လက်မှတ်ရေးထိုးခဲ့သည့် မြန်မာနိုင်ငံ၏ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) သည် နိုင်ငံ၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် စေ့စပ်ညှိနှိုင်းရေး မူဘောင် ဖြစ်လာခဲ့သည်။ NCA တွင် အပြစ်အနာအဆာများစွာ ရှိနေသော်လည်း ဒေါ်အောင်ဆန်းစုကြည် နှင့် NLD တို့သည် ယင်းအား တိုင်းပြည်၏ ဆယ်စုနှစ်များစွာ ကြာမြင့်နေခဲ့သော ပြည်တွင်းပဋိပက္ခများကို အဆုံးသတ်နိုင်မည့် ယန္တရားတစ်ခုအဖြစ် ဆက်လက်အသုံးပြုခဲ့ပါသည်။ တစ်ဖန် ထိုသို့ ဆောင်ရွက်သည့်တိုင် တပ်မတော်၏ လုပ်ဆောင်မှုများကြောင့် ယင်းကို အလွန်ခက်ခဲစေပါသည်။

## မြန်မာနိုင်ငံမြောက်ပိုင်းတွင် ပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေခြင်း

၂၀၁၈ ခုနှစ် ဒီဇင်ဘာလမှ စတင်ကာ ဆယ်စုနှစ်များစွာအတွင်း မြန်မာနိုင်ငံ၌ တွေ့မြင်ခဲ့ရသည့် အပြင်းထန်ဆုံးပဋိပက္ခအချို့ကို လက်ရှိ ရင်ဆိုင်နေရသော ရခိုင်နှင့် ချင်းပြည်နယ်တို့အတွင်း ပဋိပက္ခသစ်တစ်ခု ပေါ်ပေါက်လာခဲ့သည်။[၈၁] အဆိုပါ ပဋိပက္ခအတွင်း တပ်မတော်သည် ဒေသခံ နိုင်ငံရေးခေါင်းဆောင်များကိုပင် ဖမ်းဆီးခဲ့ပြီး အစိုးရမှ အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ထားသော ရက္ခိုင့်တပ်တော် (AA) နှင့် ဖြစ်ပွားသည့် ပဋိပက္ခအတွင်း ပိတ်မိနေခဲ့သည်။ [၈၂] တပ်မတော်သည် လွန်ခဲ့သည့် ၃ နှစ်ကျော်ကြာ ကာလအတွင်း တစ်ဖက်သတ် အပစ်အခတ်ရပ်စဲမှုများကို အခါအားလျော်စွာ ထုတ်ပြန်ကြေညာခဲ့ပြီး ရခိုင် ပြည်နယ်နှင့် အထူးသဖြင့် AA သီးသန့် ဖယ်ကြဉ်ထားခဲ့သည်။ ၎င်းအနေဖြင့် အဆိုပါ အပစ်အခတ်ရပ်စဲမှုများအပေါ် လိုက်နာမှုမှာ ဖြစ်တောင့်ဖြစ်ခဲသာဖြစ်သော်လည်း AA ကို ဖယ်ကြဉ်ထားခြင်းသည် အဖွဲ့အစည်းနှစ်ခုတို့အကြား ဖြစ်ပွားနေသည့် တိုက်ပွဲများ၏ ပြင်းထန်မှုကို ထင်ဟပ်နေပါသည်။ [၈၃]

၂၀၂၀ နှစ်ကုန်တွင် ရခိုင်ပြည်နယ်ရှိ ပဋိပက္ခသည် အရပ်သား ၁၃၀၀၀၀ နှင့် ၂၃၀၀၀၀ အကြားကို အိုးအိမ် စွန့်ခွာထွက်ပြေးရစေကာ ၁၀၀၀ ခန့်ကို သေဆုံးခြင်းသို့မဟုတ် အပြင်းအထန် ဒဏ်ရာရရှိခြင်းတို့ ဖြစ်စေခဲ့သည်။ [၈၄] တစ်ချိန်တည်းတွင် NLD အစိုးရသည် AA အပေါ် ဆောင်ရွက်မှုများ၏ အစိတ်အပိုင်းအဖြစ် ၂၀၂၀ ခုနှစ်တစ်လျှောက်လုံးတွင် အဆိုပါ ပဋိပက္ခဖြစ်ပွားနေသည့် နယ်မြေများအတွင်း တစ်နှစ်ကြာ အင်တာနက် ပိတ်ဆို့မှုတစ်ခုကို ဆက်လက်ထားရှိခဲ့သည်။

အာဏာသိမ်းမှုသည် ဤအခြေအနေကို ပြောင်းပြန်ဖြစ်သွားစေခဲ့သည်။ အာဏာသိမ်းပြီးနောက် တစ်လမျှသာ ကြာမြင့်ချိန်တွင် စစ်တပ်မှ လည်ပတ်ဆောင်ရွက်နေသည့် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ (SAC) သည် AA အား အကြမ်း ဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ထားခြင်းမှ ဖယ်ရှားခဲ့ပြီး နိုဝင်ဘာလ ရွေးကောက်ပွဲများ နောက်ပိုင်းတွင် AA မှ အဆိုပြုခဲ့သော အပစ်အခတ်ရပ်စဲမှုကို ဆက်လက်အလေးထားခဲ့သည်။[၈၅] AA သည် အာဏာသိမ်းမှုအား ကန့်ကွက်ခဲ့ခြင်း မရှိဘဲ နိုင်ငံတစ်ဝန်းရှိ အပြစ်မဲ့ပြည်သူများအား သတ်ဖြတ်ခြင်းအတွက်သာ ပြစ်တင်ရှုံ့ချခဲ့ပြီး အာဏာသိမ်းမှုနောက်ပိုင်း စစ်တပ်၏ လှုပ်ရှားမှုများအပေါ် အတော်အသင့် နှုတ်ဆိတ်နေခဲ့ပါသည်။[၈၆] ရလဒ်အဖြစ် ရခိုင်ပြည်နယ်သည် အာဏာသိမ်းစဉ်မှ စတင်ကာ နိုင်ငံ၏ အခြားသောအစိတ်အပိုင်းများကဲ့သို့ မဟုတ်ဘဲ အတော်အသင့် ငြိမ်းချမ်းနေဆဲဖြစ်ခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ ဤငြိမ်းချမ်းမှုသည် မလွယ်ကူပေ။ AA သည် မေလ နှောင်းပိုင်း၌ ရှမ်းပြည် မြောက်ပိုင်း ကွတ်ခိုင် မြို့နယ်ရှိ စစ်သားအနည်းဆုံး ၇ ဦး သေဆုံးခဲ့သော တပ်မတော်အပေါ် တိုက်ခိုက်မှုများအတွင်း မဟာမိတ်များနှင့် ပူးပေါင်းပါဝင်ခဲ့သည်။ [၈၇]

ထိုစဉ်အချိန်အတွင်း ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတို့တွင် ထပ်မံပေါ်ပေါက်လာသည့် ပဋိပက္ခသည် အာဏာသိမ်းမှုမတိုင်မီ၌ပင် ဆယ်နှစ်အတွင်းသို့ ရောက်ရှိလာပြီဖြစ်သည်။ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ "အကြင်နာတရားကင်းမဲ့ပြီး ရက်စက်သည်" ဟု ဖော်ပြထားသည့် ၂၀၁၉ ခုနှစ် အစီရင်ခံစာတွင် စစ်တပ်သည် အရပ်သား ပြည်သူလူထုအပေါ် ရက်စက်ကြမ်းကြုတ်သည့်လုပ်ရပ်များကို ဆက်လက်ကျူးလွန်

# ရိုဟင်ဂျာများအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ

ဒေါ်အောင်ဆန်းစုကြည်၏ ကတိကဝတ်သည် သူမ၏ အစိုးရအာဏာရပြီး လပိုင်းမျှသာကြာမြင့်ချိန်တွင် မြန်မာနိုင်ငံအနောက်ပိုင်း ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာ မူဆလင် လူနည်းစုအပေါ် ရက်စက်ကြမ်းကြုတ်သော သောင်းကျန်းသူ နှိမ်နင်းရေး လှုပ်ရှားမှုတစ်ခုကို တပ်မတော်မှ စတင်လုပ်ဆောင်ခဲ့ပြီးနောက် အစမ်းသပ်ခံခဲ့ရသည်။ ၂၀၁၇ ခုနှစ်အတွင်းရှိ နောက်ဆက်တွဲ စစ်ရေးဆိုင်ရာ လှုပ်ရှားမှုအတွင်း ထောင်နှင့်ချီသော ရိုဟင်ဂျာများ အဓမ္မပြုကျင့်ခံရခြင်း နှင့် သတ်ဖြတ်ခံရခြင်းများရှိခဲ့ပြီး ရိုဟင်ဂျာ ၇၀၀၀၀၀ ကျော် တို့သည် ၎င်းတို့၏ နေအိမ်များကို စွန့်ခွာကာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးခဲ့ကြရသည်။[၁၈] ဤတိုက်ခိုက်မှုအပေါ် နိုင်ငံတကာမှ ပြစ်တင်ရှုံ့ချခဲ့ကြပြီး ယင်းအတွက် တာဝန်ရှိသူများအား တာဝန်ခံစေရန် ကြိုးပမ်းမှုများ ရှိခဲ့သည်။

လူမျိုးတုံးသတ်ဖြတ်မှုဆိုင်ရာ စွဲချက်များအပေါ် နိုင်ငံတကာ ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုတစ်ခုကို ပြုလုပ်ရန် နိုင်ငံတကာ တရားရုံးထံသို့ ဂမ်ဘီယာနိုင်ငံမှ တင်ပြခဲ့ပြီး ရိုဟင်ဂျာများအပေါ် မြန်မာနိုင်ငံမှကျူးလွန်သည် ဟု စွပ်စွဲထားသည့် ရာဇဝတ်မှုအချို့အပေါ် စုံစမ်းစစ်ဆေးမှုတစ်ခုကို ပြုလုပ်ရန်အတွက် နိုင်ငံတကာတရားရုံးမှ ခွင့်ပြုခဲ့ကာ အာဂျင်တီးနားနိုင်ငံ၏ဖက်ဒရယ်တရားရုံးတွင် မည်သည့်ဒေသတွင်မဆို တရားစီရင်ပိုင်ခွင့်ဖြင့် တရားစွဲဆိုထားပါသည်။ တစ်ချိန်တည်းတွင် အမေရိကန် ပြည်ထောင်စု၊ ဥရောပသမဂ္ဂနှင့် အခြားသောနိုင်ငံများသည် အဆင့်မြင့်စစ်ဘက်ဆိုင်ရာ အရာရှိများအပေါ် အရေးယူပိတ်ဆို့မှုများကို ကျင့်သုံးခဲ့သည်။ လက်ရှိတွင် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီမှ တည်ထောင်ခဲ့သည့် မြန်မာနိုင်ငံအတွက် လွတ်လပ်သော စုံစမ်းစစ်ဆေးရေး ယန္တရားသည်လည်း အကြီးလေးဆုံးဖြစ်သော နိုင်ငံတကာရာဇဝတ်မှုများနှင့် နိုင်ငံတကာဥပဒေအပေါ် ချိုးဖောက်မှုများအတွက် အထောက်အထားများကို စုဆောင်းလျက်ရှိပြီး ရာဇဝတ်မှုဆိုင်ရာ တရားစွဲဆိုရေးအတွက် အမှုတွဲများ ပြင်ဆင်လျက်ရှိသည်။ [၁၉]

အရပ်သားအစိုးရအနေဖြင့် ရိုဟင်ဂျာများကို အကာအကွယ်ပေးရန် ပျက်ကွက်ခဲ့ရုံသာမကဘဲ တပ်မတော် အပေါ် နိုင်ငံတကာတရားရုံးရှိ လူမျိုးတုံးသတ်ဖြတ်မှုဆိုင်ရာ စွဲချက်များကို ခုခံချေပရန်အတွက် ဒေါ်အောင်ဆန်းစုကြည်သည် ၂၀၁၉ ခုနှစ်နှောင်းပိုင်း၌ ဟိတ်ဂ်မြို့သို့ပင် ခရီးထွက်လာခဲ့သည်။ [၂၀] အစိုးရသည်လည်း နိုင်ငံအတွင်းရှိ အခြားနေရာများရှိ တိုက်ပွဲများကို ရပ်တန့်နိုင်ရန်အတွက်လည်း မစွမ်းဆောင်နိုင်ပုံရပါသည်။

၂၀၁၉ ခုနှစ်တွင် Ukhia ရှိ Jamtoli ဒုက္ခသည် စခန်းအတွင်း ၎င်း၏ အဖြစ်မျှသာ တည်ဆောက်ထားသည့် နေအိမ်သို့ ပြန်လည်လမ်းလျှောက်လာစဉ် ကြက်တစ်ကောင်ကို သယ်ဆောင်လာသည့် ရိုဟင်ဂျာ ဒုက္ခသည် ယောက်ျားလေးတစ်ဦး (အရှေ့ဘက်)။ သိန်းနှင့်ချီသော ရိုဟင်ဂျာများသည် ၂၀၁၇ ခုနှစ်အတွင်း တပ်မတော်၏ ရက်စက်ကြမ်းကြုတ်သည့် စစ်ဆင်ရေးတစ်ခုနောက်ပိုင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဒုက္ခသည်စခန်းများတွင် နေထိုင်ရလျက်ရှိခဲ့သည်။ *Getty Images မှတစ်ဆင့် AFP*



လိုင်ဇာနှင့် မိုင်ဂျာယန်တို့အကြားရှိ KIA မှ ထိန်းချုပ်ထားသော လမ်းတစ်ခုရှိ ဤစခန်းသည် ၂၀၁၁ ခုနှစ်အတွင်း KIA နှင့် တပ်မတော်တို့အကြား တိုက်ပွဲများ ပြန်လည်ဖြစ်ပွားလာခဲ့ချိန်တွင် အိုးအိမ်ဆုံးရှုံးခဲ့ရသည့် ကချင်ပြည်သူများအတွက် ယာယီ ခိုလှုံရာစခန်းတစ်ခုအဖြစ် ရည်ရွယ်ထားခဲ့ပါသည်။ ဆယ်နှစ်ခန့် ကြာမြင့်ပြီးနောက်တွင်လည်း ယင်းသည် လူပေါင်း ၅၀၀၀ ခန့်ကို ဆက်လက်နေရာထိုင်ခင်းပေးအပ်ထားကာ တိုက်ပွဲများ ဆက်လက်ဖြစ်ပွားလာခဲ့သည်နှင့်အမျှ အမြဲတမ်းနီးပါး ဖြစ်လာခဲ့သည့် KIO နယ်မြေအတွင်းရှိ စခန်းများစွာအနက်မှ တစ်ခုဖြစ်သည်။ *Keel Dietz / Global Witness*



ခဲ့သည်။[၉၈] တပ်မတော် ယူနစ်များသည် အရပ်သားများကို မကြာခဏ ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး တစ်ဖက်သတ် ဖမ်းဆီးခြင်း၊ ခြိမ်းခြောက် ငွေညှစ်ခြင်း၊ ချွေးတပ်ဆွဲခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်းများကို မကြာခဏ ပြုလုပ်ကြသည်။[၉၉] တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များသည် ပြန်လည်တိုက်ခိုက်ခဲ့ကြကာ တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များ၏ ညွန့်ပေါင်းအဖွဲ့တစ်ဖွဲ့ဖြစ်သော မြောက်ပိုင်း မဟာမိတ်တပ်ဖွဲ့မှ အဖွဲ့ဝင်များသည် ပြင်ဦးလွင်ရှိ စစ်တက္ကသိုလ်၊ တရုတ်နိုင်ငံသို့ ကျောက်စိမ်း တရားမဝင်ကုန်သွယ်ရေး လမ်းကြောင်းပေါ်ရှိ တံတားတစ်စင်း၊ အစရှိသည့် ပစ်မှတ်များကို တိုက်ခိုက်ခဲ့ကြပြီး ကြီးမားသည့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ ပြတ်တောက်မှုများကို ဖြစ်စေခဲ့သည်။ [၁၀၀]

သတ္တုတူးဖော်ရေးပြဿနာ ပိုမိုပြင်းထန်လာသည့်အချိန်နှင့် တစ်ချိန်တည်းတွင် ကချင်ပြည်နယ်ရှိ သဘာဝသယံဇာတပေါ် အခြေခံသည့် ပဋိပက္ခသည်လည်း ဆက်လက်ဖြစ်ပွားလာခဲ့ပြီး ထိုဒေသရှိ ပြည်သူများ အတွက် ဆင်းရဲဒုက္ခ နှင့် အိုးအိမ်စွန့်ခွာထွက်ပြေးရခြင်းများ ဖြစ်စေခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် (တပ်မတော်ဟုခေါ်သည့်) မြန်မာစစ်တပ်သည် ဖားကန့်မြို့ မြောက်ဘက် တနိုင်းမြို့နယ်ရှိ ပယင်းနှင့် ရွှေတူးဖော်သည့် နယ်မြေများအတွင်းသို့ ထိုးစစ်ဆင် တိုက်ခိုက်မှုအသစ်များ ပြုလုပ်ခဲ့သည်။ KIA ၏ အကျိုးအမြတ် များပြားသည့် ရန်ပုံငွေ အရင်းအမြစ်တစ်ခုကို ဖြတ်တောက်ပစ်ရန် ရည်ရွယ်ခြင်းဖြစ်သော်လည်း အရပ်သားပြည်သူ ထောင်ပေါင်းများစွာတို့ကိုပါ ပဋိပက္ခများအလယ်တွင် ပိတ်မိနေစေခဲ့သည်။ [၁၀၁] တပ်မတော်နှင့် ၎င်း၏ မဟာမိတ်အဖွဲ့များအနေဖြင့် ဖွံ့ဖြိုးရေး စီမံကိန်းများကို ကာကွယ်ရေးနှင့် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များထံသို့ ဝင်ငွေများ ပေးနေသည့် အရင်းအမြစ်များကို ဖြတ်တောက်ရေးတို့အတွက် ၎င်းတို့၏ ထိန်းချုပ်မှုကို တိုးချဲ့ရန် ထိုးဖောက်ချီတက်လာခဲ့ခြင်းကြောင့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့၏ အခြားသော ဒေသများတွင်လည်း တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေခဲ့သည်။

ကချင်နှင့် ရှမ်းပြည်နယ်တို့အတွင်းရှိ တိုက်ပွဲများသည် အဖွဲ့နှစ်ဖွဲ့အကြား တိုက်ပွဲများမှ ထွက်ပြေးလာခဲ့သော ဒေသခံကျေးရွာသားများ၏ နောက်ထပ် အိုးအိမ်ဆုံးရှုံးမှုများကိုလည်း ဖြစ်ပေါ်လာစေခဲ့သည်။ ၂၀၂၁ ခုနှစ် မတ်လ ၃၁ ရက် နေ့အရ ကချင်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတို့ရှိ တည်နေရာ ၁၆၉ ခု တို့တွင် ပြည်တွင်းနေရပ် စွန့်ခွာထွက်ပြေးနေရသူ ၁၀၄၀၀၀ ကျော် ရှိခဲ့ပါသည်။[၁၀၂] KIO/A ထိန်းချုပ်နယ်မြေများအတွင်း အစိုးရသည် ၂၀၁၁ ခုနှစ်၌ ပြန်လည်တောက်လောင်လာခဲ့သည့် ပဋိပက္ခနောက်ပိုင်းတွင် ပြည်တွင်းနေရပ်စွန့်ခွာ ထွက်ပြေးနေရသူများအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီများအားလုံးကို ပိတ်ဆို့ခဲ့ပြီး ၂၀၂၀ ခုနှစ် ကိုဗစ် ၁၉ အန္တရာယ်ကို တုန့်ပြန်သည့်အားဖြင့် အချို့သောပစ္စည်းများ နှင့် ကိရိယာများ ပြန်လည်ဝင်ရောက်ရန် ခွင့်ပြုခဲ့ပါသည်။ [၁၀၃]

## ရှာရခက်သော ငြိမ်းချမ်းရေးကို လက်ခံခြင်း

အဆိုပါ ပဋိပက္ခများကို ဖြေရှင်းရေးအတွက် ချဉ်းကပ်မှုနည်းလမ်းသစ်တစ်ရပ်ကို ကျင့်သုံးမည့်အစား NLD အစိုးရသည် အများအားဖြင့် ရပ်တန့်နေခဲ့သည့် ယခင်စစ်အစိုးရမှ ရေးဆွဲခဲ့သော ပြဿနာများရှိနေသည့် ငြိမ်းချမ်းရေး အစီအစဉ်တစ်ခု ဖြစ်သော တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူ စာချုပ် (NCA) ကိုသာ ဆက်လက်၍ တွန်းအားပေးခဲ့သည်။[၁၀၄] လုပ်ငန်းစဉ်နှင့် နီးစပ်သည့် ကျွမ်းကျင်ပညာရှင်တစ်ဦးက ဒေါ်အောင်ဆန်းစုကြည်သည် ပိုမို၍ ရည်မှန်းချက်ကြီးမားသော အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်တစ်ခုအတွက် မျှော်လင့်ချက်များကို တစ်ဦးတည်း စွန့်ပယ်ခဲ့ပြီးဖြစ်ကာ သူမ၏ပါတီမူဝါဒများအား တပ်မတော်၏ မူဝါဒများနှင့် ပိုမိုနီးကပ်စွာ တဖြည်းဖြည်းရွှေ့ပြောင်းလာခဲ့ကာ တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များနှင့် အရပ်ဘက်အဖွဲ့အစည်းတို့မှာမူ ဖွဲ့စည်းပုံဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများနှင့်ပတ်သက်၍ တိုးတက်မှု မရှိခြင်းကို ပိုမို၍ အားမလို အားမရ ဖြစ်လာခဲ့ကြသည်ဟု ဆိုပါသည်။ [၁၀၅]

အမှန်စင်စစ်တွင် NLD သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဦးဆောင်ရန်အတွက် ဒေါ်အောင်ဆန်းစုကြည်၏ သမားတော် ဦးတင်မျိုးဝင်းကို တာဝန်ပေးအပ်ခဲ့သော်လည်း အမှန်တကယ် စေ့စပ်ညှိနှိုင်းမှုများတွင် ၎င်း၏ ပါဝင်ပတ်သက်မှုမှာ အလွန်နည်းပါးခဲ့ပါသည်။ စေ့စပ်ညှိနှိုင်းမှုများအား ယခင်စစ်ဘက်အရာရှိဟောင်းများ၊ အဓိကအားဖြင့် အငြိမ်းစားဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦးနှင့် နိုင်ငံတော်အတိုင်ပင်ခံရုံး၏ ညွှန်ကြားရေးမှူး ချုပ်ဖြစ်လာခဲ့သော တပ်မတော်မှ ဗိုလ်မှူးဟောင်းတစ်ဦးဖြစ်သူ ဦးဇော်ဌေးတို့မှသာ ဦးဆောင်ခဲ့ကြသည်။ [၁၀၆]

ရွေးကောက်ပွဲ ကျင်းပပြီးနောက် ၂၀၂၀ ခုနှစ် နိုဝင်ဘာလတွင် တပ်မတော်သည် အပစ်အခတ်ရပ်စဲရေး စေ့စပ်ညှိနှိုင်းမှုများကို ဆက်လက်ဦးဆောင်ရန် ရည်ရွယ်ထားသည့် "ငြိမ်းချမ်းရေးဆွေးနွေးမှု ကော်မတီ" တစ်ခု ဖွဲ့စည်းကြောင်း ကြေညာခဲ့သည်။ ထူးခြားချက်မှာ ကော်မတီဝင် ၅ ဦးစလုံးတို့သည် တာဝန်ထမ်းဆောင်ဆဲ ဒုတိယဗိုလ်ချုပ်ကြီးများသာ ဖြစ်နေကြခြင်းဖြစ်သည်။ [၁၀၇] စေ့စပ်ညှိနှိုင်းမှုများတွင် တပ်မတော်မှ ဦးဆောင်နေဆဲဖြစ်သရွေ့ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို မည်သည့်အခါတွင်မျှ အမှန်တကယ် ယုံကြည်နိုင်ခြင်းရှိမည်မဟုတ်ပေ။ ယင်းသည် ဖေဖော်ဝါရီလ အာဏာသိမ်းမှုမှ ပေါ်ပေါက်လာသည့် အချက်တစ်ချက်ဖြစ်ပါသည်။

## ကျောက်စိမ်း၊ ပဋိပက္ခ နှင့် ငြိမ်းချမ်းရေး

အကြမ်းဖက်မှုများ များပြားလာသည်နှင့်အမျှ ကျောက်စိမ်းမှရရှိသော ဝင်ငွေများနှင့် ပဋိပက္ခများအကြားရှိ ဆက်နွယ်မှုများကို ရှင်းလင်းဖယ်ရှားရေးမှာ ယခင်ကထက် ပို၍ အရေးကြီးလာသည်။ အကန့်အသတ်ရှိသော NCA ကို တွန်းအားပေးမည့်အစား၊ အစိုးရသည် နိုင်ငံရေးနည်းလမ်းဖြင့် အဖြေရှာခြင်းကို ဦးစားပေးပြီး မြန်မာနိုင်ငံ၏ ပဋိပက္ခများအတွင်း သဘာဝသယံဇာတ၏ အခန်းကဏ္ဍကို ထည့်သွင်း စဉ်းစားထားသည့် ပိုမိုကျယ်ပြန့်သော ငြိမ်းချမ်းရေး သဘောတူညီမှု တစ်ခုကို ဆက်လက်လုပ်ဆောင်ရန် ကတိကဝတ်ပြု ဆောင်ရွက်သင့်သည်။ ယင်းတွင် ဤအစီရင်ခံစာအရ လူ့အခွင့်အရေးချိုးဖောက်မှုများကို ကျူးလွန်ပြီး နိုင်ငံတစ်ဝန်းရှိ ထိခိုက်လွယ်သော ပြည်သူများအပေါ် အမြတ်ထုတ်သည့် တပ်မတော် အပါအဝင် လက်နက်ကိုင် အဖွဲ့အစည်းများနှင့် တိုက်ရိုက် ဆက်စပ်နေသည့် ကျောက်စိမ်း ပါဝင်သည်။

အမှန်တကယ်တွင် ကျောက်စိမ်းလုပ်ငန်းသည် ကချင်ပြည်နယ်ရှိ ပြည်သူလူထုအတွက် သိသာသည့် အကျိုးကျေးဇူးများ ပေးနိုင်ခြင်းမရှိသေးပေ။ ထို့အစား ယင်းသည် စစ်မှန်သည့် သဘာဝသယံဇာတဆိုင်ရာ ဖက်ဒရယ်စနစ်ကို တည်ထောင်ပြီး ကချင်ပြည်နယ်၏ ကျောက်စိမ်းကြွယ်ဝမှုများအား ပိုမိုမျှတစွာ စီမံခန့်ခွဲပြီး ခွဲဝေပေးနိုင်စေမည့် ငြိမ်းချမ်းရေးဆိုင်ရာ သဘောတူညီမှုတစ်ခုရရှိပါက ငွေကြေးနှင့် အာဏာများစွာတို့ကို ဆုံးရှုံးနိုင်သော နိုင်ငံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှု၏ အင်အားကြီး အတိုက်အခံများကိုသာ ကြွယ်ဝချမ်းသာလာစေသည်။ အဆိုပါအဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များတွင် ကျောက်စိမ်းတူးဖော်သည့် ကုမ္ပဏီများကို ပိုင်ဆိုင်သည့် မိသားစုများရှိသော နိုင်ငံရေးအရ ဩဇာလွှမ်းမိုးသည့် အငြိမ်းစား စစ်ဗိုလ်ချုပ်များ၊ စစ်တပ်ပိုင် ကုမ္ပဏီများတွင် အကျိုးစီးပွားများရှိကြသည့် အငြိမ်း

ဖားကန့်ရှိ ကျောက်စိမ်းတွင်းများမှ အကျိုးအမြတ်များ၏ အနည်းငယ်မျှသည်သာ အနီးပတ်ဝန်းကျင် ကျေးရွာများသို့ ရောက်ရှိပါသည်။ ထို့အစား ဒေသခံများသည် ရေအိုင်တစ်ခုအဖြစ်သို့ ပြောင်းလဲသွားခဲ့သည့် ယခုတွေ့မြင်ရသော စွန့်ပစ်ထားသည့် သတ္တုတွင်းတစ်ခုကဲ့သို့ ထာဝရ ပြောင်းလဲသွားသည့် ရှုခင်းများဖြင့်သာ ကျန်ရှိကြပါသည်။ Global Witness



စား အရာရှိများ၊ ခြိမ်းခြောက်ငွေညှစ်ခြင်းနှင့် လာဘ်ပေးလာဘ်ယူ ပြုလုပ်ခြင်းတို့မှတစ်ဆင့် ငွေကြေးပမာဏများပြားစွာ ရယူနေသည့် တာဝန်ထမ်းဆောင်နေဆဲ တပ်မတော်အရာရှိများနှင့် ကျောက်စိမ်းကုန်သွယ်မှုမှ အမြတ်အစွန်း ရရှိနေသည့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များနှင့် ပြည်သူ့စစ် အဖွဲ့အစည်း များစွာတို့ ပါဝင်ပါသည်။ ဤအစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်း ယင်းတို့တွင် မြန်မာနိုင်ငံရှိ ဩဇာတိက္ကမ အကြီးမားဆုံးပုဂ္ဂိုလ်နှစ်ဦးအနက် တစ်ဦးဖြစ်သူ မြန်မာ့တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ မိသားစုများလည်း ပါဝင်နိုင်ဖွယ် ရှိပါသည်။ အဆိုပါ အင်အားကြီးပုဂ္ဂိုလ်များသည် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး တည်ဆောက်ရန်အတွက် လိုအပ်သည့် စီးပွားရေးနှင့် နိုင်ငံရေးဆိုင်ရာ လိုက်လျောမှုများကို ငြင်းဆန်ရန်အတွက် ငွေကြေးဆိုင်ရာ မက်လုံးများနှင့် အချို့သောဖြစ်စဉ်များတွင် နိုင်ငံရေးဆိုင်ရာ လက်လှမ်းမီမှုတို့ ရှိကြသဖြင့် အကျိုးအမြတ်နှင့် ငြိမ်းချမ်းရေးတို့အကြားရှိ အားပြိုင်မှုကို ထပ်မံတွေ့မြင်ရသည်။

ကျောက်စိမ်းလုပ်ငန်းကို လွဲမှားစွာစီမံခန့်ခွဲခြင်းသည် အစိုးရအဖွဲ့အစည်းများအား ပဋိပက္ခဖြစ်စေသူများ နှင့် သယံဇာတများကို ယူဆောင်သွားသူများအဖြစ် ရှုမြင်ကြသော ကချင်ပြည်နယ်ရှိ လူအများ၏ နိုင်ငံတော် အစိုးရအပေါ် ခံစားရသည့် မယုံကြည်မှုကို မီးလောင်ရာလေပင့် ဖြစ်စေသည်။ မိမိတို့၏ မွေးရပ်မြေသည် မြန်မာနိုင်ငံနယ်နိမိတ်အတွင်းရှိ အကြီးမားဆုံးသော သဘာဝ ဘဏ္ဍာတိုက်တစ်ခု ဖြစ်သည်ကို ဒေသခံပြည်သူများက သိရှိကြသည်။ ၎င်းတို့အတွက် ရရှိသည့် ဝေစုသည် စားပွဲပေါ်ရှိ အစအနမျှသာဖြစ်ကြောင်းနှင့် အကျိုးစီးပွားများအား ၎င်းတို့၏ တိုင်းရင်းသားညီအစ်ကိုများနှင့် လက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားနေကြသည့် အခြားသူများကသာ ဝါးမြိုလျက်ရှိကြကြောင်းကိုလည်း အလားတူပင် သိရှိကြပါသည်။ ယင်းသည် ပြည်သူများအနေဖြင့် လက်နက်များစွဲကိုင်ပြီး အစိုးရကို တိုက်ခိုက်ရသည့် အဓိက အကြောင်းအရင်း မဟုတ်သော်လည်း ဗဟိုမှ ချုပ်ကိုင်ထားသည့် အစိုးရ၏ထိန်းချုပ်မှုကို အဘယ့်ကြောင့်တွန်းလှန်ရမည်ဖြစ်ကြောင်း ကချင်အမျိုးသားရေးဇာတ်လမ်းတစ်ခုလုံး၏ အရေးပါသော အစိတ်အပိုင်းတစ်ရပ် ဖြစ်ပါသည်။

ယင်းသို့ဆိုလာခဲ့ရာတွင် မြန်မာနိုင်ငံ၏ ရာစုနှစ်တစ်ဝက်ကြာ ဖြစ်ပွားလာခဲ့သည့် ပဋိပက္ခသည် ကျောက်စိမ်းတစ်ခုတည်းကြောင့်သာဖြစ်သည်ဟု ဆိုလိုခြင်း မဟုတ်ပေ။ ပဋိပက္ခသည် အကြောင်းအရင်း အသစ်အဟောင်း အမျိုးမျိုးတို့ကြောင့် ဖြစ်နိုင်ပြီး အများစုတို့သည် မြန်မာနိုင်ငံရှိ အစိုးရအစဉ်အဆက်၏ ရန်လိုသော ဗဟိုမှချုပ်ကိုင်ရေး မူဝါဒများနှင့် ယင်းကို တုံ့ပြန်သည့် ကချင်အမျိုးသားရေးဝါဒ၏ ကြီးထွားမှုနှင့် ဆက်စပ်နေပါသည်။ သို့ရာတွင် ကျောက်စိမ်းသည် အရေးပါပါသည်။ ယင်းကို မည်သူတို့ထိန်းချုပ်ပြီး မည်သူတို့အကျိုးခံစားခွင့်ရှိမည် ဖြစ်ကြောင်း မေးခွန်းကို ဖြေရှင်းထားခြင်းမရှိသည့် ငြိမ်းချမ်းရေးသဘောတူညီချက်တစ်ခုသည် ရေရှည်တည်တံ့နိုင်မည် မဟုတ်ပေ။

## ၁.၃ အာဏာသိမ်းမှုနောက်ပိုင်း ကျောက်စိမ်းကဏ္ဍ

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်းတွင် ၂၀၂၁ ခုနှစ် အစောပိုင်းတွင် NLD အနေဖြင့် ညှိနှိုင်းမှုမရှိခြင်း၊ လုပ်ငန်းအတွင်းမှ အကျိုးစီးပွား ပတ်သက်ဆက်နွယ်သူများ၏ ဆန့်ကျင်ခြင်းနှင့် ကျောက်စိမ်း-ပဋိပက္ခ ဆက်စပ်မှုကို မောင်းနှင်သည့် အဓိက ပြဿနာအချို့တို့ကို ဖြေရှင်းနိုင်မှုမရှိခြင်းတို့ရှိခဲ့သည့် တစ်ဝက်တစ်ပျက် အကောင်အထည်ဖော်ခဲ့သော ကျောက်စိမ်းကဏ္ဍ ပြုပြင်ပြောင်းလဲမှုများကို လုပ်ဆောင်ခဲ့ပြီးနောက် ၎င်း၏ ဒုတိယသက်တမ်းကို စတင်ရန် ရည်ရွယ်ထားခဲ့သည်။ ပြုပြင်ပြောင်းလဲမှုများအား ကဏ္ဍအတွင်း ပိုမို နက်ရှိုင်းသည့် အကျင့်ပျက် ခြစားမှုများ နှင့် ပွင့်လင်းမြင်သာမှုမရှိခြင်းတို့ ရှိနေခဲ့သည့် ကာလတစ်ခုကို ပေါ်ပေါက်လာစေခဲ့သည့် တစ်ဦးချင်းနှင့် စုပေါင်းဆန့်ကျင်မှုများကို ကြုံတွေ့ခဲ့ရသည်။

NLD အား နောက်ထပ် ပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်နိုင်မည့် အခွင့်အလမ်းပေးမည့်အစား ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် တပ်မတော်သည် မြန်မာနိုင်ငံအစိုးရ၏ တာဝန်များကို ရယူထိန်းချုပ်ခဲ့ကာ NLD ခေါင်းဆောင်များနှင့် တက်ကြွလှုပ်ရှားသူများကို ဖမ်းဆီးခြင်းနှင့် တိုင်းပြည်အား ပျက်သုဉ်းမှုကို ဖြစ်စေနိုင်သည်ဟု International Crisis Group မှ သတိပေးခဲ့သည့် လမ်းကြောင်းပေါ်သို့ ပို့ဆောင်ခဲ့သည်။[၁၀၈] ဤရလဒ်သည် ဤစာကို ရေးသားနေစဉ်အတွင်း အမှန်တကယ် ဖြစ်နိုင်ခြေတစ်ခု ဖြစ်နေဆဲဖြစ်သည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလအတွင်းရှိ ဖြစ်ရပ်များသည် ယခုအခါတွင် ပြုပြင်ပြောင်းလဲမှုများအတွက် ယခင်က ထားရှိခဲ့သော မျှော်လင့်ချက်များအား ချေဖျက်လိုက်ပြီး ကျောက်စိမ်းတူးဖော်မှုလုပ်ငန်းအား ပြုပြင်ပြောင်းလဲမှု မပြုလုပ်ရသေးမီကာလနှင့် ယခင်စစ်အုပ်ချုပ်မှုကာလသို့ ပြန်လည်ရောက်ရှိစေမည့် လမ်းစကို ဖွင့်ပေးခဲ့သည်။ နောက်ပိုင်းတွင် အာဏာသိမ်းမှုကြောင့် ကျောက်စိမ်းကဏ္ဍအတွင်း ပေါ်ပေါက်လာသည့် အဆိုးကြုံနိုင်ခြေများ၊ စစ်တပ်ကို ထိန်းသိမ်းရန် ကြိုးပမ်းမှုများသည် ကျောက်စိမ်းကဏ္ဍအပေါ် မည်သို့ သက်ရောက်ကြောင်းနှင့် စစ်တပ်၏အုပ်ချုပ်မှု ပြန်လည်ပေါ်ပေါက်လာခြင်းကြောင့် ကျောက်စိမ်းကဏ္ဍတစ်ခုလုံးတွင် ပဋိပက္ခများ ဖြစ်ပွားနိုင်သည့် အကျိုးဆက်များကို ဖော်ပြသွားမည် ဖြစ်သည်။

ဤနိုင်ငံရေးဆိုင်ရာ အကျပ်အတည်းကို ဖြစ်ပွားစေသည့် အကြောင်းအရင်းများနှင့် သက်ရောက်မှုများကို အပြည့်အစုံ ဖော်ပြရပါက ဤစာတမ်း၏ နယ်ပယ်ထက်ကျော်လွန်နေမည်ဖြစ်သော်လည်း အာဏာသိမ်းမှုသည် ကျောက်စိမ်းလုပ်ငန်း၏ အနာဂတ်အတွက် သိသာသည့် သက်ရောက်မှုများဖြစ်စေမည်ဖြစ်ကြောင်းမှာမူ ထင်ရှားပါသည်။ ကျောက်စိမ်းလုပ်ငန်းအားစစ်တပ်နှင့် လက်နက်ကိုင်အဖွဲ့များမှ ဩဇာလွှမ်းမိုးနေပြီးဖြစ်သဖြင့် စစ်တပ်အနေဖြင့် သယံဇာတများအား ၎င်း၏ အကျိုးစီးပွားများအတွက် ထပ်မံအမြတ်ထုတ်ရန် ကြိုးပမ်းနိုင်သည့် အန္တရာယ်တစ်ခု ရှိပါသည်။ ငွေပေါ်လွယ်မှု များစွာလိုအပ်နေခြင်းအတွက်နှင့် လက်နက်ကိုင်အဖွဲ့များကို လွှမ်းမိုးရေးအတွက် ကျောက်စိမ်းမှ ဝင်ငွေများရယူရန် အထူးကောင်းမွန်သည့် အနေအထားတွင် ရှိနေပါသည်။ တပ်မတော်သည် ယခုအခါတွင် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်း (MGE) မှတစ်ဆင့် လိုင်စင်များ ထုတ်ပေးခြင်းနှင့် အခြားသော အဓိကကျသည့် ဆုံးဖြတ်ချက်များကို အပြည့်အဝ ထိန်းချုပ်ထားပါသည်။ MGE သည် ဝင်ငွေကောက်ခံခြင်းအတွက် အဓိက တာဝန်ယူပြီး လုပ်ငန်းအပေါ် အဓိကကြီးကြပ်သည့် အဖွဲ့အစည်းတစ်ခုဖြစ်ကာ ပိုမိုကြီးမားသည့် သတ္တု

တူးဖော်မှုဆိုင်ရာ ခွင့်ပြုချက်များနှင့် ပတ်သက်၍ စီးပွားရေးဆိုင်ရာ အဖွဲ့အစည်း တစ်ခုအဖြစ် ဆောင်ရွက်ပါသည်။ အကယ်၍ စစ်တပ်အနေဖြင့် ၎င်း၏ စီမံအုပ်ချုပ်ရေး အာဏာများကို ထိန်းချုပ်နိုင်ပြီး ထိရောက်သည့် အုပ်ချုပ်ရေးနှင့် စစ်ဘက်ဆိုင်ရာ ထိန်းချုပ်မှုတို့ကို ရယူနိုင်ပါက ကျောက်စိမ်းသည် ယင်းကို ဆက်လက် ငွေကြေးပံ့ပိုးနိုင်သည့် မြင့်မားသည့် အန္တရာယ်တစ်ခု ရှိပါသည်။

## လိုင်စင်ထုတ်ပေးခြင်းအပေါ် ထိန်းချုပ်မှုသည် အကျင့်ပျက်ခြစားမှုများ ပြန်လည် ပေါ်ပေါက်လာနိုင်သည့် အန္တရာယ်ကို ဖြစ်စေနိုင်ပါသည်။

လိုင်စင်ထုတ်ပေးသည့် လုပ်ငန်းစဉ်အပေါ် MGE ၏ ထိန်းချုပ်မှုသည် အထူး အရေးကြီးပါသည်။ Natural Resources Governance Institute က ထောက်ပြခဲ့သည့်အတိုင်း လိုင်စင်လေလံများအား လျှို့ဝှက်ထားသဖြင့် သတ္တုတူးဖော်ရေးလိုင်စင်များရရှိရန် လေလံဆွဲသည့် လုပ်ငန်းစဉ်သည် လာဘ်ပေး လာဘ်ယူမှုများ ပျံ့နှံ့လာမည်ဖြစ်သည်။[၁၀၉] အတိတ်က ယင်းသည် အဆက်အသွယ် ကောင်းမွန်သော ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများ၊ အထူးသဖြင့် စစ်တပ်နှင့် ဆက်စပ်နေသူများအတွက် အကောင်းဆုံး တူးဖော်ရေးလုပ်ကွက်များ ဦးစားပေး ရရှိရန်နှင့် လေလံလုပ်ငန်းစဉ်အတွင်း ပွင့်လင်းမြင်သာစွာ ယှဉ်ပြိုင်ရန် စိတ်ပူရခြင်း မရှိဘဲ လိုင်စင်များ ရရှိနိုင်ကြောင်း သေချာစေရန် လာဘ်ပေးလာဘ်ယူမှုများအတွက် အခွင့်အလမ်းများ ပေါ်ပေါက်လာစေခဲ့သည်။ [၁၁၀]

အစိုးရသည် ၂၀၂၁ ခုနှစ် မေလအထိ လိုင်စင်ထုတ်ပေးခြင်းကို ပြန်လည်စတင်ခဲ့ခြင်း မရှိခဲ့ပေ။ မည်သို့ပင်ဆိုစေကာမူ NLD အစိုးရအနေဖြင့် နည်းဥပဒေများကို အပြီးသတ်ရန်နှင့် အာဏာသိမ်းမှုမတိုင်မီ၌ပင် လိုင်စင်ထုတ်ပေးမှုများကို ပြန်လည် စတင်ရန် လုပ်ငန်းအတွင်းမှ အဖွဲ့အစည်းများထံမှ သိသိသာသာ ဖိအားပေးခြင်းများ ရှိခဲ့ကြောင်း အရင်းအမြစ်များက Global Witness ထံ ပြောကြားခဲ့ကြပါသည်။ [၁၁၁] ယခုအခါတွင် စစ်တပ်သည် လိုင်စင်ထုတ်ပေးခြင်း လုပ်ငန်းစဉ်ကို အလွယ်တကူ ပြန်လည်စတင်ကာ လာဘ်ပေးလာဘ်ယူမှုများဖြင့် ပွပေါက်တစ်ခု ရရှိစေပြီး သစ္စာစောင့်သိမှုနှင့် နိုင်ငံရေးဆိုင်ရာ အထောက်အပံ့အတွက် အလဲအလှယ်အဖြစ် အကောင်းဆုံး ကျောက်စိမ်းတူးဖော်ရေး လုပ်ကွက်များထုတ်ပေးခြင်းတို့ကို ပြုလုပ်ကာ ရန်သူများနှင့် စစ်အစိုးရအပေါ် သစ္စာစောင့်သိမှု အလုံအလောက် ရှိကြောင်း မပြသသူများအား လိုင်စင်ထုတ်ပေးရန် ငြင်းဆိုနိုင်သည့် ကြီးမားသော စိုးရိမ်ပူပန်မှုများလည်း ရှိနေပါသည်။ ယင်းသည် ၁၉၉၄ ခုနှစ် နှင့် ၂၀၁၆ ခုနှစ်တို့ အကြားတွင် စစ်အာဏာရှင်မှ လုပ်ဆောင်ခဲ့သည့်အတိုင်းပင် ဖြစ်သည်။ ယခုအခါတွင် ယင်းသည် ဤသို့ အဓိက ကျသည့် ဗျူရိုကရေစီလုပ်ငန်းကို ပြန်လည်ထိန်းချုပ်နိုင်လျက်ရှိပြီဖြစ်ပြီး ၎င်း၏လှုပ်ရှားမှုများအတွက် အထောက်အပံ့နှင့် ရန်ပုံငွေများ ဆက်လက်ရရှိရန် အရေးတကြီး လိုအပ်နေမှုတို့အတွက် ဤအလားအလာ ပြန်လည် ဖြစ်ပေါ်လာမည်ဟု ယူဆနိုင်ပါသည်။

အကယ်၍ စစ်အစိုးရအနေဖြင့် လိုင်စင်ထုတ်ပေးမှုကို ပြန်လည်စတင်ပါက ယင်းကို MGE အတွင်းမှ များစွာ ကန့်ကွက်ဖွယ်မရှိပေ။ အစိုးရ၏ ဗျူရိုကရေစီစနစ်အတွင်း စစ်တပ်အပေါ် အထောက်အပံ့များ၏ ခံတပ်တစ်ခုအဖြစ် မှတ်ယူလာခဲ့သည့် MGE ၏ ခေါင်းဆောင်များတွင် တပ်မတော်အရာရှိဟောင်းများ သီးသန့် နီးပါး ပါဝင်ပါသည်။ [၁၁၂]

## ကျောက်စိမ်းသည် စစ်တပ်အတွက် အဓိက ဝင်ငွေအရင်းအမြစ်တစ်ခု ဖြစ်မည်ဖြစ်သည်။

လိုင်စင်ထုတ်ပေးခြင်းသည် စစ်တပ် နှင့် ၎င်း၏ ဆက်စပ်ကုမ္ပဏီများအနေဖြင့် ကျောက်စိမ်းလုပ်ငန်းအတွင်း ငွေကြေးရရှိနိုင်သည့် တစ်ခုတည်းသော နေရာ မဟုတ်ပေ။ ၂၀၂၁ ခုနှစ် ဧပြီလတွင် စစ်တပ်သည် ၎င်းတို့၏ ပုလဲ၊ ကျောက်မျက်ရတနာ နှင့် ကျောက်စိမ်းလုပ်ကွက်များကို ရောင်းချရန်အတွက် နေပြည်တော်တွင် ၁၀ ရက်ကြာ ပုလဲ နှင့် ကျောက်မျက်ရတနာ ပြပွဲတစ်ခုကို ကျင်းပခဲ့ပါသည်။ မြန်မာနိုင်ငံအစိုးရအတွက် အဓိကကျသည့် ဝင်ငွေအရင်းအမြစ်တစ်ခုဖြစ်သော နှစ်စဉ် အရောင်းပြပွဲအား ၂၀၂၀ ခုနှစ်တွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ပယ်ဖျက်ခဲ့ရသည်။ ယခင်စစ်အာဏာရှင်စနစ်လက်ထက်တွင် ကျောက်မျက်ရတနာများအား ပြည်ပ ငွေကြေး၏ အဓိက အရင်းအမြစ်တစ်ခုအဖြစ် အခိုင်အမာ ထိန်းချုပ်ထားခဲ့ပြီး မြန်မာနိုင်ငံ၏ EITI အစီရင်ခံစာများအရ ၎င်းတို့သည် နှစ်စဉ် (အဓိကအားဖြင့်

## အာဏာသိမ်းမှုနောက်ပိုင်း အစိုးရ

အာဏာသိမ်းမှုနောက်ပိုင်းတွင် စစ်တပ်၏ အာဏာကို ခိုင်မာစေသည့် အဖွဲ့အစည်းများ နှင့် ၎င်းကို ဆန့်ကျင်သည့် အဖွဲ့အစည်းများဟူ၍ အဖွဲ့အစည်းအမျိုးမျိုးတို့ ပေါ်ပေါက်လာခဲ့သည်။ အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဖော်ပြသည့်အတိုင်း "ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ထားသည့် အရပ်သားအစိုးရကို တရားဥပဒေမဲ့စွာ ဖြုတ်ချရေးတွင် အထောက်အပံ့ပေးရန်အတွက်" တပ်မတော်သည် နိုင်ငံ၏ စီမံအုပ်ချုပ်ရေးကို ကြီးကြပ်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို တည်ထောင်ခဲ့သည်။ [၁၁၅] တပ်မတော်ခေါင်းဆောင် မင်းအောင်လှိုင်သည် အာဏာသိမ်းပြီးနောက်ပိုင်း စစ်အစိုးရ၏အဖွဲ့ဝင်များ ခန့်အပ်ရန် ကိုယ်တိုင် အာဏာပေးအပ်ထားသည့် SAC ၏ ဥက္ကဋ္ဌရာထူးကို ရယူခဲ့ပါသည်။

SAC နှင့် အာဏာသိမ်းမှုတို့ကို ဆန့်ကျင်သည့်အားဖြင့် အဖွဲ့အစည်းအများအပြားတို့ ပေါ်ပေါက်လာခဲ့ပါသည်။ ယခုအခါတွင် အာဏာသိမ်းမှုကို ဆန့်ကျင်သည့် ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများကို စုပေါင်း၍ အာဏာဖီဆန်ရေး လှုပ်ရှားမှု သို့မဟုတ် အတိုကောက် CDM ဟု ခေါ်ဆိုပါသည်။ CDM အား စစ်တပ်မှ ဦးဆောင်သည့် အစိုးရအတွက် အလုပ်လုပ်ရန် ငြင်းဆိုခဲ့ပြီး စစ်တပ်၏ အုပ်ချုပ်မှုကို ထိခိုက်စေရန် ဆန္ဒပြသည့် အစိုးရလုပ်သားများမှ စတင်ခဲ့ပါသည်။[၁၁၆] ထိုစဉ်မှ စတင်ကာ ယင်းတွင် တိုက်ရိုက်နှင့် သွယ်ဝိုက်သော ဆန္ဒပြမှုများ ပါဝင်လာရန် အတွက် လမ်းပေါ်တွင် ဆန္ဒပြခြင်းများမှ စစ်တပ်၏ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို သပိတ်မှောက်သည့် အထွေထွေသပိတ်တစ်ခု အထိ ပါဝင်ရန် ကြီးထွားလာခဲ့ပါသည်။

အာဏာသိမ်းမှုနောက်ပိုင်းတွင် NLD လွှတ်တော်အမတ်များ ပါဝင်သည့် အဖွဲ့တစ်ဖွဲ့သည်စစ်တပ်၏တရားဝင်မှုဆိုင်ရာအခိုင်အမာပြောဆိုမှုများကို တွန်းလှန်ရန် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြု ကော်မတီ (CRPH) ကို တည်ထောင်ခဲ့ပြီး မြန်မာနိုင်ငံ၏ ဖယ်ရှားခံခဲ့ရသော လွှတ်တော်အမတ်များကိုယ်စား ထုတ်ပြန်ကြေညာချက်များ ပြုလုပ်ခဲ့သည်။[၁၁၇] ဧပြီလ ၁၆ ရက် နေ့တွင် CRPH သည် NLD အဖွဲ့ဝင်များအပါအဝင် အချို့သော တိုင်းရင်းသား လူနည်းစုအုပ်စုများမှ ကိုယ်စားလှယ်များနှင့် အခြားတက်ကြွလှုပ်ရှားသူများ ပါဝင်သည့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကို စစ်တပ်၏ SAC နှင့်အပြိုင် တည်ထောင်ကြောင်း ကြေညာခဲ့သည်။ [၁၁၈]

ယင်းသည် မြန်မာနိုင်ငံ၏ တရားဝင်အစိုးရဖြစ်သည်ဟု အခိုင်အမာပြောဆိုသော်လည်း NLD အနေဖြင့် နိုင်ငံတကာ အသိုင်းအဝိုင်းမှ အဖွဲ့ဝင်များထံမှ တရားဝင် အသိအမှတ်ပြုမှုတစ်ခုကိုရရှိရန် လိုအပ်နေဆဲဖြစ်ပါသည်။ ဤစာရေးသားချိန်တွင် SAC ကိုလည်း နိုင်ငံတကာအသိုင်းအဝိုင်းမှ အသိအမှတ်ပြုရန် ကျယ်ကျယ်ပြန့်ပြန့် ငြင်းဆိုခဲ့ကြပြီး အမေရိကန် ပြည်ထောင်စုသည် SAC တွင် ပါဝင်သူများအားလုံးအပေါ် ပိတ်ဆို့ အရေးယူမှုများ ပြုလုပ်ခဲ့သည်။ [၁၁၉]

ယူရိုဖြင့် သတ်မှတ်ထားသော) ဒေါ်လာ သန်း ရာပေါင်းများစွာတို့ကို အစိုးရ ဝင်ငွေအဖြစ် ရရှိခဲ့သည်ဟု ဖော်ပြထားသည်။ ကျပ်ငွေဖြင့် ပြုလုပ်ခဲ့သော ဤမကြာသေးမီက အရောင်းပြပွဲသည် များစွာ အောင်မြင်မှုမရှိခဲ့ပေ။ အစိုးရ မီဒီယာများ၌ ၁၀ ရက်တာ အခမ်းအနားတွင် စုစုပေါင်း ရောင်းရငွေမှာ ကျပ်ငွေ ၃၁.၆ ဘီလီယံ သို့မဟုတ် အမေရိကန်ဒေါ်လာ ၂၂ သန်းခန့်သာရရှိခဲ့ကြောင်း တင်ပြခဲ့သည်။ [၁၁၃]

အရောင်းပြပွဲမစတင်မီ များမကြာမီ၌ စီမံကိန်း၊ ဘဏ္ဍာရေး နှင့် ရင်းနှီးမြှုပ်နှံမှု ဝန်ကြီးဌာနအတွက် NUG ၏ ယာယီ ပြည်ထောင်စုဝန်ကြီးဖြစ်သူ ဦးတင်ထွန်းနိုင်က အရောင်းပြပွဲများသည် တရားမဝင်ကြောင်း ကြေညာခဲ့ပါသည်။ ထိုသို့လုပ်ဆောင်ရာတွင် ၎င်းက ယင်းတွင် ပါဝင်ကြောင်း တွေ့ရှိသည့် မည်သည့် မြန်မာကုမ္ပဏီကိုမဆို အမည်ပျက်စာရင်းအတွင်း ထည့်သွင်းသွားမည်ဖြစ်ပြီး အနာဂတ်တွင် လုပ်ငန်းများ လုပ်ဆောင်မှုမှ တားမြစ်နိုင်ပါသည်။ [၁၁၄] ဤသို့ကြေညာမှုနှင့် နိုင်ငံအတွင်းရှိ အထွေထွေ မရေရာမှုတို့သည် တက်ရောက်ခဲ့သူများအပေါ် သက်ရောက်မှု တစ်ခုကို ဖြစ်စေခဲ့ပါသည်။ အရောင်းပြပွဲအကြောင်း တိုက်ရိုက်သိရှိထားသည့် အရင်းအမြစ်များအရ စစ်တပ်နှင့် ဆက်စပ်နေသော ကုမ္ပဏီများသာ တက်ရောက်ခဲ့သည်ဟု ဖော်ပြနေပါသည်။ ယင်းသည် စစ်အစိုးရအား ယခုနှစ်တွင် ၎င်းတို့၏ ပုံမှန်ပမာဏထက် ပိုမိုနည်းပါးသော အကန့်အသတ်နှင့်သာ ရှိသည့် ဝင်ငွေများကို ရရှိစေခဲ့သော်လည်း ကုမ္ပဏီများသည် အနာဂတ်တွင် ကင်းကင်းနေမည်ဟု အာမခံ၍ မရနိုင်ပေ။ ထို့ပြင် ဒေါ်လာ ၂၂ သန်း ရှိသော ရောင်းချမှုများသည် တပ်မတော် အင်စတီကျူးရှင်းတစ်ခုအတွက် များပြားသည့် ပမာဏတစ်ခု ဖြစ်ချင်မှဖြစ်မည်ဖြစ်သော်လည်း အဆိုပါ ဝင်ငွေများအနက် တစ်စိတ်တစ်ပိုင်းသည် အရာရှိတစ်ဦးချင်းစီမှ ပိုင်ဆိုင်သော ကုမ္ပဏီများထံသို့ ကျိန်းသေပေါက် ရရှိခဲ့ပြီး ယင်းတို့အတွက် ကျောက်မျက်ရတနာ ပြပွဲသည် လွန်စွာ အကျိုးရှိစေခဲ့ပါသည်။

## စီးဆင်းမှုများ မြစ်ဖျားခံလာခြင်း

ကျောက်စိမ်းလုပ်ငန်းသည် စစ်တပ်၊ ၎င်း၏ အရာရှိများ နှင့် ပြည်သူ့စစ်များ၏ ကိုယ်ရေးကိုယ်တာ ကြွယ်ဝမှုများအတွက် အရေးပါသည့် ဖြစ်နိုင်ခြေရှိသော လက်ရှိဝင်ငွေအရင်းအမြစ်တစ်ခု ဖြစ်နေသော်လည်း အာဏာသိမ်းမှုသည် မြန်မာနိုင်ငံ၏ ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာများ၏ နိုင်ငံတကာတွင် အလားအလာ ကောင်းမွန်မှုကို ပြောင်းလဲစေနိုင်သည့် အလားအလာရှိပါသည်။ မြန်မာနိုင်ငံ၏ တစ်စိတ်တစ်ပိုင်း ဒီမိုကရေစီ အသွင်ကူးပြောင်းမှုမတိုင်မီတွင် အမေရိကန်ပြည်ထောင်စုသည် ၂၀၀၈ ခုနှစ် Tom Lantos Block Burmese JADE (စစ်အာဏာရှင်၏ ဒီမိုကရေစီနှင့် ဆန့်ကျင်နေသော အားထုတ်မှုများ) ဆိုင်ရာ အက်ဥပဒေအရ ကျောက်စိမ်းနှင့် ရောင်စုံကျောက်မျက်ရတနာများအားလုံး တင်သွင်းမှုကို ပိတ်ပင်ခဲ့သည်။[၁၂၀] အဆိုပါ ကန့်သတ်ချက်များအား မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် ကျန်ရှိနေသေးသော စီးပွားရေးဆိုင်ရာပိတ်ဆို့ အရေးယူမှုများကို ဖယ်ရှားခဲ့ခြင်း၏ အစိတ်အပိုင်းအဖြစ် ၂၀၁၆ ခုနှစ်တွင် အမေရိကန်သမ္မတ အိုဘားမားမှ ပယ်ဖျက်ခဲ့သည်။ လုပ်ငန်းသည် စစ်တပ်၏အောက်တွင် ရှိနေဆဲဖြစ်သော်လည်း မြန်မာနိုင်ငံ၏ ကျောက်စိမ်းနှင့် ကျောက်မျက် ရတနာများ၏ နိုင်ငံတကာ ဈေးကွက်များ၏ ဂုဏ်သတင်းကို ပြန်လည်ဆယ်တင်နိုင်ရန် ကြိုးပမ်းမှုများ ရှိခဲ့သည်။[၁၂၁] ရိုဟင်ဂျာများအပေါ် တပ်မတော်မှ ၂၀၁၇ ခုနှစ်တွင် ကျူးလွန်ခဲ့သည့် ကြမ်းကြုတ် ရက်စက်သောလုပ်ရပ်များနှင့် စစ်တပ်အား ဒေါ်အောင်ဆန်းစုကြည်မှ ဟိတ်ဂ်မြို့တွင် သွားရောက်ကာကွယ်ခဲ့ခြင်းတို့သည် ယခင်နှစ်များမှ ကျောက်မျက်ရတနာ ကုန်သွယ်မှုနှင့် တင်သွင်းမှု ပိတ်ဆို့ခြင်းများကို ပြန်လည်ချမှတ်ခဲ့ခြင်း မရှိသည့်တိုင် ပြန်လည်ဆယ်တင်ရေး ကြိုးပမ်းမှုများကို လမ်းချော်သွားစေခဲ့သည်။

ယခုအခါတွင် အာဏာသိမ်းမှုကြောင့် ယခင် ပိတ်ဆို့အရေးယူမှုများကို ပြန်လည်ချမှတ်ရန် နှင့် စစ်အစိုးရအတွက် ရန်ပုံငွေပံ့ပိုးမှုများကို တားဆီး ကာကွယ်ရေးအတွက် နည်းလမ်းများရှာဖွေရန်အတွက် နိုင်ငံတကာ အသိုင်းအဝိုင်းသည် ကြိုးပမ်းလျက်ရှိကြပါသည်။ အမေရိကန်ပြည်ထောင်စု၊ ယူနိုက်တက်ကင်းဒမ်း နှင့် ဥရောပသမဂ္ဂတို့သည် စစ်တပ်ပိုင် လုပ်ငန်းစုကြီးများဖြစ်ကြသော MEC နှင့် MEHL တို့နှင့် ၎င်းတို့၏ လက်အောက်ခံ ကုမ္ပဏီများအပေါ် အရေးယူမှုများကို ချမှတ်ခဲ့ပြီး အဆိုပါ နေရာများမှ ပုဂ္ဂိုလ်များ နှင့် အဖွဲ့အစည်းများအတွက် ယင်းကုမ္ပဏီများနှင့် စီးပွားရေးလုပ်ကိုင်ခြင်းကို တရားမဝင်သတ်မှတ်ခဲ့သည်။[၁၂၂] U.S နှင့် U.K တို့သည် ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာများ U.S ဈေးကွက်များသို့ တိုက်ရိုက်ဝင်ရောက်နိုင်သည့် ဖြစ်နိုင်ခြေကို ထပ်မံကန့်သတ်သည့်အားဖြင့် MGE အပေါ် နောက်ထပ်ပိတ်ဆို့အရေးယူမှုများကို ချမှတ်ခဲ့ပါသည်။ [၁၂၃]

မကြာသေးမီက ပြုလုပ်ခဲ့သည့်အရောင်းပြပွဲသည် စစ်တပ်အပေါ် အရေးယူမှုများ၏ ဖြစ်နိုင်ခြေရှိသော အကျိုးသက်ရောက်မှု၏ ဥပမာကောင်းတစ်ခု ဖြစ်ပါသည်။ ပုံမှန်အားဖြင့် အရောင်းပြပွဲများအား ကျပ် နှင့် ယူရို နှစ်ခုစလုံး တို့ဖြင့် ဆောင်ရွက်ပြီး ရောင်းချမှုအများစုတို့အား ယူရိုဖြင့် ပြုလုပ်ကာ ပေးချေပါသည်။ ယင်းသည် အစိုးရအတွက် အရေးပါသည့် နိုင်ငံခြား ငွေကြေးအရင်းအမြစ်တစ်ခု ဖြစ်ပါသည်။ မည်သို့ပင်ဆိုစေကာမူ စစ်တပ်၏ နိုင်ငံခြား ငွေကြေး အရန်သိုမှီးမှုများ နည်းပါးနေသော်လည်း ဤအရောင်းပြပွဲအား ကျပ်ငွေဖြင့်သာ သီးသန့် ဆောင်ရွက်ခဲ့ပြီး ယူရိုဖြင့် နောက်ထပ်ရောင်းချမှုများ မပြုလုပ်ခဲ့ပေ။ စစ်တပ်အနေဖြင့် တိုက်ရိုက် ပြောဆိုခြင်းမရှိသော်လည်း ဤဆုံးဖြတ်ချက်သည် အရောင်းပြပွဲများမှ ဝင်ငွေများရရှိနိုင်ရန် အစိုးရ၏စွမ်းရည်အပေါ် အရေးယူပိတ်ဆို့မှုများ၏ သက်ရောက်မှုများကို စိုးရိမ်ပူပန်မှုများကြောင့် တစ်စိတ်တစ်ပိုင်း ဖြစ်ပါသည်။ တပ်မတော်သည် တရားဝင် ကျောက်မျက်ရတနာ ကဏ္ဍကို အခိုင်အမာ ထိန်းချုပ်ထားသဖြင့် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများအနေဖြင့် ယခုအချိန်တွင် မြန်မာနိုင်ငံ၏ ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာများကို ပိတ်ဆို့ရာတွင် ထိုသို့လိုက်ပါ ဆောင်ရွက်သင့်ပါသည်။

အထက်ပါ အပိုင်းများကဲ့သို့ပင် ဤအစီရင်ခံစာ၏ အပိုင်း ၃.၂ တွင် မြန်မာနိုင်ငံ၏ ကျောက်စိမ်းအများစုတို့သည် မြန်မာနိုင်ငံ၏ ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာ အရောင်းပြပွဲများအပါအဝင် တရားဝင်စနစ်များ အတွင်းသို့ ဝင်ရောက်လာခြင်းမရှိဘဲ တရုတ်နိုင်ငံအတွင်းသို့ တိုက်ရိုက်မှောင်ခို ပို့ဆောင်လျက်ရှိကြောင်း ဖော်ပြသွားမည်ဖြစ်သည်။ တစ်နည်းအားဖြင့် မကြာသေးမီက အရောင်းပြပွဲများမှ ရရှိလာခဲ့သည့် အမေရိကန် ဒေါ်လာ ၂၀ သန်းရှိသော ဝင်ငွေသည် အာဏာသိမ်းပြီးနောက်ပိုင်း စစ်တပ်အနေဖြင့် ရရှိနိုင်ဖွယ်ရှိသော ပမာဏကို သိသိသာသာ လျှော့ချတွက်ချက်ထားခြင်းသာဖြစ်သည်။ အရေးယူမှုများအား ထိ

## အမြတ်ထုတ်မှု ဖြစ်ပွားနိုင်ခြေနှင့် ရင်ဆိုင်နေရသည့် အခြားသော သဘာဝ သယံဇာတများ

စစ်တပ်အနေဖြင့် မြန်မာနိုင်ငံ၏ ပြည်သူလူထုအပေါ် ဖိနှိပ်မှုများအတွက် ငွေကြေးပံ့ပိုးရန် သဘာဝ သယံဇာတများမှ အမြတ်ထုတ်ခြင်းသည် ကျောက်စိမ်း ကဏ္ဍတွင်သာမဟုတ်ပေ။ မြန်မာနိုင်ငံ၏ ဓာတ်ငွေ့လုပ်ငန်းသည် မြန်မာနိုင်ငံ အစိုးရအတွက် တစ်ခုတည်းသော အကျယ်ပြန့်ဆုံး နိုင်ငံခြား ငွေကြေး အရင်းအမြစ်တစ်ခု ဖြစ်ပါသည်။ ယင်းသည် ယခုအခါတွင် စစ်တပ် နှင့် SAC တို့မှ လုယက်ခြင်း ခံရနိုင်ခြေရှိသည့် ငွေကြေးများဖြစ်သည်။ [၁၂၄] နိုင်ငံတကာ အသိုင်း အဝိုင်းအနေဖြင့် အဆိုပါ အရင်းအမြစ်များအားလုံးအပေါ် အရေးယူမှုများအား အထူးသဖြင့် သက်ဆိုင်ရာ လုပ်ငန်းများအလိုက် MGW ကဲ့သို့ အလားတူအခန်းကဏ္ဍရှိသော မြန်မာ့ရေနံ နှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ မြန်မာ့သစ်လုပ်ငန်း၊ မြန်မာ့ပုလဲလုပ်ငန်း၊ သတ္တုတွင်းလုပ်ငန်း အမှတ် ၁ (ခဲ၊ သွပ်၊ ငွေ၊ ကြေး၊ သံ၊ နီကယ်၊ ခရိုမိုက် နှင့် ခနောက်စိမ်း နှင့် သတ္တုတွင်းလုပ်ငန်း အမှတ် ၂ (ရွှေ၊ သံဖြူ၊ အဖြိုက်နက်၊ မြေရှားဒြပ်စင်များ၊ တိုက်တေနီယမ် နှင့် ပလက်တီနမ်) တို့ကို ပစ်မှတ်ထားသင့်ပါသည်။ အဆိုပါ သယံဇာတများ တင်သွင်းမှုကို တားဆီးခြင်းနှင့် ယင်းတို့အတွက် ငွေပေးချေသောဘဏ္ဍာရေးဆိုင်ရာ ငွေပေးငွေယူ ဆောင်ရွက်ချက်များကို ပိတ်ဆို့ခြင်းတို့ဖြင့် မြန်မာနိုင်ငံ၏ သဘာဝ သယံဇာတများကို ရောင်းချခြင်းဖြင့် စစ်တပ်အတွက် ရရှိနိုင်သည့် ငွေကြေးပမာဏကို လျှော့ချနိုင်ရေးသည် နိုင်ငံတကာအသိုင်းအဝိုင်း၏ တာဝန်ဖြစ်ပါသည်။

ရောက်မှုရှိစေရေး အတွက် ပူးပေါင်းမှုများ၏ အရေးပါမှုကို အလေးပေး ဖော်ပြခြင်း အရ ကျောက်မျက်ရတနာမှ ရရှိသည့် ဝင်ငွေများကို ပစ်မှတ်ထားသည့် အနောက်နိုင်ငံများ၏ သက်ရောက်မှုသည် ကျောက်စိမ်း၏ ၉၀% အထိအား တရားမဝင် တင်ပို့လျက်ရှိသည့် တရုတ်နိုင်ငံလောက် တပ်မတော်၏ စုစုပေါင်းငွေကြေး အပေါ် သက်ရောက်မှု မရှိခြင်းမှာ လက်တွေ့အခြေအနေ ဖြစ်ပါသည်။

## ကျောက်စိမ်း ပဋိပက္ခ မြင့်တက်လာခဲ့ခြင်း

အာဏာသိမ်းမှု၏ ကျောက်စိမ်းလုပ်ငန်းအပေါ် အကြီးမားဆုံး သက်ရောက်မှုသည် မြန်မာနိုင်ငံမြောက်ပိုင်းရှိ နိုင်ငံရေးဆိုင်ရာ ပထဝီအနေအထားကို ထာဝရ ပြန်လည် ပုံဖော်ရန်အတွက် ကချင်ပြည်နယ်ရှိ အရှိန်မြင့်တက်လာသော တိုက်ပွဲများ၏ အလားအလာမှ ထွက်ပေါ်လာနိုင်ပါသည်။ အပိုင်း ၁.၃ တွင် ဖော်ပြထားသကဲ့သို့ပင် NLD အစိုးရလက်ထက်အတွင်း ကချင်ပြည်နယ်တစ်ဝန်း၌ တပ်မတော်နှင့် KIA တို့အကြား တိုက်ပွဲများ ဆက်လက်ဖြစ်ပွားခဲ့သော်လည်း ဖားကန့်ဒေသတွင်မူ အကြီးစားပဋိပက္ခများနှင့် အတော်အသင့် ကင်းဝေးသည့် ဒေသတစ်ခု ဖြစ်ခဲ့သည်။ လုပ်ငန်းအတွင်းရှိ ပုဂ္ဂိုလ်တစ်ဦးက Global Witness ထံ အောက်ပါအတိုင်း ပြောကြားခဲ့ပါသည် -

> "ဖားကန့်သည် တိုက်ပွဲမရှိသည့် နယ်မြေဖြစ်ပြီး ငွေကြေးရှာဖွေသည့် နယ်မြေဖြစ်ပါသည်။" [၁၂၅]

ယင်းသည် အာဏာသိမ်းမှုမှစတင်ကာ ပြောင်းလဲလာခဲ့ပါသည်။ တိုက်ပွဲများသည် ကချင်ပြည်နယ်တစ်ဝန်း ဖြစ်ပွားလာခဲ့ပြီး ဖားကန့်ဒေသအတွင်း နှင့် အနီးတစ်ဝိုက်တို့တွင် အရေးပါသည့်တိုက်ပွဲများ ဖြစ်ပွားလာခဲ့သည်။ အာဏာသိမ်းမှု နောက်ပိုင်းတွင် KIO/A သည် တပ်မတော်အနေဖြင့် အရပ်သား ဆန္ဒပြသူများအပေါ် တိုက်ခိုက်မှုများကို ရပ်တန့်ရန် နှင့် ရပ်တန့်ခြင်းမရှိပါက လက်တုန့်ပြန်တိုက်ခိုက်မှုကို ရင်ဆိုင်ရမည် ဖြစ်သည်ဟု သတိပေးခဲ့သည်။ တိုက်ခိုက်မှုများသည် အဆုံးသတ်ခဲ့ခြင်းမရှိပေ - ၂၀၂၁ ခုနှစ် မေလတွင် အာဏာသိမ်းစဉ်မှစတင်ကာ စစ်တပ်၏ သတ်ဖြတ်ခြင်းခံခဲ့ရသည့် ဆန္ဒပြသူဦးရေသည် ၈၀၀ ကျော်ရှိလာခဲ့ပြီး ကချင် ပြည်နယ်တစ်ခုတည်းအတွင်း၌ပင် ၁၆ ဦး ရှိလာခဲ့သည်။ [၁၂၆] ပဋိပက္ခဆိုင်ရာ ဆန်းစစ် လေ့လာသူတစ်ဦး၏ ဖော်ပြချက်အရ ယင်းသည် KIO/A အနေဖြင့် တပ်မတော်အပေါ် ၂၀၁၃ ခုနှစ်မှစတင်ကာ မတွေ့မြင်ခဲ့ရဖူးသည့် အတိုင်းအတာဖြင့် စစ်ဆင်ရေးများ မြှင့်တင်ဆောင်ရွက်ခြင်းကို ဦးတည်စေခဲ့သည်။ [၁၂၇] KIO/A သည် တရုတ် နယ်စပ်တစ်လျှောက်ရှိ စခန်းများကို ပြန်လည်သိမ်းယူခဲ့ပြီး ဖားကန့်ဒေသအတွင်း နှင့် ဖားကန့်ဒေသ အနီးတစ်ဝိုက်ရှိ ရဲစခန်းများ နှင့် စစ်ဘက်ဆိုင်ရာ ယူနစ်များအပေါ် တိုက်ခိုက်မှုအများအပြားကို ပြုလုပ်ခဲ့သည်။ [၁၂၈]

KIO/A အနေဖြင့် ၂၀၀၆ ခုနှစ်မှ စတင်ကာ ဖားကန့် နှင့် တနိုင်းမြို့နယ်တို့အတွင်း မြေဧကပေါင်း ၃၀၀၀၀၀ ကျော် သိမ်းယူခဲ့သည်ဟူသော အငြင်းပွားမှုတွင် ပါဝင်နေသည့် စစ်တပ်နှင့်ဆက်စပ်နေသော ကုမ္ပဏီတစ်ခု ဖြစ်သည့် ယုဇနကုမ္ပဏီပိုင်စက်ရုံတစ်ခုကို မီးရှို့ခြင်းအပါအဝင် ဖားကန့်ရှိ စစ်တပ်နှင့်ဆက်စပ်နေသော ကုမ္ပဏီများကို အထူးပစ်မှတ်ထားခဲ့ကြောင်း တင်ပြချက်အများအပြား ရှိခဲ့ပါသည်။ [၁၂၉]

တိုက်ပွဲများသည် ဖားကန့်ပြင်ပရှိ ကျောက်စိမ်းတူးဖော်သည့် နယ်မြေများသို့လည်း ပျံ့နှံ့လာခဲ့ပါသည်။ မေလ ၂၂ ရက်နေ့တွင် KIO/A သည် အိန္ဒိယစပ်အနီးရှိ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တစ်ခုဖြစ်သော ခန္တီးမြို့နယ်ရှိ ရဲကင်းစခန်းများကို တိုက်ခိုက်ခဲ့သည်ဟု ကြားသိရသည်။ သို့ရာတွင် တိုက်ပွဲများ၏ အတိုင်းအတာမှာမူ မရေရာပေ။ [၁၃၀]

ဖားကန့်နှင့် အခြားသော ကျောက်စိမ်းတူးဖော်သည့် ဒေသများအတွင်းရှိ တိုက်ပွဲများ အရှိန်အဟုန်မြင့်တက်လာခြင်းအရ ဖားကန့်ရှိ သတ္တုတွင်းများရှိ ကြွယ်ဝမှုများသည် တပ်မတော် နှင့် KIO/A နှစ်ဖွဲ့စလုံးအတွက် မည်မျှ အရေးကြီးကြောင်း ဖော်ပြနေပါသည်။ ယင်းသည် တပ်မတော်အနေဖြင့် မြန်မာနိုင်ငံ၏ ပြည်တွင်းစစ်များကို အဆုံးသတ်ရန် ဖြေရှင်းချက်တစ်ခုရှာဖွေရန် လှုံ့ဆော်မှုရှိသည့် အရပ်သားအစိုးရတစ်ရပ်ထံသို့ အာဏာကို ပြန်လည်ပေးအပ်ခြင်းမပြုပါက ဖြစ်လာနိုင်သည့် အနာဂတ်၏ သင်္ကေတတစ်ခုလည်း ဖြစ်ပါသည်။ အထူးသဖြင့် အကယ်၍ တပ်မတော်၏ စစ်သားများအား မြို့ပြများရှိ ဆန္ဒပြမှုများကို နှိမ်နင်းရန် အမြောက်

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ဆန္ဒပြသူများသည် လားရှိုးတွင် ရှမ်း၊ တအာင်း နှင့် ကချင်တိုင်းရင်းသားအုပ်စုများ၏ အလံများကို ကိုင်ဆောင်လာခဲ့ကြသည်။ လားရှိုးသည် အာဏာသိမ်းပြီး နောက်ပိုင်း တိုက်ပွဲများ အပြင်းအထန်ဖြစ်ပွားလာခဲ့သည့် နယ်မြေတစ်ခု ဖြစ်သော မန္တလေး နှင့် မူဆယ်တို့ရှိ အဓိကကျသည့် ကုန်သွယ်ရေးနှင့် ကျောက်စိမ်းမှောင်ခိုလမ်းကြောင်းတစ်ခုတွင် တည်ရှိပါသည်။ *Getty* မှတစ်ဆင့် *Mine Smine / SOPA Images / LightRocket*




အမြား ဆက်လက်ထားရှိပါက KIO/A အနေဖြင့် ဖားကန့်ကို ပြန်လည်ထိန်းချုပ်နိုင်ရန် ဖြစ်နိုင်ခြေရှိပါသည်။ မည်သို့ပင်ဆိုစေကာမူ အကယ်၍ ၎င်းအနေဖြင့် ထိုသို့ထိန်းချုပ်နိုင်စေကာမူ ကာလရှည်ကြာ ငြိမ်းချမ်းမှု ရရှိနိုင်ဖွယ် မရှိပေ။ အမှန်စင်စစ်တွင် တပ်မတော်သည် ဖားကန့်အား ၁၉၉၀ ခုနှစ်များတွင် တိုက်ခိုက်ကာ ထိန်းချုပ်မှု ရယူနိုင်ခဲ့ခြင်းဖြစ်ပြီး အကယ်၍ ၎င်းအနေဖြင့် မြန်မာနိုင်ငံတွင် အာဏာကို ဆက်လက်ရယူထားနိုင်ပါက KIO/A အတွက် အရေးပါသည့် အရင်းအမြစ်များကို ဖြတ်တောက်ခြင်းဖြင့် ၎င်းအတွက် အကျိုးရှိစေမည့် သတ္တုတွင်းများကို ပြန်လည်သိမ်းယူကာ ကျောက်စိမ်းမှ ရရှိသည့် ကြွယ်ဝမှုများကို အသုံးချကာ အတိုက်အခံများကို သွေးခွဲရန်နှင့် သစ္စာခံမှုကို ဝယ်ယူရန် လုပ် ဆောင် ခြင်း မပြုဟု ယုံကြည်နိုင်မည့် အကြောင်းအရင်း မရှိပေ။ ထို့ပြင် KIO/A မှ သိမ်းပိုက်ရေးသည်လည်း ပြဿနာများရှိနေပါသည်။ လာမည့်အခန်းတွင် ဖော်ပြသွားမည်ဖြစ်သည့်အတိုင်း KIO/A တွင် တပ်မတော်ထက်ပို၍ ဒေသခံများ၏ တရားဝင်ထောက်ခံမှုရှိသော်လည်း KIO/A သည်လည်း လွန်ခဲ့သည့် ငါးနှစ်ကျော် ကြာကာလအတွင်း ဖားကန့်ရှိ အခြေအနေများ ပိုမိုဆိုးရွားလာမှုတွင် အခန်း ကဏ္ဍတစ်ခုမှ ပါဝင်ခဲ့ပါသည်။

နောက်ထပ် ဖြစ်နိုင်ခြေတစ်ခုမှာ တပ်မတော်သည် အာဏာကို ဆက်လက်ရရှိထားပြီး ဖားကန့်ကို ပြန်လည် သိမ်းယူနိုင်ရန် KIO/A ၏ ကြိုးပမ်းမှုများကို ခုခံတိုက်ခိုက်နိုင်ခြင်းဖြစ်သည်။ ယင်းသည် တပ်မတော်နှင့် KIO/A တို့အကြား ကျောက်စိမ်းမှ ဝင်ငွေများ ဆက်လက်ရရှိရန်အတွက် ဖားကန့်တွင် စိတ်မချရသော စစ်ပြေငြိမ်းမှု တစ်ခုကို ဆက်လက်ထိန်းသိမ်းထားသော အာဏာသိမ်းမှုမတိုင်မီအခြေအနေ တစ်ခုကို ပြန်လည်ပေါ်ပေါက် လာစေနိုင်ပါသည်။ အကယ်၍ တပ်မတော်အနေဖြင့် ဖားကန့်တွင် KIO/A နှင့် ဆက်လက်ပူးပေါင်းရန် ဆန္ဒမရှိတော့ ဟု ဆုံးဖြတ်ပါက ယင်းသည် နောက်ထပ်တိုက်ပွဲများကိုလည်း ဦးတည်စေနိုင်ပါသည်။

Global Witness အနေဖြင့် ဤတိုက်ပွဲများကြောင့် ဖားကန့်ရှိ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများအပေါ် မည်မျှအထိ အနှောင့်အယှက်ဖြစ်စေသည်ကို အတည်ပြုနိုင်ခြင်း မရှိသေးပေ။ အာဏာသိမ်းချိန်မှစ၍ သတ္တုတူးဖော်မှုများ တဖြည်းဖြည်း နှေးကွေးသွားသည်ဟု သတင်းရင်းမြစ်များက ဆိုကြသည်။ ပိုမိုထင်ရှားသည်မှာ တရုတ်ပြည်အတွင်းသို့ ကျောက်စိမ်းများ သယ်ဆောင်ခြင်းအပေါ် တိုက်ပွဲများ၏ သက်ရောက်မှုဖြစ်ပါသည်။ မန္တလေးလမ်းတစ်လျှောက် တိုက်ပွဲများ ဖြစ်ပွားနေခြင်းကြောင့် မေလနှောင်းပိုင်းနှင့် ဇွန်လအစောပိုင်းတို့အတွင်း မူဆယ်မှ ရွှေလီသို့ ဖြတ်သန်းသည့် တရုတ်နယ်စပ်ကို အချိန်ကာလတစ်ခု ပိတ်ဆို့ခဲ့ရသဖြင့် ကျောက်စိမ်းကုန်သွယ်မှုကို လုံးဝရပ်တန့်စေခဲ့သည် ဟု အရင်းအမြစ်တစ်ဦးက Global Witness ထံ ပြောကြားပါသည်။ [၁၃၁] နယ်စပ်တစ်လျှောက် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေခြင်းသည် နယ်စပ်ပိတ်ဆို့မှုများအား ပုံမှန်ဖြစ်စဉ်တစ်ခု အဖြစ်သို့ ဖြစ်စေကာ သတ္တုတူးဖော်သည့် နယ်မြေများအတွင်း တိုက်ပွဲများကဲ့သို့ပင် ကျောက်စိမ်းကုန်သွယ်မှုကို ထိခိုက်ပြတ်တောက်စေနိုင်ပါသည်။

# ၂။ ကျောက်စိမ်းဝင်ငွေများကို မှီခိုအားထားနေသည့် လက်နက်ကိုင်အဖွဲ့များ

"အကယ်၍ ငြိမ်းချမ်းရေး ရရှိပါက ၎င်းတို့သည် ကျောက်စိမ်းမှ ဝင်ငွေ ရရှိနိုင်မည်မဟုတ်ပေ။"

– ကျောက်စိမ်းကုန်သည်တစ်ဦး [၁၃၂]

အခန်း ၁ တွင် ဖော်ပြခဲ့သည့်အတိုင်း အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေး ကြိုးပမ်းမှုများရှိခဲ့သော်လည်း ကျောက်စိမ်း နှင့် ပဋိပက္ခတို့အကြားရှိ ဆက်စပ်မှုများသည် အစဉ်အမြဲရှိနေပြီး မျှတသည့် ငြိမ်းချမ်းရေးရရှိရန်အတွက် အတားအဆီးများ ဖြစ်နေဆဲဖြစ်သည်။ ကျောက်မျက်ရတနာ တူးဖော်မှုများအား လက်နက်ရှိသူများမှ ထိန်းချုပ်ထားဆဲဖြစ်ပြီး ၎င်းတို့သည် ကျောက်စိမ်းကုန်သွယ်မှုမှ ရရှိသည့် ဝင်ငွေများအား ၎င်းတို့၏ စစ်ဆင်ရေးများကို ဆက်လက် လုပ်ဆောင်နိုင်ရန် နှင့် အကြီးတန်းအရာရှိများနှင့် အာဏာပိုင်များကို ကြွယ်ဝ ချမ်းသာသွားစေရန် အသုံးပြုကြသည်။ တစ်ချိန်တည်းတွင် တူးဖော်ရေးနယ်မြေများသည် ကြံရာမရဖြစ်မှု၊ မူးယစ်ဆေးဝါးများနှင့် အန္တရာယ်များရှိနေသည့် ဥပဒေမဲ့ ကျတ်တီးမြေများ ဖြစ်နေဆဲ ဖြစ်သည်။ ဖေဖော်ဝါရီလ အာဏာသိမ်းမှုသည် အဆိုပါ ကိစ္စရပ်များကို ပိုမို၍ အားကောင်းလာစေမည် ဖြစ်သည်။

ဤပဋိပက္ခဆိုင်ရာ ဆက်စပ်မှုကို ပြန်လည်ကုစားရန်အတွက် အဓိက စိန်ခေါ်မှုမှာ မျှတသည့် ငြိမ်းချမ်းရေး သဘောတူညီချက်တစ်ခုသည် အလွန်ကြီးမားသည့် တရားမဝင် ကုန်သွယ်မှုမှတစ်ဆင့် အမြတ်အစွန်း ကြီးမားစွာ ဆက်လက် ရရှိနေသေးသော ကျောက်စိမ်းကဏ္ဍတွင် ပါဝင်ပတ်သက်နေသည့် အင်အားကြီးမားသော အင်အားစုများ၏ ငွေကြေးဆိုင်ရာ အကျိုးစီးပွားများအပေါ် ခြိမ်းခြောက်မှုဖြစ်စေနိုင်ခြင်း ဖြစ်ကြောင်း အပိုင်း ၁.၂ တွင် ဖော်ပြခဲ့ပါသည်။ ယင်းသည် ၎င်း၏ စီးပွားရေး လုပ်ငန်းများ နှင့် ကျောက်စိမ်း လုပ်ငန်းအပေါ် လွှမ်းမိုးမှုနှင့် ဆက်စပ်ဝင်ငွေလမ်းကြောင်း အမျိုးမျိုးတို့မှ အထူးအခွင့်အရေး ရရှိထားသည့် တပ်မတော်နှင့် အထူးသက်ဆိုင်ပါသည်။

တပ်မတော်သည် အထင်ရှားဆုံးဖြစ်သော်လည်း ကျောက်စိမ်းကဏ္ဍအား အမြတ်ထုတ်ခြင်းတွင် ပါဝင်ပတ်သက်နေသည့် တစ်ခုတည်းသော လက်နက်ကိုင်အဖွဲ့အစည်း မဟုတ်ပေ။ Global Witness မှ စုဆောင်းခဲ့သည့် အထောက်အထားသစ်များအရ ကျောက်စိမ်းလုပ်ငန်းမှ ဝင်ငွေများသည် မြန်မာနိုင်ငံရှိ အင်အားအကြီးမားဆုံး လက်နက်ကိုင်အဖွဲ့အစည်း ၃ ခုတို့ဖြစ်ကြသော - KIO/A, AA နှင့် UWSP/A တို့နှင့်လည်း ဆက်စပ်နေပါသည်။

အနိမ့်ဆုံးအနေဖြင့် အဆိုပါအဖွဲ့များအနက် နှစ်ဖွဲ့ဖြစ်ကြသော KIA နှင့် AA တို့အတွက် ကျောက်စိမ်းဝင်ငွေများသည် တပ်မတော်နှင့် ၎င်းတို့၏ ဆက်လက် ဖြစ်ပွားနေသော ပဋိပက္ခများကို ငွေကြေးထောက်ပံ့ရန် အသုံးပြုကြောင်း ထင်ရှားပါသည်။ သတ္တုတူးဖော်ရေးလုပ်ငန်းများအတွင်း Wei Hsueh Kang အပါအဝင် ၎င်း၏ အကြီးတန်းခေါင်းဆောင်များ၏ ပါဝင်ပတ်သက်မှုအရ UWSP/A ၏ စစ်ဆင်ရေးများကို ငွေကြေးပံ့ပိုးရာတွင် ကျောက်စိမ်းဝင်ငွေများ၏ အခန်းကဏ္ဍနှင့် ပတ်သက်၍ တရားဝင်မေးခွန်းများလည်း ထုတ်နိုင်ပါသည်။[၁၃၃] ဝကုမ္ပဏီများသည် မိတ်ဖက်လုပ်ငန်းများအတွင်း သို့မဟုတ် ဝင်ငွေခွဲဝေသည့် အပေးအယူများအတွင်းသို့ အခြားကုမ္ပဏီများ ပါဝင်လာစေရေးအတွက် ဖိအားပေးရန် အဖွဲ့၏အမည်ကို အသုံးချခဲ့ကြသဖြင့် UWSP/A နှင့် ကျောက်စိမ်းတူးဖော်ခြင်းတို့ အကြားတွင် ပို၍ခိုင်မာသော ဆက်ဆံရေးများရှိနေကြောင်း အဆိုပြုနေပါသည်။ [၁၃၄]

မည်သို့ပင်ဆိုစေကာမူ အဆိုပါ လက်နက်ကိုင်အဖွဲ့ သုံးဖွဲ့စလုံး၏ သတ္တုတူးဖော်ရေး အကျိုးစီးပွားများသည် မြန်မာနိုင်ငံ၏ တိုင်းရင်းသား ပဋိပက္ခများအတွင်း အရေးပါသည့်အချက်များ ဖြစ်နေကြသည်။ ဤအခန်း၏ ကျန်ရှိနေသေးသည့် အပိုင်းများတွင် အဆိုပါ အဖွဲ့တစ်ဖွဲ့ချင်းစီအတွက် ၎င်းဆက်စပ်မှုများ၏ အတိုင်းအတာနှင့် အရေးပါမှုတို့ကို အကြမ်းဖျင်းဖော်ပြသွားမည်ဖြစ်ပြီး ထိုသို့သောအမြတ်ထုတ်ခြင်း၏ ရှုပ်ထွေးမှုနှင့် နက်ရှိုင်းစွာ အမြစ်တွယ်နေသည့် သဘောသဘာဝတို့ကို ဖော်ပြသွားမည်ဖြစ်သည်။

## ၂.၁ တပ်မတော်သည် သတ္တုတူးဖော်မှုများအပေါ် ထိန်းချုပ်ခြင်းမှ အကျိုးအမြတ်များ ရရှိနေပါသည်။

"စစ်တပ်၏ အကြောင်းပြချက်မှာ စစ်ပွဲသည် ကြီးမားသည့် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည် ဟူ၍ ဖြစ်သည်။ ထို့ကြောင့် ဗိုလ်မှူးကြီးများနှင့် အရာရှိများအပါအဝင် တပ်မတော်အရာရှိများမှာ အလွန်ချမ်းသာနေခြင်းဖြစ်သည်။ စစ်သားများမှာမူ စစ်ပွဲများအား ၎င်းတို့၏ အသက်များဖြင့် ပေးဆပ်နေရသည်။"

– ကျောက်စိမ်းစီးပွားရေးလုပ်ငန်းရှင်တစ်ဦး [၁၃၅]

ကျောက်စိမ်းလုပ်ငန်းအတွင်း တပ်မတော်၏ ပါဝင်ပတ်သက်မှုသည် မြန်မာနိုင်ငံ၏ အာဏာရှင်ဟောင်းဖြစ်သူ ဦးသန်းရွှေ နှင့် ၎င်း၏ မိသားစုများ၊ ဝန်ကြီးဟောင်းနှင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးဟောင်း ဦးအုန်းမြင့်၊ နှင့် ဝန်ကြီးဟောင်း ဦးမောင်မောင်သိန်းတို့အပါအဝင် အင်အားကြီးမားသည့် အငြိမ်းစား တပ်မတော်အရာရှိကြီးများနှင့် ဆက်စပ်နေသည့် ကုမ္ပဏီများ ပါဝင်ပါသည်။ [၁၃၆] ဖားကန့်တွင် လုပ်ကိုင်ဆောင်ရွက်နေကြသည့် အခြားသော ကုမ္ပဏီများတွင်လည်း အကြီးတန်းအစိုးရအရာရှိများ၊ တပ်မတော်အရာရှိများ သို့မဟုတ် ၎င်းတို့၏ မိသားစုဝင်များ၏ ပိုင်ဆိုင်မှု နှင့် စီးပွားရေးဆိုင်ရာ အဆက်အသွယ်များ ရှိနေကြပါသည်။ စစ်တပ်နှင့် အချိတ်အဆက်များရှိပြီး အရောင်အသွေးစုံသည့် အတိတ်များ ရှိခဲ့ကြသော Kanbawza Group, Ruby Dragon နှင့် Asia World တို့ကဲ့သို့သော ခရိုနီလုပ်ငန်းစုကြီးများအားလုံးသည် ကျောက်စိမ်းလုပ်ငန်းအတွင်း အကျိုးအမြတ် ရရှိနိုင်သည့် အစုများ ရှိခဲ့ကြသည်။ [၁၃၇]

ကချင်ပြည်နယ်ရှိ တပ်မတော်အရာရှိများသည်လည်း ကျောက်စိမ်း စီးပွားရေးလုပ်ငန်းများအား ခြိမ်းခြောက် ငွေညှစ်ခြင်းမှတစ်ဆင့် ငွေအမြောက်အမြား ရရှိခဲ့သည်ဟု တင်ပြမှုများရှိကြသဖြင့် အဆိုပါ ရာထူးများနှင့် ၎င်းတို့ကို ရရှိထားခြင်းဖြင့် ရရှိနိုင်သည့် အကျိုးအမြတ်များကို ရရှိနိုင်ရေးအတွက် ငွေအမြောက်အမြားပေးအပ်မှုများရှိသည်ဟူသော တင်ပြချက်များရှိပါသည်။ [၁၃၈] ယင်းသည် တိုင်းမှူးများအား နေရာပြန်လည် ရွှေ့ပြောင်းခြင်းများကို ရံဖန်ရံခါ ဖြစ်စေခဲ့သော်လည်း တိုင်းမှူးများအနေဖြင့် လာဘ်ငွေကို ထပ်မံတိုးပေးခြင်း မရှိသည့်အခါတွင်မှသာ ဖြစ်ပွားပုံရပါသည်။ [၁၃၉]

### ကျောက်စိမ်းလုပ်ငန်းအတွင်းရှိ *MEC* နှင့် *MEHL*

တပ်မတော်သည် အဓိကအားဖြင့် စစ်တပ်ပိုင် ကုမ္ပဏီနှစ်ခုဖြစ်ကြသော MEC နှင့် MEHL [၁၄၀] တို့မှတစ်ဆင့် စီးပွားရေးအတွင်း ကျယ်ပြန့်သော တရားဝင်စီးပွားရေး အကျိုးစီးပွားများ ရှိကြသည်။ အဆိုပါကုမ္ပဏီနှစ်ခုနှင့် အထူးသဖြင့် MEHL သည် မြန်မာနိုင်ငံရှိ အခြားမည်သည့် အဖွဲ့အစည်းမဆိုထက် တူးဖော်ခွင့်ပါမစ်များအား စုပေါင်းထိန်းချုပ်ထားသော ကျောက်စိမ်းနှင့် ပတ္တမြား တူးဖော်ရေးကုမ္ပဏီ အခွဲများကို လည်ပတ်လုပ်ဆောင်ကြသည်။ ၎င်းတို့သည် အခွင့်ထူးများကိုလည်း ရရှိခံစားနိုင်ကြပြီး အကောင်းဆုံး လုပ်ကွက်များမှ အကောင်းဆုံး ကျောက်စိမ်းများကို

တူးဖော်ရန် ပါမစ်များရှိကြသည်။ [၁၄၁] ကျွန်ုပ်တို့၏ ယခင် စုံစမ်းဖော်ထုတ်မှုများအရ စစ်တပ်၏ လုပ်ငန်းစုကြီးများနှင့် လက်တွေ့အားဖြင့် အကျိုးတူ လုပ်ငန်းများသည် အခြားသော လုပ်ငန်းများအတွက် အပြိုင် လိုင်စင်ထုတ်ပေးသည့် စနစ်တစ်ခုအဖြစ် လည်ပတ်နေကြောင်း ပြသခဲ့သည်။ [၁၄၂]

၂၀၁၆ ခုနှစ်အတွင်း လိုင်စင်ထုတ်ပေးခြင်းကို ရပ်ဆိုင်းခဲ့စဉ်တွင် MEHL သည် ကျောက်စိမ်းတူးဖော်ရေး လိုင်စင်ပေါင်း ၆၀၀ နှင့် ပတ္တမြားတူးဖော်ရေးကုမ္ပဏီ ပေါင်း ၅၀၀ တို့အား အများအားဖြင့် ၎င်း၏ လက်အောက်ခံ ကုမ္ပဏီများဖြစ်သော Myanmar Imperial Jade နှင့် Myanmar Ruby Enterprise တို့မှတစ်ဆင့် ကိုင်ဆောင်ထားသည်။ ယင်းသည် ယခင်နှစ်ထက် ၁၃% တိုးမြင့်လာခြင်းဖြစ်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ၎င်းကိုင်ဆောင်ထားခဲ့သည့် လိုင်စင်၏ ၅၀% ကျော် ပိုမိုတိုးမြင့်လာခြင်းဖြစ်ပါသည်။ [၁၄၃]

အမှန်စင်စစ်တွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အစတွင် MEHL ၏ လက်အောက်ခံ ကုမ္ပဏီများ ပိုင်ဆိုင်ခဲ့သည့် သက်တမ်းရှိနေသေးသော လိုင်စင်ပေါင်း ၁၁၁၀ တို့ အနက် ၆၃၉ ခု (၅၈%) တို့အား ၂၀၁၆ ခုနှစ်၏ ပထမဆုံး လနှစ်လ အတွင်း ပေးအပ်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် MEHL သည် ၎င်း၏ လိုင်စင်များ၏ ထက်ဝက် ကျော်တို့အား ၂၀၁၅ ရွေးကောက်ပွဲတွင် NLD အနိုင်ရပြီးနောက်နှင့် ၂၀၁၆ ခုနှစ် တွင် NLD အာဏာလွှဲပြောင်းရရှိမှုမတိုင်မီ လများအတွင်း သက်တမ်းတိုးခဲ့သည်။ ထိုသို့ အရေအတွက်များပြားသည့် ကျောက်စိမ်းလုပ်ကွက်များသည် အလွန် အဖိုး တန်မည်ဖြစ်သဖြင့် ယင်းသည် စစ်တပ်၏ကုမ္ပဏီများအတွက် ရောမ ပွဲပေါက်တစ်ခု ဖြစ်ပါသည်။ MEHL သည် ကျောက်စိမ်းတွင်းများကို အမှန်တကယ်လုပ်ကိုင်ခြင်း မရှိဘဲ အခြားကုမ္ပဏီများနှင့် အကျိုးအမြတ် မျှဝေရေး အစီအမံများ သို့ မဟုတ် အကျိုးတူပူးပေါင်းမှုများ လုပ်ဆောင်ခဲ့သည်ဟူသော စွပ်စွဲချက်များကို Global Witness မှ ယခင်က ဖော်ပြခဲ့ပြီး ဖြစ်သည်။ MEHL သည် လိုင်စင်တစ်ခု ရရှိပြီး နောက်တွင် ကုန်ကျစရိတ် အနည်းငယ်မျှဖြင့် နှစ်ပေါင်းများစွာ အကျိုးအမြတ်များ ရရှိနေသည်ဟု အဓိပ္ပာယ်ရပါသည်။ [၁၄၅]

ဤသို့ အချိန်ကိုက်လုပ်ဆောင်မှုသည် သက်တမ်းကုန်ဆုံးသွားသည့် စစ်အစိုးရ နှင့် ၎င်းမှထိန်းချုပ်ခဲ့သော လိုင်စင်ထုတ်ပေးသည့်အဖွဲ့အစည်းများ၏ ဦးစားပေး ဆက်ဆံမှုကို ခံရခြင်း ရှိမရှိ ကြီးလေးသည့် မေးခွန်းများကို ပေါ်ပေါက်လာစေခဲ့ ပါသည်။ ထို့ကြောင့် လိုင်စင်ထုတ်ပေးသည့် လုပ်ဆောင်ချက်များသည် အဖိုးတန် သည့် တူးဖော်ထုတ်လုပ်ခွင့်ပါမစ်များ ပေးအပ်ခြင်း၏ အရေးပါမှုကို ထပ်လောင်း အတည်ပြုခဲ့ပြီး ကျောက်မျက်ရတနာလုပ်ငန်းကို အဓိပ္ပာယ်ပြည့်ဝစွာ ပြုပြင် ပြောင်းလဲနိုင်ရေးအတွက် အဓိကကျသည့် အကျိုးစီးပွားပဋိပက္ခများကို ဖြေရှင်းရန် လိုအပ်နေမှုအပေါ် နောက်ထပ်သတိပေးနေသည့် အချက်တစ်ချက် ဖြစ်သည်။

အခြားသော ကုမ္ပဏီများမှ ပိုင်ဆိုင်ထားသည့် လိုင်စင်များနှင့် နှိုင်းယှဉ်ကြည့်သည့် အခါ ကျောက်စိမ်းလုပ်ငန်းအပေါ် MEHL ၏ ကြီးစိုးခြယ်လှယ်မှုသည် ပို၍ပင် ထင်ရှားလာပါသည်။ ၂၀၁၈ ခုနှစ်အထိတွင် MEHL သည် ၎င်း၏ လက်အောက်ခံ ကုမ္ပဏီများမှတစ်ဆင့် ၎င်းနောက်ရှိ အများဆုံးလိုင်စင် ပိုင်ဆိုင်ထားသူထက် ၆ ဆ ပိုမိုများပြားသော လိုင်စင်များကို ထိန်းချုပ်ထားခဲ့သည်။ ယင်းသည် NLD အာဏာရရှိလာပြီးနောက် ပို၍ ထင်ရှားလာသည့် ပုံစံတစ်ခု ဖြစ်ပါသည်။ စုစုပေါင်း လိုင်စင်များ၏ အချိုးအစားတစ်ခုအဖြစ် MEHL သည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာ ရေးနှစ် အတွင်းရှိ သက်တမ်းမကုန်သေးသည့် လိုင်စင်အားလုံးတို့၏ ၃.၅% ကို ထိန်းချုပ်ထားခဲ့သည်။ ယင်းသည် လိုင်စင်ထုတ်ပေးမှုကို ရပ်ဆိုင်းခဲ့ချိန်တွင် ၅.၆% အထိ မြင့်တက်လာခဲ့ပြီး ၂၀၁၈-၂၀၁၉ ခုနှစ်ရှိ ကျောက်စိမ်းနှင့်ကျောက်မျက် လိုင်စင် စုစုပေါင်း၏ ၉.၁% သို့ ဆက်လက် မြင့်တက်ခဲ့သည်။ [၁၄၆]

စစ်တပ်အနေဖြင့် ဆယ်စုနှစ်များစွာ ရှည်ကြာသော ပဋိပက္ခ တစ်ခုကို တက်ကြွစွာ ဆက်လက်လုပ်ဆောင် နေဆဲဖြစ်သည့် နယ်မြေတစ်ခုအတွင်း ထိုသို့ ခိုင်မာအား ကောင်းသည့် စီးပွားရေး အကျိုးစီးပွားများ ရှိနေခြင်းသည် စစ်တပ်အတွက် ငြိမ်းချမ်းရေးဆိုင်ရာ အလားအလာများကို ထိခိုက်စေပါသည်။

## JADE & GEMSTONE LICENCES HELD BY MEHL SUBSIDIARIES

Licence information reported in annual MEITI reports. Licence totals as of start of fiscal year (April - March).




Chart: Global Witness • Source: MEITI Reports 2-5

global witness

MEHL သည် အကြမ်းဖျင်းအားဖြင့် ကျောက်စိမ်း နှင့် ကျောက်မျက်ရတနာ (အများအားဖြင့် ပတ္တမြား) တူးဖော်ခွင့် လိုင်စင်အရေအတွက် အတူတူနီးပါးကို ကိုင်ဆောင်ထားသည်။ Myanmar Imperial Jade သည် ၎င်း၏ တစ်ခုတည်းသော အကြီးမားဆုံး လိုင်စင်ကိုင်ဆောင်ထားသော လက်အောက်ခံကုမ္ပဏီ တစ်ခုဖြစ်သည်။ [၁၄၄]




စစ်တပ်၏ လုပ်ငန်းစုကြီးဖြစ်သော MEHL သည် မြန်မာနိုင်ငံရှိ ကျောက်စိမ်းလုပ်ငန်း လိုင်စင်အများဆုံးရရှိထားသည့် အဖွဲ့အစည်းဖြစ်သည်။ *MEHL ဝက်ဆိုက်*

## တပ်မတော်အရာရှိများထံသို့ ငွေကြေး ထောက်ပံ့ခြင်း

ကျောက်စိမ်းတူးဖော်ထုတ်လုပ်မှုများအတွင်း အဆိုပါ စစ်ဘက်ဆိုင်ရာ ကုမ္ပဏီများ၏ ပါဝင်ပတ်သက်မှုသည် အဓိကကျသည့် တူးဖော်ထုတ်လုပ်ရေး နယ်မြေများအပေါ် စစ်တပ်၏ ထိန်းချုပ်မှုနှင့် ဩဇာလွှမ်းမိုးမှုတို့အတွက် တင်ကြိုပြင်ဆင်ပေးထားသော KIO နှင့် ၁၉၉၄ အပစ်အခတ်ရပ်စဲမှုမှ စတင်ခဲ့ပါသည်။ ပါမစ်ထုတ်ပေးခြင်း၊ လုပ်ပိုင်ခွင့်နှင့် လုံခြုံရေးတို့အပေါ် ထိန်းချုပ်ထားခြင်းသည် အဆိုပါ စစ်တပ်နှင့်ဆက်စပ်နေသော ကုမ္ပဏီများအတွက် ရုတ်တရက် ငွေရပေါက်တစ်ခု ဖြစ်ပေါ်စေခဲ့ပါသည်။ [၁၄၇] ယင်းသည် စစ်တပ်၏ အကြီးတန်းအဖွဲ့ဝင်များကိုလည်း တိုက်ရိုက် အကျိုးအမြတ်ရရှိစေခဲ့သည်။ ပေါက်ကြားလာခဲ့သည့် MEHL ၏ ဘဏ္ဍာရေး ရှင်းတမ်းများကို စိစစ်လေ့လာခဲ့သော Amnesty International ၏ ၂၀၂၀ ခုနှစ် အစီရင်ခံစာတစ်စောင်တွင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း အမြတ်ငွေပေးချေမှု ကျပ်ငွေ ၁.၅ သန်း ရရှိခဲ့သည်ဟု ဖော်ပြခဲ့သည်။ ယင်းသည် ငွေပေးချေမှု ပြုလုပ်စဉ်က တရားဝင်ငွေလဲနှုန်းအရ အမေရိကန် ဒေါ်လာ ၂၅၀၀၀၀ တန်ဖိုး ရှိခဲ့သော်လည်း နှစ်နှစ်အကြာတွင် ကျပ်ငွေနှုန်းထား ပြောင်းလဲလာခဲ့သည့်အခါ အမေရိကန် ဒေါ်လာ ၂၀၀၀ နှင့် ပိုမိုနီးစပ်သည့် တန်ဖိုးရှိပါသည်။ [၁၄၈]

အခြားသော အဆင့်မြင့်အရာရှိများ၊ စစ်ဘက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် နယ်ခြားစောင့်တပ်ဖွဲ့များသည်လည်း နှစ်စဉ်အမြတ်ငွေ လက်ခံရရှိသူများဖြစ်ကြသဖြင့် စစ်တပ်၏ အစိတ်အပိုင်းအားလုံးတို့အား ကျောက်စိမ်းစီးပွားရေးလုပ်ငန်းအတွင်းမှ ရုန်းမထွက်သာအောင် ပိတ်မိနေစေခဲ့သည်။ ယင်းသည် ကျောက်စိမ်း မှ ရရှိသည့် ငွေကြေးများအား လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ဆက်စပ်နေသည့် ယူနစ်များကို ထောက်ပံ့ရန် တိုက်ရိုက်အသုံးပြုခဲ့သည်ဟု ပြသနေပါသည်။[၁၄၉] အဆိုပါ ငွေပေးချေမှုများသည် တစ်ဦးချင်းအတိုင်းအတာအရ အတော်အသင့်နည်းပါးသော်လည်း စုပေါင်းလိုက်သည့်အခါ စစ်တပ်နှင့် ၎င်း၏မဟာမိတ်များအတွက် အတော်အတန်ကြီးမားသော နှစ်စဉ်ထုတ်ပေးငွေ ပမာဏတစ်ခုကို ကိုယ်စားပြုသည်။ အဆိုပါ ထုတ်ပေးငွေများသည် စစ်သားတစ်ဦးချင်းစီနှင့် အငြိမ်းစား စစ်သားများထက် အကြီးတန်းအရာရှိများနှင့် စစ်ဘက်ဆိုင်ရာ ယူနစ်များကို အချိုးမညီဘဲ အကျိုးအမြတ်ရရှိစေခဲ့သည်။ ဤကိစ္စရပ်နှင့် ပတ်သက်၍ MEC နှင့် MEHL ၏ အခန်းကဏ္ဍသည် အထက်ပါ အပိုင်း ၁.၂ တွင် ဖော်ပြခဲ့သည့်အတိုင်း ကဏ္ဍအတွင်း ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုတို့ ပိုမိုရှိလာစေရေးအတွက် NLD ၏ ကြိုးပမ်းမှုတွင် ထိရောက်စွာပါဝင်ရန် ၎င်းတို့၏ ပျက်ကွက်မှုကို ထင်ဟပ်နေစေပါသည်။




MEHL သည် နိုင်ငံအတွင်း ယခုအချိန်အထိ ကျောက်စိမ်း နှင့် ကျောက်မျက်ရတနာတူးဖော်ရေး လိုင်စင်အများဆုံး ကိုင်ဆောင်ထားသူဖြစ်ပြီး NLD အစိုးရထံသို့ အာဏာလွှဲပြောင်းမှုကို ဖြစ်စေသည့် နှစ်အတွင်း ၎င်း၏နေရာကို ခိုင်မာစေခဲ့သည်။ [၁၅၀]

မှတ်ချက်ပေးရန်အတွက် ဆက်သွယ်ရာတွင် MEHL ၏ ကိုယ်စားလှယ်များသည် အဆိုပါအချက်များကို တုန့်ပြန်ဖြေကြားရန် ငြင်းဆိုခဲ့ကြသည်။ အပိုင်း ၁.၃ တွင် မှတ်ချက်ပြုခဲ့သည့်အတိုင်း နိုင်ငံအများအပြားတို့သည် MEC နှင့် MEHL တို့ နှစ်ခု စလုံးနှင့် ၎င်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများအား အာဏာသိမ်းမှုကို တုန့် ပြန်မှုနှင့် တပ်မတော်နှင့် ရိုဟင်ဂျာများအပေါ် ယင်း၏အလွဲသုံးစားမှုများကို ငွေကြေးပံ့ပိုးနေခဲ့သည့် အခန်းကဏ္ဍများအတွက် ပိတ်ဆို့အရေးယူခဲ့ပါသည်။

## စစ်ဘက်ဆိုင်ရာအရာရှိများ နှင့် ၎င်းတို့၏ မိသားစုများ ပိုင်ဆိုင်သည့် ကုမ္ပဏီများ

စစ်တပ်ပိုင် လုပ်ငန်းစုကြီးများ နှင့် စစ်တပ်နှင့်ဆက်စပ်နေသော ပုဂ္ဂလိက ကုမ္ပဏီများသည် ဖားကန့်တွင် သိသာထင်ရှားမှုများစွာမရှိသော အခန်းကဏ္ဍများဖြင့် ပါဝင်နေပြီး အသံတိတ်ကြားခံ မိတ်ဖက်လုပ်ငန်းများ နှင့် အကျိုးအမြတ် ခွဲဝေရေး အစီအမံများကို ရွေးချယ်ခဲ့ပြီး အချို့သည် ကဏ္ဍအတွင်းမှ ထွက်ခွာသွားခဲ့ကြသည်ဟု ရင်းမြစ်အချို့က အဆိုပြုပါသည်။ [၁၅၁]

သန်းရွှေ၏ ကုမ္ပဏီဖြစ်သော Myanmar Naing Group Gems သည် DICA တွင် ပြန်လည်မှတ်ပုံတင်ရန် ပျက်ကွက်ခဲ့ပြီး ၎င်း၏ တွဲဖက်ကုမ္ပဏီဖြစ်သော Myanmar Naing Group Company အား နှစ်စဉ်ဘဏ္ဍာရေး ဆိုင်ရာ အစီရင်ခံစာ တင်ပြရန် ပျက်ကွက်သဖြင့် DICA မှ ဆိုင်းငံ့ထားခဲ့သည်ဟု မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများ မှတ်ပုံတင်စနစ်အပေါ် ၎င်း၏ တင်ပြချက်များအရ တွေ့ရသည်။

မည်သို့ပင်ဆိုစေကာမူ စစ်အစိုးရခေါင်းဆောင်ဟောင်းဖြစ်သူ၏ အခြားသော ကုမ္ပဏီတစ်ခုဖြစ်သည့် Kyaing International Gems မှာမူ ပြန်လည်မှတ်ပုံတင်ခဲ့သဖြင့် ၎င်း၏ မိသားစုများသည် ဆက်လက်ပတ်သက်မှု ရှိနေဆဲဖြစ်သည်ဟု ညွှန်ပြနေပါသည်။ မြန်မာနိုင်ငံ၏ ကုမ္ပဏီမှတ်ပုံတင်စနစ်ရှိ မှတ်ပုံတင်ထားသော အခြားသောကုမ္ပဏီများတွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန၏ ဝန်ကြီးဟောင်းဖြစ်သူ ဦးအုန်းမြင့် ပိုင်ဆိုင်သည့် Myanmar Wingate Gems, စစ်တပ်မှ သြဇာကြီးမားသည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်ခဲ့သူ ဦးအောင်သောင်း၏သား ဦးပြည်အောင်ပိုင်ဆိုင်သည့် Two Horse Gems နှင့် (Two Horse Gems နှင့် ဒါရိုက်တာနှစ်ဦးတူညီပြီး လိပ်စာတစ်ခုတည်းတွင် မှတ်ပုံတင်ထားသော) Silver Elephant Gems တို့ပါဝင်ပါသည်။ ဦးမောင်မောင်သိန်း၏သားဖြစ်သူ နေအောင်အား ဒါရိုက်တာအဖြစ် ဖော်ပြထားခြင်း မရှိတော့သော်လည်း ၎င်း၏ ကုမ္ပဏီဖြစ်သော Myat Yamon ကုမ္ပဏီအား လုပ်ကိုင်နေဆဲ ကုမ္ပဏီများအနက် အကြီးမားဆုံး ကုမ္ပဏီတစ်ခုအဖြစ် ရင်းမြစ်တစ်ခုက ဆိုခဲ့သည်။ [၁၅၂]

## အကျင့်ပျက်ခြစားသည့် တပ်မှူးများ

မြောက်ပိုင်းတိုင်းစစ်ဌာနတိုင်းမှူးနှင့် တပ်မ ၁၀၁ ၏ တပ်မမှူးရာထူးများကို ရရှိထားကြသူများအပါအဝင် ဒေသဆိုင်ရာစစ်ခေါင်းဆောင်များသည် ကျောက်စိမ်းနှင့် ပတ်သက်နေသော အကျင့်ပျက်ခြစားမှုများ၏ အရင်းအမြစ်တစ်ခုအဖြစ် ကာလရှည်ကြာရှိလာခဲ့သည်။ ၎င်း၏ ကိုယ်ပိုင် ကျောက်စိမ်းကုမ္ပဏီများကို ထိန်းချုပ်ထားသည့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးဟောင်း ဦးအုန်းမြင့်သည် ထင်ရှားသည့် ဥပမာတစ်ခုဖြစ်သည်။ [၁၅၃] တိုင်းမှူးများ၏ လစာသည် လစာနည်းပါးနေပြီဖြစ်သော MP များ၏ လစာများထက်ပင် ပို၍နည်းပါးသဖြင့် မည်သည့်တိုင်းမှူးများသည် လာဘ်စားမှုများ ပြုလုပ်နေကြကြောင်းကို ၎င်းတို့ဝတ်ဆင်သည့် အဝတ်အစားများ၊ ၎င်းတို့ မောင်းနှင်သည့် ကားများ၊ ၎င်းတို့၏ နေအိမ်များ၏ ကြီးကျယ်ခမ်းနားမှု နှင့် ၎င်းတို့၏ ကလေးငယ်များ ပြည်ပတွင် ပညာသင်ကြားနေခြင်း ရှိ မရှိတို့ကို ကြည့်ခြင်းဖြင့် အလွယ်တကူ ပြောနိုင်သည်ဟု ကချင်နိုင်ငံရေးသမားတစ်ဦးက ဆိုပါသည်။ [၁၅၄]

တပ်မတော်၏ အကြီးတန်းအရာရှိနှစ်ဦးဖြစ်သည့် ထိုစဉ်က မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညီညီဆွေ နှင့် ဖားကန့်တပ်မ ၁၀၁ တပ်မမှူး မောင်မောင်ဖုံတို့အား ၎င်းတို့အနေဖြင့် သက်တမ်းကုန်ဆုံးနေသည့် လုပ်ကွက်များအတွင်း တူးဖော်မှုကိုခွင့်ပြုရန် ကုမ္ပဏီများအား ခွင့်ပြုကာ ကျောက်စိမ်းထုတ်လုပ်မှု၏ ၂၅% ကို စည်းကြပ်ငွေအဖြစ် ကောက်ခံခဲ့သည်ဟု စွပ်စွဲထားသည့် အလွန်ကြီးမားသည့် အာဏာအလွဲသုံးစားမှုတစ်ခုအတွင်း ပါဝင်ပတ်သက်နေခဲ့ပြီးနောက် တပ်မတော်၏ တပ်မှူးများအကြားရှိ အကျင့်ပျက်ခြစားမှုဆိုင်ရာ အပြောင်းအလဲသစ်များသည် ၂၀၁၈ ခုနှစ်တွင် ပေါ်ပေါက်လာခဲ့သည်။ [၁၅၅] တပ်မမှူး မောင်မောင်ဖုံသည် ဒေါ်လာသန်း ၆၀ ခန့် တန်ဖိုးရှိသည်ဟု ခန့်မှန်းရသည့် တန်ဖိုးကြီးမားသော ကျောက်စိမ်းတုံးကြီးတစ်ခုအား ရှာဖွေတွေ့ရှိခဲ့သည့် လုပ်သားများ၏ ရေမဆေး သူဌေးတစ်ဦးထံမှ အမေရိကန် ဒေါ်လာသန်း ၂၀ အထိ တောင်းဆိုခဲ့ပြီး ကုမ္ပဏီများသည် ၎င်းထံ လစဉ်သိန်း ၁၀၀-၂၀၀ (ဒေါ်လာ ၆၇၀၀-၁၃၄၀၀) ခန့် "လက်ဆောင်" အဖြစ် ပေးအပ်ခဲ့သည်ဟု သတင်းကြီးနေပါသည်။ [၁၅၆] အဆိုပါ မကောင်းသတင်းကို တုန့်ပြန်သည့်အားဖြင့် အရာရှိနှစ်ဦးတို့အား တပ်မတော်၏ အရန်တပ်ဖွဲ့များသို့ ပြောင်းရွှေ့ခဲ့သော်လည်း တစ်စုံတစ်ရာ ထပ်မံအရေးယူမှု ရှိပုံမရပေ။

အဆက်အသွယ်ကောင်းစွာရှိသည့် ရင်းမြစ်များအရ ဖားကန့်ရှိ တပ်မ ၁၀၁ ၏ တပ်မမှူးသစ်ဖြစ်သူ နိုင်ဝင်းအောင်သည်လည်း KIA နှင့်ပူးပေါင်းကာ လိုင်စင်မဲ့ တူးဖော်မှုများကို အကူအညီပေးရန် လာဘ်စားမှုများရှိနေဆဲ ဖြစ်သည်ဟု ကြားသိရပါသည်။ သို့ရာတွင် လာဘ်စားမှုများသည် ယခုအခါတွင် ယခင်ကထက် ပို၍ သိုသိပ်လာခဲ့ပါသည်။ [၁၅၇]

အာဏာသိမ်းပြီးနောက်ပိုင်းတွင် အမှတ် ၁ အထူးစစ်ဆင်ရေးတပ်မှူးအဖြစ် ရာထူးတိုးမြှင့်ခံခဲ့ရသော မြောက်ပိုင်းတိုင်းမှူး တေဇကျော်[၁၅၈] သည်လည်း သတ္တုတူးဖော်ရေးလုပ်ငန်းများတွင် အသုံးပြုရန် လိုအပ်သည့်ပစ္စည်းများ ဘေးကင်းစွာဖြတ်သန်းသွားလာရေးအတွက် လာဘ်ငွေများ ရယူခဲ့ကြောင်း စွပ်စွဲမှုများ ရှိပါသည်။ ၎င်းထံမှ လိုင်စင်မရှိပါက ၂၀၁၈ ခုနှစ်တွင် KIA ထံမှ တပ်မတော်က သိမ်းယူခဲ့သည့် သယံဇာတကြွယ်ဝသော ပယင်းနှင့် ရွှေတူးဖော်ရေးနယ်မြေဖြစ်သော တနိုင်းသို့ မည်သူမျှ လောင်စာများ သယ်ဆောင်နိုင်ခြင်းမရှိဟု အတွင်းသတင်းသိ ရင်းမြစ်တစ်ဦးက Global Witness ထံ ပြောကြားသည်။ [၁၅၉] အလားတူပင် ၎င်း၏ ခွင့်ပြုချက် မရှိပါက မည်သူမျှ ဖားကန့်သို့ ဒိုင်းနမိုက်များ သယ်ဆောင်နိုင်ခြင်း မရှိပေ။ [၁၆၀] မောင်မောင်ဖုံ နှင့် ညီညီဆွေတို့ကို ဆက်ခံသူများအနေဖြင့် လာဘ်ငွေများကို ဆက်လက်လက်ခံခဲ့ကြောင်း စွပ်စွဲချက်များအရ အကျင့်ပျက် ခြစားသည့် ယဉ်ကျေးမှုသည် တပ်မတော်အတွင်း မည်မျှအမြစ်တွယ်လျက် ရှိကြောင်း ပြသနေပါသည်။

ဤနယ်မြေအတွင်းရှိ စစ်တပ်မှ အခြားသော တပ်မှူးများသည်လည်း လိုင်စင်မဲ့ တူးဖော်မှုများကို ခွင့်ပြုရန်အတွက် လာဘ်စားမှုများ ရှိသည်ဟူ၍ စွပ်စွဲချက်များ ရှိသည်။ အရပ်ဘက်အဖွဲ့အစည်း ကိုယ်စားလှယ်တစ်ဦးက ကချင်ပြည်နယ်ရှိ ယခင်က KIO/A နယ်မြေဖြစ်ပြီး ယခုအခါ တပ်မတော်မှ ထိန်းချုပ်ထားသော Kingsi Seng Raw တွင် တပ်ရင်းမှူးတစ်ဦးသည် ထိုသို့သော လုပ်ဆောင်မှုများကို ခွင့်ပြုခဲ့သည်ဟုဆိုသည်။ "တပ်ရင်းမှူး၏ စခန်း အနီးတစ်ဝိုက် နေရာအားလုံးတို့သည် ကျောက်စိမ်းတူးဖော်သည့် နယ်မြေများ ဖြစ်သည်" ဟု ၎င်းက ဆိုသည်။ ၎င်းသည် နယ်မြေအတွင်း တူးဖော်ရန်အတွက် အဆိုပါ တပ်ရင်းမှူးကို လာဘ်ပေးခဲ့သော ကချင်စီးပွားရေး လုပ်ငန်းရှင်တစ်ဦးနှင့် မကြာသေးမီက တွေ့ဆုံလာခဲ့ခြင်း ဖြစ်ပြီး KIA သည်လည်း ၎င်း၏ဝေစုကို ရရှိနေဆဲ ဖြစ်သည်ဟု ဆိုပါသည်။ "၎င်းတို့သည် KIA ထံမှ ခွင့်ပြုချက် မရသေးသော်လည်း KIA အတွက် အခွန်ရရှိမည်မှာ သေချာပါသည်" ဟု ၎င်းက ဆိုသည်။ [၁၆၁]

> "ကျောက်စိမ်းတွင် ယခုအခါ
> လိုင်စင်အများစုတို့သည် သက်တမ်း
> ကုန်ဆုံးပြီးဖြစ်သဖြင့် MEC နှင့် MEHL တို့သာ
> ဆက်လက်တူးဖော်ရဲကြသည်။
>
> – အငြိမ်းစား ဗိုလ်မှူးကြီးတစ်ဦး [၁၆၂]



၂၀၁၉ ခုနှစ်အတွင်းရှိ မြေပြိုမှုတစ်ခု၏ နောက်ဆက်တွဲ အခြေအနေကို ကြည့်ရှုစစ်ဆေးနေသည့် တပ်မတော်မှ တပ်မှူး နိုင်ဝင်းအောင်။ *Global Witness*

တပ်မတော်၏ တပ်မှူးများသည် ပုဂ္ဂလိက လုံခြုံရေးပေးအပ်ခြင်း နှင့် မှောင်ခိုကုန်သွယ်ခြင်းတို့အပါအဝင် မြန်မာနိုင်ငံမြောက်ပိုင်းရှိ အခြားသော အကျင့်ပျက်ခြစားသည့်အလေ့အထများ နှင့်လည်း ဆက်စပ်နေခဲ့ပါသည်။ [၁၆၃] တပ်မတော်သည် တူးဖော်သည့် နယ်မြေများအနီးရှိ စစ်ဆေးရေးဂိတ်အများစုတို့ကို လည်ပတ်ပြီး ဖားကန့်မှ တရားမဝင် တူးဖော်ခဲ့သည့် ကျောက်စိမ်းများ စီးဆင်းမှုအပေါ် ထိန်းချုပ်ထားသည်။ [၁၆၄] လုပ်ငန်းအတွင်းရှိ ပုဂ္ဂိုလ်တစ်ဦးက ပြောဆိုသည့်အတိုင်း "ဒေသခံ တပ်မှူးများသည် တတ်နိုင်သမျှ များစွာရယူကာ ထွက်ခွာသွားကြပါသည်။" [၁၆၅]

အဆိုပါ ဖြစ်စဉ်များသည် ဖားကန့် နှင့် အခြားသော ပဋိပက္ခ သယံဇာတနယ်မြေများရှိ နေ့စဉ်ဘဝ၏ ကျယ်ပြန့်သည့် အချက်တစ်ချက်ကိုလည်း ပြသနေပါသည်။ တပ်မတော်မှ တပ်မှူးများသည် ၎င်းတို့ထိန်းချုပ်သည့် နယ်မြေများအတွင်း အများအားဖြင့် - တရားမဝင် တူးဖော်မှုများကို ခွင့်ပြုနိုင်သည့် အာဏာ၊ မိတ်ဖက်များ စီမံနိုင်သည့် အာဏာ၊ ပဋိပက္ခသက်ရောက်ခံထားရသည့် နယ်မြေများ၏ အတွင်း နှင့် အပြင်သို့ ထောက်ပံ့ရေးပစ္စည်းများ၏ ရွေ့လျားမှုတို့ကို ထိန်းချုပ်နိုင်သည့် အာဏာများ - ကို အတားအဆီးမရှိ ကျင့်သုံးပါသည်။ ထို့ကြောင့် အဆိုပါ အာဏာများကြောင့် စစ်တပ်မှ တပ်မှူးများအား အလွန်အမင်း ကြွယ်ဝချမ်းသာသွားစေခြင်းသည်လည်း ပြဿနာ၏ ဗဟိုချက်တစ်ခုဖြစ်သည်။ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးဟောင်းတစ်ဦးသည် လက်ရှိတွင် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း စစ်တပ်၏ စေ့စပ်ညှိနှိုင်းသူတစ်ဦးအဖြစ် လုပ်ဆောင်လျက်ရှိသဖြင့် စစ်တပ်၏ လက်ဝါးကြီးအုပ်သည့် အပြုအမူများကြောင့် ဖြစ်ပေါ်လာသည့် အကျိုးစီးပွားပဋိပက္ခများ၏ ကြီးလေးမှုကို တွေ့မြင်ရပါသည်။ [၁၆၆]

အနှစ်ချုပ်ဆိုရပါက တပ်မတော်သည် ပဋိပက္ခကြောင့် တရားမဝင် သယံဇာတ တူးဖော်ထုတ်လုပ်မှုများ နှင့် လက်ဝါးကြီးအုပ်မှုများအတွက် အခွင့်အလမ်းများကို ဖြစ်ပေါ်စေပြီး ယင်းမှတစ်ဖန် နောက်ထပ်ပဋိပက္ခများကို မီးလောင်ရာလေပင့် ဖြစ်စေသည့် အဆိုးသံသရာတစ်ခု၏ အလယ်တွင် ရှိနေပါသည်။ ပဋိပက္ခ ပတ်ဝန်းကျင်သည် အစိုးရ၏ ထိရောက်စွာ အုပ်ချုပ်စီမံနိုင်မှုကို အတားအဆီး ဖြစ်စေပြီး စစ်တပ် နှင့် လက်နက်ကိုင်အဖွဲ့များအား လွတ်လပ်စွာ ကြီးစိုးမင်းမူနိုင်စေသည်။ တိုင်းရင်းသား ပြည်သူ့စစ်များ၊ တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များနှင့် ဒေသခံ သူဌေးများအပြင် မသမာသည့် တပ်မှူးများ နှင့် ရဲတပ်ဖွဲ့တို့သည် ကိုယ်စီဝေစုများကို ရယူနေကြပြီး နေပြည်တော်ရှိ အရပ်သားအစိုးရသည် ယင်းကို အနည်းငယ်မျှသာ သတိမူမိပါသည်။ အာဏာသိမ်းမှုနောက်ပိုင်း တိုက်ပွဲများ မြင့်တက်လာခြင်းသည် အဆိုပါ အင်အားစုများကို ပိုမို၍သာ ပွားများလာစေမည် ဖြစ်သည်။

## တပ်မတော်မှကျောထောက်နောက်ခံပြုထားသည့် ပြည်သူ့စစ်များသည် တရားမဝင်လုပ်ငန်းများကို အခြေခံကာ ရှင်သန် ရပ်တည်နေကြပါသည်။

တပ်မတော်အပြင် အစိုးရနှင့် ချိန်ညှိထားသည့် ပြည်သူ့စစ်အများအပြားတို့သည်လည်း ကျောက်စိမ်း-ပဋိပက္ခ ဆက်စပ်မှုအတွင်း နက်ရှိုင်းစွာ ဆက်နွှယ်နေကြပါသည်။ ပြည်သူ့စစ်များသည် မြန်မာနိုင်ငံရှိ ပဋိပက္ခသက်ရောက်ခံရသည့် ဒေသအများစုတွင် လှုပ်ရှားနေကြပြီး အချို့သည် တိုင်းရင်းသား လက်နက်ကိုင် တပ်ဖွဲ့များနှင့် ချိန်ညှိထားကြသည် သို့မဟုတ် အခြားသောသစ္စာခံခြင်းများရှိကြပြီး အများစုတို့သည် တပ်မတော်နှင့် ချိန်ညှိထားကြသည် သို့မဟုတ် တပ်မတော်အတွင်း ပေါင်းစပ်ထည့်သွင်းထားကြသည်။ [၁၇၇] အဆိုပါ အဖွဲ့များအား တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များနှင့် လက်နက်ကိုင် ပဋိပက္ခများနှင့် တပ်မတော်၏ စစ်ဆင်ရေးများကို အကူအညီပေးခြင်းတို့မှတစ်ဆင့် အပါအဝင် စစ်တပ်၏ အကျိုးစီးပွားအတွက် ဆယ်စုနှစ်များစွာ အသုံးပြုခဲ့ကြသည်။ [၁၇၈]

တပ်မတော်သည် အများအားဖြင့် ၎င်းလက်လှမ်းမမီသည့် နယ်မြေများအတွင်း ၎င်း၏ ရန်ဘက်အဖွဲ့အစည်းများကို ဆန့်ကျင်ရန်အတွက် သူပုန်နှိမ်နင်းရေးအဖွဲ့များအဖြစ် ဆောင်ရွက်ရေးအတွက် ပြည်သူ့စစ်များအား ရပ်တည်နိုင်စေရန်အတွက် စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန် ခွင့်ပြုထားသည်။ ဤသို့ဖြင့် ပြည်သူ့စစ်များသည် ၁၉၉၀ ခုနှစ်များမှစတင်ကာ တရားဝင် နှင့် တရား မဝင် လုပ်ငန်းများအကြား ၎င်းတို့၏ စီးပွားရေး အကျိုးစီးပွားများကို ချဲ့ထွင် နိုင်ခဲ့ပြီး မူးယစ်ဆေးဝါးထုတ်လုပ်မှု နှင့် ကုန်ကူးမှုများ နှင့် ဖားကန့်ရှိ ကျောက်စိမ်း တူးဖော်သည့် နယ်မြေများတစ်လျှောက် ပိုမိုပေါ်များလာခဲ့သည်။ [၁၇၉]

### ပြည်သူ့စစ်များ၊ ကျောက်စိမ်း နှင့် KIA အပေါ် တပ်မတော်၏ ဗျူဟာ

အစိုးရနှင့်ချိန်ညှိထားသည့် ပြည်သူ့စစ်များသည် ခြိမ်းခြောက် ငွေညှစ်ခြင်း၊ မှောင်ခို လမ်းကြောင်းများကို ထိန်းချုပ်ခြင်း၊ KIA အပေါ် သူပုန်နှိမ်နင်းရေး အဖွဲ့အဖြစ် လုပ်ဆောင်ခြင်းတို့မှတစ်ဆင့် ကျောက်စိမ်းလုပ်ငန်းအတွင်း သိသာများပြားစွာ ရှိနေကြသည်။ [၁၈၀] Global Witness အနေဖြင့် အဆိုပါ ပြည်သူ့စစ်များအား ၎င်းတို့၏ မူးယစ်ဆေးဝါးလုပ်ငန်းတွင် ပါဝင်ပတ်သက်နေမှုအတွက် အယောင်ပြအဖြစ် ကျောက်စိမ်းကုန်သွယ်မှုများကို အသုံးပြုခဲ့ခြင်းရှိမရှိ စုံစမ်း ဖော်ထုတ်ခဲ့ခြင်း မရှိသော်လည်း မူးယစ်ဆေးဝါး ကုန်သွယ်မှုများအတွင်း ပါဝင်ပတ်သက်သည်ဟု အခိုင်အမာ သံသယရှိထားသော ထင်ရှားသည့် အဖွဲ့တစ်ဖွဲ့ ဖြစ်သော ပန်ဆေး ပြည်သူ့စစ်သည် ကျောက်စိမ်းတွင်းများမှတစ်ဆင့် ငွေကြေးရရှိသည်ဟု အခိုင်အမာ ဆိုခဲ့သည်။ [၁၈၁]

ကချင်ပြည်နယ်တွင် ယခင်က ကချင်ဒီမိုကရေစီသစ်တပ်မတော် (NDA-K) ၏ ယူနစ်များဖြစ်ခဲ့သည့် နယ်ခြားစောင့်တပ်ဖွဲ့ (BGF) သည်လည်း KIA နှင့် တိုက်ခိုက်ခဲ့ပါသည်။ တပ်မတော်သည် မြန်မာနိုင်ငံ၏ ဘိန်းကုန်သွယ်မှု အခန်းကဏ္ဍ အတွက် ကျော်ကြားသည့် ပြည်သူ့စစ်ဖြစ်သော ယခင် NDA-K အား KIA ကို တိုက်ခိုက်ရာတွင် အကူအညီပေးရန်အတွက် ၎င်း၏ တရားမဝင် လုပ်ငန်းများကို ဆက်လက်လုပ်ဆောင်ရန် ခွင့်ပြုထားသည်။ [၁၈၂] လွှတ်တော်ကိုယ်စားလှယ်ဟောင်း တစ်ဦးဖြစ်သည့် ၎င်း၏ ခေါင်းဆောင်သည် ကုမ္ပဏီမှတ်တမ်း များအရ အသေးစား ကျောက်မျက်ရတနာကုမ္ပဏီများနှင့် ဆက်စပ်မှုများရှိသည်။ [၁၈၃] ထိုဒေသအား ၂၀၁၂/၁၃ တွင် သွားရောက်လေ့လာခဲ့သည့် နိုင်ငံရေးသမားတစ်ဦးက အဖွဲ့၏ နယ်မြေသည် မှောင်ခိုသယ်ဆောင်မှုများအတွင်း အဓိကကျသည့်အခန်းကဏ္ဍ တစ်ခုတွင် ပါဝင်သည်ဟု ဆိုသည်။ "NDA-K သည် ကျောက်စိမ်းကို နယ်စပ်မှ

# ကာကွယ်ရေးဦးစီးချုပ်၏ မိသားစုသည် ကျောက်စိမ်းလုပ်ငန်းမှ လာဘ်ငွေများဖြင့် မည်သို့ အကျိုးအမြတ်များ ရရှိသနည်း?

ဖားကန့်သို့ ဖောက်ခွဲရေးပစ္စည်းများ တင်သွင်းခြင်း နှင့် တရားမဝင် တူးဖော်ခြင်းတို့နှင့် ဆက်စပ်နေသော အကျင့်ပျက်ခြစားမှုများသည် တပ်မတော်၏ ထိပ်ဆုံးအဆင့်များသို့သာ ရောက်ရှိနေသည်မဟုတ်ဘဲ မြန်မာ့တပ်မတော်၏ ကာကွယ်ရေးဦးစီးချုပ် မင်းအောင်လှိုင်၏ မိသားစုကိုလည်း အကျိုးအမြတ်များရရှိစေကြောင်း အထောက်အထားများကို စုစည်းခဲ့သည်။ [၁၆၇]

ဖားကန့် တပ်မ ၁၀၁ ရှိ တပ်မမှူး နှင့် မြောက်ပိုင်းတိုင်းမှူးတို့ထံ ပေးအပ်သည့် လာဘ်ငွေများသည် ကွပ်ကဲမှုအဆင့်ဆင့်၏ ထိပ်ဆုံးအဆင့်များသို့ ရောက်ရှိကြောင်းကို ရင်းမြစ်များက အတည်ပြုခဲ့ကြသည်။ [၁၆၈] Global Witness နှင့်ပြောဆိုခဲ့သော စစ်တပ်ရှိ အကြီးတန်းရင်းမြစ်တစ်ခုက ဒိုင်းနမိုက်တင်သွင်းမှုများမှ ဝင်ငွေများအား မင်းအောင်လှိုင်၏သားဖြစ်သူ အောင်ပြည့်စုံထံ ခွဲဝေပေးအပ်ရသည် ဟု ဆိုသည်။ ၎င်းသည် ၎င်း၏ ဖခင်အနေဖြင့် စစ်တပ်တွင် အမြင့်ဆုံးရာထူးရရှိခဲ့ချိန်မှ စတင်ကာ ကြွယ်ဝချမ်းသာပြီး အင်အားကြီးမားသည့် ပုဂ္ဂိုလ်တစ်ဦးအဖြစ် ပေါ်ထွက်လာခဲ့သည်။[၁၆၉] စစ်တပ်နှင့်ပတ်သက်သည့် အနီးကပ်ဗဟုသုတရှိသည့် နောက်ထပ်ရင်းမြစ်တစ်ဦးက အဆိုပါသားသည်ပင်လျှင် လိုင်စင်ထုတ်ပေးမှုကို ရပ်ဆိုင်းထားစဉ်မှစတင်ကာ ဖားကန့်တွင် တရားမဝင် တူးဖော်ထုတ်လုပ်ရန် အစီအမံများမှ အကျိုးအမြတ်များရရှိခဲ့သည်ဟု ဆိုသည်။ [၁၇၀]

စစ်တပ်အတွင်းရှိ အကြီးတန်းရင်းမြစ်တစ်ဦးက ကုန်သည်များအားလုံးသည် ဒိုင်းနမိုက်များ တင်သွင်းရန်အတွက် တပ်မတော်မြောက်ပိုင်းတိုင်းမှူးထံမှ ခွင့်ပြုချက်ရယူရပြီး ယင်းသည် ငွေပေးချေမှုများအား ကာကွယ်ရေး ဦးစီးချုပ်၏သားထံ ခွဲဝေပေးအပ်သည်ဟု ဆိုသည်။ ကုန်သည်များသည် ဒိုင်းနမိုက်များအား ၎င်းတို့၏ ကိုယ်ပိုင်ငွေကြေးဖြင့်ဝယ်ယူကာ ကချင်ပြည်နယ်၏ မြို့တော်ဖြစ်သော မြစ်ကြီးနားသို့ သယ်ယူပို့ဆောင်ပြီး တူးဖော်သူများထံ ရောင်းချရန်အတွက် ဖားကန့်သို့ သယ်ဆောင်ပြီးနောက် ၎င်းတို့၏ အမြတ်အစွန်းများမှ ဝေစုတစ်စုကို ပေးအပ်ရန် မြစ်ကြီးနားသို့ ပြန်လည် သွားရောက်ရသည်။ [၁၇၁]

ရင်းမြစ်က ၎င်းအနေဖြင့် ကာကွယ်ရေးဦးစီးချုပ်၏ သားဖြစ်သူထံသို့ အကျင့်ပျက်ခြစားမှုမှ ငွေများပေးအပ်ခြင်း အကြောင်းကို ၂၀၁၈ ခုနှစ်၌ ရာထူးချခံခဲ့ရသော မြောက်ပိုင်းတိုင်းမှူး ညီညီဆွေထံမှ သိရှိခဲ့သည်ဟု ဆိုသည်။[၁၇၂] ဒိုင်းနမိုက် ကုန်သည်များသည်လည်း ၎င်းတို့အနေဖြင့် အဆိုပါ ပုဂ္ဂိုလ်ထံသို့ပင် လာဘ်ပေးခဲ့ကြကြောင်း သီးခြားစီ အတည်ပြုခဲ့သည်။ [၁၇၃]

ဖြစ်စဉ်ကို စောင့်ကြည့်လေ့လာခဲ့ကြသူများက ညီညီဆွေသည် ၎င်း၏ ကိုယ်ပိုင်အကျိုးအတွက် လာဘ်ငွေများကို ထပ်မံလက်ခံခဲ့ပြီး အလွန်မျက်နှာပြောင်တိုက်လာခဲ့သဖြင့် တပ်မတော်အတွက်ပင်လျှင် လျစ်လျူရှုထားရန် ခက်ခဲခဲ့သည်။ နောက်ဆုံးတွင် လွှတ်တော်မှတစ်ဆင့် ကာကွယ်ရေးဦးစီးချုပ်ထံ တိုင်ကြားစာတစ်စောင် ပေးအပ်ခဲ့ရာတွင် အရေးယူမှုပြုလုပ်ရန် လှုံ့ဆော်ခဲ့သည်။ [၁၇၄]

ဗိုလ်မှူးကြီးဟောင်းတစ်ဦးက အဆိုပါ အစီအမံသည် ညီညီဆွေအား ရာထူးလျှော့ချခဲ့ပြီးနောက်ပိုင်းတွင်ပင်လျှင် ဆက်လက်ရှိနေခဲ့ပြီး ယခုအခါတွင်မူ လာဘ်ငွေများအား မြောက်ပိုင်းတိုင်းမှူးသစ် တေဇကျော်ကပင် ရယူပြီး ယင်းငွေများအား ဆက်လက်၍ လက်ဆင့်ကမ်းပေးအပ်သည်ဟုဆိုပါသည်။ [၁၇၅]

အဆိုပါ စွဲချက်များသည် မြန်မာနိုင်ငံ၏ အကြီးတန်း စစ်ခေါင်းဆောင်များအတွင်းရှိ အကျိုးစီးပွားပဋိပက္ခများနှင့်ပတ်သက်သည့် အရေးပါသည့် မေးခွန်းများကို ထွက်ပေါ်လာစေခဲ့သည်။ မြန်မာ့တပ်မတော်အကြီးအကဲ၏ မိသားစုဝင်များအား ဖားကန့်ရှိ ပဋိပက္ခ နှင့် တရားမဝင်စီးပွားရေးတို့မှ ကိုယ်ရေးကိုယ်တာ အကျိုးအမြတ်များ ရရှိနေသည်ဟု စွပ်စွဲချက်များရှိပါသည်။ အကယ်၍ ယင်းသည် အမှန်ပင်ဖြစ်ပါက မြန်မာစစ်တပ်သည် ကျောက်စိမ်းတူးဖော်သည့် ဒေသများအား ကြီးကြပ်ရေးနှင့်တကွ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ဦးဆောင်ရေးတို့ နှစ်ခုစလုံးကို လုပ်ဆောင်ခြင်းဖြင့် ပြဿနာများရှိနေကြောင်း ထင်ရှားသည့် အစီအမံတစ်ခုဖြစ်ပါသည်။

မှတ်ချက်ပေးရန်အတွက် တောင်းဆိုရာတွင် မင်းအောင်လှိုင်နှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့မှ တုန့်ပြန်ခဲ့ကြခြင်း မရှိပေ။ အာဏာသိမ်းမှုနောက်ပိုင်းတွင် မင်းအောင်လှိုင်၏ သားသမီးများအား အမေရိကန်ပြည်ထောင်စုမှ ပိတ်ဆို့အရေးယူသည့် စာရင်းသို့ ထည့်သွင်းခဲ့သည်။ [၁၇၆]

၂၀၁၆ ခုနှစ်အတွင်း မြန်မာနိုင်ငံ၏ မြို့တော် နေပြည်တော်ရှိ ၇၁ ကြိမ်မြောက် တပ်မတော်နေ့ အခမ်းအနားအတွင်း စစ်သည်များကို စစ်ဆေးနေသည့် မြန်မာ့တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်၊ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်။ ၎င်း၏ မိသားစုများသည် ကျောက်စိမ်းလုပ်ငန်း အတွင်းမှ အကျိုးအမြတ်များ ရရှိနေသည်ဟု စွပ်စွဲခံထားရသည်။ *Getty Images မှတစ်ဆင့် AFP*





အမေရိကန်မှ အရေးယူပိတ်ဆို့ထားသော ၎င်း၏ Yangon Restaurant တွင် တွေ့မြင်ရသည့် မင်းအောင်လှိုင်၏သား အောင်ပြည့်စုံသည် ကျောက်စိမ်းကုန်သွယ်မှုများမှ အကျိုးခံစားရသူတစ်ဦးဖြစ်သည်။ *JFM မှ တစ်ဆင့် Yangon Restaurant Facebook page*

ဖြတ်ကျော်၍ သယ်ဆောင်သည်” ဟု ယင်းကို ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်ခဲ့ရသည့် ရင်းမြစ်တစ်ဦးက ဆိုသည် -“ကျောက်စိမ်းများ အပြည့်တင်ဆောင်လာသည့် ကားများသည် လွတ်လပ်စွာသွားလာနိုင်ကြသည်။” [၁၈၄] ဤပြည်သူ့စစ်သည် လယ်ယာစီးပွားနှင့် တရားမဝင် သစ်ကုန်သွယ်မှုများအတွင်း ပိုမို ကျယ်ပြန့်သည့် အဆက်အသွယ်များပင် ရှိပါသည်။ [၁၈၅]

ဖားကန့်တွင် တပ်မတော်ကိုယ်စား လုံခြုံရေးပေးအပ်သည့် ရှမ်းနီ တာလောကြီး ပြည်သူ့စစ်၏အဖွဲ့ဝင်များသည် ဖားကန့်တွင် ပြန့်ပွားနေသည့် မူးယစ်ဆေးဝါး ကုန်သွယ်မှုများတွင် ပွဲစားများနှင့် မူးယစ်ဆေးဝါးရောင်းဝယ်သူများအဖြစ် လုပ်ဆောင်ကြသည်ဟု နားလည်ထားကြသည်။ [၁၈၆] ဒေသခံမူးယစ်ဆေးဝါး တိုက်ဖျက်ရေး လှုပ်ရှားသူတစ်ဦးက စစ်တပ်သည် တစ်ခါတစ်ရံတွင် ပြည်သူ့စစ်အဖွဲ့ထံသို့ ၎င်းသိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများကိုပေးအပ်ပြီး ၎င်းတို့၏ ယူနစ်များအတွက် ရန်ပုံငွေပေးအပ်ရရှိစေရန် မူးယစ်ဆေးဝါးများကို ရောင်းချရန် ခွင့်ပြုထားသည်ဟု ဆိုသည်။ [၁၈၇] တာလောကြီးပြည်သူ့စစ်သည် ဖားကန့်သို့သွားသည့် လမ်းတစ်လျှောက်တွင် ရဲတပ်ဖွဲ့နှင့် တပ်မတော်တို့နှင့်အတူ စစ်ဆေးရေးဂိတ်ကြေးများကိုလည်း ကောက်ခံသည်ဟု ဒေသခံရင်းမြစ်တစ်ဦးက ဆိုသည်။[၁၈၈] ဖားကန့်ရှိ ရှမ်းနီနှင့် ကချင်အသိုင်းအဝိုင်းများတွင် တင်းမာမှုများရှိသည့် သမိုင်းကြောင်းတစ်ခုရှိခဲ့ပြီး ဖားကန့်ရှိ ပြည်သူ့စစ်၏ အခန်းကဏ္ဍသည် တပ်မတော်အနေဖြင့် ဗျူဟာမြောက် အကျိုးအမြတ်များအတွက် ပဋိပက္ခများ သက်ရောက်ခံထားရသည့်နယ်မြေများရှိ တိုင်းရင်းသားများ၏ သဘောထားကွဲလွဲမှုအား မည်သို့ အမြတ်ထုတ်ရန် ကြိုးပမ်းခဲ့ကြောင်း ဥပမာကောင်းတစ်ခု ဖြစ်သည်။ [၁၈၉]

အနိမ့်ဆုံးအနေဖြင့် ကျောက်မျက်ရတနာကုမ္ပဏီတစ်ခုဖြစ်သော တပ်မတော်နှင့် ချိန်ညှိထားသည့် ရဝမ်ပြည်သူ့စစ်နှင့်ဆက်စပ်နေသည့် Malikha Gemstone သည် ၂၀၁၉ ခုနှစ်အတွင်း လူ ၅၄ ဦးသေဆုံးခဲ့သော ဖားကန့်ရှိ မြေပြိုမှုတစ်ခုတွင် ပါဝင်ပတ်သက်ခဲ့သည်။[၁၉၀] Rayang Dam ဦးဆောင်သည့် ရဝမ်ပြည်သူ့စစ် Rebellion Resistance Force အား ယခင်မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဟောင်း အုန်းမြင့်က တည်ထောင်ခဲ့ခြင်းဖြစ်ပြီး အစိုးရခရိုနီ ဦးတေဇ နှင့်လည်း နောက်ထပ် အချိတ်အဆက်များရှိကြသည်ဟု ဆိုပါသည်။ ၎င်းတို့ နှစ်ဦးစလုံးသည် ဖားကန့်ရှိ ပဋိပက္ခသယံဇာတ စီးပွားရေးမှ ထိပ်တန်းအကျိုးအမြတ်ရရှိနေသူများ ဖြစ်သည်ဟု Global Witness က ယခင်က ဖော်ပြခဲ့ပါသည်။ [၁၉၁]

ပြည်သူ့စစ်များအား စားပွဲဝိုင်းသို့ခေါ်ဆောင်ပြီး တရားမဝင် နှင့် ပဋိပက္ခစီးပွားရေးများအတွင်းရှိ ၎င်းတို့၏အခန်းကဏ္ဍများအား ဖြေရှင်းခြင်းမရှိဘဲ ငြိမ်းချမ်းရေးဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုများကို ရှေ့ဆက်လုပ်ဆောင်ရန် ခက်ခဲမည် ဖြစ်သည်။ မြန်မာနိုင်ငံ၏ လက်နက်ကိုင်ပဋိပက္ခများနှင့်ပတ်သက်သည့် ဆွေးနွေးမှုများစွာတို့သည် ပြည်သူ့စစ်များ၏ အခက်အခဲဖြစ်စေသော အခန်းကဏ္ဍများကို လျစ်လျူရှုထားလေ့ရှိကြသည်။ BGF များသည် တပ်မတော်၏ ကွပ်ကဲရေးဖွဲ့စည်းပုံအောက်တွင်ပါဝင်ပြီး ကာကွယ်ရေးဝန်ကြီးဌာန လက်အောက်တွင် ရှိသော်လည်း ပြည်သူ့စစ်များသည် အများအားဖြင့် မထင်မရှားလုပ်ဆောင်ပြီး အစိုးရ၏ တိုက်ရိုက်ထိန်းချုပ်မှု ပြင်ပတွင် လုပ်ကိုင်လေ့ရှိကြသည်။ [၁၉၂]

အဆိုပါ ပြည်သူ့စစ်များ၏ အခန်းကဏ္ဍသည် အသစ်အဆန်းမဟုတ်ပေ။ Global Witness အနေဖြင့် မြန်မာနိုင်ငံရှိ ပဋိပက္ခတွင် ပါဝင်သူများ၏ နောက်ထပ် အသက်သွေးကြောတစ်ခုဖြစ်သော ကချင်ပြည်နယ်မြောက်ပိုင်းရှိတရားမဝင်သစ်ကုန်သွယ်မှုများ အတွင်း အဆိုပါအဖွဲ့များ၏ အခန်းကဏ္ဍကိုလည်း နှစ်ပေါင်းများစွာ ဖော်ထုတ်ခဲ့ပါသည်။ [၁၉၃] အာဏာသိမ်းမှုကြောင့် ပေါ်ပေါက်လာခဲ့သည့် မရေရာသော နိုင်ငံရေးအခြေအနေကြောင့် တပ်မတော်အနေဖြင့် တိုင်းရင်းသား လူနည်းစုများ လွှမ်းမိုးသည့် နယ်မြေများတွင် BGF များအပေါ် ပို၍ပင် မှီခိုအားထားလာရနိုင်သဖြင့် ၎င်းတို့အနေဖြင့် တရားမဝင်သည့် လှုပ်ရှားမှုများတွင် ပါဝင် ဆောင်ရွက်ရန် နယ်ပယ်ကို ပိုမို ကျယ်ပြန့်စေနိုင်ပါသည်။ [၁၉၄]

## ကချင်ကာကွယ်ရေးတပ်ဖွဲ့ သို့မဟုတ် ကောင်းခါးပြည်သူ့စစ်

Ma Htu Naw မှ ဦးစီးသော ကချင်ကာကွယ်ရေးတပ်ဖွဲ့ (KDA) အဖြစ် ယခင်က သိထားကြသည့် BGF သည် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ မူးယစ်ဆေးဝါး ကုန်သွယ်မှုများတွင် ခိုင်မာသည့် ဂုဏ်သတင်းတစ်ခုရှိပါသည်။ [၁၉၅] တပ်မတော်နှင့် ချိန်ညှိထားသော ၁၉၉၀ ခုနှစ်များအတွင်း KIA မှ ခွဲထွက်လာခဲ့သည့် ကချင်ပြည်သူ့စစ်သည် ကွတ်ခိုင်အနီးရှိ ကောင်းခါးတွင် တည်ရှိပြီး ယင်းကို တစ်ခါတစ်ရံတွင် ကောင်းခါးပြည်သူ့စစ် ဟုလည်း ခေါ်ပါသည်။ [၁၉၆] အဆိုပါ အဖွဲ့သည် အစောပိုင်း ၁၉၉၀ ပြည့်နှစ်များအတွင်း လက်နက်ချခြင်းဖြင့် အစိုးရထံမှ ကျောက်မျက်ရတနာ တူးဖော်ရေးလုပ်ကိုင်ခွင့်များ ရရှိထားသည်ဟု နားလည်ထားပါသည်။[၁၉၇] ယင်းသည် ထို့နောက်တွင် ၂၀၁၀ ခုနှစ်၌ တပ်မတော်အတွင်းသို့ BGF အဖြစ် ပေါင်းစပ်ဝင်ရောက်ခဲ့သည်။ [၁၉၈]

အဆိုပါ ပြည်သူ့စစ်သည် မူးယစ်ဆေးဝါးထုတ်လုပ်ရေးနှင့်တကွ မှောင်ခိုကုန်သွယ်ရေးတို့တွင် အကြီးအကျယ် ပါဝင်နေသည်ဟု သံသယများရှိနေပါသည်။ ၂၀၂၀ ခုနှစ် မတ်လတွင် တပ်မတော်သည် အဖွဲ့၏ ဌာနချုပ်များကို ဝင်ရောက်စီးနင်းခဲ့ပြီး ပြည်သူ့စစ်အဖွဲ့၏ ခေါင်းဆောင် ၈ ဦးတို့ကို ဖမ်းဆီးခဲ့ကာ အမေရိကန်ဒေါ်လာ သန်း ၂၀၀ နီးပါး တန်ဖိုးရှိသည့် တရားမဝင် မူးယစ်ဆေးများ နှင့် ကိရိယာများကို သိမ်းဆည်းခဲ့သည်။ [၁၉၉] ပြည်သူ့စစ်အဖွဲ့သည် BGF အဖြစ် တပ်မတော်၏ ဖွဲ့စည်းပုံအောက်တွင်ရှိနေပြီး ပြည်သူ့စစ်အဖွဲ့များအနေဖြင့် မည်မျှဒဏ်ခတ်မခံရဘဲ လုပ်ဆောင်နေနိုင်ကြောင်းကို ပြသနေသည်။ အဖွဲ့၏ခေါင်းဆောင်များကို ဖြုတ်ခဲ့ရန် တပ်မတော်၏ ဆုံးဖြတ်ချက်အရ ၎င်း၏ မူးယစ်ဆေးဝါး ကုန်သွယ်မှုအတွင်း ပါဝင်ပတ်သက်မှုသည် စံတင်လောက်အောင် ဆိုးရွားနေသည် သို့မဟုတ် အဆိုပါ အဖွဲ့သည် တပ်မတော်အတွက် အသုံးမဝင်တော့ဟု ယူဆနိုင်ပါသည်။

အဆိုပါ အဖွဲ့နှင့်ဆက်စပ်နေသော ကျောက်စိမ်းကုမ္ပဏီတစ်ခုဖြစ်သည့် ကချင်တိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်ရေး (ကျောက်မျက်ရတနာ) ကုမ္ပဏီ (KNDPC) သည် ဖားကန့်ရှိ ၂၀၁၉ ခုနှစ်အတွင်း မြေပြိုမှုတွင် ပါဝင်ပတ်သက်နေပါသည်။[၂၀၀] ထိုစဉ်က MGE ထံမှ ကိုယ်စားလှယ်တစ်ဦးက ကုမ္ပဏီသည် အဆိုပါ ဧရိယာအတွင်း တူးဖော်ရန်သက်တမ်းရှိနေသေးသော လိုင်စင်မရှိဟုအတည်ပြုခဲ့သည်။[၂၀၁] DICA ၏ မှတ်တမ်းများအရ Ma Htu Naw သည် ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးဖြစ်ကြောင်း တွေ့ရသော်လည်း လုပ်ငန်းအတွင်းရှိ ရင်းမြစ်များကမူ ၎င်းသည် တူးဖော်ရေးလုပ်ငန်းများအတွင်း ကိုယ်တိုင်ကိုယ်ကျ ပါဝင်ပတ်သက်မှုမရှိဟု ဆိုကြသည်။[၂၀၂] အမှန်တကယ်တွင် ကုမ္ပဏီ၏ တူးဖော်ရေးလုပ်ငန်းအများစုတို့အား Kwe Pinn ဟု ခေါ်သည့် ပိုမို အင်အားကြီးထွားလာလျက်ရှိသည့် တရုတ်လူမျိုး စီးပွားရေးလုပ်ငန်းရှင်တစ်ဦးမှ လည်ပတ်ဆောင်ရွက်သည်ဟု ရင်းမြစ်သုံးခုတို့က Global Witness အား ပြောကြားခဲ့ပါသည်။[၂၀၃] Kwe Pinn သည် Maw Mau Layang ရှိ KNDPC ၏ အမြတ်အစွန်း အများဆုံး ကျောက်စိမ်းလုပ်ကွက်များကို စီမံခန့်ခွဲသူဖြစ်သည်။ အဆိုပါနေရာတွင် ကုမ္ပဏီသည် ၂၄ နာရီ လည်ပတ်ပြီး တက်ကြွ ထက်သန်စွာ တူးဖော်ထုတ်လုပ်လျက်ရှိခဲ့သည်ဟု Global Witness အား ပြောဆိုခဲ့ကြပါသည်။[၂၀၄] ကျောက်စိမ်းလုပ်ငန်းအတွင်း အဆက်အသွယ်များရှိသည့် နိုင်ငံရေးသမားတစ်ဦးက Ma Htu Naw သည် လိုင်စင်ရရှိရန် အကူအညီပေးခဲ့ရုံမျှသာဖြစ်ပြီး အမြတ်အစွန်းများ၏ ဝေစုတစ်ခုကို ရယူခြင်းဖြစ်ကာ အဓိကရင်းနှီးမြှုပ်နှံသူသည် Kwe Pinn ဖြစ်သည်ဟု ရှင်းပြခဲ့သည်။[၂၀၅] DICA ၏ မှတ်တမ်းများအရ Kaung Kwe Pinn ဟုခေါ်သည့် ဒါရိုက်တာ နှင့် ရှယ်ယာရှင်တစ်ဦးသည် ကုမ္ပဏီ၏ ၁၈% ကို ပိုင်ဆိုင်ပါသည်။ [၂၀၆]

KNDPC ကိုယ်စားလှယ်များသည် မှတ်ချက်ပေးရန် တောင်းဆိုမှုကို တုန့်ပြန်ခဲ့ကြခြင်း မရှိပေ။

## ၂.၂ ကချင်လွတ်လပ်ရေးအဖွဲ့ချုပ်၏ အဓိက ကျသည့် အခန်းကဏ္ဍ

အရင်းအမြစ်အမျိုးမျိုးတို့အရ ကျောက်စိမ်းသည် KIO/A အတွက် အကြီးမားဆုံး ဝင်ငွေအရင်းအမြစ်တစ်ခု ဖြစ်နေဆဲဖြစ်ပြီး ပယင်းတူးဖော်ထုတ်လုပ်မှု နှင့် သစ်လုပ်ငန်းတို့သည် နောက်ထပ်ဝင်ငွေအရင်းအမြစ်များ ဖြစ်ကြသည်။ သို့တိုင် အဖွဲ့၏ ဘဏ္ဍာငွေများအား ပဟေဠိအဖြစ် ဆက်လက်ဖုံးကွယ်ထားဆဲဖြစ်သည်။[၂၀၇] အစိုးရမှ ခွင့်ပြုချက်ပေးထားသည့် ကျောက်စိမ်းဆိုင်ရာ စီမံအုပ်ချုပ်မှုအတွင်း တရားဝင် အခန်းကဏ္ဍမရှိဘဲ အရေးပါသည့် လိုင်စင်ရှိသော လုပ်ငန်းအနည်းငယ်သာ ကျန်ရှိသော်လည်း KIO/A သည် အခွန်ကောက်ခံခြင်း၊ မှောင်ခိုကုန်သွယ်ခြင်း နှင့် သယ်ယူပို့ဆောင်ခြင်းတို့နှင့်တကွ အချို့သော ထုတ်လုပ်မှုတို့မှတစ်ဆင့် ယနေ့ ကျောက်စိမ်းကုန်သွယ်မှုတွင် အဓိကအခန်းကဏ္ဍ၌ ပါဝင်နေဆဲ ဖြစ်သည်။

KIO/A ကို ၁၉၆၁ ခုနှစ်တွင် တည်ထောင်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံရှိ အကြီးမားဆုံးနှင့် သက်တမ်းအကြာဆုံး တိုင်းရင်းသားအဖွဲ့အစည်းတစ်ခုဖြစ်ပြီး ၎င်း၏ လက်နက်ကိုင်အဖွဲ့သည် ၁၉၉၄-၂၀၁၁ အပစ်အခတ်ရပ်စဲမှုအတွင်းမှလွဲ၍ ၁၉၆၁ ခုနှစ်ကတည်းက စတင်ကာ တပ်မတော်နှင့် စစ်ဖြစ်ပွားလျက်ရှိခဲ့သည်။ [၂၀၈] ယနေ့ အခါတွင် KIO/A နှင့် ပဋိပက္ခများသည် မြန်မာနိုင်ငံရှိ အမြစ်အတွယ်နေဆုံးနှင့် အရှုပ်ထွေးဆုံး ပဋိပက္ခတစ်ခု ဖြစ်နေဆဲဖြစ်ပါသည်။ ဖြစ်ပွားနေဆဲပဋိပက္ခနှင့် ယခင် အပစ်အခတ်ရပ်စဲမှုတို့သည် မြန်မာနိုင်ငံမြောက်ပိုင်းဒေသအပေါ် သက်ရောက်နေသည့် တရားမဝင်နှင့် နိုင်ငံရေး-စီးပွားရေးဆိုင်ရာ အင်အားစုများ၏အစိတ်အပိုင်းများစွာတို့ကို အခါအခွင့်ရရှိစေသည်။ ဤသို့သော ပဋိပက္ခ သယံဇာတ စီးပွားရေးသည် ဖြစ်ပွားနေသည့် တိုက်ပွဲများကို နားလည် သဘောပေါက်ရေးနှင့် ဖြေရှင်းနိုင်မည့် နည်းလမ်းများ ဖန်တီးရေးတို့အတွက် အဓိက ကျပါသည်။ [၂၀၉]

၁၉၉၄ ခုနှစ်မတိုင်မီတွင် KIO/A သည် ကချင်ပြည်နယ်အတွင်းရှိ ကျောက်စိမ်းတူးဖော်ထုတ်လုပ်မှုများအားလုံး နီးပါးကို ထိန်းချုပ်ခဲ့ပြီး လုပ်ငန်းကို စောင့်ကြည့်ရန် အတွက် ဒေသခံပြည်သူများပါဝင်သော ကျောက်စိမ်းတွင်း စီမံခန့်ခွဲရေး ကော်မတီများကို တည်ထောင်ခဲ့သည်။ ကျောက်စိမ်းတွင်းများသည် အရွယ်အစား သေးငယ်ခဲ့ပြီး KIO/A သည် ကျောက်စိမ်းလုပ်ငန်းမှ အခွန် ၁၀% ဖြင့် ရန်ပုံငွေ ရရှိခဲ့သည်။ [၂၂၈] ၁၉၉၄ ခုနှစ် နောက်ပိုင်းတွင် တရားဝင်လိုင်စင်ထုတ်ပေးသည့် အာဏာကို အာဏာရ စစ်အစိုးရထံသို့ လွှဲပြောင်းခဲ့ပြီး ဒေသခံအသိုင်းအဝိုင်းများနှင့် သဘာဝပတ်ဝန်းကျင်တို့အပေါ် သိသာများပြားသည့် ထိခိုက်မှုများဖြစ်စေခဲ့သည့် အကြီးစား တူးဖော်ရေးလုပ်ငန်းများ တစ်ဟုန်ထိုး တိုးပွားလာခဲ့သည်။ ဤပြောင်းလဲမှုအကြောင်း မေးမြန်းရာတွင် KIO က Global Witness ထံ အောက်ပါအတိုင်း စာအဆက်အသွယ်ဖြင့် ရှင်းပြခဲ့သည် -

> *"၁၉၉၄ ခုနှစ်၌ KIO နှင့် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးကောင်စီ စစ်အစိုးရတို့အကြားတွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုတစ်ခု ပြုလုပ်ခဲ့ပြီးနောက်ပိုင်းတွင် KIO သည် ဖားကန့် ကျောက်စိမ်းတွင်း နယ်မြေများအပေါ် ထိန်းချုပ်ခွင့် ဆုံးရှုံးခဲ့သည်။ ထိုစဉ်မှ စတင်ကာ စစ်အစိုးရသည် တူးဖော်ရေးကုမ္ပဏီအများအပြားထံသို့ ကျောက်စိမ်းတူးဖော်ခွင့်များထုတ်ပေးခဲ့ပြီး နည်းလမ်းဟောင်းဖြင့် တူးဖော်သော ကျောက်စိမ်းစီးပွားရေးလုပ်ငန်းသည် လုံးဝ ပျောက်ကွယ်သွားခဲ့သည်။ ဒေသခံပြည်သူများအနေဖြင့် ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းကို လက်လှမ်းမီခြင်း မရှိတော့ပေ။ လူနေသည့်ဒေသများနှင့် လယ်ယာမြေများကိုလည်း ကျောက်စိမ်းတွင်းများအဖြစ်သို့ ပြောင်းလဲခဲ့သည်။ သဘာဝပတ်ဝန်းကျင်၊ မြစ်ချောင်းများနှင့် ရေစီးရေလာများ ထိခိုက်ပျက်စီးခဲ့ပြီး မိုးရာသီ ရောက်တိုင်း ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သည်။ ဒေသအတွင်းသို့ ရေမဆေးသမားများစွာ ဝင်ရောက်လာခဲ့ပြီး လူဦးရေပွားများလာခဲ့ကာ လူမှုရေးပြဿနာများစွာ ဖြစ်ပေါ်လာစေခဲ့သည်။" [၂၂၉]*

၂၀၁၁ ခုနှစ်တွင် ပဋိပက္ခပြန်လည်ဖြစ်ပွားခဲ့ချိန်တွင် KIO/A သည် ကျောက်စိမ်းတူးဖော်ရေး နယ်မြေများအပေါ် ဩဇာလွှမ်းမိုးမှု နှင့် ထိန်းချုပ်မှုတို့ ပြန်လည်ရရှိနိုင်ရန် ကြိုးပမ်းခဲ့သည်။ ၎င်းတို့အနေဖြင့် ဖားကန့်ရှိ စစ်တပ်၏ ထိန်းချုပ်မှုကို ပြန်လည်ရယူခဲ့ခြင်းမရှိသော်လည်း တူးဖော်ရေးကုမ္ပဏီများကို အခွန်ကောက်ခံခြင်းကို အောင်မြင်စွာ ပြန်လည်စတင်နိုင်ခဲ့သည်။ ယင်းအခွန်ကောက်ခံမှုစနစ်သည် ယနေ့တိုင် အများအားဖြင့် ဆက်လက်ရှိနေသေးပါသည်။ [၂၃၀]

## KIO/A ၏ ကျောက်စိမ်းလုပ်ငန်းမှ ဝင်ငွေများ

KIO မြန်မာနိုင်ငံအစိုးရ၏ အခွန်ကောက်ခံမှုနှင့်အပြိုင် အခွန်ကောက်ခံမှု စနစ်တစ်ခုကို လည်ပတ်လုပ်ဆောင်ပြီး ယင်းကို အပြည့်အဝတရားဝင်သည်ဟု ရှုမြင်ပါသည်။ [၂၃၁] KIO သည် ကျောက်စိမ်းတူးဖော် ထုတ်လုပ်မှုတွင် ပါဝင်ပတ်သက်နေသည့် ကုမ္ပဏီများအား နှစ်ပေါင်းများစွာ အခွန်ကောက်ခံ ခဲ့ပါသည်။ အကြောင်းမှာ အဓိကအားဖြင့် မြန်မာနိုင်ငံမြောက်ပိုင်းရှိ ပြင်းထန်နေသည့် ပြည်တွင်း ပဋိပက္ခကို ငွေကြေးပံ့ပိုးရန်နှင့်တကွ သောင်းနှင့်ချီသော ပြည်တွင်း နေရပ်စွန့်ခွာရသူများကို စောင့်ရှောက်ရန် နှင့် KIO နယ်မြေများအား အုပ်ချုပ်စီမံရာတွင် အထောက်အပံ့ ရရှိရန်ဖြစ်သည်။ KIO သည် ၎င်းအနေဖြင့် ကျောက်စိမ်းထုတ်လုပ်မှုကို အခွန်ကောက်ခံခြင်းမှ ရန်ပုံငွေမည်သည့်ပမာဏ ရရှိကြောင်း ထုတ်ဖော်ရန် ငြင်းဆိုခဲ့ပြီး အခွန်ပေးဆောင်သူ စာရင်းကိုလည်း ထုတ်ဖော်လိုခြင်း မရှိခဲ့ပေ။ မည်သို့ပင်ဆိုစေကာမူ ယင်းက KIO စီးပွားရေးဌာန၏ ကျောက်စိမ်းလုပ်ငန်းဌာနသည် ကျောက်စိမ်း တူးဖော်ထုတ်လုပ်မှုများမှ အခွန်များနှင့် ဝင်ငွေများကို စုဆောင်းရန် တာဝန်ယူကြောင်း ဝန်ခံခဲ့သည်။ [၂၃၂] မည်သို့ပင်ဆိုစေကာမူ လက်တွေ့၌ ဖားကန့်ရှိ ဝင်ငွေကောက်ခံမှု လုပ်ငန်းအား KIA တပ်ရင်း ၆ မှ ဦးစီးပါသည်။ [၂၃၃]

အခွန်နှင့် အခကြေးငွေအမျိုးမျိုးတို့အား ကောက်ခံပြီး ပမာဏအတိအကျကိုမူ ညှိနှိုင်းနိုင်ပါသည်။ စစ်တပ်ပိုင်ကုမ္ပဏီများအပါအဝင် ကုမ္ပဏီအားလုံးတို့သည် အဆိုပါအခွန်များနှင့် အခကြေးငွေများကိုပေးရပြီး ထိုသို့မပေးပါက KIA သည် ၎င်းတို့၏ ကျောက်စိမ်းများကို သိမ်းယူမည်ဖြစ်သည်။ [၂၃၄]

- ကုမ္ပဏီများအနေဖြင့် ဖားကန့်တွင် တူးဖော်ခွင့်အတွက် KIO/A ထံသို့ "ခွင့်ပြုချက်" သို့မဟုတ် "ကုမ္ပဏီ" ဆိုင်ရာအခကြေးငွေ သိန်း ၃၀၀ မှ သိန်း ၁၀၀၀၀ အထိ (အမေရိကန်ဒေါ်လာ ၂၀၀၀၀ မှ ၇၀၀၀၀၀ အထိ) နှစ်စဉ်ပေးအပ်ရသည်။[၂၃၅] KIO/A က ၎င်းတို့သည် ကျောက်စိမ်းတူးဖော်သည့် ကုမ္ပဏီများအား ၎င်းတို့၏ကေပမာဏပေါ်အခြေခံ၍ အခွန်ကောက်ခံသည်ဟု Global Witness အား ပြောကြားခဲ့ပါသည်။ [၂၃၆]

- ထို့ပြင် ကုမ္ပဏီများ နှင့် ရေမဆေးသမားများသည် KIO/A ၏ တန်ဖိုးဖြတ်ရေးကော်မတီမှ သတ်မှတ်ထားပြီး ပွဲစားများပါဝင်သည့် ကွန်ရက်တစ်ခုမှတစ်ဆင့် ညှိနှိုင်းလေ့ရှိသည့် တန်ဖိုးအခွန်တစ်ခုကို ပေးဆောင်ရသည်။ ပုံမှန်အားဖြင့် အလယ်အလတ်တန်းစားကျောက်စိမ်းအတွက် ၁၀% နှင့် တန်ဖိုးမြင့်ကျောက်စိမ်းအတွက် ၂၅% အထိဖြစ်သည်။ တူးဖော်သူများသည် ငွေပေးချေပြီးနောက် တရားဝင် အခွန်ပြေစာတစ်စောင်ရရှိသည်။ ကျောက်စိမ်းအရိုင်းတုံးတစ်ခုအား တန်ဖိုးဖြတ်ခြင်းသည် ဓမ္မဓိဋ္ဌာန်မကျဘဲ အလွယ်တကူခြယ်လှယ်မှုများ ပြုလုပ်နိုင်သည်။ အခွန်ကောက်ခံသည့် ပမာဏများကို အခြေခံကာ သဘောတူထားသည့် တန်ဖိုးတစ်ခုကို ဆုံးဖြတ်ရာတွင် KIO/A နှင့် အစိုးရတို့သည် ၎င်းတို့၏ သက်ဆိုင်ရာ တန်ဖိုးဖြတ်ရေးကော်မတီအသီးသီးတို့မှပြုလုပ်သည့် ဆုံးဖြတ်ချက်များကို အခြေခံထားသည့်တန်ဖိုးတစ်ခုကို သဘောတူညီရန်အတွက် ပွဲစားများမှတစ်ဆင့် ဆက်သွယ်ကြသည်။ တပ်မတော်သည် နောက်ထပ် လေးပုံတစ်ပုံအား လာဘ်ငွေ သို့မဟုတ် အကူအညီပေးသည့် အခကြေးငွေအဖြစ် ကောက်ယူသည်။[၂၃၇] ရေမဆေးသမားများသည် အဆိုပါအခကြေးငွေများနှင့် အခွန်များကို နှစ်ဖက်စလုံးထံ ပေးရပြီး ယင်းသည် အမြတ်အစွန်းများပြားသော တူးဖော်ရေး နယ်မြေများအပေါ် ထိန်းချုပ်မှုအတွက် KIA နှင့် တပ်မတော်တို့အကြား တိုက်ခိုက်မှုများ မဖြစ်စေရန်လည်း အကာအကွယ်ပေးသည်။ [၂၃၈]

- KIO/A သည် ကျောက်စိမ်းကုန်သည်များမှ ရောင်းချသည့် ကျောက်စိမ်း၏ တန်ဖိုးအပေါ်တွင်လည်း ၁၀% မှ ၃၃% အထိရှိသော အရောင်းခွန်တစ်ခုကို ကောက်ခံသည်။ [၂၃၉]

- KIO/A သည် နှစ်စဉ် "လုံခြုံရေးဆိုင်ရာ အခကြေးငွေ" တစ်ခုကိုလည်း ကောက်ခံသည်။ [၂၄၀]

# ကျောက်စိမ်း – ကချင်ပြည်နယ်၏ ခါးသီးသည့် အပစ်အခတ်ရပ်စဲရေး အတွေ့အကြုံ

ကချင်ပြည်နယ်တွင် ကျောက်စိမ်းကုန်သွယ်မှုသည် လက်နက်ကိုင် ပဋိပက္ခများနှင့် ကာလရှည်ကြာ ဆက်စပ်နေခဲ့သည်။ [၂၁၀] ၁၉၆၁ ခုနှစ်အတွင်း အစိုးရ နှင့် KIO/A တို့အကြား စစ်ပွဲစတင်ဖြစ်ပွားခဲ့ပြီးနောက်တွင် ကျောက်စိမ်းသည် KIO/A ၏ စစ်ဆင်ရေးများကို ငွေကြေးပံ့ပိုးပေးရာတွင် ပိုမိုတိုက်ရိုက်ဖြစ်သည့် အခန်းကဏ္ဍတွင် ပါဝင်လာခဲ့သည်။ ဖားကန့်မှ ကျောက်စိမ်းအခွန်များသည် နှောင်းပိုင်း ၁၉၈၀ ခုနှစ်များမတိုင်မီအထိ အဆိုပါအဖွဲ့အတွက် အဓိကဝင်ငွေလမ်းကြောင်းတစ်ခု ဖြစ်ခဲ့ပြီး KIA သည် ထိုင်းနယ်စပ်တွင်လည်း လက်နက်များနှင့် ကျောက်စိမ်းများကို လဲလှယ်ပါသည်။ [၂၁၁]

မြန်မာနိုင်ငံ အရှေ့မြောက်ပိုင်းရှိ အခြားသောလက်နက်ကိုင်တပ်ဖွဲ့များနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုများ ရရှိခဲ့ပြီးသည့်နောက်တွင် တပ်မတော်သည် ကျောက်စိမ်းတွင်းများ နှင့် ကုန်သွယ်ရေးလမ်းကြောင်းများကို ပစ်မှတ်ထားကာ KIO/A အပေါ် တိုက်ခိုက်ရန် အာရုံစူးစိုက်လာနိုင်ခဲ့သည်။ [၂၁၂] ၁၉၉၄ ခုနှစ် ရောက်ရှိခဲ့ချိန်တွင် ယင်းသည် ဖားကန့်အနီးတစ်ဝိုက်ရှိ အဓိကသတ္တုတွင်းအများစုတို့အပေါ် ထိန်းချုပ်မှုကို ရယူနိုင်ခဲ့သည်။ ၁၉၉၄ ခုနှစ် ဖေဖော်ဝါရီလတွင် KIO/A သည် အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး ငြိမ်းချမ်းရေးနှင့်တကွ KIO/A အား ကချင်ပြည်နယ်၏ အလွန့်အလွန်ကြီးမားသော သဘာဝသယံဇာတကြွယ်ဝမှုများ - အဓိကအားဖြင့် သစ်လုပ်ငန်း နှင့် ကျောက်စိမ်းလုပ်ငန်းတို့မှ အကျိုးအမြတ်ရရှိပိုင်ခွင့် ပေးအပ်ခဲ့သည်။ [၂၁၃]

မည်သို့ပင်ဆိုစေကာမူ ၁၉၉၄ ခုနှစ် အပစ်အခတ်ရပ်စဲမှုမှစတင်ကာ ကျောက်စိမ်း ကြွယ်ဝမှုများသည် ကချင်ပြည်သူများထံမှ အများအားဖြင့် စီးဆင်းထွက်ခွာသွားခဲ့သည်။ မြန်မာနိုင်ငံအစိုးရသည် တပ်မတော်မိသားစုများ၊ မိတ်ဆွေများ၊ ခရိုနီလုပ်ငန်းစုကြီးများ နှင့် တပ်မတော်အနေဖြင့် နှစ်သိမ့်လိုသော သို့မဟုတ် နီးစပ်လိုသော ပအိုဝ်း နှင့် UWSP/A တို့ကဲ့သို့သော အပစ်အခတ်ရပ်စဲသည့် အဖွဲ့အစည်းများထံသို့ ကျောက်စိမ်းတူးဖော်ခွင့်များ ဆက်လက်ပေးအပ်ခဲ့သည်။[၂၁၄] ကချင်ပြည်နယ်ရှိ ပထမဆုံးသော သယံဇာတဆိုင်ရာ လုပ်ပိုင်ခွင့်အချို့အား ၁၉၈၉ ခုနှစ်အတွင်း UWSP/A ခေါင်းဆောင်များထံသို့ ပေးအပ်ခဲ့ခြင်းကြောင့် ယခင်သူပုန်အဖွဲ့ဟောင်းများနှင့် တရုတ်စီးပွားရေးသမားများအနေဖြင့် ကျောက်စိမ်းလုပ်ငန်းကို လုပ်ကိုင်ခွင့်ရရှိရန်အတွက် ဝများနှင့် ပူးပေါင်းခဲ့ကြသဖြင့် ဝများအတွက် ကျောက်စိမ်းအရောင်းအဝယ်များအပေါ် အမြတ်ထုတ်ရန် အကောင်းဆုံး အနေအထားတစ်ခုကို ရရှိစေခဲ့သည်။ [၂၁၅]

မြန်မာနိုင်ငံရှိ ခရိုနီလုပ်ငန်းစုကြီးများသည်လည်း စစ်အစိုးရခေတ်အတွင်း စစ်တပ်အား ထောက်ကန်ပေးထားခြင်း နှင့် တိုင်းရင်းသားဒေသများအတွင်း စစ်ရေးလုပ်ဆောင်မှုများ တိုးပွားလာခြင်းတို့တွင် အဓိကကျသည့် အခန်းကဏ္ဍတစ်ရပ်မှ ပါဝင်ခဲ့သည်။ ၎င်းတို့သည် ပဋိပက္ခသက်ရောက်ခံထားရသည့် နယ်မြေများအတွင်း အကြီးစား အခြေခံအဆောက်အဦများ တည်ဆောက်ရေးအတွက် အပြန်အလှန်အားဖြင့် အကျိုးအမြတ်များစွာရရှိသော သယံဇာတဆိုင်ရာ လုပ်ပိုင်ခွင့်များ ပြန်လည်ရရှိခဲ့သည်။ ကုမ္ပဏီများ၏ ရှယ်ယာရှင်များနှင့် ပိုင်ရှင်များစွာတို့သည် စစ်အစိုးရနှင့် မိသားစုနှင့် လူမှုရေးဆိုင်ရာ ဆက်နွယ်မှုများရှိနေပါသည်။[၂၁၆] မဟာမိတ်များထံသို့ လုပ်ပိုင်ခွင့်များပေးအပ်သည့် ဤဗျူဟာသည် အစိုးရနှင့် ၎င်း၏ စီးပွားရေးလုပ်ငန်းရှင် မဟာမိတ်များအတွက် နှစ်ဦးနှစ်ဖက် ဝင်ငွေများရရှိစေကာ ဖားကန့်အပေါ် နယ်မြေဒေသဆိုင်ရာထိန်းချုပ်မှုကိုလည်း ခိုင်မာစေခဲ့သည်။ [၂၁၇]

တစ်ချိန်တည်းတွင် အစိုးရသည် ကချင်ပြည်နယ်အတွင်း တန်ဖိုးကြီးမားသည့် ကျောက်မျက်များပိုင်ဆိုင်မှုအား ရာဇဝတ်မှုအဖြစ် သတ်မှတ်ခြင်းအပါအဝင် ကျောက်စိမ်းအပေါ် ကန့်သတ်ချက်များကို တင်းကျပ်ခဲ့သည်။[၂၁၈] တိုင်းပြည်၏ ပြင်ပသို့ မှောင်ခိုတင်ပို့ခြင်းမရှိသည့် ကျောက်စိမ်းများအား အစိုးရမှ ထိန်းချုပ်ထားသော ရန်ကုန်နှင့် ၂၀၀၆ ခုနှစ်တွင် နိုင်ငံ၏မြို့တော်ဖြစ်လာခဲ့သည့် နေပြည်တော်တို့ရှိ အရောင်းပြပွဲများမှတစ်ဆင့် လမ်းကြောင်းဖန်တီးပေးသည်။ အရောင်းပြပွဲများသည် ယခုအခါတွင် ရန်ကုန်၊ နေပြည်တော်၊ မန္တလေးနှင့် မြစ်ကြီးနားတို့တွင် ရှိနေကြပြီဖြစ်သော်လည်း အရည်အသွေးအမြင့်မားဆုံး “ပထမတန်းစား” (A အဆင့်) ကျောက်စိမ်းကိုမူ နေပြည်တော်တွင်သာ ရောင်းချရန် သတ်မှတ်ထားဆဲဖြစ်သည်။ ၂၀၁၇ ခုနှစ်တွင် NLD အစိုးရသည် B အဆင့် ကျောက်များ ရောင်းချမှုအပေါ် ကန့်သတ်ချက်များကို ဖြေလျှော့ပေးခဲ့ပြီး မြစ်ကြီးနားရှိ အရောင်းပြပွဲများတွင် ရောင်းချရန် ခွင့်ပြုခဲ့သည်။ [၂၁၉] အဆိုပါ ကန့်သတ်ချက်များသည် ကျောက်စိမ်းအပေါ်သာမကဘဲ ဝယ်ယူမှုများ ပြုလုပ်ရန်အတွက် ပြည်ပမှဝယ်သူများ အသုံးပြုသည့် နိုင်ငံခြားငွေကြေးအပေါ်တွင်ပါ အစိုးရ၏ထိန်းချုပ်မှုကို ခိုင်မာအားကောင်းစေခဲ့သည်။

KIO/A သည် အပစ်အခတ်ရပ်စဲမှုတစ်ခုကို လက်မှတ်ရေးထိုးခဲ့သော်လည်း ၎င်းစီမံအုပ်ချုပ်ခဲ့သည့်နယ်မြေကို ဆက်လက်ရရှိထားဆဲဖြစ်ပြီး နိုင်ငံရေးဆိုင်ရာ ပြေငြိမ်းမှုတစ်ခုမရှိသည့်အတွက် စစ်တပ်တစ်ခုထားရှိသည်။ စစ်အစိုးရအနေဖြင့်



အကြီးစားတူးဖော်ရေးကုမ္ပဏီတစ်ခုဖြစ်သော Ever Winner ကုမ္ပဏီ၏ တူးဖော်ရေးလုပ်ကွက်တွင်လုပ်ကိုင်နေသော ထရပ်ကားကြီးများ။ ကချင်ပြည်နယ်ရှိ အပစ်အခတ်ရပ်စဲမှုသည် စစ်တပ်နှင့် မဟာမိတ်ဖွဲ့ထားသည့် စီးပွားရေးသမားများအတွက် ဖားကန့်ရှိ ကြွယ်ဝမှုများကို ပြောင်တလင်းခါအောင် ယူဆောင်သွားရန် အခွင့်အလမ်းဖြစ်စေခဲ့သည်။

အဖွဲ့ထံမှ တူးဖော်ရေးနယ်မြေများအပေါ် ထိန်းချုပ်မှုကို ရယူခဲ့ပြီး ယင်း၏ မိတ်ဖက်များထံသို့ တူးဖော်ရန် အခွင့်အရေးများ ရွှေ့ပြောင်းပေးအပ်ခဲ့သောကြောင့် ကျောက်စိမ်းဝင်ငွေများစွာတို့ကို မရရှိသဖြင့် အဖွဲ့သည် ယင်းထိန်းချုပ်ထားသည့် အခြားသော သယံဇာတကြွယ်ဝမှု၏ အဓိကအရင်းအမြစ်များဘက်သို့ လှည့်ခဲ့သည်။ ယင်းတို့အနက် အဓိကမှာ အဖိုးတန်သစ်တောများ ဖြစ်ကြသည်။[၂၂၀] ထိုစဉ်အချိန်တွင် တရုတ်နိုင်ငံ၏သစ်ဝယ်လိုအားသည် တစ်ဟုန်ထိုးမြင့်တက်လာခဲ့သဖြင့် သစ်ထုတ်လုပ်မှုများ ထိန်းမနိုင်သိမ်းမရ ဖြစ်ပေါ်လာခဲ့သည်။[၂၂၁] အစောပိုင်း ၂၀၀၀ ပြည့်နှစ်များတွင် သစ် ကုဗမီတာပေါင်း ၁ သန်း အထိ နှစ်စဉ် နယ်စပ်ဖြတ်ကျော်၍ ပို့ဆောင်ခဲ့သည်ဟု Global Witness က ခန့်မှန်းခဲ့ပါသည်။ [၂၂၂]

သစ်ထုတ်လုပ်မှုများ မြင့်တက်လာခြင်းသည် သဘာဝပတ်ဝန်းကျင် နှင့် လူမှုရေးဆိုင်ရာ ထိခိုက်မှုများကို ဖြစ်ပေါ်လာစေပြီး ကချင်လူထုအကြားတွင် အပစ်အခတ်ရပ်စဲရေးသာမကဘဲ KIO/A ၏ အထက်အဆင့်ဆင့်တို့အတွင်း အကျင့်ပျက်ခြစားမှုများရှိနေသည်ဟု ပိုမိုခံစားမိလာခဲ့သည်။ သာမန် ကချင်ပြည်သူများအနေဖြင့် သစ်တောပြုန်းမှု၊ မြေယာသိမ်းဆည်းခံရမှု၊ မြန်မာနိုင်ငံ၏ အခြားသောဒေသများမှ အစုလိုက်အပြုံလိုက် ရွှေ့ပြောင်းလာမှုနှင့် တပ်မတော်၏ ပိုမို ပျံ့နှံ့ရောက်ရှိလာမှုတို့ကို ရင်ဆိုင်ခဲ့ရသော်လည်း ၎င်း၏ခေါင်းဆောင်များမှာမူ သစ်ကုန်သွယ်မှုမှတစ်ဆင့် အလွန်များပြားသော ကိုယ်ပိုင်ကြွယ်ဝမှုများ စုဆောင်းမိလာခဲ့သည်။ ယင်းတို့အားလုံးသည် ၂၀၀၀ ပြည့်နှစ်များအတွင်း KIO/A ၏ တရားဝင်မှုအပေါ် ပြဿနာတစ်ခုဖြစ်ပေါ်လာစေခဲ့သည်။[၂၂၃] ဒုတိယစစ်ဦးစီးချုပ် ဗိုလ်ချုပ်ဂွမ်မော်ကဲ့သို့သော ပိုမိုငယ်ရွယ်သည့် KIO/A ခေါင်းဆောင်များနှင့် သဘောထားနှင့် ဆန္ဒတို့ တိုက်ဆိုင်သည့် မျိုးဆက်သစ်တစ်ခုသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပိုမိုရရှိရန် နှင့် ကချင်ပြည်နယ်၏ သယံဇာတများမှ မျှတသည့်ဝေစုတစ်စုကို ရရှိရေးအတွက် ရပ်တည်လိုခဲ့ကြသည်။ [၂၂၄]

၂၀၁၁ ခုနှစ်တွင် ပြုပြင်ပြောင်းလဲရေးဝါဒီ ဦးသိန်းစိန်အစိုးရ ပေါ်ပေါက်လာခြင်းသည် တင်းမာမှုများကိုထိန်းသိမ်းရန် မလုံလောက်ခဲ့ပေ။ သဘာဝသယံဇာတများနှင့်ပတ်သက်သည့် အငြင်းပွားမှုတစ်ခုနှင့် အထူးသဖြင့် ဒါးပိန်ရှိ တရုတ်နိုင်ငံမှ ကျောထောက်နောက်ခံပြုထားသော ရေအားလျှပ်စစ်စီမံကိန်းတစ်ခုနှင့် ပတ်သက်သည့် အငြင်းပွားမှုများသည် တပ်မတော်အနေဖြင့် ၂၀၁၁ ခုနှစ် ဇွန်လ၌ KIA အား တိုက်ခိုက်ခဲ့သည့်အချိန်တွင် မီးကုန်ယမ်းကုန် ပဋိပက္ခတစ်ခု ပြန်လည်စတင်ရန်အတွက် မီးပွားတစ်ခုပေးအပ်ခဲ့သည်။[၂၂၅] ၂၀၁၆ ခုနှစ်၌ ဒေါ်အောင်ဆန်းစုကြည်၏ အရပ်သားဦးဆောင်သောအစိုးရသစ် အာဏာရရှိလာခဲ့ချိန်တွင် တပ်မတော် နှင့် KIA တို့သည် သယံဇာတကြွယ်ဝသည့် နယ်မြေများအတွင်း တိုက်ပွဲများ ဆက်လက်ဖြစ်ပွားခဲ့သည်။ တပ်မတော်သည် ဒေသအပေါ် ၎င်း၏ တိုက်ခိုက်မှုများကို ၂၀၁၈ ခုနှစ်တွင် အရှိန်မြှင့်လုပ်ဆောင်ခဲ့ပြီး KIA မှ အခွန်ကောက်ခံသော ပယင်း နှင့် ရွှေတူးဖော်သည့် နယ်မြေများကို ပစ်မှတ်ထားကာ တိုက်ပွဲအတွင်း ပိတ်မိနေခဲ့သည့် ထောင်ပေါင်းများစွာသော အရပ်သားများစွာတို့အတွက် လူသားချင်းစာနာထောက်ထားမှု အကျပ်အတည်းတစ်ခုကို ပေါ်ပေါက်လာစေခဲ့သည်။[၂၂၆] အပြင်းအထန် တိုက်ခိုက်မှုများသည် အဖွဲ့အား အပစ်အခတ်ရပ်စဲရေးဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုများမှ ဖယ်ထုတ်ရန် ရည်ရွယ်ထားခြင်း ဖြစ်နိုင်သည်ဟူသော စိုးရိမ်ပူပန်မှုများကို KIA ခေါင်းဆောင်များက ထုတ်ဖော်ပြောကြားခဲ့ကြသည်။ [၂၂၇]

ကချင်ပြည်နယ်၏ အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အတွေ့အကြုံမှ အရေးပါသည့် သင်ခန်းစာတစ်ရပ်မှာ ကချင်ပြည်နယ်၏ သဘာဝသယံဇာတ ကြွယ်ဝမှုများကို မျှတစွာစီမံခန့်ခွဲရန်အတွက် အခြေခံတစ်ခုကိုမပေးသည့် မည်သည့်ငြိမ်းချမ်းရေးအပေးအယူမဆိုသည် အောင်မြင်နိုင်မည်မဟုတ်ဟူ၍ ဖြစ်သည်။ ကျောက်စိမ်းသည် ပြဿနာရှိနေသည့် အဖိုးအတန်ဆုံး သယံဇာတတစ်ခုအဖြစ် နှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လှုံ့ဆော်ပေးခြင်းဖြစ်စေ အကြမ်းဖက်မှုများ၊ ပဋိပက္ခများ နှင့် အကျင့်ပျက်ခြစားမှုများ ဆက်လက်သံသရာလည်နေစေခြင်းဖြစ်စေ တို့အတွက် အကြီးမားဆုံး အခွင့်အလမ်းရှိသည့် သယံဇာတတစ်ခုအဖြစ် အထူးအရေးကြီးပါသည်။ ၎င်း၏ အလွန်ထူးခြားသော အလားအလာများကို စီမံခန့်ခွဲရန် အတွက် အမျှတဆုံး နှင့် အထိရောက်ဆုံးလုပ်ငန်းစဉ်ကို အဖြေရှာသည့် လုပ်ငန်းစဉ်ကို ဦးစားပေးလုပ်ဆောင်ရန် လိုအပ်ပါသည်။

> KIO/A သည် လိုင်ဇာရှိ ၎င်းတို့၏ စစ်ဌာနချုပ်များအနီးရှိ ကန်ပိုက်တီဂိတ်မှတစ်ဆင့် တရုတ်မှဝင်ရောက်လာသည့် စက်ယန္တရားကြီးများနှင့် မော်တော်ယာဉ်များအပေါ်တွင်လည်း အကောက်ခွန်များ ကောက်ခံသည်။ ၎င်းတို့သည် တစ်ဦးချင်း တူးဖော်သူများအသုံးပြုသည့် သယ်ရလွယ်ကူသော လွန်ပူများအတွက်လည်း ကောက်ခံသည် (တစ်နှစ်လျှင် ၁၀၀၀၀ ကျပ်)။ အကြီးစားဘက်ဟိုးများ၊ ဝန်ချီစက်များနှင့် ဘူဒိုဇာများအား တစ်နှစ်လျှင် သိန်း ၅၀-၁၀၀ ပတ်ချာလည် ကောက်ခံသည်။ ကုမဏီများ နှင့် တူးဖော်သူများသည် အဆိုပါ အကောက်ခွန်များအတွက် ပြေစာများ ရရှိကြသည်။ [၂၄၀]

Global Witness သည် KIO/A ထံ ၎င်း၏ ကျောက်စိမ်းနှင့်ပတ်သက်နေသည့် ဝင်ငွေများ နှင့် အသုံးစရိတ်များဆိုင်ရာ သတင်းအချက်အလက်များကို တောင်းဆိုခဲ့သည်။ KIO/A အနေဖြင့် အဆိုပါ သတင်းအချက်အလက်များကို မျှဝေရန် ငြင်းဆိုခဲ့ပြီး "အဆင်မပြေ" ဟုသာ ပြောဆိုကာ အထက်ပါအခွန်များနှင့် အခကြေးငွေများ၏ အသေးစိတ်များကို အတည်ပြုခြင်း မရှိသလို ငြင်းဆိုခဲ့ခြင်းလည်းမရှိပေ။ KIO က ၎င်းတို့အနေဖြင့် ကန်ပိုက်တီဂိတ်အား လည်ပတ်မှုကို ၂၀၁၁ ခုနှစ် တွင် ရပ်တန့်ခဲ့ပြီး အကောက်ခွန်များကောက်ယူမှုကို ငြင်းဆိုခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ အသုံးစရိတ်များတွင် ပညာရေး၊ ပြည်သူ့ကျန်းမာရေးနှင့် ဝန်ဆောင်မှုများအတွက် အကူအညီတို့ ပါဝင်ပြီး ယင်းတို့အား စာရင်းစစ်ကာ အဖွဲ့၏ဘဏ္ဍာရေးဌာနမှ ကြီးကြပ်သည်ဟု မှတ်ချက်ပြုခဲ့သည်။ [၂၄၂] KIO/A က ၎င်းအနေဖြင့် ၎င်း၏ ဘက်ဂျက်၏ သိသာများပြားသော အစိတ်အပိုင်းအား ၈ နှစ် ကြာ ပဋိပက္ခကြောင့် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ပြီး လိုင်ဇာနှင့် မိုင်ဂျာယန်မြို့များတွင် စုစည်းနေခဲ့သည့် သောင်းနှင့်ချီသော ပြည်သူများကို စောင့်ရှောက်ရာတွင် အသုံးပြုသည် ဟုလည်းဖော်ပြခဲ့ပါသည်။ [၂၄၃]

"ဝင်ငွေ နှင့် အသုံးစရိတ်များနှင့်ပတ်သက်၍ ဘဏ္ဍာရေးနှစ်အစီရင်ခံစာ သို့မဟုတ် ပွင့်လင်းမြင်သာမှုမရှိသဖြင့် KIA ၏ နှစ်စဉ်ဝင်ငွေ၏ ပမာဏမည်မျှသည် ကျောက်စိမ်းလုပ်ငန်းမှဖြစ်ကြောင်း မည်သူမျှမသိပါ" ဟူ၍ KIA အရာရှိဟောင်းတစ်ဦးဖြစ်သော ကျောက်စိမ်းစီးပွားရေးလုပ်ငန်းရှင်တစ်ဦးက မှတ်ချက်ပြုခဲ့သည်။[၂၄၄]

အခွန် နှင့် အခကြေးငွေများအပြင် KIA သည် ဖားကန့်တွင် အနိမ့်ဆုံးအနေဖြင့် မှတ်ပုံတင်ထားသော ကုမ္ပဏီတစ်ခုဖြစ်သည့် အစိုးရထိန်းချုပ်မှုအောက်ရှိ မြို့နယ်များဖြစ်သော မြစ်ကြီးနား နှင့် ဗန်းမော်သို့ လျှပ်စစ်ဓာတ်အားပေးပို့သည့် Bu Ga Company ၏ ညီနောင်ကုမ္ပဏီဖြစ်သော Bu Ga Gems ကို လည်ပတ်လုပ်ဆောင်ပါသည်။ [၂၄၅] ဤကုမ္ပဏီသည် လည်ပတ်မှုမရှိတော့ဟု KIO/A က ဆိုခဲ့သော်လည်း ယင်းသည် DICA တွင် မှတ်ပုံတင်ထားဆဲ ကုမ္ပဏီတစ်ခုဖြစ်ပြီး EITI အချက်အလက်များအရ ယင်းတွင် ဧပြီ၌ ၂၀၂၀ နိုဝင်ဘာလတွင် သက်တမ်းကုန်ဆုံးခဲ့သော လိုင်စင် အနည်းဆုံးတစ်ခုရှိကြောင်း တွေ့ရပါသည်။[၂၄၆]

မည်သို့ပင်ဆိုစေကာမူ KIO/A ၏ ကျောက်စိမ်းအကျိုးစီးပွားအများစုတို့အား ဗဟိုအစိုးရမှ လိုင်စင်ချထားပေးခြင်းမရှိဟု ယူဆရပါသည်။[၂၄၇] အဆင့်မြင့် KIA အရာရှိဟောင်းတစ်ဦးဖြစ်သည့် ကျောက်စိမ်းစီးပွားရေးလုပ်ငန်းရှင်တစ်ဦးက အဖွဲ့သည် ဖားကန့်တွင် ကျောက်စိမ်းလုပ်ကွက် ရာပေါင်းများစွာတို့ကို လုပ်ကိုင်သည်ဟု ဆိုပါသည်။ [၂၄၈] အချို့သော KIA အရာရှိများက ပြည်သူလူထု၏ ဆန္ဒနှင့် ဆန့်ကျင်နေလျှင်ပင် ၎င်းတို့အား ၎င်းတို့၏အထက်အရာရှိများအတွက် တူးဖော်ရေး နယ်မြေများရယူရန်အတွက် အထက်မှ ဖိအားပေးမှုများရှိသည်ဟု ဆိုခဲ့ကြသည်။ အရပ်ဘက်အဖွဲ့အစည်းတစ်ခုမှ အဖွဲ့ဝင်တစ်ဦးက ၎င်းတွင် KIA တပ်ရင်းတစ်ခုမှ မိတ်ဆွေတပ်မှူးတစ်ဦးရှိပြီး ၎င်းအား တူးဖော်ထုတ်လုပ်မှုများ မပြုလုပ်ရန် ဒေသခံအသိုင်းဝိုင်းများမှ အစဉ်ဖိအားပေးနေသည်ဟု ဆိုကြောင်း Global Witness ထံပြောကြားခဲ့သည်။ သို့ရာတွင် ၎င်း၏ အထက်အရာရှိများက "ပယင်း နှင့် ရွှေတူးဖော်မှုများ ပြုလုပ်လိုသည်" ဟု ဆိုသဖြင့် ငြင်းဆန်ရန် မဖြစ်နိုင်ပေ။ ၎င်းအနေဖြင့် KIA အတွက် တူးဖော်ရေးနယ်မြေများ ရယူရန်သာ ရှိသည်။ ၎င်းက ၎င်းအား စစ်တိုက်ရန် ဖိအားပေးမှု ထိုမျှလောက်မရှိဟု ဆိုသည်။[၂၄၉] KIA

ခေါင်းဆောင်များသည် စစ်သားများအား ၎င်းတို့၏ဝင်ငွေများကို အထောက်အကူဖြစ်စေရန်အတွက် ၎င်းတို့၏ လုပ်ကွက်များအတွင်း လုပ်ကိုင်ရန် ခွင့်ပြုထားသည်ဟု ဆိုကြသည်။ [၂၅၀]

အခွန်ကောက်ခံခြင်းမှ ငွေအပြင် KIA သည် အသေးစားကျောက်စိမ်းကုန်သည်များအား ၎င်းတို့၏ ကျောက်စိမ်းများအား ဈေးကွက်ပေါက်ဈေးအောက် နိမ်၍ ရောင်းချရန် အကျပ်ကိုင်ပြီး တရုတ်နိုင်ငံတွင် အမြတ်တင်၍ ပြန်လည်ရောင်းချသည်ဟု စွပ်စွဲမှုများလည်းရှိသည်။ [၂၅၁]

မှတ်ချက်ပေးရန်အတွက် ဆက်သွယ်ရာတွင် KIO/A ၏ ကိုယ်စားလှယ်များက Bu Ga Company သည် မြစ်ကြီးနားသို့ လျှပ်စစ်ဓာတ်အားပေးပို့ကြောင်း အတည်ပြုခဲ့သည်။ သို့ရာတွင် Bu Ga Gems Company တည်ရှိမှုကိုမူ အတည်ပြုခဲ့ခြင်းမရှိပေ။ ကိုယ်စားလှယ်များက KIO အနေဖြင့် မည်သည့် ကျောက်စိမ်းကုမ္ပဏီတွင်မှ ရင်းနှီးမြှုပ်နှံခြင်းမရှိဟူ၍လည်း ငြင်းဆိုခဲ့သည်။ သို့ရာတွင် တစ်ခါတစ်ရံတွင် စစ်သားများအား ၎င်းတို့၏ဝင်ငွေများအတွက် အထောက်အကူပြုရန်အတွက် ကျောက်စိမ်းလုပ်ကွက်များ ပေးအပ်သည်ဟု အတည်ပြုခဲ့သည်။ ကိုယ်စားလှယ်က KIA အနေဖြင့် ကုန်သည်များအား ၎င်းတို့၏ဆန္ဒနှင့်ဆန့်ကျင်၍ သို့မဟုတ် လျှော့ဈေးဖြင့် ကျောက်စိမ်းရောင်းချရန် အကျပ်ကိုင်ခြင်းမရှိ ဟူ၍လည်း ငြင်းဆိုခဲ့သည်။

## စီမံအုပ်ချုပ်မှုဆိုင်ရာ တာဝန်ယူမှုမရှိဘဲ အခွန်ကောက်ခံခြင်း ဖြစ်ပါသလား?

တူးဖော်ခွင့်အတွက် ငွေပေးဆောင်ရခြင်း၊ ရောင်းချသည့် ကျောက်စိမ်း၏ တန်ဖိုးအပေါ် အခြေခံ၍ အခကြေးငွေများပေးအပ်ရခြင်း၊ လုံခြုံရေးဆိုင်ရာ အခကြေးငွေများ - အားလုံးတို့သည် မြန်မာနိုင်ငံ၏ ဗဟိုအစိုးရနှင့် သီးခြားစီ လည်ပတ်နေသော တရားဝင်အခွန်ကောက်ခံမှု နှင့် လိုင်စင်ထုတ်ပေးမှုစနစ်တစ်ခုကဲ့သို့ ဖြစ်သည်။ ယင်းသည် ယုတ္တိတန်ပါသည်။ KIO သည် ကချင်ပြည်နယ်၏ အခြားသောအစိတ်အပိုင်းများကို တိုက်ရိုက်စီမံအုပ်ချုပ်ပြီး ကချင်ပြည်သူများအတွက် လွတ်လပ်ရေး အပြည့်အဝ မဟုတ်လျှင်ပင် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပိုမိုရရှိရေးအတွက် လုပ်ဆောင်ရန် ကတိကဝတ်ပြုထားသည်။

မည်သို့ပင်ဆိုစေကာမူ KIO က ၎င်းအနေဖြင့် အပြိုင်လိုင်စင်ထုတ်ပေးသည့် စနစ်တစ်ခုကို လည်ပတ်ခြင်းမရှိဟု ငြင်းဆိုခဲ့ပြီး ၁၉၉၄ ခုနှစ်အတွင်း တပ်မတော်



KIA တပ်သားသစ်များသည် ၂၀၁၉ ခုနှစ်အတွင်း ကချင်ပြည်နယ် လိုင်ဇာမြို့တွင် ဌာနချုပ်တည်ရှိသည့် အဖွဲ့အစည်းထံမှ သင်တန်းပို့ချမှုများ လက်ခံရရှိနေပုံ။ *F.M*

နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တစ်ခု လက်မှတ်ရေးထိုးခဲ့သည့်အချိန်မှစတင်၍ ပါမစ်များ သို့မဟုတ် တူးဖော်ရေးလိုင်စင်များ ထုတ်ပေးခြင်းမရှိဟု ငြင်းဆိုခဲ့သည်။[၂၅၂] ကျွန်ုပ်တို့၏ စုံစမ်းဖော်ထုတ်မှုအတွင်း ရင်းမြစ်များစွာတို့က ဤပြောဆိုချက်ကို ငြင်းဆိုခဲ့ပြီး ကုမ္ပဏီများအနေဖြင့် ဖားကန့်တွင် တူးဖော်ခွင့်ရရှိရန်အတွက် KIO/A ထံသို့ နှစ်စဉ် ကြီးမားသည့်အခွန်များ ပေးအပ်ရသည်ဟု ဆိုသည်။[၂၅၃] အလားတူပင် KIO/A သည် ၂၀၂၀ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့တွင် လူ ၂၀၀ ကျော် အသက်ဆုံးရှုံးခဲ့ရသော မိုးရာသီအတွက် ပိတ်ထားသည့် ဝေခါ (ဂွီခါ) ရှိ အန္တရာယ်ရှိကြောင်းသိထားကြသည့် နယ်မြေများတွင် လုပ်ကိုင်ရန်အတွက် ငွေပေးချေမှုများအတွက် ရေမဆေးသမားများအား ခွင့်ပြုခဲ့ရာတွင်လည်း ပါဝင်ပတ်သက်နေပါသည်။ [၂၅၄]

> "ယခုအခါတွင် လူတိုင်းသည် တူးဖော်ခွင့်ရရန်အတွက် KIA ထံမှ ခွင့်ပြုချက်ကို လိုအပ်သည်။ ယင်းသည် တရားဝင် 'လိုင်စင်' တစ်ခုမဟုတ်ဘဲ တူးဖော်ခွင့်နှင့်ပတ်သက်သည့် နားလည်မှုတစ်ခုဖြစ်သည်။ ၎င်းတို့အား လိုအပ်သည့် အခွန်များပေးရန် ငြင်းဆန်ပါက ကျောက်စိမ်းများကို သိမ်းယူကြမည်ဖြစ်သည်။"
>
> - အရပ်ဘက်အဖွဲ့အစည်းမှကိုယ်စားလှယ်တစ်ဦး[၂၅၅]

အဘယ့်ကြောင့် ဤသို့ကွဲလွဲနေရပါသနည်း? ကုမ္ပဏီများအနေဖြင့် ဖားကန့်တွင် လုပ်ကိုင်နိုင်ရေးသည် ဤပေးဆောင်မှုများပေါ် မူတည်နေသဖြင့် အဆိုပါ အခွန်များသည် အပြိုင်လိုင်စင် ထုတ်ပေးသည့် စနစ်တစ်ခုအဖြစ် လည်ပတ်သည်ကို ငြင်းဆို၍ မရပေ။ သို့ရာတွင် အခွန်ကောက်ခံခြင်း နှင့် လိုင်စင်ထုတ်ပေးခြင်းတို့သည် လုပ်သားများ ဘေးကင်းရေး နှင့် သဘာဝပတ်ဝန်းကျင်တို့ ကဲ့သို့သောအရာများအတွက် တာဝန်ယူမှုအတိုင်းအတာတစ်ခုရှိရန် လိုအပ်သဖြင့် တူးဖော်ရေး အလေ့အထများအတွက် KIO/A ၏ တာဝန်ခံမှုနှင့် ပတ်သက်၍ အရေးကြီးသည့် မေးခွန်းများကို ပေါ်ပေါက်လာစေသည်။ မည်သို့ပင်ဆိုစေကာမူ အဖွဲ့အစည်းသည် မဆင်မခြင် တူးဖော်မှုများ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးဆက်များအတွက် တာဝန်ခံမည် မဟုတ်ပေ။ Global Witness ထံ ဖြေကြားမှုတစ်ခု၌ ယင်းက "ကျောက်စိမ်းတူးဖော်ရေး လိုင်စင်များအား မြန်မာအစိုးရမှ ခွင့်ပြုပေးခဲ့ပါသည်။ ထို့ကြောင့် ကျောက်စိမ်းတူးဖော်မှုမှ ပေါ်ပေါက်လာသည့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများအတွက် မြန်မာအစိုးရမှ တာဝန်ယူသင့်ပါသည်။ သို့ရာတွင် အကယ်၍ ပြည်သူများမှ တောင်းဆိုပါက KIO အနေဖြင့် ကြားဝင်ဆောင်ရွက်ပေးမည်ဖြစ်သည်။" ဟု ဆိုခဲ့ပါသည်။ [၂၅၆] ၂၀၂၀ ခုနှစ်ရှိ နောက်ဆက်တွဲ စာတစ်စောင်တွင် KIO က ၎င်းတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေး အစီအစဉ်တစ်ခု ရှိသော်လည်း ဖားကန့်၏အစိတ်အပိုင်းများစွာတို့သည် KIO ၏ ထိန်းချုပ်မှုပြင်ပတွင် ရှိနေသဖြင့် ယင်းကို အကောင်အထည်ဖော်နိုင်ခြင်းမရှိဟု မှတ်ချက်ပြုခဲ့သည်။

ဖားကန့်၏ အစိတ်အပိုင်းများစွာတို့သည် KIO ၏ ထိန်းချုပ်မှုပြင်ပတွင်ရှိနေသည်ဟု ဆိုခြင်းမှာ မှန်ကန်သော်လည်း KIO/A နှင့် တပ်မတော်တို့သည် လိုင်စင်ထုတ်ပေးမှုကို ရပ်ဆိုင်းခဲ့စဉ်အချိန်မှစတင်ကာ တာဝန်ယူမှုမရှိသော လိုင်စင်မဲ့ ကျောက်စိမ်းတူးဖော်မှုများကို အကူအညီပေးရန် နှင့် ၎င်းတို့မှ အကျိုးအမြတ်ရယူရန် ပူးပေါင်းဆောင်ရွက်ခဲ့ကြပုံရသဖြင့် ဤချဉ်းကပ်မှုသည် ပြဿနာများ ဆက်လက်ဖြစ်နေစေသည်။ ယင်းသည် ဗဟိုအစိုးရအတွက် စည်းမျဉ်း ဥပဒေဆိုင်ရာ ခက်ခဲသည့် အတားအဆီးများဖြစ်စေသော ဖြစ်ပွားနေဆဲ ပဋိပက္ခများနှင့် ဆက်စပ်နေသည့် ဖားကန့်ရှိ ရှုပ်ထွေးသော အာဏာဆိုင်ရာ အင်အားစုများ အတွင်း KIO/A ၏ အခန်းကဏ္ဍကိုလည်း မှေးမှိန်စေပါသည်။

နောက်ဆုံးအနေဖြင့် အပြိုင်ရှိနေသည့်စနစ်များသည် သဘာဝသယံဇာတ စီမံခန့်ခွဲမှုအား မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ ဗဟိုချက်တွင် ပေါင်းစပ်ထည့်သွင်းရန်နှင့် ပိုမိုကျယ်ပြန့်သည့် ကဏ္ဍဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၏ အစိတ်အပိုင်းအဖြစ် လက်နက်ကိုင်များ နှင့် စစ်ဘက်ဆိုင်ရာအဖွဲ့အစည်းများ လုပ်ငန်းအတွင်းမှ ထွက်ခွာသွားကြောင်းသေချာစေရန် လိုအပ်ချက်ကို ထောက်ပြနေပါသည်။ မည်သို့ပင်ဆိုစေကာမူ စစ်တပ်သည် ထိန်းချုပ်မှု ပြန်လည်ရရှိထားပြီ ဖြစ်သောကြောင့် ဤနည်းလမ်းဖြင့် လက်နက်ကိုင်အဖွဲ့များနှင့် စစ်တပ်တို့အား ကျောက်စိမ်းကဏ္ဍအတွင်းမှ ထွက်ခွာစေနိုင်မည့် မည်သည့် အခွင့်အလမ်းမဆိုသည် ထိရောက်စွာ ပျက်ပြယ်သွားခဲ့ပြီ ဖြစ်သည်။ အာဏာသိမ်းမှုအရ တပ်မတော်၏ ခေါင်းဆောင်များသည် နိုင်ငံရေး သို့မဟုတ် စီးပွားရေး တို့အတွင်းမှ ၎င်းတို့၏ အင်အားကြီးမားသည့်အနေအထားကို လက်လွှတ်ရန် ရည်ရွယ်ချက် မရှိကြောင်း အတည်ပြုနေပါသည်။

ထို့ပြင် အာဏာသိမ်းမှုနောက်ပိုင်း KIO/A နှင့် တပ်မတော်တို့အကြား အထူးသဖြင့် ဖားကန့်တစ်ဝိုက်တွင် တိုက်ပွဲများပြင်းထန်လာမှုအရ KIO/A အနေဖြင့် ကချင်ပြည်နယ်၏ ကျောက်စိမ်းတူးဖော်ရေးဒေသများကို အပြည့်အဝ ပြန်လည် ထိန်းချုပ်မှု ရရှိနိုင်ရန် မျှော်လင့်နေဆဲဖြစ်ကြောင်း တွေ့မြင်ရသည်။ ထို့နောက်တွင် KIO/A သည် ဒေသန္တရ စီမံအုပ်ချုပ်မှု နှင့် သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှုတို့အတွက် ဆက်လက်တာဝန်ယူမည်ဖြစ်ပြီး ယင်းအတွက် အဖွဲ့အနေဖြင့် အနာဂတ်၌ အဆိုပါနယ်မြေအတွင်း တရားဝင်အာဏာပိုင်မှုကို ကျင့်သုံးရန်ဆန္ဒရှိပါက ပြင်ဆင်ထားရမည်ဖြစ်ပါသည်။

## တရုတ်နိုင်ငံရှိ KIO ၏ ကုမ္ပဏီ

KIO/A သည် ၎င်း၏ အခွန်ကောက်ခံမှု နှင့် ကျောက်စိမ်းစီးပွားရေး လုပ်ငန်းတို့မှ အကျိုးစီးပွားများ၏ တစ်စိတ်တစ်ပိုင်းအဖြစ် အိမ်နီးချင်း တရုတ်နိုင်ငံ၏ ယူနန်ပြည်နယ်တွင် အခြေစိုက်သည့် ကုမ္ပဏီများဆိုင်ရာ ကွန်ရက်တစ်ခုမှလည်း စီမံခန့်ခွဲသည်ဟု Global Witness မှ ဖော်ထုတ်နိုင်ခဲ့ပါသည်။ အဆိုပါကုမ္ပဏီတစ်ခုသည် ကျောက်စိမ်းကုန်သွယ်မှုနှင့် ပတ်သက်၍ကျော်ကြားသည့် ရင်ကျန်းမြို့တွင် အခြေစိုက်ပါသည်။[၂၅၇] ကုမ္ပဏီအား KIO/A မှ ပိုင်ဆိုင်ပြီး KIO/A ၏ ကျောက်စိမ်းလိုင်စင်ထုတ်ပေးသည့် အစားထိုးယန္တရားနှင့် တူးဖော်ရေးကုမ္ပဏီများထံမှ အခြားသော အခွန်များမှ ငွေပေးချေမှုများကိုလက်ခံပြီး အဖွဲ့၏ ကျောက်စိမ်းဝင်ငွေ စုဆောင်းရေးအတွက် တာဝန်ယူပါသည်။ [၂၅၈] တရုတ်နိုင်ငံ၏ ကော်ပိုရိတ် မှတ်ပုံတင်အချက်အလက်များအရ တရားဝင်ပိုင်ဆိုင်မှုသည် KIO/A နှင့် ဆက်စပ်နေကြောင်း ပြသနေပါသည်။ [၂၅၉]

KIO ကိုယ်စားလှယ်တစ်ဦးက ကုမ္ပဏီတည်ရှိမှုကို အတည်ပြုခဲ့သော်လည်း တရုတ်နိုင်ငံရှိ KIO ကုမ္ပဏီများသည် အခွန်ကောက်ခံရေးအတွက် တာဝန်မရှိဟု ငြင်းဆိုခဲ့သည်။

ကျောက်စိမ်းတူးဖော်သည့် အဖွဲ့အစည်းများအားလုံးသည် ယွမ်ငွေဖြင့် လိုင်ဇာ၌ဖြစ်စေ KIA ကိုယ်စား ကောက်ခံသည့် အဆက်အသွယ်ရှိသော ကုမ္ပဏီများ၌ဖြစ်စေ KIO/A ထံသို့ ဝင်ငွေများပေးအပ်ရပါသည်။[၂၆၀] အကြောင်းသိ ရင်းမြစ်တစ်ခုက UWSA သည် KIO/A ထံသို့ ဘဏ်ဖြင့်ဖြစ်စေ အဆိုပါကုမ္ပဏီများထံသို့ ဟွန်ဒီဖြင့်ဖြစ်စေ တိုက်ရိုက်ပေးအပ်လေ့ ရှိသည်ဟု အတည်ပြုခဲ့ပါသည်။ [၂၆၁] တရုတ်နိုင်ငံတွင် မှတ်ပုံတင်ထားသည့် ကုမ္ပဏီတစ်ခုအဖြစ် ၎င်းသည် တရုတ်နိုင်ငံ၏ ဘဏ်စနစ်အတွင်း ငွေကြေးကို အလွယ်တကူ ရွှေ့ပြောင်းနိုင်ပြီး KIO/A နှင့် အဆက်အသွယ်ရှိသော ရင်းမြစ်တစ်ခုအရ ကုမ္ပဏီသည် တရုတ်နိုင်ငံဘဏ်တွင် ဘဏ်စာရင်းတစ်ခုရှိကြောင်း ကြားသိရပါသည်။ [၂၆၂]

## အကျင့်ပျက်ခြစားမှုများ ထပ်ကြပ်လိုက်ပါနေခြင်း

အကျင့်ပျက်ခြစားမှုဆိုင်ရာ စွပ်စွဲချက်များသည် အထူးသဖြင့် အပစ်အခတ်ရပ်စဲရေးနှစ်များအတွင်းနှင့် ထိုစဉ်မှ စတင်ကာ KIO/A နောက်သို့ လိုက်ပါလာခဲ့သည်။ [၂၆၃] ကျောက်စိမ်းတွင်းတစ်ခုချင်းစီရှိ ထုတ်လုပ်မှုကို တန်ဖိုးဖြတ် သည့် KIO/A ၏ ကျောက်စိမ်းတန်ဖိုးဖြတ်ရေးကော်မတီသည် MGE ၏ တန်ဖိုးဖြတ်ရေးကော်မတီကဲ့သို့ပင် တန်ဖိုးလျှော့၍သတ်မှတ်ခြင်းကို အကူအညီပေးရန် လာဘ်ယူမှုများရှိသည်ဟု ပုံမှန်ဆိုသလို စွပ်စွဲမှုများရှိသည်။ [၂၆၄]

ကော်မတီအဖွဲ့ဝင်များသည် မြန်မာ သို့မဟုတ် တရုတ်နိုင်ငံတို့ရှိ ဘဏ်များတွင် ၎င်းတို့၏အိမ်ထောင်ဖက်များ သို့မဟုတ် ကလေးများ၏ အမည်ဖြင့် ငွေများကို အပ်နှံကြသည်ဟု စွပ်စွဲမှုများရှိခဲ့သည်။ အဆင့်မြင့်အရာရှိများသည် အဖွဲ့၏ ကျောက်စိမ်းဝင်ငွေများ၏ ၂၀% ခန့်ကို ကဲ့ဝှက်ပြီး ကိုယ်တိုင်ငွေပေးချေမှုများအား ယွမ် သို့မဟုတ် ရွှေချောင်းများဖြင့် လက်ခံသည်ဟု ယခင် KIA အရာရှိဟောင်းတစ်ဦးက ၂၀၁၈ ခုနှစ်တွင် ထုတ်ဖော်ပြောဆိုခဲ့သည်။ [၂၆၅]

"အချို့သည် စင်္ကာပူတွင် ၎င်းတို့၏ ကလေးများ၏အမည်များ သို့မဟုတ် ဆွေမျိုးများ၏ အမည်များဖြင့် ၎င်းတို့၏ ငွေများကို အပ်နှံထားကြသည်။" ဟု ၎င်းက ရှင်းပြသည်။ "၎င်းတို့သည် ကချင်ပြည်နယ်တွင် အိမ်များစွာနှင့် လယ်ယာစိုက်ပျိုးမြေများစွာကို ဝယ်ယူထားကြသည်။ အချို့သည် တရုတ်၊ ထိုင်း၊ စင်္ကာပူ နှင့် အမေရိကတို့တွင် အိမ်ခြံမြေများ ဝယ်ယူထားကြသည်။"[၂၆၆] KIA နှင့် နီးစပ်သော နောက်ထပ်ရင်းမြစ်တစ်ခုက KIA ခေါင်းဆောင်များသည် ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများ၊ အထူးသဖြင့် တန်ဖိုးဖြတ်ရေးကော်မတီမှ "များပြားသော ပုဂ္ဂိုလ်ရေးအကျိုးအမြတ်များ" ရရှိခဲ့ကြသည်ဟု ဆိုသည်။ "၎င်းတို့သည် အထူးသဖြင့် တန်ဖိုးမြင့်မားသည့် ကျောက်စိမ်းကို ရှာဖွေတွေ့ရှိသည့်အခါ ကြီးမားသည့် လာဘ်ပေးလာဘ်ယူမှုများကိုရရှိပြီး မြစ်ကြီးနားနှင့် မန္တလေးတို့တွင် အိမ်များဆောက်ကာ ၎င်းတို့၏ ကလေးများအား ပြည်ပတွင် ပညာသင်ကြားရန်စေလွှတ်ကြသည်။" [၂၆၇]

KIO/A ခေါင်းဆောင်ပိုင်းသည် ၎င်းတို့၏ဝင်ငွေကို အထောက်အကူပြုရန်နှင့် အဖွဲ့ဝင်များအကြား ဖြစ်နိုင်ခြေရှိသော သဘောထားကွဲလွဲမှုများကို ဖြေဖျောက်ရန်အတွက် ကျောက်စိမ်းလုပ်ငန်းမှ ကိုယ်ရေးကိုယ်တာ အမြတ်အစွန်းအချို့ရယူနေသည့် အရာရှိများကို သည်းခံထားပုံရသည်။[၂၆၈] မည်သို့ပင်ဆိုစေကာမူ ယင်းသည် ကျောက်စိမ်းတူးဖော်မှုတွင် ပါဝင်ပတ်သက်သည့် အရာရှိများအား "ပိုင်ဆိုင်မှုကြေညာချက်" ပုံစံတစ်ခုကို စတင်ပြုလုပ်ခြင်းဖြင့် ကျောက်စိမ်းနှင့်ပတ်သက်သည့် အကျင့်ပျက်ခြစားမှုများကို အရေးယူနေသည်ဟု ဆိုပါသည်။[၂၆၉] KIO သည် ကျောက်စိမ်းတူးဖော်သည့် နယ်မြေများအတွင်းရှိ လာဘ်ပေးလာဘ်ယူမှုများ နှင့် အကျင့်ပျက် ခြစားမှုများဆိုင်ရာ စွပ်စွဲချက်များအား တိုက်ရိုက်စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သည်ဟူ၍လည်း KIO ကိုယ်စားလှယ်တစ်ဦးက မှတ်ချက်ပြုခဲ့ပါသည်။ [၂၇၀]

## တပ်မတော် နှင့် UWSP/A နှင့်ဆက်စပ်နေသော အဖွဲ့အစည်းများနှင့် KIO/A ၏ ပူးပေါင်းဆောင်ရွက်မှု

လိုင်စင်ထုတ်ပေးမှုကို ရပ်ဆိုင်းခဲ့စဉ်မှစတင်ကာ KIO/A သည် မသမာသော စီးပွားရေး အစီအမံများမှတစ်ဆင့် တူးဖော်မှုများကို တက်ကြွစွာ အားပေးကူညီနေခြင်း မဟုတ်လျှင်ပင် အကူအညီပေးရန်အတွက် စစ်ဘက်ဆိုင်ရာ အဖွဲ့အစည်းများ၊ လက်နက်ကိုင် တပ်ဖွဲ့များနှင့်ဆက်စပ်နေသည့် ကုမ္ပဏီများနှင့် လျှို့ဝှက်သိုသိပ်သော ကျောက်စိမ်းလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ခဲ့သည်။[၂၇၁] အဆက်အသွယ်ကောင်းစွာရှိသည့် ရင်းမြစ်တစ်ခုက KIA ၏ မိတ်ဖက်အများစုတို့မှာ Kokang နှင့် Ever Winner တို့မှ ပိုင်ဆိုင်သည့် ဝကုမ္ပဏီများ ဖြစ်ကြသည်ဟု ဆိုသည်။ [၂၇၂]

KIA အဖွဲ့သည် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဟောင်း ညီညီဆွေ နှင့် ဖားကန့် တပ်မမှူး မောင်မောင်ဇံတို့မှ ခွင့်ပြုထားသည့် တရားမဝင် တူးဖော်မှုမှ

## သတ္တုတူးဖော်မှုတွင် KIO ဥက္ကဋ္ဌ N'Ban La ၏ မိသားစု ပါဝင်ပတ်သက်နေမှု

KIO/A နှင့် ၎င်း၏ အကြီးတန်းအရာရှိများသည် လိုင်စင်မရှိသော တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများကို လုပ်ဆောင်နေသည်ဟုလည်း ယုံကြည်ရသည်။ [၂၇၁] ရင်းမြစ်များအရ KIO ဥက္ကဋ္ဌ N'Ban La နှင့် ၎င်း၏ မိသားစုများသည် တူးဖော်ထုတ်လုပ်မှုများတွင် ပါဝင်ပတ်သက်နေသည်။[၂၇၂] ဒေသခံနိုင်ငံရေးသမားတစ်ဦးက "KIA သည် ယင်းကို သိရှိသော်လည်း တစ်စုံတစ်ရာ လုပ်ဆောင်မှုမရှိ" ဟု ဆိုခဲ့သည်။ ၎င်းက N'Ban La ၏ လေးယောက်မြောက်သားသည် ၂၀၁၈ ခုနှစ် အတွင်းရှိ ကျောက်စိမ်းတူးဖော်ထုတ်လုပ်မှုများတွင် ပါဝင်ပတ်သက်နေသည်ဟု စွပ်စွဲချက်များရှိနေပြီး KIA သည် ယင်း၏လုပ်ဆောင်ချက်များနှင့် ပတ်သက်၍ ရေငုံနှုတ်ပိတ်နေရန်အတွက် ဒေသခံခေါင်းဆောင်များကို ဖိအားပေးခဲ့သည်ဟုလည်းဆိုသည်။ [၂၇၃] ၎င်း၏ နောက်ထပ်သားတစ်ဦးသည်လည်း ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများနှင့် ဆက်စပ်မှုရှိခဲ့သည်ဟု ဆိုသည်။[၂၇၄]

KIA အတွင်းရှိ ထောက်လှမ်းရေး ရင်းမြစ်တစ်ခုက ဥက္ကဋ္ဌ N'Ban La ၏ စတုတ္ထမြောက်သားသည်လည်း ကချင်ကာကွယ်ရေးတပ်ဖွဲ့ သို့မဟုတ် အထက်တွင်ဖော်ပြခဲ့သော စစ်လိုလားသည့် တိုင်းရင်းသားပြည်သူ့စစ်အဖွဲ့တစ်ဖွဲ့ ဖြစ်သော ကောင်းခါးပြည်သူ့စစ်တို့နှင့် ဆက်စပ်နေသော ကချင်အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီတွင်လည်း ရှယ်ယာရှင်တစ်ဦး ဖြစ်သည်ဟု စွပ်စွဲပြောဆိုထားသည်။[၂၇၅] အရပ်ဘက်အဖွဲ့အစည်း ကိုယ်စားလှယ်တစ်ဦးက N'Ban La နှင့် ကောင်းခါးပြည်သူ့စစ်ခေါင်းဆောင် Ma Htu Naw တို့သည် မိတ်ဆွေဟောင်းများဖြစ်ကြသည်ဟု အတည်ပြုခဲ့သည်။[၂၇၆] အကယ်၍ N'Ban La သို့မဟုတ် ၎င်း၏ မိသားစုတို့သည် KNDPC တို့၏ အကျိုးအမြတ် ရရှိပိုင်ဆိုင်သူများဖြစ်ပါက ယင်းသည် နိုင်ငံရေးအစား အကျိုးအမြတ်အစားထိုးသည့် နောက်ထပ် ဥပမာတစ်ခု ဖြစ်သည်။

မှတ်ချက်ပေးရန် ဆက်သွယ်ရာတွင် KIO ကိုယ်စားလှယ်တစ်ဦးက N'Ban La ၏ သားသည် ၎င်း၏မိသားစုကို ထောက်ပံ့ရန် စီးပွားရေး လုပ်ကိုင်နေသည့် အရပ်သားတစ်ဦးသာဖြစ်သည်ဟု မှတ်ချက်ပြုခဲ့ပြီး ကောင်းခါးပြည်သူ့စစ်နှင့် N'Ban La ၏ သားတို့အကြားတွင် အဆက်အသွယ်တစ်စုံတစ်ရာ မရှိဟု ငြင်းဆိုခဲ့သည်။



အစိုးရအရာရှိများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏အခြားခေါင်းဆောင်များ နှင့်အတူ ၂၀၁၆ ခုနှစ်တွင် ကျင်းပခဲ့သော ငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင်တွေ့မြင်ရသည့် KIO ဥက္ကဋ္ဌ N'Ban La. *Getty Images* မှတစ်ဆင့် *AFP*

အကျိုးအမြတ်များကို ရရှိခဲ့သည်ဟု ယုံကြည်ရပါသည်။ [၂၇၉] ရင်းမြစ်များက KIA နှင့် တပ်မတော်တို့သည် အစိုးရမှ လိုင်စင် မပေးထားသော ကျောက်စိမ်းတူးဖော်မှုမှ အခွန်များ/လာဘ်ငွေများ ရယူရန်အတွက် ပွဲစားများ၏ အကူအညီဖြင့် ပူးပေါင်း ဆောင်ရွက်နေကြဆဲဖြစ်သည် ဟု ဆိုသည်။ [၂၈၀]

"KIO သည် ယခုအခါတွင် ကျောက်စိမ်းတူးဖော်မှုမှ အခွန်များကောက်ခံရန်အတွက် ခရိုနီများ နှင့် တပ်မတော်တို့နှင့် အတူတကွလုပ်ကိုင်လျက်ရှိသည်" ဟု အရပ်ဘက်အဖွဲ့အစည်းမှ ကိုယ်စားလှယ်တစ်ဦးက ဆိုခဲ့သည်။ [၂၈၁]

ရင်းမြစ်တစ်ဦးက ၂၀၁၉ ခုနှစ်တွင် KIA သည် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ထိန်းချုပ်မှုအောက်တွင်ရှိသည့် နယ်မြေတစ်ခု ဖြစ်သော တစ်ပတ်လျှင် ၇ ရက် တစ်ရက်လျှင် ၂၄ နာရီ တူးဖော်မှုများ ပြုလုပ်နေသော U Chouk Ye Maw တွင် တူးဖော်မှုများကို ခွင့်ပြုရန်အတွက် တပ်မတော်နှင့်အတူ တရားမဝင်ခွင့်ပြုချက်မည်သို့ပေးခဲ့ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။ ရင်းနှီးမြှုပ်နှံမှုများစွာတို့သည် တရုတ်နိုင်ငံမှလာသော်လည်း ဒေသခံကုမ္ပဏီတစ်ခု၏အမည်ကို အယောင်ပြ အသုံးပြုထားသည်ဟု ရင်းမြစ်က မှတ်ချက်ပြုခဲ့သည်။ [၂၈၃] အချို့သော ရင်းမြစ်များက KIO/A သည် တပ်မတော်ထံသို့ လာဘ်ပေးခြင်းများ ပါဝင်သည့် ပုဂ္ဂလိက ကုမ္ပဏီ များအတွင်း အကျိုးအမြတ်ခွဲဝေသည့် အစီအမံများနှင့် ဖုံးကွယ်ထားသည့် ဝေစုများ ရှိသည်ဟု အဆိုပြုခဲ့သည်။ [၂၈၄]

KIO/A နှင့် တပ်မတော်နှစ်ဖက်စလုံးနှင့် ဆက်ဆံရေးကောင်းမွန်သူများသည် လက်ရှိအင်အားစုများမှ အကျိုးအမြတ်ရရှိနိုင်ဖွယ်အများဆုံးဖြစ်ကြသည်။[၂၈၇]

"KIA သည် ကုမ္ပဏီများအား တူးဖော်ခွင့် လိုင်စင်သက်တမ်း တစ်နှစ်တိုးပေးလျက်ရှိသည်။ ထို့ကြောင့် တပ်မတော် တပ်မ ၁၀၁ တပ်မှူး နိုင်ဝင်းအောင်ကို ချဉ်းကပ်ကာ ၎င်းတို့အား ဆက်လက်တူးဖော်ခွင့်ပြုရန် နားလည်မှုရယူထားကြသည့် ကြားခံပွဲစားများစွာ ရှိကြသည်။ ယင်းသည် KIA, တပ်မတော် နှင့် ကုမ္ပဏီများအနေဖြင့် အပြန်အလှန်နားလည်မှုရယူကာ တူးဖော်နိုင်သည်ဟု အဓိပ္ပာယ်ရပါသည်။"

– KIA အရာရှိဟောင်းတစ်ဦး [၂၈၂]

ကျောက်စိမ်းပွဲစားများသည် အကျိုးရရှိခံစားရသူများတွင်ပါဝင်သည်။[၂၈၈] ၎င်းတို့အနေဖြင့် KIO/A နှင့် တပ်မတော်တို့ထံသို့ အခွန်/လာဘ်ပေးခြင်းများကို

"KIA သည် လိုင်စင်ထုတ်ပေးမှုကို ရပ်ဆိုင်းထားခြင်းပြီးနောက်တွင် ခွင့်ပြုချက်များ ဆက်လက်ပေးအပ်ခဲ့သည်။ ကုမ္ပဏီများစွာတို့သည် KIA ဗိုလ်ချုပ်၏ကုမ္ပဏီနှင့် အကျိုးတူပူးပေါင်းမှုများ လုပ်ဆောင်နေကြသည်။ ယခုကဲ့သို့သော KIA ကုမ္ပဏီများစွာရှိကြသည်။"

– အစိုးရအရာရှိတစ်ဦး [၂၈၅]

"အကယ်၍ KIA အနေဖြင့် တူးဖော်မှုများ ပြုလုပ်လိုပါက တပ်မတော် နှင့် ရဲတပ်ဖွဲ့တို့ထံသို့ ငွေပေးရသည်။ ၎င်းတို့တွင် လိုင်စင်များ ရှိနေသေးသည့် ကုမ္ပဏီများ၌လည်း တရားမဝင် ရှယ်ယာများရှိကြသည်။"

– နိုင်ငံရေးသမားတစ်ဦး [၂၈၆]

ညှိနှိုင်းခြင်းဖြင့် ကော်မရှင်ခအဖြစ် တူးဖော်သူများထက် ပိုမိုရသည်မှာ ထူးထူးခြားခြားမဟုတ်ပေ။ [၂၈၉] ရေမဆေးသမားများ နှင့် အသေးစား တူးဖော်သူများသည် အထူးသဖြင့် ထိခိုက်လွယ်ကြသည်။ [၂၉၀]

"အဖိုးတန်ကျောက်တစ်ခု တွေ့ရှိခဲ့သူတစ်ဦးကိုယ်စား KIA နှင့် တပ်မတော်တို့ နှင့် အခွန်ဆိုင်ရာ အစီအမံတစ်ခုကို စေ့စပ်ညှိနှိုင်းခဲ့သူတစ်ဦးသည် ကော်မရှင်ခ အမေရိကန်ဒေါ်လာ ၂ သန်းရရှိခဲ့သည်။" ဟု အရပ်ဘက်အဖွဲ့အစည်း ကိုယ်စားလှယ်တစ်ဦးက ဆိုသည် "တူးဖော်သူသည် ထို့ထက်အလွန်နည်းပါးစွာ ရရှိခဲ့သည်။" [၂၉၁]

KIA သည် မြန်မာနိုင်ငံမှ ကျောက်စိမ်းများကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရန် အတွက်လည်း တပ်မတော်နှင့် ပူးပေါင်းလုပ်ဆောင်ခဲ့သည်။ ယင်းတွင် တစ်ဖွဲ့၏ မှောင်ခိုလုပ်ငန်းများကို တစ်ဖွဲ့က မျက်ကွယ်ပြုပေးခြင်းများ ပါဝင်လေ့ရှိသည်။ [၂၉၂] ကျောက်စိမ်းများစွာတို့အား KIA ထိန်းချုပ်နယ်မြေများမှတစ်ဆင့် တရုတ်နိုင်ငံသို့ ပို့ဆောင်ပြီး တပ်အစောင့်အရှောက်များပါဝင်သည့် ယာဉ်တန်းသည် ၎င်း၏ ကိုယ်ပိုင်စစ်ဆေးရေး ဂိတ်များမှတစ်ဆင့် နှင့် တစ်ခါတစ်ရံတွင် မန္တလေးမှတစ်ဆင့် သယ်ယူပို့ဆောင်မှုများကို အကူအညီပေးသည်။ မန္တလေးသည် ကျောက်စိမ်း ကုန်သွယ်ရေးဗဟိုတစ်ခုနှင့် သယ်ယူပို့ဆောင်ရေး လမ်းကြောင်းတစ်ခုအဖြစ် ပိုမို လူသိများလာခဲ့သည်။ [၂၉၃]

တပ်မတော် နှင့် UWSAနှင့်အဆက်အသွယ်ရှိသော အဖွဲ့အစည်းများသည် ကျောက်စိမ်းများအား တစ်ကြိမ်လျှင် ကုန်တန်ချိန် ၂၀ အထိ သယ်ဆောင်နိုင်သည့် UWSA မှ ပေးအပ်ထားသည့် ဓာတ်ဆီကားအလွတ်များဖြင့် သယ်ယူပို့ဆောင်ကြပါသည်။ ထို့နောက်တွင် တပ်မတော်သည် မန္တလေးသို့ ဖြတ်သန်းသွားလာမှုကို စီမံခန့်ခွဲပြီး ဤလမ်းကြောင်းအတိုင်း ကျောက်စိမ်းကို သယ်ယူပို့ဆောင်သည့် ပွဲစားများ နှင့် ခရိုနီကုမ္ပဏီများမှ အကူအညီပေးကြသည်။ KIA သည်ပင်လျှင် တစ်ခါတစ်ရံတွင် ဤလမ်းကြောင်းကို အသုံးပြုပါသည်။[၂၉၄] မန္တလေးရှိ ကျောက်စိမ်း ရောင်းချမှုများကို ကွပ်ကဲသည့် စစ်တပ်မှ ဗိုလ်မှူးတစ်ဦးက KIA သည် "၎င်းတို့၏ ဖောက်သည်" တစ်ဦးဖြစ်သဖြင့် နှစ်ဖက်အကြားတွင် အဘယ့်ကြောင့် တိုက်ပွဲများ ဖြစ်ပွားနေကြောင်း ယင်းအနေဖြင့် နားမလည်နိုင်ဟူ၍ ရယ်စရာအဖြစ် ပြောဆိုခဲ့သည်။ [၂၉၅]

အာဏာသိမ်းမှု နှင့် KIO/A နှင့် တပ်မတော်တို့အကြား အထူးသဖြင့် ဖားကန့်တစ်ဝိုက်တွင် ဖြစ်ပွားခဲ့သော နောက်ဆက်တွဲ တိုက်ပွဲများသည် ထိုသို့သော ပူးပေါင်းဆောင်ရွက်ခြင်းများ၏ တိုက်ရိုက်ပုံစံများကို အကန့်အသတ် ဖြစ်စေနိုင်ပါသည်။ မည်သို့ပင်ဆိုစေကာမူ လက်နက်ကိုင်အဖွဲ့အစည်း နှစ်ခုတို့သည် ဆယ်စုနှစ်များစွာ ခါးသီးသည့်ပဋိပက္ခများအတွင်း တိုက်ပွဲဝင်ခဲ့သည့်တိုင် ဖားကန့်ရှိ ကျောက်စိမ်းတူးဖော်ထုတ်လုပ်မှုများတွင် ဘုံရပ်တည်မှုကို ရှာဖွေနိုင်ခဲ့ကြသည်။ ဖားကန့်ဒေသအား လက်နက်ကိုင်အဖွဲ့များမှ ထိန်းချုပ်ထားဆဲဖြစ်သရွေ့ အဖွဲ့များ အနေဖြင့် နိုင်ငံရေးထက်ငွေကြေးကို အာရုံပြန်လည်စိုက်လာချိန်တွင် အာဏာသိမ်းမှုမတိုင်မီ ရှိနေခဲ့သည့် အခြေအနေသို့ ပြန်လည်ရောက်ရှိသွားနိုင်ဖွယ် ရှိပါသည်။

KIO/A သည် ကျောက်စိမ်းကုန်သွယ်မှုမှ အကျိုးအမြတ်များ ရရှိရန်အတွက် တပ်မတော်နှင့် ပူးပေါင်းဆောင်ရွက်မှုများ မရှိခဲ့ကြောင်း Global Witness ထံသို့ ငြင်းဆိုခဲ့သည်။[၂၉၆] KIO/A ကိုယ်စားလှယ်တစ်ဦးကလည်း KIO/A သည် တပ်မတော်ထံသို့ လာဘ်ငွေပေးယူကြောင်း သို့မဟုတ် KIO/A နယ်မြေမှတစ်ဆင့် တရုတ်နိုင်ငံအတွင်းသို့ စစ်တပ်၏ ကျောက်စိမ်းမှောင်ခို တင်ပို့မှုများကို အကူအညီပေးကြောင်းတို့ကို ငြင်းဆိုခဲ့သည်။ အဆိုပါကိုယ်စားလှယ်က KIO/A သည် ဖားကန့်ရှိ အခြားသော ကျောက်စိမ်းတူးဖော်သော ကုမ္ပဏီများအားလုံး နည်းတူပင် တပ်မတော်နှင့် ဆက်စပ်နေသည့် ကုမ္ပဏီများထံမှ အခွန်များကောက်ခံကြောင်း ပြောကြားခဲ့သည်။ [၂၉၇]

## ၂.၃ ရက္ခိုင့်တပ်တော်

"၎င်းတို့သည် KIA ၏ မွေးကင်းစကလေး ဖြစ်သည်။" – ကချင်ဂျာနယ်လစ်တစ်ဦး [၂၉၈]

ရက္ခိုင့်အမျိုးသားအဖွဲ့ချုပ်၏ လက်နက်ကိုင်အဖွဲ့ဖြစ်သော AA သည် မြန်မာနိုင်ငံရှိ အလျင်မြန်ဆုံး ကြီးထွားလာလျက်ရှိသည့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့ တစ်ဖွဲ့ဖြစ်ပြီး အာဏာသိမ်းမှုမတိုင်မီတွင် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့ အတွင်း တပ်မတော်နှင့် လက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားခဲ့ပါသည်။[၂၉၉] အဖွဲ့အား ၂၀၂၀ ခုနှစ်မတ်လတွင် မြန်မာအစိုးရမှ အကြမ်းဖက်အဖွဲ့အစည်းတစ်ခုအဖြစ် သတ်မှတ်ခဲ့ပြီး ၎င်းတို့အား ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ပါဝင်ခွင့်ပေးရန် ငြင်းဆိုခဲ့သည်။ AA က ၎င်းသည် (ယခင်က အာရကန်ဟု ခေါ်သော) ရခိုင်ပြည်သူလူထုအားလုံးကို [၃၀၀] ကိုယ်စားပြုသည်ဟု ဆိုသော်လည်း လက်တွေ့တွင်မူ ယင်းသည် ဗုဒ္ဓဘာသာလူများစု ရခိုင် (အာရကန်) လူထုထံမှ ထောက်ခံမှုရရှိထားသည့် ရခိုင်အမျိုးသားရေး အဖွဲ့တစ်ဖွဲ့သာဖြစ်သည်။ [၃၀၁]

မြန်မာနိုင်ငံရှိ အဆင်းရဲဆုံး ဒေသတစ်ခုဖြစ်သော ရခိုင်ပြည်နယ်တွင်နေထိုင်သော ရိုဟင်ဂျာမူဆလင်များအပေါ် ရက်စက်ကြမ်းကြုတ်သော တိုက်ခိုက်မှုများ နှင့် စစ်တပ်၏လက်အတွင်း ဆယ်စုနှစ်များစွာ ဖိနှိပ်လာခဲ့သော မူဝါဒများနှင့် မတရားဖိနှိပ်မှုများ၏ အမြင့်မားဆုံးအဆင့်ဖြစ်သော တပ်မတော်၏ ရန်မူသော စစ်ပုံသွင်းခြင်းတို့ကြောင့် ချာချာလည်နေပါသည်။ [၃၀၂] ရခိုင်ပြည်သူများ၏ လိုအပ်ချက်များကို တုန့်ပြန်နိုင်ခြင်းမရှိသည့် နိုင်ငံရေးစနစ်အပေါ် စိတ်ပျက်မှုများကို တုန့်ပြန်ခြင်း နှင့် ရခိုင်အမျိုးသားရေးခံယူချက်တို့ကို အသုံးချခြင်းဖြင့် ဤအခြေအနေအတွင်း လျင်မြန်စွာ ထင်ပေါ်ကျော်ကြားလာခဲ့သည်။ [၃၀၃] ဗုဒ္ဓဘာသာ ရခိုင်ပြည်သူများနှင့် မူဆလင် ရိုဟင်ဂျာပြည်သူများအကြားတွင် ကာလရှည်ကြာ တင်းမာမှုများ ရှိနေသော်လည်း AA ခေါင်းဆောင်များသည် မူဆလင် လူနည်းစုကို ပစ်မှတ်ထားခြင်းမပြုရန်ဂရုပြုပြီး တပ်မတော်အား အဓိကရန်သူအဖြစ် အစဉ်အမြဲ ပုံဖော်ခဲ့သည်။ [၃၀၄]

## ကျောက်စိမ်းဝင်ငွေမှ အထောက်အပံ့ပေးထားသည့် လျင်မြန်စွာ ကြီးထွားလာမှု

ရခိုင်ပြည်နယ်ရှိ နာကြည်းချက်များသည် အချိန်ကြာမြင့်စွာရှိခဲ့ပြီးဖြစ်သော်လည်း AA အား ကချင်ပြည်နယ်တွင် ၂၀၀၉ ခုနှစ်တွင်သာ တည်ထောင်ခဲ့ခြင်းဖြစ်သည်။ AA သည် ရခိုင်အမျိုးသားရေးအဖွဲ့တစ်ဖွဲ့ဖြစ်သော်လည်း KIO/A ထံမှ

အထောက်အပံ့ဖြင့် တည်ထောင်ခဲ့ခြင်း ဖြစ်ပြီး KIO/A သည် လူသစ်များအား လက်နက်များ၊ သင်တန်းပို့ချမှုများ နှင့် KIA ၏ ဌာနချုပ်များတည်ရှိရာ လိုင်ဇာတွင် ဘေးကင်းသည့် အခြေစိုက်စခန်းတစ်ခုတို့ ပေးအပ်ခဲ့သည်။ KIA အနေဖြင့် BGF အဖြစ်သို့ ပြောင်းလဲရန်အတွက် တပ်မတော်၏ ဖိအားပေးမှုများ မြင့်တက်လာသည်နှင့်အမျှ ၎င်းနှင့် တပ်မတော်တို့အကြားရှိ ဆက်ဆံရေး ယိုယွင်းလာခဲ့သည့်အခါ AA အား ကြားခံတပ်ဖွဲ့အဖြစ် ရှုမြင်ခဲ့သည်။[၂၀၅] ၂၀၁၁ ခုနှစ် အတွင်း KIA နှင့် တပ်မတော်တို့အကြားရှိ အပစ်အခတ်ရပ်စဲမှုစာချုပ် ကျိုးပေါက်ခဲ့ချိန်တွင် AA ကို တည်ထောင်ပြီးဖြစ်ကာ KIO/A အား တိုက်ပွဲတွင် အကူအညီပေးနိုင်ပြီး ဖြစ်သည်။

AA က ၂၀၁၄ ခုနှစ်တွင် ရခိုင်ပြည်နယ်သို့ ပြန်လာရန် ၎င်း၏ ရည်ရွယ်ချက်ကို ကြေညာခဲ့ပြီး ထိုစဉ်မှစတင်ကာ တပ်မတော် နှင့် နိုင်ငံတော်လုံခြုံရေးတပ်ဖွဲ့များ နှင့် အဓိကအားဖြင့် ရခိုင်ပြည်နယ် နှင့် ချင်းပြည်နယ်တို့အတွင်း ထိတွေ့တိုက်ခိုက်မှုများ ရှိခဲ့သည်။ KIO/A သည် တိုင်းပြည်၏ အနောက်ဘက်နယ်စပ်တစ်လျှောက် တပ်မတော်နှင့် ရင်ဆိုင်နေသည့် နောက်ထပ် ပဋိပက္ခမိတ်ဖက်တစ်ဖွဲ့ ရရှိခဲ့ခြင်းဖြင့် မြောက်ပိုင်းဒေသအပေါ် ဖိအားများ လျော့ကျလာခဲ့သည့် အကျိုးကျေးဇူးများ ရရှိခဲ့သည်။ ဥပမာအားဖြင့် တပ်မတော်သည် ၂၀၁၈ နှင့် ၂၀၂၀ တို့ အကြားတွင် မြန်မာနိုင်ငံ၏ မြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းတို့ပါဝင်သည့် တစ်ဖက်သတ် အပစ်အခတ် ရပ်စဲမှုအချို့တို့ကို ပြုလုပ်ခဲ့ပြီး ရခိုင်ပြည်နယ် အနောက်ပိုင်းကိုမူ အထူးသဖြင့် ဖယ်ကြဉ်ထားခဲ့သည်။ [၂၀၆]

AA သည် လျင်မြန်စွာ ကြီးထွားလာခဲ့ပြီး ၂၀၂၀ ခုနှစ်အထိတွင် စစ်သည်ပေါင်း ၁၀၀၀၀ ခန့် စုဆောင်းခဲ့ပြီးဖြစ်သည်ဟု အခိုင်အမာပြောဆိုခဲ့သော်လည်း အဆိုပါ ကိန်းဂဏန်းနှင့်ပတ်သက်၍ အငြင်းပွားမှုများ ရှိခဲ့သည်။ [၂၀၇] အဆိုပါ ပဋိပက္ခသည် ကုလသမဂ္ဂ၏ ကိန်းဂဏန်းများအရ ၂၀၁၈ ခုနှစ်မှစတင်ကာ ပြည်သူပေါင်း ၆၀၀၀၀ ကျော်ကို အိုးမဲ့အိမ်မဲ့ဖြစ်စေခဲ့သည်။[၂၀၈] ၂၀၂၀ ခုနှစ် မတ်လတွင် မြန်မာနိုင်ငံအစိုးရ အနေဖြင့် AA အား အကြမ်းဖက်အဖွဲ့အစည်းတစ်ခုအဖြစ် ကြေညာခဲ့ခြင်းကြောင့် ဂျာနယ်လစ်များနှင့် ဒေသခံများအပါအဝင် မည်သူမဆို ၎င်း၏ကိုယ်စားလှယ်များ နှင့် အဆက်အသွယ်ပြုလုပ်ရန် တရားမဝင်ဖြစ်စေခဲ့သည်။ [၂၀၉]

AA ၏ ကြီးထွားလာမှုနှင့်ပတ်သက်သည့် အကြီးမားဆုံးမေးခွန်းတစ်ခုမှာ ၎င်းအနေဖြင့် ၎င်း၏ အလျင်အမြန် ကြီးထွားလာမှုနှင့် လူသစ်စုဆောင်းမှုများအတွက် ရန်ပုံငွေ မည်သို့ ရရှိနိုင်ခဲ့သနည်းဟူ၍ ဖြစ်သည်။ မြန်မာနိုင်ငံ၏ အစိုးရအပါအဝင် အချို့က ယင်းသည် မူးယစ်ဆေးဝါးကုန်သွယ်မှုများနှင့် ဆက်စပ်မှုများ ရှိနေသည်ဟု စွပ်စွဲခဲ့ပြီး အဆိုပါစွဲချက်များနှင့်ပတ်သက်သည့် လူသိများသည့် ပြစ်မှုထင်ရှားစီရင်မှုများ ရှိခဲ့သည်။ [၂၁၀] မည်သို့ပင်ဆိုစေကာမူ ကျောက်စိမ်းနှင့် ပတ်သက်သည့် ဝင်ငွေစုဆောင်းမှုကို ကြီးကြပ်သည့်အဖွဲ့နှင့် အဆက်အသွယ်ရှိသော နေရာကောင်းတစ်ခုရရှိထားသည့် စီးပွားရေး လုပ်ငန်းရှင်တစ်ဦး၏ အဆိုအရ AA ၏ အဓိက ဝင်ငွေအရင်းအမြစ်သည် ကျောက်စိမ်းလုပ်ငန်းမှ ဖြစ်သည်။[၂၁၁] အဆိုပါ အခိုင်အမာ ပြောကြားချက်များအား အတည်ပြုနိုင်ရန် အလွန်ခက်ခဲသော်လည်း ဤစုံစမ်းဖော်ထုတ်မှုအရ AA ၏ ရန်ပုံငွေ အရင်းအမြစ်များ၏ သိသာများပြားသည့် ပမာဏသည် ကျောက်စိမ်းကုန်သွယ်မှုမှလာသည် ဟု အထောက်အထားများ တွေ့ရှိခဲ့ရသည်။

တပ်မတော်သည် ဖားကန့်တွင် AA ၏ တည်ရှိနေမှုကို သိရှိသော်လည်း မျက်ကွယ်


၂၀၁၉ ခုနှစ်တွင် ကချင်ပြည်နယ် လိုင်ဇာအနီးရှိ AA အခြေစိုက်စခန်းတစ်ခုတွင် လေ့ကျင့်နေသည့် ရက္ခိုင့်တပ်တော်၏ အမျိုးသမီး တပ်သားသစ်များ။ *F.M*

ရက္ခိုင့်တပ်တော်၏ ဒုတိယစစ်ဦးစီးချုပ် ဗိုလ်မှူးချုပ် ညိုထွန်းအောင်အား ၎င်း၏ သက်တော်စောင့်များနှင့်အတူ ၂၀၁၉ ခုနှစ်အတွင်း ကချင်ပြည်နယ် လိုင်ဇာရှိ ရက္ခိုင့်တပ်တော် အခြေစိုက်စခန်း တစ်ခုတွင် တွေ့ရပုံ။ *F.M*



ပြုထားသည်ဟု စွပ်စွဲမှုများရှိခဲ့ပါသည်။ ယင်းသည် ဖားကန့်တွင် နိုင်ငံရေးဆိုင်ရာ ယှဉ်ပြိုင်မှုများအစား ပဋိပက္ခစီးပွားရေး၏အလားအလာကို မြင့်တက်စေသည်။ [၃၁၂]

## ကျောက်စိမ်းနှင့်ပတ်သက်သည့် ဝင်ငွေ

AA တွင် ကျောက်စိမ်းနှင့်ပတ်သက်သည့် ဝင်ငွေလမ်းကြောင်းများစွာ ရှိသည်ဟု ယုံကြည်ရသည်။ ယင်းသည် အနိမ့်ဆုံး စီးပွားရေးဆိုင်ရာ ကျောက်စိမ်းလုပ်ငန်း တစ်ခုမှတစ်ဆင့် နှင့် ကျောက်စိမ်းကုန်သွယ်မှုများအတွက် ပွဲစားများအဖြစ် လုပ်ဆောင်ခြင်းတို့ဖြင့် ဖားကန့်တွင် လည်ပတ်နေသည့် ရခိုင်ကုမ္ပဏီများနှင့်စီးပွားရေး လုပ်ငန်းများအပေါ် တရားမဝင် အခွန်ကောက်ခံသည့် စနစ်တစ်ခုမှတစ်ဆင့် ရခိုင်လူမျိုး ရေမဆေးသမားအဖွဲ့များကို လည်ပတ်စေခြင်းဖြင့် ဝင်ငွေများစုဆောင်းသည်။

ဖားကန့်ရှိ ရေမဆေးသမား ဦးရေသည် မကြာသေးမီနှစ်များအတွင်း သိသိသာသာ မြင့်တက်လာခဲ့သည်။ ယင်းသည် လိုင်စင်ထုတ်ပေးမှုကို ရပ်ဆိုင်းထားခြင်းနှင့်တကွ စီးပွားရေးဆိုင်ရာ အခြေအနေများကြောင့်လည်း တစ်စိတ်တစ်ပိုင်း ဖြစ်ပါသည်။ ရေမဆေးသမားများသည် ၎င်းတို့၏ အမြတ်အစွန်းများမှ ရာခိုင်နှုန်း တစ်ခုနှင့် အလဲအလှယ်ပြုလုပ်သည့်အနေဖြင့် ကိရိယာများနှင့် နေရာထိုင်ခင်းများ ပေးအပ်သည့် 'လောပန်းများ' အောက်တွင် ပိုမိုစုစည်းလာခဲ့သည်။ ဖားကန့်ရှိ ရေမဆေးသမားများအကြောင်းကို အောက်ပါ အပိုင်း ၃.၄ တွင် ထပ်မံ၍ အသေးစိတ် ဆွေးနွေးဖော်ပြသွားမည်ဖြစ်ပါသည်။





AA သို့ ၂၀၁၈ ခုနှစ် ဇွန်လတွင် လှူဒါန်းခဲ့သည်ဟု ကြားသိရသည့် ကျပ်ငွေ ၁ ဘီလီယံ ကျော် (အမေရိကန်ဒေါ်လာ ၇၀၀၀၀၀ ကျော်) တန်ဖိုးရှိမည်ဟု ခန့်မှန်းထားရသော ကြီးမားသည့် တန်ဖိုးမြင့် ကျောက်စိမ်းတုံးကြီးတစ်ခုနှင့် အတူတွေ့ရသော ရခိုင်တိုင်းရင်းသား ရေမဆေးသမားများ။ [၃၁၃]

*Global Witness*

ရင်းမြစ်အမျိုးမျိုးတို့က AA သည် ထိုသို့သောအဖွဲ့များကို လည်ပတ်ခြင်းတွင် ပါဝင်ပတ်သက်နေပြီး ဖားကန့်ရှိ ကျောက်စိမ်းတွင်းများတွင် ပို၍လွှမ်းမိုးသက်ရောက်သည့် အခန်းကဏ္ဍတစ်ရပ်တွင် ပါဝင်လာသည်ဟု ဆိုကြသည်။[၃၁၄] မြန်မာစစ်တပ်သည် ယခင်က AA အား ရေမဆေးသမားများထံမှ ခြိမ်းခြောက် ငွေတောင်းခံမှုများ ပြုလုပ်သည်ဟု စွပ်စွဲခဲ့ပြီး ယင်းကို AA မှ ငြင်းဆိုခဲ့သည်။[၃၁၅] သို့တိုင် AA အတွက် ရေမဆေးသမားများကို ကြီးကြပ်သည့် အခန်းကဏ္ဍနှင့် ကျောက်စိမ်းကုန်သွယ်သည့် အခန်းကဏ္ဍများ ပါဝင်သည့် ဩဇာကြီးမားသည့် လောပန်းအချို့အား ဤအစီရင်ခံစာအတွက် စုံစမ်းဖော်ထုတ်စဉ်အတွင်း Global Witness မှ ခွဲခြားသတ်မှတ်နိုင်ခဲ့သည်။[၃၁၆] အဆိုပါ စီးပွားရေးလုပ်ငန်းရှင်များအနက် အချို့သည် ကျောက်စိမ်းကုန်သွယ်မှုအတွင်း အသံတိတ် "ရှယ်ယာရှင်များ" အဖြစ် လုပ်ဆောင်ပြီး မန္တလေးရှိ တရားမဝင် ကျောက်စိမ်း ရောင်းချမှုများအတွက် ပွဲစားအဖြစ် ဆောင်ရွက်ရာတွင် AA မှ ပါဝင်ပတ်သက်နေသည်ဟူသောအထောက်အထားများကို ပိုမိုအထောက်အပံ့ပြုနေသည်။ [၃၁၇]

AA သည် "စေတနာအလျောက်" ဟု ဖော်ပြလေ့ရှိသည့် ဖားကန့်တွင် လုပ်ကိုင်နေသည့် ရခိုင်ကုမ္ပဏီများ နှင့် စီးပွားရေးလုပ်ငန်းများအား တရားမဝင် အခွန်ကောက်ခံသည့် စနစ်တစ်ခုမှလည်း ဝင်ငွေများရရှိသည်။ ရခိုင်ကျောက်စိမ်းကုန်သည်များသည် ဤစနစ်မှတစ်ဆင့် ၎င်းတို့၏အမြတ်အစွန်းများ၏ ၁၀% ကို ထည့်ဝင်ရသည်။[၃၁၈] ယင်းအား AA ၏ တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများမှ ၎င်း၏ စံသတ်မှတ်ထားသော ၁၀-၂၅% ထုတ်လုပ်ရေး အခွန်ကောက်ခံသည့် KIO/A ၏ ခွင့်ပြုချက်ဖြင့် ပြုလုပ်သည်ဟု ဒေသခံ ရင်းမြစ်များက ဆိုကြသည်။ [၃၁၉]

AA သည် ဖားကန့်ရှိ အလတ်စား ကျောက်စိမ်းတူးဖော်ခြင်းမှလည်း ဝင်ငွေများ ရရှိနေနိုင်ပြီး အနိမ့်ဆုံးအနေဖြင့် မှတ်ပုံတင်ထားသည့် ကျောက်စိမ်းတူးဖော်ရေး ကုမ္ပဏီတစ်ခုကိုတည်ထောင်ထားသည်ဟု ဆက်စပ်အဖွဲ့အစည်းတစ်ခုနှင့် အဆက်အသွယ်ရှိသူ ရှေ့နေတစ်ဦးက ဆိုသည်။ [၃၂၀]

Global Witness အနေဖြင့် ရေမဆေးသမားများကို စီမံခန့်ခွဲခြင်း နှင့် အဖွဲ့အတွက် 'အလှူငွေများ' ကောက်ခံခြင်း တို့အပါအဝင် AA အတွက် ဝင်ငွေစုဆောင်းမှုများကို ကြီးကြပ်သည်ဟု နားလည်ထားသည့် ဖားကန့်တွင် လုပ်ကိုင်နေသော လူသိနည်းသည့် အဖွဲ့အစည်းတစ်ခုကိုလည်း ခွဲခြားသတ်မှတ်ခဲ့သည်။ [၃၂၁]

AA သည် တပ်မတော် နှင့် UWSA နှင့်ဆက်စပ်နေသော ကုမ္ပဏီများနှင့် သီးခြားလုပ်ရှားပုံရပြီး ဖားကန့်ရှိ အခြားသော အင်အားကြီးအဖွဲ့များနှင့် အကျိုးတူလုပ်ငန်းအမျိုးအစား အစီအမံများ သို့မဟုတ် စီးပွားရေး မိတ်ဖက် လုပ်ကိုင်ခြင်းများ မရှိဘဲ KIA နှင့်သာ အနီးကပ်လုပ်ဆောင်ပုံရပါသည်။ အပြန်အလှန်အားဖြင့် KIA သည် ၎င်းတို့ အား "မျက်နှာသာပေး" ပြီး ၎င်းတို့၏ နယ်မြေများမှတစ်ဆင့် ကျောက်စိမ်းမှောင်ခိုသယ်ဆောင်ရန် ခွင့်ပြုကာ တန်ဖိုးမြင့်မားသည့် ကျောက်များကို ရောင်းချရန် အကူအညီပေးသည်။ AA သည် ၎င်း၏ ကျောက်စိမ်းအများစုတို့အား တရားမဝင်ရောင်းချပြီး KIA ထံသို့ အခွန်ပေးဆောင်မှုများအား ဖားကန့်တွင် မြန်မာကျပ်ငွေဖြင့် ပေးဆောင်သည်။ [၃၂၂]

"KIO မှလွဲ၍ မည်သည့်အဖွဲ့အစည်းကမျှ ကချင်ပြည်နယ်ရှိ စီးပွားရေးလုပ်ငန်းများထံမှ အခွန်ကောက်ခံခြင်း မပြုနိုင်" ဟုဆိုကာ AA အား ကျောက်စိမ်းတူးဖော်ခြင်းမှရရှိသည့် အခွန်များကောက်ခံရန် ခွင့်ပြုထားခြင်းမရှိဟူ၍ KIO/A က ငြင်းဆိုခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ KIO/A ကိုယ်စားလှယ်များက "အချို့သော ရခိုင်စီးပွားရေးလုပ်ငန်းရှင်များသည် AA အတွက်ရန်ပုံငွေအချို့ကို စေတနာအလျောက် ထည့်ဝင်ကောင်းထည့်ဝင်နိုင်သည်" ဟူ၍ ဝန်ခံခဲ့သည်။ [၃၂၃]

AA ကိုယ်စားလှယ်များသည် ဤအစီရင်ခံစာအတွက် မှတ်ချက်ပေးရန် ငြင်းဆိုခဲ့ကြသည်။

## ကျောက်စိမ်းမဟုတ်သည့် ဝင်ငွေ

ရခိုင်စီးပွားရေးအသိုင်းအဝိုင်းမှ အဖွဲ့ဝင်များ၏ အဆိုအရ AA ၏ တရားမဝင် အခွန်ကောက်ခံရေး/အလှူငွေ ကောက်ခံရေးစနစ်သည် ကျောက်စိမ်းလုပ်ငန်း တစ်ခုတည်းအပေါ်သာမဟုတ်ဘဲ မြန်မာနိုင်ငံနှင့်တကွ ပြည်ပရှိ ရခိုင်လူမျိုး လုပ်သားများအားလုံးအပေါ် သက်ရောက်သည်။ အသေးစားစီးပွားရေးလုပ်ငန်းရှင်များသည် တစ်လလျှင် ၁၀၀၀၀ ကျပ် (အမေရိကန်ဒေါ်လာ ၆.၅၀) ဝန်းကျင်ခန့် ပေးချေရပြီး အကြီးစားစီးပွားရေးလုပ်ငန်းရှင်များမှာမူ AA ထံသို့ ထောက်ပံ့ကြေးအဖြစ် တစ်လလျှင် ကျပ် ၁၀၀၀၀၀ (၆၅ ဒေါ်လာ) ခန့် ပေးအပ်ရသည်။[၃၂၆] ပြည်ပတွင် နေထိုင်နေကြသော ရခိုင်စီးပွားရေးလုပ်ငန်းရှင်များ၏ AA ထံ ထောက်ပံ့ကြေး ပေးအပ်မှုများနှင့် ပတ်သက်၍ လတ်တလော မီဒီယာများ၏ တင်ပြချက်များသည် ဤဝင်ငွေအရင်းအမြစ်ကို အတည်ပြုပုံရသည်။ [၃၂၇]

AA သည် ဘင်္ဂလာဒေ့ရှ်နိုင်ငံသို့ မီသာဖက်တမင်း ကုန်သွယ်ခြင်း အပါအဝင် မူးယစ်ဆေးဝါးလုပ်ငန်းမှတစ်ဆင့် ၎င်း၏ လုပ်ငန်းများကို ငွေကြေးပံ့ပိုးနေသည်

## ကျောက်စိမ်းတွင်းများတွင် တပ်သား စုဆောင်းသည့် ရက္ခိုင့်တပ်တော်

ဖားကန့်တွင် ရေမဆေးသမားများ ရုတ်တရက် တိုးတက်လာခြင်းသည် AA အတွက် တပ်သားသစ်စုဆောင်းရန် အကျိုးဖြစ်ထွန်းနိုင်သောနယ်မြေတစ်ခုကို ရရှိစေခဲ့သည်။ AA အား ကချင်ပြည်နယ်တွင် တည်ထောင်ခဲ့ပြီး ၎င်း၏ စစ်သားများစွာတို့အား ဖားကန့်တစ်ဝိုက်ရှိ ကျောက်စိမ်းတွင်းများမှ ရရှိခဲ့သည်။ ရေမဆေးသမားများစွာတို့သည် KIA အမာခံ နယ်မြေ ဖြစ်သော လိုင်ဇာတွင် စစ်သင်တန်းတက်ရောက်ရန်အတွက် တရုတ်နိုင်ငံမှတစ်ဆင့် တစ်ခါတစ်ရံတွင် နယ်စပ်ဖြတ်ကျော်သွားလာမှုများအတွက် အကောင်းမွန်ဆုံး အယောင်ပြပုံစံဖြစ်သည့် ရွှေ့ပြောင်းစိုက်ပျိုးရေးလုပ်သားများအဖြစ် ရုပ်ဖျက်ကာ သွားရောက်ခဲ့ကြသည်။ ၃၂၄

ဖားကန့်ရှိ ရခိုင်စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက အကယ်၍ အဆိုပါ အဖွဲ့သို့ ဝင်ရောက်လိုပါက ဖားကန့်ရှိ မည်သည့် ရခိုင်လူမျိုးကိုမဆို AA ဓာတ်ခဲဟု မေးမြန်းနိုင်ကြောင်း Global Witness ထံ ပြောကြားခဲ့သည်။ အဆိုပါ ပစ္စည်းကို မေးမြန်းခြင်းသည် "AA တွင် သင်တန်းတက်ရောက်ရန် လျှို့ဝှက်စကားလုံးဖြစ်သည်" ဟု ၎င်းက ဆိုသည်။ ၃၂၅



မူလက ရခိုင်ပြည်နယ်မှ လာရောက်ခဲ့သော ရေမဆေးသမားတစ်ဦး ဖားကန့်တွင် ကျောက်စိမ်း ရှာဖွေနေပုံ။ *Global Witness*

ဟူသော စွပ်စွဲချက်များကိုလည်း အစဉ်ကြုံတွေ့ခဲ့သည်။ ၃၂၈ နိုင်ငံရေးဆိုင်ရာ ဆန်းစစ် လေ့လာသူတစ်ဦးက ယင်းသည် ယခင်က လူမသိသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အား ဤသို့ လျင်မြန်စွာနှင့် အောင်မြင်စွာ ကြီးထွားလာနိုင်စေခဲ့သည့် တစ်ခုတည်းသော နည်းလမ်းဖြစ်သည်ဟု ဆိုခဲ့သည်။၃၂၉ မြန်မာနိုင်ငံမှ ထုတ်လုပ်သော ယာဘဆေးပြားများ (မီသာဖက်တမင်းနှင့် ကဖင်း ရောစပ်ထားသည့် ဆေးပြားများ)အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အဓိကဈေးကွက်တစ်ခု ပေါ်ပေါက်လာခြင်းသည် AA အတွက် အခွင့်အလမ်းတစ်ခု ဖြစ်စေခဲ့သည်။ AA သည် ဘင်္ဂလားဒေ့ရှ် နယ်စပ်တစ်လျှောက်ရှိ ရခိုင်ပြည်နယ် နယ်နိမိတ်ကိုထိန်းချုပ်ထားပြီး မြန်မာနိုင်ငံ၏ မီသာဖက်တမင်း အများစုကို ထုတ်လုပ်ရာဖြစ်သည့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင်လည်း လှုပ်ရှားသဖြင့် နိုင်ငံ၏ ပြင်ပသို့ မှောင်ခိုတင်ပို့သည့် လမ်းကြောင်းများအတွက် ကောင်းမွန်သည့်တည်နေရာတွင် ရှိနေသည်။ ၃၃၀ AA သည် မူးယစ်ဆေးဝါးကုန်သွယ်မှုမှ ရန်ပုံငွေတစ်စုံတစ်ရာ ရရှိနေခြင်း မရှိဟု အစဉ်အမြဲ ငြင်းဆိုခဲ့သည်။ ၃၃၁

## ၂.၄ ဝပြည် သွေးစည်းညီညွတ်ရေး တပ်မတော်

UWSA သည် ၁၉၈၉ ခုနှစ်တွင် ဗမာပြည်ကွန်မြူနစ်ပါတီ၏ ကြွင်းကျန်သော အစိတ်အပိုင်းများမှ ပေါ်ပေါက်လာခဲ့သည်။ ရလဒ်တစ်ခုအဖြစ် ယင်းသည် တရုတ်နိုင်ငံနှင့်တကွ MNDAA နှင့် အမျိုးသား ဒီမိုကရက်တစ် မဟာမိတ် တပ်မတော် (မိုင်းလားအဖွဲ့) တို့အပါအဝင် ဗမာပြည်ကွန်မြူနစ်ပါတီနှင့်ယခင်က ချိတ်ဆက်နေသည့် အခြားသော တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များနှင့်လည်း သမိုင်းအရ နီးကပ်သည့် ဆက်ဆံရေးတစ်ခုရှိပါသည်။၃၃၂ UWSA သည် ၁၉၈၉ ခုနှစ်တွင် စစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်တစ်ခု ချုပ်ဆိုခဲ့ပြီး ၎င်း၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေနှင့် နိုင်ငံတစ်ဝန်း စီးပွားရေးအကျိုးစီးပွားများ ဖော်ဆောင်ရန် နှင့် တရုတ်နိုင်ငံ နယ်စပ်တစ်လျှောက် လွတ်လပ်စွာ ကုန်သွယ်ရန် အခွင့်အရေးတို့ကို ရရှိခဲ့သည်။ ၃၃၃

ယနေ့အခါတွင် ယင်းသည် စစ်သည် ၃၀၀၀၀ ထက်မနည်းသော အကြီးမားဆုံး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဖြစ်သည်။ ယင်းသည် တရုတ်နိုင်ငံမှ နိုင်ငံရေးဆိုင်ရာ အကာအကွယ်အတိုင်းအတာ တစ်ခုကိုလည်း ရရှိထားသဖြင့် မြန်မာနိုင်ငံရှိ အရေးအပါဆုံး ပဋိပက္ခဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်သည်။၃၃၄ ယင်းသည် မြန်မာအစိုးရနှင့် စစ်တပ်တို့နှင့် အပစ်အခတ်ရပ်စဲရေးဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုများတွင် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များအကြား၌ ထိပ်တန်းအခန်းကဏ္ဍတစ်ရပ်ရှိသော်လည်း ၎င်းတို့အနေဖြင့် ၁၉၈၉ ခုနှစ်မှ စတင်ကာ ဗဟိုအစိုးရ နှင့် ပဋိပက္ခ အတိအလင်းဖြစ်ပွားမှုမရှိဟုဆိုကာ NCA တွင် လက်မှတ်ရေးထိုးရန် ငြင်းဆိုခဲ့သည်။၃၃၅ UWSP/A ကိုယ်တိုင်သည် စီးပွားရေးတစ်ခုတည်းသာ မဟုတ်ဘဲ အမျိုးသားရေး နှင့် စီးပွားရေးဆိုင်ရာ အစီအစဉ် နှစ်မျိုးစလုံးတို့ဖြင့် လည်ပတ်နေခြင်း ဖြစ်နိုင်ဖွယ်ရှိသည်။ ၃၃၆

## ကျောက်စိမ်းလုပ်ငန်း နှင့် *UWSP* ၏ သမိုင်းကြောင်းဆိုင်ရာ ဆက်ဆံရေး

UWSP/A သည် ၁၉၈၉ ခုနှစ်တွင် ထိုစဉ်က စစ်ထောက်လှမ်းရေးအဖွဲ့၏ အကြီးအကဲဖြစ်သူ ဦးခင်ညွန့်မှ အကျိုးဆောင်အဖြစ်ဆောင်ရွက်ပေးခဲ့သော မြန်မာနိုင်ငံ၏ စစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုတစ်ခု ရရှိနိုင်ခဲ့သည့် ပထမဆုံးသော တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များတွင် ပါဝင်သည်။ ၃၃၇ ယင်းအား စစ်အစိုးရမှ ပေးအပ်ခဲ့သော အပစ်အခတ် ရပ်စဲရေးဆိုင်ရာ အမြတ်ဝေစုများကိုအရင်းအနှီးပြုကာ ဖားကန့် နှင့် ရှမ်းပြည်နယ် မိုင်းရှူးတို့တွင် ကျောက်စိမ်း နှင့် ပတ္တမြား တူးဖော်ရေးလုပ်ပိုင်ခွင့်များ ပေးအပ်ခဲ့သည်။ ၃၃၈

UWSP/A အတွင်း အုပ်စုအမျိုးမျိုးတို့ ရှိနေပုံရပါသည်။၃၃၉ ဆန်းစစ်သူအချို့က အဓိက ကွဲပြားမှုမှာ UWSP/A ၏ ခေါင်းဆောင်နှစ်ဦးဖြစ်သော စစ်ဦးစီးချုပ် Bao Yu-Xiang နှင့် အကြီးတန်းကွပ်ကဲရေးအရာရှိ Wei Hseuh Kang တို့ အကြားတွင်ဖြစ်သည်ဟု ဆိုသည်။ ၎င်းတို့နှစ်ဦးစလုံးအား မူးယစ်ဆေးဝါးကုန်သွယ်မှုလုပ်ငန်းနှင့် ဆက်စပ်နေမှုများကြောင့် အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ပိတ်ဆို့အရေးယူထားသည်။၃၄၀ ကျွန်ုပ်တို့၏ ယခင်စုံစမ်းဖော်ထုတ်မှုများတွင် Wei Hseuh Kang အား Myanmar Takaung, Thaw Tar Win Gems နှင့် Ayeyar Yadanar Gems တို့ အပါအဝင် ဖားကန့်ရှိ အင်အားကြီးမားသော တူးဖော်ထုတ်လုပ်ရေးကုမ္ပဏီများ၏ ကွန်ရက်တစ်ခုနှင့် အဆက်အသွယ်များရှိကြောင်း ချိတ်ဆက်နိုင်ခဲ့သည်။ ၃၄၁ လုပ်ငန်းတွင်း၏ ပုဂ္ဂိုလ်များ၏အဆိုအရ UWSP/A နှင့် ဆက်စပ်နေသည့် ကုမ္ပဏီများတွင် ကျပ်သန်းပေါင်းများစွာ တန်ဖိုးရှိသည့် ဘက်ဟိုးများနှင့် စက်ယန္တရားကြီးများရှိကြပြီး ဖားကန့်၏ ကျယ်ပြန့်သည့် အစိတ်အပိုင်းများကို ထိန်းချုပ်ထားသည်။ ၃၄၂

Wei အုပ်စုသည် စီးပွားရေးအကျိုးစီးပွားများကို ချဲ့ထွင်ရေးတွင် ပိုမိုစိတ်ဝင်စားပြီး

Bao အုပ်စုတွင်မူ ပိုမိုကျယ်ပြန့်သော နိုင်ငံရေး နှင့် အမျိုးသားရေး ပန်းတိုင်များရှိကြသည်ဟု ဆန်းစစ်သူများက ဆိုကြသည်။[၃၄၃] ဆန်းစစ်သူတစ်ဦးက အခြားသော ပိတ်ဆို့အရေးယူထားသည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်သည့် Bao ၏ သားမက်ဖြစ်သူ Aik Haw (Ho Chung Ting) သည် ယခင်က အုပ်စုနှစ်စုအကြားတွင် ပေါင်းကူးသဖွယ် လုပ်ဆောင်ခဲ့သည်ဟု ဆိုခဲ့သည်။[၃၄၄] ကျွန်ုပ်တို့၏ လေ့လာမှုများအရ ထိုသို့ ဖြစ်နိုင်ချင်မှ ဖြစ်တော့မည်ဖြစ်ကြောင်း တွေ့ရသည်။ အချို့သော ဆန်းစစ်သူများက Aik Haw နှင့် ၎င်း၏ စီးပွားရေးမိတ်ဖက်ဟောင်းတစ်ဦးဖြစ်သူ Wei Hseuh Kang တို့အကြားတွင် စိတ်ဝမ်းကွဲမှုတစ်ခုရှိနေသည် ဟုလည်း အရိပ်အမြွက် ပြောကြားခဲ့သည်။[၃၄၅] ကျောက်စိမ်းလုပ်ငန်းအတွင်းရှိ အကြီးတန်းပုဂ္ဂိုလ်တစ်ဦးက Aik Haw သည် ကျောက်စိမ်းတူးဖော်ထုတ်လုပ်မှုများ လုပ်ဆောင်ခြင်း မရှိတော့ဘဲ ကျောက်စိမ်းရောင်းချမှုများသာ လုပ်ဆောင်နေသည် ဟု ဆိုခဲ့သည်။[၃၄၆] KIO/A ရှိ အကြီးတန်းပုဂ္ဂိုလ်တစ်ဦးက ၎င်းသည် လက်နက်ကိုင်တပ်ဖွဲ့နှစ်ဖွဲ့ပါဝင်ပတ်သက် နေသည့် ရောင်းချမှုများကို ကြားခံ ဆောင်ရွက်ရာတွင် အခန်းကဏ္ဍသစ်တစ်ရပ် တွင် ပါဝင်သည်ဟု အရိပ်အမြွက် ပြောကြားခဲ့သည်။[၃၄၇] မည်သို့ပင်ဆိုစေကာမူ အနိမ့်ဆုံးအနေဖြင့် ၎င်းနှင့် ယခင်က ဆက်စပ်နေသည့် အနည်းဆုံး ကုမ္ပဏီတစ်ခု၊ Triple One (1.1.1. Gems or 111 Company) သည် မကြာသေးမီ ၂၀၂၀ ခုနှစ် ဇွန်လအထိ သက်တမ်း မကုန်သေးသည့် လိုင်စင်တစ်ခု ရှိနေဆဲဖြစ်ကြောင်း ထင်ရှားပါသည်။ [၃၄၈]

အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကြောင့် UWSP/A ထံသို့ ပေးအပ်ခဲ့သည့် လုပ်ပိုင်ခွင့်များသည် Wei Hsueh Kang ၏ ဖုံးကွယ်ထားသော ရာဇဝတ်မှုဆိုင်ရာ ကွန်ရက်အား ဖားကန့်သို့ ရွှေ့ပြောင်းနိုင်စေခဲ့ပြီး ၎င်း၏ဩဇာအာဏာသည် လွန်ခဲ့သည့် ဆယ်စုနှစ်သုံးခုတို့အတွင်း အဆပေါင်းများစွာ တိုးတက်လာခဲ့သည်။ အဆိုပါ အချိန်အတွင်း UWSP/A နှင့်ဆက်စပ်နေသည့် ကုမ္ပဏီများသည် သတ္တုတူးဖော်ရေး၊ ဟိုတယ်လုပ်ငန်းများ၊ ခရီးသွားလာရေး၊ လောင်းကစားရုံများ၊ ဆောက်လုပ်ရေး နှင့် ထုတ်လုပ်ရေးတို့အပါအဝင် စီးပွားရေးစနစ်၏ ကဏ္ဍအမျိုးမျိုးတို့တွင် ပေါက်ပွားလာခဲ့သည်။ ၁၉၉၈ ခုနှစ်တွင် Wei Hsueh Kang သည် မူးယစ်ဆေးဝါးလုပ်ငန်းမှ ဖြစ်နိုင်ခြေ အများဆုံးဖြစ်သည့် အမြတ်အစွန်းများဖြင့် Hong Pang Group ကို တည်ထောင်ခဲ့ပြီး အမျိုးမျိုးသော တရားဝင်စီးပွားရေး လုပ်ငန်းများတွင် လျင်မြန်စွာ စတင်ရင်းနှီးမြှုပ်နှံခဲ့သည်။ [၃၄၉]

အမေရိကန်ပြည်ထောင်စုက UWSP/A အား "အရှေ့တောင်အာရှရှိ အကျယ်ပြန့်ဆုံးနှင့် အင်အားအကြီးမားဆုံး မူးယစ်ဆေးဝါးကုန်ကူးသည့် အဖွဲ့အစည်းတစ်ခု" ဖြစ်ပြီး ယင်းအတွက် Wei ၏ စီးပွားရေးကွန်ရက်များသည် အယောင်ပြကုမ္ပဏီများအဖြစ် ဆောင်ရွက်နေကြသည်ဟု စွပ်စွဲပြောဆိုခဲ့သည်။[၃၅၀] UWSP/A နှင့် ဆက်စပ်နေသော စီးပွားရေးလုပ်ငန်းများမှ ဝင်ငွေများသည် လက်နက်ကိုင်အဖွဲ့၏ လုပ်ဆောင်ချက်များကို ငွေကြေးပံ့ပိုးပေးနေသည့်အတိုင်းအတာ သို့မဟုတ် ၎င်း၏ ထိပ်တန်းခေါင်းဆောင်များကို တစ်ဦးချင်းစီ ပိုမိုကြွယ်ဝလာစေရန် အထောက်အကူပြုသည့် အတိုင်းအတာနှင့်ပတ်သက်၍ မေးခွန်းများ ရှိနေဆဲ ဖြစ်သည်။[၃၅၁] မည်သို့ပင်ဆိုစေကာမူ မည်သည့် ဖြစ်ရပ်မဆိုသည် စိတ်ချယုံကြည်ရသော ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တစ်ခုအတွင်းပါဝင်ရန် အဖွဲ့၏ခေါင်းဆောင်များအတွက် ကြီးမားသည့် အဟန့်အတားတစ်ရပ်ဖြစ်စေသည်။

## အမြတ်အစွန်းများစွာရရှိသည့် ဆက်ဆံရေးများ

ကျောက်မျက်ရတနာ ကဏ္ဍအတွင်း Wei Hsueh Kang ၏ အသာစီးရရှိမှုသည် ယခင် စစ်အစိုးရ၏ ပဋိပက္ခများကို စီမံခန့်ခွဲပုံ နှင့် အစိုးရ၏ ထိန်းချုပ်မှုကို ချဲ့ထွင်ခဲ့ပုံတို့၏ တိုက်ရိုက်ရလဒ်တစ်ခုဖြစ်သည်။ [၃၅၂] UWSP/A နှင့် Wei စီးပွားရေးကွန်ရက်များသည် ထိုစဉ်မှစတင်ကာ ကျောက်စိမ်းလုပ်ငန်းမှတစ်ဆင့် တပ်မတော်နှင့် အကျိုးအမြတ်များသော ဆက်ဆံရေးတစ်ခုကို ဖန်တီးခဲ့သည်။ ဥပမာအားဖြင့် ဖားကန့်တွင်လည်းပတ်နေသည့် UWSA နှင့်ဆက်စပ်နေသော ကုမ္ပဏီများနှင့် ယခင် အာဏာရှင်ဟောင်း ဦးသန်းရွှေ၏ မိသားစုမှ ထိန်းချုပ်ထားသော ကုမ္ပဏီများ အပါအဝင် စစ်တပ်နှင့်ဆက်စပ်နေသော ကုမ္ပဏီများအကြားရှိ ယခင်က ဒါရိုက်တာများ အကြားတွင် အချိတ်အဆက်များရှိကြောင်း အထောက်အထားများရှိသည်။[၃၅၃] နောက်ထပ် တပ်မတော်ပိုင်ကုမ္ပဏီတစ်ခုဖြစ်သော Northern Star Gems ကုမ္ပဏီသည် နောက်ထပ် UWSP/A နှင့်ဆက်စပ်နေသော ကုမ္ပဏီ ဖြစ်သည့် Taw Win San Htar Gems & Jewellery နှင့် အနိမ့်ဆုံးအနေဖြင့် ၂၀၁၇ ခုနှစ်အထိ


တပ်မတော် နှင့် UWSA အကြား နှစ် ၃၀ အကြာ အပစ်အခတ်ရပ်စဲမှု အခမ်းအနားအတွက် ဝပြည်နယ်အတွင်း ၂၀၁၉ ခုနှစ်အတွင်းရှိ စစ်ရေးပြအခမ်းအနားတစ်ခုရှိ လူအုပ်ထံ လက်ပြနေသည့် UWSA ခေါင်းဆောင် Bao Youxiang. *Getty Images* မှတစ်ဆင့် *AFP*

တူညီသည့် ဒါရိုက်တာတစ်ဦး ရှိခဲ့ကြသည်။ [၃၅၄]

ယခင်သမ္မတဟောင်းဦးသိန်းစိန်က ရွှေတြိဂံတွင် တိုင်းမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ်အတွင်း "မိတ်ဆွေအစစ်အမှန်"တစ်ဦးအဖြစ် ထုတ်ဖော်ပြောဆိုခဲ့သော Wei Hseuh Kang နှင့် ၎င်း၏ Hong Pang ကုမ္ပဏီသည် ဆောက်လုပ်ရေး နှင့် အခြေခံအဆောက်အဦဆိုင်ရာ စီမံကိန်းများအပါအဝင် နိုင်ငံတစ်ဝန်းရှိ အမြတ်အစွန်းများစွာရရှိသော စီးပွားရေးလုပ်ငန်း ကန်ထရိုက်များစွာကို ရရှိခဲ့သည်။ [၃၅၅] ၎င်းတို့၏ ဆက်ဆံရေးမှာ ယခင်စစ်အာဏာရှင်ဟောင်းဖြစ်သူအနေဖြင့် ၂၀၀၅ ခုနှစ် အတွင်း Wei Hseuh Kang ၏ ရာဇဝတ်ဂိုဏ်းအား မူးယစ်ဆေးဝါးဆိုင်ရာ စွဲချက်များဖြင့် အမေရိကန်ပြည်ထောင်စုထံ ပြည်နှင်ဒဏ်ပေးခြင်းကို အကာအကွယ်ပေးခဲ့သည် အထိရှိခဲ့သည်။ [၃၅၆]

> "ယင်းသည် တပ်မတော်မှ ထိမည်မဟုတ်သည့် တစ်ခုတည်းသော အဖွဲ့ဖြစ်သည်။"
> – ကချင်ဂျာနယ်လစ်တစ်ဦး
> (UWSA ကို ရည်ညွှန်းသည်) [၃၅၇]

UWSP/A သည် မြန်မာ့တပ်မတော်နှင့် အတိအလင်း ပဋိပက္ခဖြစ်ပွားခြင်း မရှိသော်လည်း တရားဝင်အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်တစ်ခုတွင် မည်သည့်အခါတွင်မျှ လက်မှတ်ရေးထိုးခဲ့ခြင်းမရှိပေ။ [၃၅၈] ၎င်း၏ လက်ရှိစီးပွားရေးနှင့် နိုင်ငံရေးဆိုင်ရာ အနေအထားနှင့် တရုတ်နိုင်ငံ၏ အထောက်အပံ့တို့ကြောင့် NCA တွင် လက်မှတ်ရေးထိုးရန် ဆွဲဆောင်မှုအနည်းငယ်မျှသာရှိပါသည်။ သို့တိုင် UWSA သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း အရေးပါသည့် ဩဇာအာဏာအသုံးချသည့် အဖွဲ့အစည်းတစ်ခုအဖြစ် ပေါ်ပေါက်လာခဲ့သည်။ [၃၅၉] ၎င်းသည် တပ်မတော်နှင့် တိုက်ပွဲဖြစ်ပွားနေသည့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ၏ ကွန်ရက်တစ်ခုဖြစ်သော မြောက်ပိုင်းမဟာမိတ်အဖွဲ့နှင့် အနီးကပ်ဆက်စပ်မှုများ ရှိပြီး တပ်မတော်ကို ဆန့်ကျင်သည့် တပ်ဖွဲ့များအတွက် အကူအညီများ၊ သင်တန်းပေးမှုများ နှင့် လက်နက်များပေးအပ်ပါသည်။ ယင်းတွင် မြောက်ပိုင်းမဟာမိတ်အဖွဲ့၏ အဖွဲ့ဝင်များ - တအာင်းအမျိုးသား လွတ်မြောက်ရေး တပ်မတော်၊ AA နှင့် KIA - နှင့်တကွ ရှမ်းပြည်တပ်မတော် (မြောက်ပိုင်း) ကဲ့သို့ သော အခြား လက်နက်ကိုင် တပ်ဖွဲ့များလည်း ပါဝင်ပါသည်။ [၃၆၀]



ဖားကန့်တွင် ၂၀၂၀ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့ရှိ မြေပြိုမှုတစ်ခု ဖြစ်ပွားပြီးနောက် ရုပ်အလောင်းများကို ပြန်လည်ရယူနိုင်ရန် ကြိုးပမ်းနေကြသည့် ကယ်ဆယ်ရေးသမားများ။ မြန်မာနိုင်ငံ၏ သမိုင်းတွင် အဆိုးရွားဆုံးဖြစ်သော အဆိုပါမြေပြိုမှုသည် လူပေါင်း ၂၀၀ နီးပါးကို သေဆုံးစေခဲ့သည်။ *Getty Images* မှတစ်ဆင့် *AFP*

မြန်မာနိုင်ငံမြောက်ပိုင်းရှိ ပဋိပက္ခစီးပွားရေးတွင် အဓိကအကျိုးစီးပွား ပတ်သက်ဆက်နွှယ်သည့် အဖွဲ့အစည်း ဖြစ်သည့် UWSA သည် စည်းမျဉ်းစည်းကမ်းများဖြင့် ပိုမိုပုံသေ သတ်မှတ်ထားသော စီးပွားရေးတစ်ခုသို့ ကူးပြောင်းပါက ဆုံးရှုံးမှုဖြစ်နိုင်ပါသည်။ [၃၆၁] ယင်းသည် အာဏာသိမ်းမှုကိုတုန့်ပြန်သည့်အားဖြင့် UWSP/A သည် ယင်းကို လူသိရှင်ကြားထောက်ခံခြင်းမရှိသလို ကန့်ကွက်ရှုံ့ချခြင်းမရှိခဲ့ဘဲ အဓိကအားဖြင့် နှုတ်ဆိတ်နေခြင်းကို ရှင်းပြရန် အထောက်အကူပြုပါသည်။ [၃၆၂]

## လိုင်စင်ထုတ်ပေးမှု ရပ်ဆိုင်းထားခြင်းနောက်ပိုင်း မြင့်တက်လာမှု

လွန်ခဲ့သည့် နှစ်အနည်းငယ်တို့အတွင်း Wei Hsueh Kang နှင့် ၎င်း၏ ကုမ္ပဏီများ ကွန်ရက်သည် ဖားကန့်ရှိ ကျောက်စိမ်းတွင်းများအပေါ် ၎င်းတို့၏ဩဇာလွှမ်းမိုးမှုကို ဆက်လက်ချဲ့ထွင်ခဲ့ကြသည်။ Global Witness မှ တွေ့ဆုံမေးမြန်းခဲ့သည့် လုပ်ငန်းပိုင်းဆိုင်ရာနှင့် ဒေသခံရင်းမြစ်အများအပြားတို့က တရုတ်နိုင်ငံမှ အဖွဲ့အစည်းများ၏ ငွေကြေးဆိုင်ရာ ကျောထောက်နောက်ခံပြုထားသည်ဟု သံသယများ ရှိနေသည့် ဝနှင့်ဆက်စပ်နေသော အဖွဲ့အစည်းများသည် သတ္တုတွင်းများကို မည်ကဲ့သို့ ဩဇာလွှမ်းမိုးလာခဲ့ကြောင်း ထုတ်ဖော်ပြောဆိုခဲ့ကြသည်။ [၃၆၃]

လုပ်ငန်းပိုင်းဆိုင်ရာ ရင်းမြစ်များက ဖားကန့်တွင် လုပ်ကိုင်နေဆဲဖြစ်သည့် ဝနှင့်ဆက်စပ်နေသော အဖွဲ့အစည်း ၁၀ မှ ၅၀ အထိရှိပြီး ၎င်းတို့အနက်အများစုတို့သည် Wei Hsueh Kang ၏ ရာဇဝတ်မှုဆိုင်ရာ ကွန်ရက်နှင့် ဆက်စပ်နေသည်ဟု အခိုင်အမာပြောဆိုခဲ့ကြသည်။[၃၆၄] ဝ၏ ဩဇာလွှမ်းမိုးမှုသည် အလွန်အင်အားကြီးမားလှသဖြင့် Wei Hsueh Kang သည် ဖားကန့်ရှိ ဝေခါမော်ဟုခေါ်သော ကြီးမားသည့် နယ်မြေတစ်ခုကို လက်တွေ့အားဖြင့် ထိန်းချုပ်ထားပြီး ထိုနေရာတွင် လုပ်ငန်းလုပ်ကိုင်လိုသည့် မည်သည့်ကုမ္ပဏီမဆိုထံမှ အကျိုးအမြတ်များ၏ ဝေစုပမာဏတစ်ခုကို တောင်းဆိုသည်ဟု ကျောက်စိမ်းလုပ်ငန်းနှင့် အဆက်အသွယ်ရှိသည့် နိုင်ငံရေးသမားတစ်ဦးက ဆိုပါသည်။ [၃၆၅]

ဤနယ်မြေသည် ၂၀၂၀ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့တွင် ရေမဆေးသမားအများစု ပါဝင်သော လူ ၂၀၀ သေဆုံးခဲ့သည့် မြန်မာနိုင်ငံ၏ စံချိန်တင် အဆိုးဝါးဆုံးသော ကျောက်စိမ်းတူးဖော်မှုဆိုင်ရာ ဘေးအန္တရာယ်တစ်ခု ဖြစ်ပွားခဲ့ရာနေရာလည်းဖြစ်သည်။ အဆိုပါ မတော်တဆမှုကို အောက်ပါလေးထောင့်ကွက် ၁ တွင် ဆွေးနွေးဖော်ပြထားသည်။ UWSA နှင့်ဆက်စပ်နေသော ကုမ္ပဏီအနည်းဆုံးသုံးခု - Myanmar Takaung, Ayeyar Yadanar နှင့် Triple One (မြန်မာနိုင်ငံ၏ ပြန်ကြားရေး ဝန်ကြီးဌာနက ကျောက်မျက်ရွှေပြည်ကုမ္ပဏီဟု ခေါ်ဆိုသော 1.1.1. Gems) – တို့သည် အဆိုပါဖြစ်ရပ်တွင်ပါဝင်သည့် သတ္တုတွင်းလုပ်ကွက်တွင် လုပ်ကိုင်နေကြသည်ဟု အမည်ထွက်နေပါသည်။ အဆိုပါသတ္တုတွင်းသည် ဥပဒေအရ သတ်မှတ်ထားသည့်အတိုင်း မှတ်သုံမိုးများရွာသွန်းမှုကြောင့် တရားဝင်တူးဖော်ခြင်းကို ပိုင်ရှင်များမှ ရပ်ဆိုင်းထားခဲ့သည့် သတ္တုတွင်းဖြစ်ပါသည်။ [၃၆၆]

မှတ်ချက်ပေးရန်အတွက် ဆက်သွယ်ရာတွင် UWSA မှ ကိုယ်စားလှယ်တစ်ဦးက ၎င်းတို့အနေဖြင့် အထက်ဖော်ပြပါကုမ္ပဏီများနှင့် အဆက်အသွယ် တစ်စုံတစ်ရာ မရှိဟု ငြင်းဆိုခဲ့သည်။ သို့ရာတွင် အဆိုပါလုပ်ကွက်တွင် မိုးရာသီအတွက် လုပ်ငန်းများ ရပ်ဆိုင်းခြင်းမပြုမီက ဝပိုင် ကုမ္ပဏီများမှ တူးဖော်ထုတ်လုပ်မှုများ ပြုလုပ်ခဲ့ကြောင်းကို ဝန်ခံခဲ့သဖြင့် အထက်ဖော်ပြပါ ကုမ္ပဏီများမဟုတ်ပါက မည်သည့် ဝပိုင် ကုမ္ပဏီများလုပ်ကိုင်ခဲ့သနည်းဟူသည့် မေးခွန်းထုတ်ဖွယ် ဖြစ်လာခဲ့သည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း UWSP/A နှင့်ဆက်စပ်နေသော ကုမ္ပဏီများသည် လိုင်စင်ထုတ်ပေးမှု ရပ်ဆိုင်းခြင်းနှင့် ပါမစ်များ သက်တမ်းကုန်ဆုံးနေသည့် ခြိမ်းခြောက်မှုတို့ကိုအသုံးပြုကာ တရားမဝင်တူးဖော်ရေး မိတ်ဖက်များအဖြစ် ပူးပေါင်းရန် အခြားသော ကျောက်စိမ်းကုမ္ပဏီများအား အကျပ်ကိုင်ခဲ့ကြသည်။[၃၆၇] UWSP/A နှင့်ဆက်စပ်နေသော ကုမ္ပဏီများသည် စစ်တပ်နှင့် ဆက်စပ်နေသော ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိခဲ့သည် ဟူသော အထောက်အထားအချို့လည်း ရှိကြပါသည်။ ၂၀၁၅ ခုနှစ်တွင် Myanmar Takaung သည် တရားမဝင် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များအတွင်းပါဝင်ရန်အတွက် ကုမ္ပဏီငယ်များအား အကျပ်ကိုင်ရာတွင် MEHL အား အကူအညီပေးခဲ့သည်ဟု စွပ်စွဲချက်များရှိပါသည်။ ကုမ္ပဏီတစ်ခု၏ ကိုယ်စားလှယ်တစ်ဦးက ၂၀၁၅ ခုနှစ်၌ Myanmar Takaung သည် MEHL ၏ အမည်ဖြင့် ၎င်း၏ သတ္တုတွင်းတစ်ခုကို မည်ကဲ့သို့လွှဲယူခဲ့ပြီး ၅၀:၅၀ အကျိုးအမြတ်ခွဲဝေရေး သဘောတူညီချက်တစ်ခုကို တောင်းဆိုခဲ့ကြောင်း ရှင်းပြခဲ့သည်။ အဆိုပါကုမ္ပဏီသည် နောက်ပိုင်းတွင် ၆၀:၄၀ ခွဲဝေမှုတစ်ခုကို စေ့စပ်ညှိနှိုင်းနိုင်ခဲ့သည်။ [၃၆၈]

အထူးသဖြင့် ကချင်ကုမ္ပဏီများသည် အင်အားကြီးမားသော UWSA နှင့် ဆက်စပ်နေသည့် ကွန်ရက်များနှင့် ယှဉ်ပြိုင်ရန် ရုန်းကန်ခဲ့ကြရသည်။ "အစိုးရမှ ကျောထောက်နောက်ခံပြုထားသည့် ကုမ္ပဏီခြင်းများနှင့် ယှဉ်ပြိုင်ခြင်းသည် မလွယ်ကူ" ဟူ၍ ဒေသခံကျောက်စိမ်းကုန်သည်တစ်ဦးက Global Witness ထံ ပြောကြားသည်။[၃၆၉] အချို့သောကုမ္ပဏီများသည် တပ်မတော်နှင့်ဆက်စပ်နေသော ပိုမိုကြီးမားသည့် ဝကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းရန် အကျပ်ကိုင်ခြင်းခံခဲ့ရသည်။[၃၇၀] ဝအဖွဲ့အစည်းများသည် အခြားသောကုမ္ပဏီများထံ အင်အားကြီးမားသည့် လုံခြုံရေး အကာအကွယ်တစ်ခုကို ပေးအပ်ခဲ့သည်။ ယင်းသည် Global Witness မှ ယခင်က ဖော်ပြခဲ့သည့်အတိုင်း လက်နက်ကိုင် တပ်ဖွဲ့ထံသို့ ကြီးမားသည့် ငွေပေးချေမှုများ ပါဝင်နိုင်ပါသည်။ [၃၇၁]

## KIO/A နှင့် UWSP/A ၏ ဆက်ဆံရေး

"မည်သည့်အဖွဲ့ကမျှ တရားဝင် ဝန်ခံထားခြင်း မရှိသော်လည်း KIA နှင့် UWSA တို့သည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ မိတ်ဖက်များနှင့် ပြိုင်ဖက်များအဖြစ် ရှုမြင်ကြသည်။"

တရုတ်-မြန်မာ ဆက်ဆံရေးများနှင့်ပတ်သက်သည့် သုတေသီတစ်ဦး [၃၇၂]

ကျောက်စိမ်းနှင့်ပတ်သက်၍ KIO/A နှင့် UWSP/A တို့၏ ဆက်ဆံရေးသည် ၂၀၁၅ ခုနှစ်ကတည်းက စတင်ကာ ဆက်လက်ပြောင်းလဲတိုးတက်လာခဲ့သည်။ ဝအဖွဲ့သည် ဖားကန့်တွင် လုပ်ကိုင်နေကြသည့် ခရိုနီကြီးများ၊ စစ်တပ်နှင့် တရုတ်ကုမ္ပဏီများထံမှ KIO/A အတွက် အခွန်ကောက်ခံရေးတွင် တက်ကြွသည့် အခန်းကဏ္ဍတစ်ခုမှ ပါဝင်နေဆဲဖြစ်ပါသည်။ Global Witness အနေဖြင့် ယခင်က တင်ပြခဲ့ပြီးသည့်အတိုင်း ဤအခန်းကဏ္ဍအား တစ်ချိန်က အမေရိကန်ပြည်ထောင်စုမှ ဒဏ်ခတ်အရေးယူထားသော UWSA ခေါင်းဆောင် Bao Yu-Xiang ၏ သားမက်နှင့် Wei Hsueh Kang အတွက် ညာလက်ရုံးပေါင်းဖြစ်သည့် မူးယစ်ရာဇာ Aik

Haw က ချုပ်ကိုင်ခဲ့ဖူးသည်။[၁၇၃] သို့ရာတွင် KIA နှင့် နီးစပ်သည့် ပုဂ္ဂိုလ်အချို့တို့၏ အဆိုအရ Aik Haw သည် ယခုအခါ အဆိုပါအခန်းကဏ္ဍကို စွန့်ပယ်ခဲ့ပြီး ယင်းသည် UWSA အတွက် ဝင်ငွေကောက်ခံမှု ပိုမိုလျော့နည်းစေပါသည်။[၁၇၄] မည်သို့ပင်ဆိုစေကာမူ အဖွဲ့အတွင်းရှိ နောက်ထပ် အကြီးတန်းပုဂ္ဂိုလ်တစ်ဦးက Aik Haw သည် တရုတ်နိုင်ငံအတွင်း ပူးတွဲကျောက်စိမ်းရောင်းချမှုများကို အကျိုးဆောင်ပေးနေသည့် အခန်းကဏ္ဍသစ်ကို ရယူခဲ့သည်ဟု ဆိုပါသည်။[၁၇၅]

KIO/A နှင့် UWSP/A တို့သည် တူးဖော်ရေး၊ ကုန်သွယ်ရေးနှင့် ကျောက်စိမ်းရောင်းချရေးတို့အတွက် အတူပူးပေါင်းကာ မကြာသေးမီကာလအတွင်း ပိုမိုနီးကပ်သည့် စီးပွားရေးဆိုင်ရာ ဆက်ဆံရေးများကို တည်ဆောက်ခဲ့ကြသည်။[၁၇၆] KIO/A ထောက်လှမ်းရေးရင်းမြစ်တစ်ခုက Aik Haw နှင့် ဆက်စပ်နေသည့် UWSP/A နှင့် အဆက်အသွယ်ရှိသော ကုမ္ပဏီတစ်ခုဖြစ်သည့် Triple One Company သည် ယခုအခါတွင် KIA မှ လာခြင်းဖြစ်ကြောင်း Global Witness အား ပြောကြားခဲ့သည်။[၁၇၇] မည်သို့ပင်ဆိုစေကာမူ စီးပွားရေးဆိုင်ရာ အကျိုးစီးပွားများ ယှဉ်ပြိုင်နေမှုကြောင့် တင်းမာမှုများသည် မြင့်တက်လာခဲ့ပြီး KIO/A နှင့် နီးစပ်သည့် ရင်းမြစ်များက UWSP/A သည် ကျောက်စိမ်းရောင်းချမှုများတွင် ၎င်းကို အမြတ်ထုတ်နေသည်ဟု ပြောကြားခဲ့သည်။ [၁၇၈]

ဖားကန့်တွင် အခြေစိုက်ပြီး အခွန်ကောက်ခံရန်နှင့် KIO/A ၏ ကျောက်စိမ်းတန်ဖိုးဖြတ်ရေးအဖွဲ့နှင့် အဆက်အသွယ်ပြုလုပ်သည့် KIA အမှတ် ၆ တပ်ရင်းသည်လည်း UWSA ကုမ္ပဏီများနှင့် အနီးကပ်ပူးပေါင်းလုပ်ဆောင်ပါသည်။ [၁၇၉]

UWSP/A နှင့် ဆက်ဆံရေးများ၏ သဘောသဘာဝနှင့်ပတ်သက်၍ Global Witness ၏ စုံစမ်းမှုများကို တုန့်ပြန်ရာတွင် KIO က ၎င်းတို့အနေဖြင့် Aik Haw နှင့် မည်သည့်အခါတွင်မျှ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်း၊ အခွန်များကောက်ခံရန် ယင်းကို တာဝန်ပေးခြင်း သို့မဟုတ် ကျောက်စိမ်းလုပ်ငန်းလုပ်ကိုင်သူများပေးရမည့် စံသတ်မှတ်ထားသော အခွန်မှလွဲ၍ ၎င်းတို့တွင် UWSA နှင့် မည်သည့် စီးပွားရေးဆိုင်ရာဆက်ဆံရေးမျှမရှိဟု ငြင်းဆိုခဲ့သည်။[၁၈၀] အလားတူပင် ဝပြည်နယ် နိုင်ငံခြားရေး ဝန်ကြီးဌာနသည်လည်း ဝ နှင့် KIA တို့အကြားတွင် မည်သည့်စီးပွားရေးဆိုင်ရာ ဆက်ဆံရေးမျှမရှိကြောင်း ငြင်းဆိုခဲ့ပြီး ၎င်းတို့ရရှိသည့် အခွန်ပေးဆောင်မှုများသည် မြန်မာနိုင်ငံ ဥပဒေနှင့်အညီဖြစ်ကြောင်း ပြောကြားခဲ့သည်။

## ကျောက်စိမ်းနှင့် လက်နက်လဲလှယ်ခြင်း

ပဋိပက္ခများကို မီးလောင်ရာလေပင့်စေသည့် အဓိက ဝင်ငွေများပေးအပ်သည့် ကျောက်စိမ်း ရောင်းချမှုများအပြင် ကျောက်စိမ်းအခွန်များအား ငွေအစား လက်နက်များဖြင့် ပေးချေလျက်ရှိကြကြောင်း Global Witness က တွေ့ရှိခဲ့ရသည်။ UWSA သည် KIA အတွက် ကျောက်စိမ်းအခွန်များအား လက်နက်များအဖြစ် တစ်စိတ်တစ်ပိုင်း ပြန်လည်ပေးချေသည်ဟု ရင်းမြစ်များစွာတို့က Gobal Witness အား အတည်ပြုခဲ့သည်။[၁၈၁] KIA ၏ အကြီးတန်း အဖွဲ့ဝင်နှစ်ဦးတို့က အခွန်ပေးဆောင်မှုများ၏ သုံးပုံတစ်ပုံအား လက်နက်များဖြင့် ပေးဆောင်ကြသည် ဟု ပြောကြားခဲ့သည်။[၁၈၂] အာဏာသိမ်းမှုနောက်ပိုင်းတွင် ထိုသို့ ဆက်လက်ရှိနေခြင်း ရှိမရှိကို Global Witness အနေဖြင့် အတည်ပြုနိုင်ခဲ့ခြင်း မရှိပေ။ မည်သို့ပင်ဆိုစေ ကာမူ လက်နက်ကိုင်အဖွဲ့များအနေဖြင့် အချင်းချင်း လက်နက်များ ထောက်ပံ့နေမှုကို ရပ်တန့်ရန် သို့မဟုတ် အနာဂတ်တွင် လက်နက်နှင့် ကျောက်စိမ်းလဲလှယ်မှုများ ပြန်လည် စတင်လာမှုမရှိရန် ယုံကြည်နိုင်သည့် အကြောင်းအရင်း မရှိသလောက် ဖြစ်ပါသည်။

"KIA အား ဝမှ အထောက်အပံ့ပေးနေပြီး လက်နက်များသည် ဝတို့ထံမှ KIA ထံသို့ စီးဆင်းဝင်ရောက်နေသည်" ဟု လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ရှင်းပြခဲ့သည် "အစိုးရသည် ဝတို့ကိုထိရန် ကြောက်ရွံ့သည်။" [၁၈၃]

လက်နက်များသည် ဝထိန်းချုပ်ထားသည့်နယ်မြေများမှ KIA ထံသို့ သယ်ယူပို့ဆောင်ရန် ခက်ခဲပါသည်။ ၎င်းတို့အနေဖြင့် ကိုးကန့်အပါအဝင် တစ်ခါတစ်ရံတွင် တရုတ်နိုင်ငံ သို့မဟုတ် မူဆယ်နှင့် နမ့်ခမ်းတို့မှတစ်ဆင့် KIA တပ်မဟာ ၃ စခန်းချရာ Nbapa သို့၊ ထိုမှတစ်ဆင့် လိုင်ဇာ သို့မဟုတ် လိုင်ဇင်သို့ ဖြတ်သန်းသွားရောက်ရသည်။[၁၈၄] ချေမှုန်းရေးရိုင်ဖယ်များ၊ စနိုက်ပါရိုင်ဖယ်များ၊ လက်ပစ်ဗုံးများနှင့် အဝေးထိန်းဒုံးကျည်များအား အခွန်ပေးဆောင်မှုများအဖြစ် သယ်ဆောင်သည်ဟု UWSA နှင့် နီးစပ်သည့် စီးပွားရေးလုပ်ငန်းရှင် ရင်းမြစ်တစ်ဦးက ဆိုသည်။[၁၈၅]

ဝကျွမ်းကျင်ပညာရှင်များက လက်နက်များအား UWSA နယ်နိမိတ်အတွင်း ပြုလုပ်လျှင်ပင် မည်သည့်လက်နက်အရောင်းအဝယ်မဆိုအား ပေကျင်းမှ အတည်ပြုရမည်ဖြစ်သည် ဟု ဆိုခဲ့ကြသည်။ ပေကျင်းသည် ခရစ်ယာန်လူများစုပါဝင်သော ကချင်လက်နက်ကိုင်တပ်ဖွဲ့အား စိုးရိမ်ပူပန်မှုရှိသည်။[၁၈၆] နိုင်ငံရေးဆိုင်ရာ ဆန်းစစ်သူတစ်ဦး က UWSA မှ မည်သည့် လက်နက်ရောင်းချမှုမဆိုတို့အား People's Liberation Army စစ်ထောက်လှမ်းရေး သို့မဟုတ် Ministry of State Security မှ လက်မှတ်ထိုးရန် လိုအပ်သဖြင့် KIA ထံသို့ လက်နက်ရောင်းချမှုများ၏ နယ်ပယ်ကို အကန့်အသတ်ဖြစ်စေသည်ဟု ဆိုခဲ့သည်။[၁၈၇]

"ဝတို့သည် အခြေခံအားဖြင့် KIA ၏ ဘဏ္ဍာငွေများကို ထိန်းချုပ်ထားကြသည်။" ဟု KIO/A အကြီးတန်း ခေါင်းဆောင်တစ်ဦးက ဝန်ခံခဲ့ပြီး ၎င်းတို့အနေဖြင့် ငွေကြေးဖြင့်ဖြစ်စေ လက်နက်ဖြင့်ဖြစ်စေ မော်တော်ယာဉ်များကဲ့သို့သော ငွေကြေးအစားအခြားသော ပေးချေမှုများဖြင့်ဖြစ်စေ ရရှိမည့်အခွန်များအား UWSA မှ ပေးဆောင်စေရန် အခက်အခဲရှိသည်ဟု ဖြည့်စွက်ပြောကြားခဲ့သည်။[၁၈၈] သို့တိုင် ၎င်းက အဖွဲ့များအကြားရှိ ဆက်ဆံရေးသည် ကောင်းမွန်ပြီး ပုဂ္ဂိုလ်ရေးဆိုင်ရာ ခင်မင်ရင်းနှီးမှုများမှာ ခိုင်မာအားကောင်းသည်ဟု ဆိုခဲ့သည်။ "ခင်မင်ရင်းနှီးမှုက ခင်မင်ရင်းနှီးမှု၊ စီးပွားရေးက စီးပွားရေးပဲ" ဟု ၎င်းက ဆိုသည်။[၁၈၉]

သို့ရာတွင် ၎င်းတို့အား လက်နက်များအတွက် သိသိသာသာ မတန်တဆ ပိုမိုတောင်းခြင်းများရှိသည်ဟု KIO/A ခေါင်းဆောင်များက ဆိုခဲ့သည်။ အရာရှိတစ်ဦး က UWSA ၏ လက်နက်များသည် "အလွန်ဈေးကြီးသည်" ဟု ဆိုပြီး ထုတ်လုပ်ရန် အတွက် RMB ၃၀၀၀ ခန့် ကုန်ကျမည့် ချေမှုန်းရေး ရိုင်ဖယ် တစ်လက်အား UWSA ထံမှ ဝယ်ယူပါက RMB ၂၀၀၀၀ ခန့် ကုန်ကျမည် ဖြစ်သည် ဟု ဆိုခဲ့သည်။[၁၉၀] နောက်ထပ်အရာရှိတစ်ဦးကမူ ၎င်းတို့သည် တန်ဖိုးထက် အဆ ၂၀ ခန့် ပိုမိုဈေးကြီးသည်ဟု ဆိုသည်။[၁၉၁]

ငွေကြေးအစား အခွန်ပေးဆောင်မှုများအဖြစ် ပေးအပ်သည့် လက်နက်များနှင့် ပတ်သက်သော အငြင်းပွားမှုများကြောင့် KIA နှင့် UWSA နှင့် အဆက်အသွယ်

ယုနန်ခရိုင်၊ ရွှေလီရှိ De Long နိုင်ငံတကာ ကျောက်မျက်ရတနာမြို့တော်ကဲ့သို့သော ဈေးကွက်များတွင် အဆုံးသတ်သွားခဲ့သည့် ကျောက်စိမ်းများသည် မြန်မာနိုင်ငံမြောက်ပိုင်းရှိ ဖြစ်ပွားနေဆဲဖြစ်သော ပဋိပက္ခများကို တိုက်ရိုက်အားဖြည့်ပေးပါသည်။ *Global Witness*






## ရခိုင်ရှိ UWSA ၏ လက်နက်များ

မီဒီယာများ၏ တင်ပြမှုများ၌ KIO/A နှင့် UWSP/A တို့နှစ်ဖွဲ့စလုံးသည် AA အား လက်နက်များ နှင့် ခဲယမ်းမီးကျောက်များ ထောက်ပံ့ပေးနေသည်ဟု အဆိုပြုထားသည်။[၃၉၄] "အခွန်ပေးဆောင်မှုများ" အဖြစ် လက်ခံရရှိသည့် လက်နက်များ၏ ၅၀% ခန့် တို့အား AA ထံသို့ လျှော့ဈေးဖြင့် ဆက်လက်ရောင်းချသည် ဟု KIO/KIA ထောက်လှမ်းရေးအရာရှိတစ်ဦးက Global Witness ထံ အတည်ပြုခဲ့သည်။[၃၉၅] ယင်းအကြောင်းကို တရားဝင်မေးမြန်းရာ၌ မည်သည့် UWSA လက်နက်များကို မဆို KIO သို့မဟုတ် AA တို့ထံ ရောင်းချခြင်းမရှိဟု KIO ကိုယ်စားလှယ်များက ငြင်းဆိုခဲ့သည်။[၃၉၆]

UWSA သည် ၂၀၀၉ ခုနှစ်၌ ၎င်းကို တည်ထောင်ခဲ့စဉ်ကတည်းမှစတင်ကာ AA နှင့်တကွ ၎င်း၏ အခြားသော မဟာမိတ်များဖြစ်သည့် တအောင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် နှင့် MNDAA တို့ထံ စစ်ရေးအရ အထောက်အပံ့ပေးရာတွင် ပိုမို၍ အရေးပါသည့် အခန်းကဏ္ဍတစ်ရပ်မှ ပါဝင်သည်ဟု တင်ပြမှုများ ရှိပါသည်။[၃၉၇] UWSA သည် ၂၀၁၄ ခုနှစ်မှစတင်ကာ AA ထံသို့ လက်နက်အချို့ကို အခမဲ့ပင် ပေးအပ်ခဲ့ကြောင်း KIO အရာရှိတစ်ဦးက အခိုင်အမာ ပြောကြားခဲ့သည်။[၃၉၈]

KIO/A ရှိ အကြီးတန်းအရာရှိတစ်ဦး၏ ပြောကြားချက်အရ UWSA သည် တရုတ်နိုင်ငံမှ လက်နက်များတင်သွင်းခြင်းအပြင် ကိုယ်ပိုင်အသုံးပြုရန်နှင့် အခြားသော လက်နက်ကိုင်တပ်ဖွဲ့များထံ ရောင်းချရန်အတွက် ၎င်း၏ ကိုယ်ပိုင်နယ်မြေများ အတွင်း စက်ရုံများဖြင့် လက်နက်များကိုထုတ်လုပ်သည်။ အဆိုပါ စက်ရုံတစ်ရုံသည် ပန်ဆန်းမှ ၁၂၅ ကီလိုမီတာခန့် ကွာဝေးသော Kun Ma တွင် အခြေစိုက်သည်။ ဤစက်ရုံသည် M22 များ၊ M23 များ၊ QBZ-03 များနှင့် M99 ၁၂.၇ မီလီမီတာ စနိုက်ပါရိုင်ဖယ်များအပါအဝင် တရုတ်နိုင်ငံမှ ပုံစံရေးဆွဲသည့် ချေမှုန်းရေး လက်နက်များကို ထုတ်လုပ်သည်ဟု ယုံကြည်ရသည်။ UWSA ခေါင်းဆောင် Bao Youxiang သည်လည်း အဆိုပါ လက်နက်များအား မြန်မာနိုင်ငံရှိ အခြားသော လက်နက်ကိုင်တပ်ဖွဲ့များထံသို့ ရောင်းချခဲ့သည်ဟု ယုံကြည်ရသည်။[၃၉၉]

KIO က ၎င်း၏ လက်နက်များသည် AA သို့မဟုတ် ကချင်ပြည်နယ်ရှိ အခြားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများထံသို့ တစ်စုံတစ်ရာ ရောက်ရှိခြင်း မရှိဟု ငြင်းဆိုခဲ့သည်။[၄၀၀]

ရှိသော အဖွဲ့အစည်းများအကြားတွင် လက်နက်ကိုင် ပဋိပက္ခများ ဖြစ်ပွားခဲ့သည်။ KIA ရှိ အကြီးတန်း ရင်းမြစ်နှစ်ဦးက အဖွဲ့သည် ဝင်ငွေဆိုင်ရာ အငြင်းပွားမှုတစ်ခုကြောင့် ၂၀၁၆ ခုနှစ်တွင် UWSA နှင့် အဆက်အသွယ်ရှိသော ကုမ္ပဏီတစ်ခုအပေါ် တိုက်ခိုက်မှုတစ်ခုကို ပြုလုပ်ခဲ့သည်ဟု ဆိုခဲ့ပါသည်။ UWSA သည် အခြားသော ကုမ္ပဏီများထံမှ ကောက်ခံရရှိသည့် အခွန်များအား KIA ထံသို့ ပေးဆောင်ရမည်ဖြစ်သော်လည်း ကြွေးမြီ၏ သုံးပုံတစ်ပုံအား အဆမတန် ဈေးတင်ထားသည့် လက်နက်များဖြင့် ပြန်လည်ပေးချေလိုခဲ့သည်။[၃၉၂]

KIO က ၎င်းအနေဖြင့် UWSA ထံမှ အခွန်ပေးချေမှုများအဖြစ် လက်နက်များကို လက်ခံရရှိခြင်းမရှိကြောင်း တရားဝင် ငြင်းဆိုခဲ့သည်။[၃၉၃] မှတ်ချက်ပေးရန် ဆက်သွယ်ရာတွင် ဝဒေသ ပြင်ပဆက်ဆံရေးဝန်ကြီးဌာနက မည်သည့်လက်နက်ရောင်းချမှုမဆို သို့မဟုတ် KIA အတွက် ပေးချေရမည့်အခွန်များကို ပေးဆောင်ရန် လက်နက်များ အသုံးပြုခြင်းများကိုမဆို ငြင်းဆိုခဲ့သည်။

## ၂.၅ မြန်မာအမျိုးသား ဒီမိုကရက်တစ်မဟာမိတ်တပ်မတော်

MNDAA သည် ကျောက်စိမ်းလုပ်ငန်းအတွင်း ပါဝင်နေသည်ဟု စွပ်စွဲခံထားရသော နောက်ဆုံး လက်နက်ကိုင် တပ်ဖွဲ့တစ်ဖွဲ့ ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ အရှေ့မြောက်ပိုင်းဒေသရှိ ကိုးကန့်ပြည်သူများ၏ ထောက်ခံမှု ရယူထားသော MNDAA သည် မြန်မာနိုင်ငံရှိ အတက်ကြွဆုံး တိုင်းရင်းသား လက်နက်ကိုင် တပ်ဖွဲ့တစ်ဖွဲ့ ဖြစ်ပါသည်။ ယင်းသည် ၂၀၁၅ ခုနှစ်တွင် တပ်မတော် နှင့် တိုက်ပွဲများ ပြန်လည်ဖြစ်ပွားခဲ့စဉ်ကတည်းမှစတင်ကာ မြန်မာနိုင်ငံ၏ တိုင်းရင်းသားပဋိပက္ခများအတွင်း အဓိကကျသည့် အဖွဲ့အစည်းတစ်ခု ဖြစ်လာခဲ့ပြီး မြောက်ပိုင်း မဟာမိတ်အဖွဲ့၏ အဖွဲ့ဝင်လည်း ဖြစ်သည်။[၄၀၁]

လုပ်ငန်းအတွင်းရှိ ရင်းမြစ်များအရ ဖားကန့်တွင် MNDAA နှင့် အဆက်အသွယ်ရှိသည်ဟု သံသယရှိသော ကိုးကန့်ပိုင်ကုမ္ပဏီအများအပြား ရှိပါသည်။[၄၀၂] ကျောက် စိမ်းလုပ်ငန်းဆိုင်ရာ အကြီးတန်းစီးပွားရေးလုပ်ငန်းရှင်တစ်ဦးက MNDAA ခေါင်းဆောင် Pheung Kya Shin သည် ၎င်းအား တပ်မတော်မှ ၂၀၀၉ ခုနှစ် တွင် မြန်မာနိုင်ငံအတွင်းမှ ဖယ်ရှားခဲ့ခြင်းမပြုမီတွင် ခမ်းတီးရှိ အရေးပါသည့် ကျောက်စိမ်းကုမ္ပဏီတစ်ခုကိုလုပ်ကိုင်ရန် ခွင့်ပြုချက်ရရှိခဲ့သည်ဟု Global Witness အား ပြောကြားခဲ့ပါသည်။ ဤရင်းမြစ်အရ ၎င်း၏ ကုမ္ပဏီသည် တူးဖော်ထုတ်လုပ်မှုများ ပြုလုပ်နေဆဲဖြစ်ပြီး မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ နှစ်နိုင်ငံစလုံးတွင် ရောင်းချနေဆဲဖြစ်ပါသည်။[၄၀၃] ကုမ္ပဏီမှတ်တမ်းများအရ အနည်းဆုံးအနေဖြင့် Pheung Kya Shin နှင့် ဆက်စပ်နေသည့် ကုမ္ပဏီကြီးတစ်ခုသည် ဆက်လက်လည်ပတ်နေဆဲ ဖြစ်ပါသည်။ ယင်းကို Pyai Sone Win Aung Company ဟု ခေါ်ပြီး မော်တော်ယာဉ် ကုမ္ပဏီတစ်ခုဖြစ်သည်ဟု ဆိုပါသည်။ MNDAA နှင့် ဆက်စပ်နေပြီး Pyai Sone Win Aung ကုမ္ပဏီနှင့် လိပ်စာတစ်ခုတည်း ဖြစ်သည့် ကျောက်မျက်ရတနာကုမ္ပဏီ အစုအပြုံလိုက်သည် DICA တွင် ပြန်လည် မှတ်ပုံတင်ခဲ့ခြင်းမရှိပေ။ [၄၀၄]

မကြာသေးမီက အကျိုးအမြတ် ရရှိပိုင်ဆိုင်မှုဆိုင်ရာ ထုတ်ဖော်မှုများအရ အနည်းဆုံး အနေဖြင့် Lyan Shan Jewellery (LS Jewellery) ဟု ခေါ်သော ကျောက်မျက်ရတနာ နှင့် ကျောက်စိမ်းကုမ္ပဏီတစ်ခုအား ယခင် MNDAA ဥက္ကဋ္ဌဟောင်း Yang Moe Lyan (သို့မဟုတ် Yang Mao-Liang) မှ ပိုင်ဆိုင်သည်ဟု ညွှန်ပြနေပါသည်။[၄၀၅] Pheung နှင့် Yang နှစ်ဦးစလုံးတို့သည် ဒေသ၏ မူးယစ်ဆေးဝါး ကုန်သွယ်မှုများတွင် ပါဝင်ဆက်နွှယ်နေပြီး အဖွဲ့နှစ်ဖွဲ့တို့သည် အစောပိုင်း ၁၉၉၀ ပြည့်နှစ်များအတွင်း ဒေသ၏ ဟီးရိုးအင်းကုန်သွယ်မှုအပေါ် ထိန်းချုပ်နိုင်ရေးအတွက် ခါးသီးသည့် အငြင်းပွားမှုတစ်ခုအတွင်း ပါဝင်ပတ်သက်ခဲ့ကြသည်။[၄၀၆] Yang သည် လက်နက်ကိုင်တပ်ဖွဲ့ထံမှ မူးယစ်ဆေးဝါး အမြတ်ငွေများအား ငွေကြေးခဝါချသည်ဟု သံသယရှိရသည့် အဖျော်ယမကာ ကုမ္ပဏီတစ်ခု ဖြစ်သော Peace Myanmar Group ကို ၁၉၉၃ ခုနှစ်တွင် တည်ထောင်ခဲ့သည်။[၄၀၇] ယခင် စစ်ခေါင်းဆောင်ဟောင်းသည် အောင်မြင်သည့် စီးပွားရေးအင်ပါယာတစ်ခု တည်ထောင်ရန်အတွက် ၎င်း၏ စစ်ဘက်ဆိုင်ရာအဆက်အသွယ်များကို အသုံးချနိုင်ခဲ့သည်။ အပြန်အလှန်အားဖြင့် စစ်တပ်သည် - Wei ညီအစ်ကိုများ နှင့် ယခုအခါ သမက်ဖြစ်သူ Steven Law (Htun Myint Naing) မှ လည်ပတ်သည့် Asia World ကုမ္ပဏီကိုတည်ထောင်ခဲ့သူ နာမည်ကျော် ကိုးကန့်မူးယစ်ရာဇာတစ်ဦးဖြစ်သူ Lo Hsing Han တို့နှင့် အပေးအယူများကဲ့သို့ပင် - မူးယစ်ဆေးဝါး ကုန်သွယ်မှုအတွင်း ၎င်း၏ ပါဝင်ပတ်သက်မှုကို မျက်ကွယ်ပြုခဲ့သည်။ [၄၀၈]

ဖားကန့်တွင် ၂၀၁၉ ခုနှစ် ဧပြီလ၌ ဖြစ်ပွားခဲ့သော မြေပြိုမှုအပြီးတွင် ကြည့်ရှုစစ်ဆေးနေသည့် ၎င်း၏ယူနစ်မှတပ်မှူးအတွက် တစ်ဦးတည်း စောင့်ကြပ်ပေးနေသော စစ်သားတစ်ဦး။ အဆိုပါ ကျောက်စိမ်းတွင်းများမှ ကျောက်စိမ်းများသည် မြန်မာနိုင်ငံ၏ ပဋိပက္ခများကို ရှည်ကြာစေသည့် လက်နက်ကုန်သွယ်မှုများအတွက် ငွေကြေးအထောက်အပံ့ဖြစ်နေသည်။ *Global Witness/ M.O*



၎င်း၏ ဝက်ဆိုက်အရ LS Jewellery သည် မြန်မာနိုင်ငံရှိ အကြီးမားဆုံးသော တူးဖော်ရေး ကုမ္ပဏီတစ်ခုဖြစ်ပြီး လုပ်ကွက်၏ ဓာတ်ပုံများအရ ပတ္တမြား၊ နီလာ နှင့် ကျောက်စိမ်း အမျိုးမျိုးတို့ကို တွေ့မြင်ရသည်။ Yang ၏ မိသားစုဝင်များကိုလည်း ကုမ္ပဏီ၏ အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများအဖြစ် စာရင်းပြုစု ဖော်ပြထားပါသည်။[၄၀၉] ၎င်း၏ တွဲဖက်ကုမ္ပဏီဖြစ်သော LS Technology အား စစ်တပ်၏ လုပ်ငန်းစုကြီးဖြစ်သော MEC အတွက် ဆက်သွယ်ရေး စနစ်တစ်ခု တပ်ဆင်ရန် စာချုပ်ချုပ်ဆိုခဲ့သဖြင့် စစ်တပ်နှင့် စီးပွားရေးဆိုင်ရာ မဟာမိတ်ဖွဲ့ထားမှုတစ်ခုရှိနေကြောင်း ညွှန်ပြနေပါသည်။[၄၁၀] Yang ၏ ဇနီးဖြစ်သူ Daw Lee Kyu Shan သည်လည်း LS Jewellery နှင့် အနီးကပ် အဆက်အသွယ်ရှိသော ကုမ္ပဏီငယ်တစ်ခုဖြစ်သည့် Chit Kyi Yae Gems & Jewellery ၏ ဒါရိုက်တာတစ်ဦး ဖြစ်ပါသည်။[၄၁၁]

# ၃။ လိုင်စင်ထုတ်ပေးမှု ရပ်ဆိုင်းပြီးနောက် ဖားကန့်

ယခင်အခန်း ၂ ခန်းတို့တွင် အကြမ်းဖျင်း ဖော်ပြခဲ့ပြီးသည့်အတိုင်း မြန်မာနိုင်ငံ၏ ကျောက်စိမ်းကဏ္ဍသည် ပဋိပက္ခများကို ဆက်လက်ဖြစ်ပေါ်နေစေပြီး ဖားကန့်ရှိ အရင်းအမြစ်များကို လောဘဇောတိုက် တူးဖော်ထုတ်လုပ်မှုများကို ဖြစ်ပွားစေသည့် စီးပွားရေး၊ လူမှုရေးနှင့် လုံခြုံရေးဆိုင်ရာ အကျိုးစီးပွားများ၏ ရှုပ်ထွေးသည့် ဖြစ်ရပ်များအတွင်းသို့ ရောက်ရှိနေခဲ့သည်။ ကျောက်စိမ်းလုပ်ငန်းသည် မြန်မာနိုင်ငံ၏ အကြီးမားဆုံးသော အစိုးရမဟုတ်သည့် လက်နက်ကိုင်အဖွဲ့အစည်းသုံးဖွဲ့တို့နှင့်အတူ ပိုမိုသေးငယ်သည့် BGF များ နှင့် ပြည်သူ့စစ်အများအပြားတို့အတွက် အဓိက ရန်ပုံငွေ အရင်းအမြစ်တစ်ခုကို ပေးအပ်ပါသည်။ ထိုသို့သော အင်အားကြီးမားသည့် အစိုးရ မဟုတ်သည့် လက်နက်ကိုင်အဖွဲ့အစည်းများရှိနေသော်လည်း မြန်မာနိုင်ငံ၏ ကျောက်စိမ်းကဏ္ဍအား တပ်မတော်နှင့် ၎င်း၏မဟာမိတ်များမှ ဆက်လက်လွှမ်းမိုးထားဆဲဖြစ်ကာ ဩဇာကြီးမားသည့် ခရိုနီများနှင့် ဖုံးကွယ်ထားသည့် အကျိုးစီးပွားများသည် ဆက်လက်၍ ပုံးကွယ်လှုပ်ရှားလျက်ရှိကြသည်။ NLD အနေဖြင့် ကျောက်စိမ်း- ပဋိပက္ခ ဆက်စပ်မှုကို ဖြတ်တောက်ရန် ကြိုးပမ်းခဲ့သော်လည်း အမြစ်တွယ်နေသည့် အကျိုးစီးပွားများနှင့် အစိုးရ၏ အာရုံစူးစိုက်မှုတို့ မရှိခြင်းကြောင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကို ရပ်တန့်စေခဲ့သည်။ ယခုအခါတွင် တပ်မတော်သည် အာဏာပြန်လည်ရရှိလာခဲ့ပြီးနောက် အပြုသဘောဆောင်သည့် ပြုပြင်ပြောင်းလဲမှုများပေါ်ပေါက်လာမည့် အခွင့်အလမ်းများသည် မှေးမှိန်လျက် ရှိပါသည်။

ယခင်အခန်းများတွင် ကျောက်စိမ်း-ပဋိပက္ခ ဆက်စပ်မှု၏ ဇစ်မြစ်များနှင့် ဤဆက်စပ်မှု၏ ပိုမိုကျယ်ပြန့်သော နိုင်ငံရေးဆိုင်ရာ သက်ရောက်မှုများကို အဓိက အာရုံစူးစိုက်ခဲ့ပါသည်။ မည်သို့ပင်ဆိုစေကာမူ အဆိုပါအကြောင်းအရာများသည် တစ်ခုတည်းသော အကြောင်းအရာမဟုတ်ပေ။ ဖားကန့်တွင် လက်နက်ကိုင်အဖွဲ့များမှ ကျင့်သုံးသည့် ထိန်းချုပ်မှု နှင့် ကျောက်စိမ်းကဏ္ဍအပေါ် ထိန်းချုပ်မှုတို့သည် ဥပဒေကင်းမဲ့ပြီး သတ္တုတွင်းများအနီး နေထိုင်သူများနှင့် လုပ်ကိုင်သူများအတွက် အန္တရာယ်ဖြစ်ပွားနိုင်ခြေ မြင့်မားသည့် ပတ်ဝန်းကျင်တစ်ရပ်ကို ပေါ်ပေါက်လာစေခဲ့သည်။ ယင်းသည် ကချင်ပြည်နယ်ရှိ မြေပြင်နှင့် ရေပြင်တို့ကို အကြီးအကျယ် ပျက်စီးစေခြင်းနှင့် ထာဝရထိခိုက်စေခြင်း တို့ကိုလည်း ဖြစ်စေခဲ့ပါသည်။

(အခန်း ၁ တွင် ဆွေးနွေးဖော်ပြခဲ့သည့်အတိုင်း) နယ်ပယ်ကို ပြုပြင်ပြောင်းလဲမှု ပြုလုပ်ရန် NLD ၏ ကြိုးပမ်းမှုများရှိနေခဲ့သော်လည်း ဖားကန့်ရှိ အခြေအနေများသည် လွန်ခဲ့သည့် ငါးနှစ်ကျော်ကာလအတွင်း ပိုမိုဆိုးရွားယိုယွင်းလာခဲ့သည်။ သတ္တုတူးဖော်ခြင်းသည် ပိုမိုအန္တရာယ်ကြီးမားလာခဲ့ပြီး ခြိမ်းခြောက်ငွေညှစ်ခြင်း၊ မှောင်ခိုကုန်သွယ်ခြင်း နှင့် မူးယစ်ဆေးဝါးကုန်သွယ်ခြင်းများသည် ပေါများလာခဲ့ပြီး သေနတ်ကိုင်ထားသူများက ထိန်းချုပ်ထားသရွေ့ စိုးရိမ်မှုနှင့် အကြမ်းဖက်မှုဝန်းကျင်သည် ဒေသကို လွှမ်းခြုံထားခဲ့သည်။ အဆိုပါ အခြေအနေများသည် လိုင်စင်ထုတ်ပေးမှု ရပ်ဆိုင်းခြင်း မပြုမီတွင် ရှိနေခဲ့ခြင်း မရှိပေ။ မည်သို့ပင်ဆိုစေကာမူ ပိုမိုလျင်မြန်စွာနှင့် ပိုမိုအန္တရာယ်များပြားစွာ တူးဖော်ထုတ်လုပ်ရန် အလုအယက် ကြိုးပမ်းမှု နှင့် လက်တွေ့အခြေအနေတွင် အဓိပ္ပာယ်ပြည့်ဝသည့် ပြောင်းလဲမှုတစ်ခုကို ဖန်တီးရန် NLD ၏ ပြုပြင်ပြောင်းလဲရေး အစီအစဉ်၏ ပျက်ကွက်မှုတို့သည် အခြေအနေကို ပိုမိုဆိုးရွားစေခဲ့သည်။

အလားတူပင် အရေးကြီးသည်မှာ ရပ်ဆိုင်းခြင်းသည် အမှန်တကယ် တူးဖော်ထုတ်လုပ်သည့် ပမာဏများအပေါ် သက်ရောက်မှု အနည်းငယ်မျှသာ ရှိခဲ့ပုံရခြင်းဖြစ်ပါသည်။ ဤအခန်း၏ ကျန်ရှိနေသေးသည့်အပိုင်းတွင် ဒေသအတွင်းရှိ အာဏာသိမ်းမှုမတိုင်မီ လက်တတော တိုးတက်လာမှုများကို အတွင်းကျကျ စိစစ်လေ့လာထားပါသည်။

ဖြစ်စဉ်လေ့လာမှု

## အန္တရာယ်ရှိသည့် တူးဖော်မှု၊ အသက်ဆုံးရှုံးစေနိုင်သည့် ရလဒ်များ

လိုင်စင်ချထားမှုကို ရပ်ဆိုင်းထားခြင်း၏ မရည်ရွယ်ထားသည့် အဓိက အကျိုးဆက်တစ်ခုမှာ ကျောက်စိမ်းနှင့် ပဋိပက္ခများအကြားရှိ အနှောင်အဖွဲ့များကို ဖြတ်တောက်မည့်အစား အစိုးရအနေဖြင့် ရပ်တန့်ရန် ဆန္ဒမရှိသည့် သို့မဟုတ် ရပ်တန့်နိုင်စွမ်းမရှိသည့် လက်နက်ကိုင်တပ်ဖွဲ့များနှင့် အဆက်အသွယ်ကောင်းမွန်သည့် ကုမ္ပဏီများ၏ လောဘဇောတိုက်၍ ဥပဒေအရ သံသယဖြစ်ဖွယ်ဖြစ်သော တူးဖော်မှုများကို ပေါ်ပေါက်လာစေခဲ့သည်။ လိုင်စင်ချထားမှုကို ၂၀၁၆ ခုနှစ် တွင် စတင်ရပ်ဆိုင်းခဲ့စဉ်တွင် ကျောက်စိမ်း နှင့် ကျောက်မျက်လိုင်စင်ပေါင်း ၂၀၀၀၀ ကျော်ရှိခဲ့ပြီး နောက်ဆုံးလိုင်စင်သည် ၂၀၂၁ ခုနှစ် မတ်လတွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။ အဆိုပါအခြေအနေတွင် ကုမ္ပဏီများသည် ၎င်းတို့၏ လိုင်စင်များ သက်တမ်းကုန်ဆုံးခြင်းမပြုမီ တူးဖော်ထုတ်လုပ်နိုင်သည့် ကျောက်စိမ်းပမာဏကို အများဆုံးဖြစ်စေရန် တတ်နိုင်သမျှအပြင်းအထန်တူးဖော်ခဲ့ကြသည်။[၄၁၂]

ဤသို့ အရှိန်အဟုန် ပြင်းထန်စွာ တူးဖော်မှုကြောင့် ပို၍ပင် အန္တရာယ်ရှိသောအခြေအနေများကို ဖြစ်ပေါ်လာစေခဲ့သည်။ ကုမ္ပဏီများစွာတို့သည် ကျောက်စိမ်းတူးဖော်ရာမှ ထွက်ရှိလာသော မြေစာများအား သတ်မှတ်ထားသည့် စွန့်ပစ်ရန်နေရာများသို့ သယ်ယူပို့ဆောင်မည့်အစား မြေစာများကို သယ်ယူပို့ဆောင်ရေးအတွက် သုံးစွဲရသော အချိန်နှင့် ကုန်ကျစရိတ်တို့ကို အနည်းဆုံးဖြစ်စေရန်အတွက် လုပ်ငန်းခွင်အတွင်း၌ ပိုမိုတိုးမြှင့်၍ စွန့်ပစ်လာကြသည်။[၄၁၃] မြေစာများအား ကုမ္ပဏီများ၏ လုပ်ကွက်များအတွင်း စွန့်ပစ်ခြင်းကြောင့် အဆိုပါ လုပ်ကွက်များသည် ကြံ့ခိုင်မှု ပိုမိုနည်းပါးလာပြီး သေစေနိုင်သော မြေပြိုခြင်းများ ဖြစ်လာနိုင်ပါသည်။ တစ်နည်းအားဖြင့်ဆိုရသော် စက်ယန္တရားများဖြင့် တူးဖော်ပြီးနောက် ကျန်ရှိသည့် စွန့်ပစ်မြေစာပုံများအတွင်း အသေးစားကျောက်စိမ်းများကိုရှာဖွေကြသည့် ရေမဆေး ဟုခေါ်သော အလွတ်သဘောလုပ်ကိုင်သူ သို့မဟုတ် တစ်ဦးချင်းတူးဖော်သူများသည် ပိုမိုကောင်းစွာ စည်းမျဉ်း သတ်မှတ်ထားသော တရားဝင်မြေစာပုံများထက် ပိုမို၍ အန္တရာယ်များလာသော ကုမ္ပဏီလုပ်ကွက်များအတွင်းသို့ ရွှေ့ပြောင်း ရှာဖွေလာကြရသည်။ [၄၁၄]

လောဘဇောတိုက် တူးဖော်ခြင်း နှင့် မြေစာများပုံခြင်း အလေ့အထများကြောင့် ကျောက်စိမ်းတူးဖော်ရေး လုပ်ငန်းခွင်များအနီးတွင် ကြီးမားသော နုန်းစစ်ကန်များ ကျန်ရှိနေခဲ့ကြပြီး ယင်းတို့အား ကုမ္ပဏီများအနေဖြင့် ၎င်းတို့၏ ပါမစ်သက်တမ်းကုန်ဆုံးသွားချိန်တွင် အလွယ်တကူပင် စွန့်ပစ်ခဲ့ကြပါသည်။ အဆိုပါ နုန်းစစ်ကန်များသည် အမှန်စင်စစ်တွင် မိုးရာသီအတွင်း ရေများဖြင့် ပြည့်နေသည့် ကြီးမားသော တွင်းကြီးများဖြစ်ကြပြီး ကြံ့ခိုင်မှုမရှိဘဲ တစ်ခါတစ်ရံတွင် သေဆုံးမှုများ ဖြစ်စေနိုင်သည့် အကျိုးဆက်များ ဖြစ်ပေါ်လာတတ်ပါသည်။

မကြာသေးမီက ဖြစ်ပွားခဲ့သည့် ဖြစ်ရပ်နှစ်ခုတို့က မြန်မာနိုင်ငံရှိ တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ၏ လက်ရှိပြဿနာများကြောင့် ဖြစ်ပွားသည့် အန္တရာယ်များကို ဖော်ပြနေပါသည် - ၂၀၁၉ ခုနှစ် ဧပြီလတွင် ဖြစ်ပွားခဲ့သော လူ ၅၀ ကျော် သေဆုံးစေခဲ့သည့် မြေပြိုမှု နှင့် ၂၀၂၀ ခုနှစ် ဇူလိုင်လ ၂ ရက် နေ့တွင် ဖြစ်ပွားခဲ့သော လူ ၂၀၀ နီးပါး သေဆုံးခဲ့သည့် မြန်မာနိုင်ငံ၏ သမိုင်းတွင် အဆိုးရွားဆုံးသော မြေပြိုမှု။

၂၀၁၉ ခုနှစ် ဧပြီလတွင် ဖြစ်ပွားခဲ့သော မတော်တဆမှုသည် တရားမဝင် စွန့်ပစ်မြေစာများ စုပုံခြင်း နှင့် တရားမဝင် ကျောက်စိမ်းတူးဖော်ခြင်းတို့အပါအဝင် ကုမ္ပဏီအများအပြားတို့၏ အန္တရာယ်ရှိသော တူးဖော်မှုအလေ့အထများ၏ တိုက်ရိုက်ရလဒ်တစ်ခုဖြစ်သည်။ အဆိုပါ မတော်တဆမှုသည် ၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် ပါမစ်ကုန်ဆုံးပြီးနောက် Unity Gems ဟု ခေါ်သော ကုမ္ပဏီတစ်ခုမှ စွန့်ပစ်ခဲ့သည့် လုပ်ကွက်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ Frontier Myanmar ၏ စုံစမ်းစစ်ဆေးမှုတစ်ခုအရ အဆိုပါလုပ်ကွက်သည် ထို့နောက်ပိုင်း ၁၈ လကျော်

ကာလအတွင်း သတ်မှတ်ထားသော စွန့်ပစ်ရန်နေရာများတွင် စွန့်ပစ်ရမည့်အစား အနီးအနားရှိ စွန့်ပစ်ထားသော မြေစာပုံကို အသုံးပြုခဲ့ကြသည့် အခြားသော ကျောက်စိမ်းတူးဖော်ရေး ကုမ္ပဏီများမှ တရားမဝင် စွန့်ပစ်ထားသော မြေစာများ နှင့် မိုးရေများ ရောနှော၍ ပြည့်နက်နေခဲ့သည်။[၄၁၅] တွင်းသည် ဤသို့ ထူထပ်သော ရွှံ့နွံများဖြင့် တဖြည်းဖြည်းပြည့်နက်လာခဲ့ပြီး ကပ်လျက်ရှိ ကျောက်စိမ်းတူးဖော်ရေး နယ်မြေများကိုခြားထားသည့်နံရံများကို ကျိုးပေါက်သွားစေခဲ့ကာ လုပ်ဆောင်နေဆဲ လုပ်ကွက်အတွင်းသို့ ရွှံ့နွံများဝင်ရောက်သွားစေခဲ့ပြီး လူ ၅၄ ဦး နှင့်တကွ တူးဖော်ရေး ကိရိယာ ၄၀ ခုတို့ကို အရှင်လတ်လတ် မြှုပ်နှံစေခဲ့သည်။ သေဆုံးသူ ၂၆ ဦးတို့သည် Myanmar Thura Gems Company အတွက် အလုပ်လုပ်ကိုင်ခဲ့ကြသူများဖြစ်ကြသည်ဟု မြန်မာနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။[၄၁၆] Myanmar Thura သည် အဆိုပါဧရိယာအတွင်း တူးဖော်ရန်ပါမစ်မရှိဘဲ အဆိုပါဧရိယာအတွင်း၌ပင် တူးဖော်နေကြသည့် အခြားသော ကုမ္ပဏီနှစ်ခုဖြစ်သည့် Chaow Brother Enterprise နှင့် Kachin Nationals Development Company တို့သည်လည်း တူးဖော်ရန်ပါမစ်မရှိကြပေ။[၄၁၇] အဆိုပါကုမ္ပဏီများ အနက် မည်သည့်ကုမ္ပဏီကမျှ ၎င်းတို့၏ တရားဝင်မှုရှိမရှိ သံသယဖြစ်ဖွယ်ရှိသော လုပ်ဆောင်ချက်များအတွက် အကျိုးဆက်များကို ရင်ဆိုင်ခဲ့ရခြင်း မရှိပေ။

၂၀၁၉ ခုနှစ် မတော်တဆ ဖြစ်ရပ်တွင် ကျောက်စိမ်းတူးဖော်ရေး ကုမ္ပဏီများ၏ ဝန်ထမ်းများအပေါ် အန္တရာယ်များကို တွေ့မြင်ရပြီး ၂၀၂၀ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့ မတော်တဆမှုတွင် ရေမဆေးသမားများ ရင်ဆိုင်နေရသည့် အန္တရာယ်များကို တွေ့မြင်ရသည်။ ဝပြည် သွေးစည်းညီညွတ်ရေး တပ်မတော်နှင့် ဆက်စပ်နေသည့် မြန်မာတကောင်းကုမ္ပဏီအပါအဝင် ဆယ်စုနှစ်တစ်ခုကျော်ကြာ အန္တရာယ် ဖြစ်လောက်သည့် မြန်နှုန်းဖြင့် တူးဖော်လာခဲ့မှုကြောင့် ဖားကန့် မြို့နယ် ဝေခါ (ဂွီခါဟုလည်းခေါ်သည်) ကျေးရွာအနီးရှိ လုပ်ကွက်သည် သစ်တောဖုံးလွှမ်းသည့် တောင်တစ်ခုအဖြစ်မှ ကန်ပေါင် ပြိုကျမှုများ မကြာခဏ ဖြစ်ပွားလေ့ရှိသည့် ရေမတွင်းကြီးတစ်ခုအဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။

(အပိုင်း ၃.၄ တွင် ဆွေးနွေးဖော်ပြခဲ့သည့်) တရားမဝင် ရေမဆေးသမား ၂၀၀ ကျော်ခန့်သည် ကျောက်စိမ်းကုမ္ပဏီများမှ ရှာဖွေခြင်းမပြုသည့် အလွန်သေးငယ်သော ကျောက်စိမ်းအစအနများကို ရှာဖွေနေစဉ်အတွင်း ထိုသို့သော မြေပြိုမှုတစ်ခု၌ သေဆုံးခဲ့ရပါသည်။ မိုးရာသီစတင်လာမှုနှင့်အတူ နယ်မြေအတွင်းရှိ တူးဖော်မှုများအား ဇွန်လ ၂၀ ရက်နေ့တွင် ရပ်ဆိုင်းခဲ့သော်လည်း ထိုစဉ်က ဖားကန့်ရှိ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်စိုး၏ ဖော်ပြချက်အရ လက်နက်ကိုင် အဖွဲ့တစ်ဖွဲ့ထံ ခွင့်ပြုချက်အတွက် အခကြေးငွေပေးအပ်ခြင်းဖြင့် တစ်ဦးချင်းတူးဖော်သူ ရာပေါင်းများစွာတို့အား တူးဖော်ရန် ခွင့်ပြုခဲ့သည်။[၄၁၈] ဒေါ်

ဤသဘာဝဘေးအန္တရာယ်အတွင်း သေဆုံးခဲ့သည့် အနည်းဆုံး လူ ၅၅ ဦး အနက် လိုင်စင်မရှိဘဲ တူးဖော်နေသည့် ကုမ္ပဏီတစ်ခုဖြစ်သော Myanmar Thura ကုမ္ပဏီ၏ ဤထရပ်ကားမောင်းသူလည်း ပါဝင်ခဲ့သည်။ *Global Witness*






ဖားကန့်တွင် ၂၀၁၉ ခုနှစ် ဧပြီလအလယ်၌ ကြီးမားသည့် ရွှံ့နွံအိုင်တစ်ခု ပြိုကျခဲ့ပြီးနောက် ရွှံ့နွံများ နစ်မြုပ်နေသည့် ကိရိယာများကို ဖယ်ရှားရန် ကြိုးပမ်းနေကြသည့်လုပ်သားများ။ *Global Witness*

အောင်ဆန်းစုကြည်က အလုပ်လက်မဲ့ ဖြစ်မှုများအား အလျင်အမြန် အပြစ်တင်ခဲ့ပြီး သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးဖြစ်သူ ဦးအုန်းဝင်းကမူ မိုးသည်းထန်စွာ ရွာသွန်းနိုင်သည်ဟု သတိပေးထားသည့်ကြားမှ ကျောက်ရှာဖွေနေကြသည့် ရေမဆေးကျောက်သမားများ၏ "လောဘ" ကြောင့် ဖြစ်သည် ဟူ၍ အပြစ်တင်ခဲ့သည်။[၄၁၉] အစိုးရသည် ဖြစ်စဉ်ကို စုံစမ်းဖော်ထုတ်ရန်အတွက် ကော်မတီတစ်ခုကို ခန့်အပ်ခဲ့သော်လည်း MEHL တွင် တစ်ဦးချင်းရှယ်ယာပိုင်ဆိုင်မှု အများဆုံး ပုဂ္ဂိုလ်များအနက်တစ်ဦး ဖြစ်သည့် ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်အား ကော်မတီတွင် ထည့်သွင်းခဲ့သဖြင့် ၎င်း၏ ယုံကြည်နိုင်မှုကို ကြီးမားစွာ ထိခိုက်စေပါသည်။[၄၂၀]

အဆုံးသတ်တွင် တပ်မတော်က ကချင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေလင်းထွန်းအပါအဝင် အဆိုပါဖြစ်ရပ်အတွက် အရာရှိနှစ်ဦးကို ရာထူးမှ ဖယ်ရှားခဲ့သည်ဟု ဆိုပါသည်။[၄၂၁] အစိုးရသည်လည်း သတ္တုတူးဖော်သူများအား ဆက်လက်တူးဖော်ရန် ဖိအားပေးရာတွင် ပါဝင်ပတ်သက်ခဲ့သည့် ကျောက်စိမ်းလုပ်ငန်းရှင် ၃ ဦးတို့ကို ဖမ်းဆီးခဲ့ကြောင်းကိုလည်း တင်ပြခဲ့ပါသည်။[၄၂၂] သို့တိုင်ယင်းသည် ကဏ္ဍအားသန့်စင်ကာ ပြည်သူများကို အကာအကွယ်ပေးရန်အတွက် အစိုးရ၏ပျက်ကွက်မှုမှ အာရုံလွှဲပြီး ခံရသူကိုအပြစ်တင်ခြင်းနှင့် အပြစ်ပုံချခြင်းတို့ထက် အနည်းငယ်မျှသာ ပိုမိုခဲ့ပါသည်။

ဤအဖြစ်အပျက်နှစ်ခုစလုံးသည် စည်းမျဉ်းဥပဒေများ၏ လျော့ရဲမှု နှင့် မဆင်မခြင် ကျောက်မျက်တူးဖော်ခြင်း၏ အန္တရာယ်သက်ရောက်မှုများကို ဖော်ပြနေပါသည်။ ကုမ္ပဏီများသည် လိုင်စင်သက်တမ်း ကုန်သွားသည်နှင့် တစ်ပြိုင်နက် ၎င်းတို့၏ ရေမတွင်းကြီးများကို အလွယ်တကူပင် စွန့်ပစ်ခဲ့ကြသည်။ တရားမဝင် စွန့်ပစ်ထားသည့် မြေစာများ နှင့် မုတ်သုံမိုးတို့ ပေါင်းစပ်သွားသည့်အခါ အဆိုပါ တွင်းကြီးများသည် မတော်တဆဖြစ်ရပ်များ ဖြစ်ပွားမည့်အချိန်ကို စောင့်ဆိုင်းနေသည့် ရွှံ့နွံများဖြင့် ပြည့်နက်သွားသည်။ အဆိုပါတွင်းကြီးများ၏ ကန်ပေါင်များသည် မလွဲမရှောင်သာ ပြိုကျပြီး ကျောက်စိမ်းတူးဖော်သည့် လုပ်ကွက်များအတွင်းသို့ မြေပြိုမှုများ ရုတ်တရက်ဖြစ်သွားစေသည့်အခါ တရားမဝင် တူးဖော်မှုများ၏ ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်နေခြင်းများကြောင့် မတော်တဆမှုသည် အသက်များ ဆုံးရှုံးမှုများ ဖြစ်စေမည်မှာ သေချာပါသည်။

## ၃.၁ လိုင်စင်ထုတ်ပေးမှုကို ရပ်ဆိုင်းခဲ့ပြီး နောက် ကျောက်စိမ်းထုတ်လုပ်မှု

လိုင်စင်ချထားပေးမှုကို ရပ်ဆိုင်းထားမှုမှ ပေါ်ပေါက်လာသည့် အရေးအကြီးဆုံး မေးခွန်းတစ်ခုမှာ - ရပ်ဆိုင်းမှုသည် ကျောက်စိမ်း နှင့် ကျောက်မျက်ရတနာ ထုတ်လုပ်မှုအပေါ် မည်သို့သက်ရောက်ခဲ့သနည်းဟူ၍ ဖြစ်သည်။ တိုတိုဖြေကြား ရပါက ယင်းသည် ရှင်းလင်းမှုမရှိပေ။

တရားမဝင် တူးဖော်ထုတ်လုပ်ခြင်း သို့မဟုတ် နိုင်ငံတွင်းမှ မှောင်ခိုပို့ဆောင်ခြင်း တို့ကြောင့် တရားဝင်ကိန်းဂဏန်းများဖြင့် ရေတွက်ရန် ခက်ခဲသည့် ကျောက်စိမ်း ပမာဏသည် မြန်မာနိုင်ငံရှိ ကျောက်စိမ်းထုတ်လုပ်မှုနှင့်ပတ်သက်သည့် သတင်း အချက်အလက်များ၏ အရည်အသွေးကို နိမ့်ကျစေသည်။ သို့တိုင် ဤအစီရင်ခံ စာအတွက် Global Witness မှ လုပ်ဆောင်ခဲ့သည့် တွေ့ဆုံမေးမြန်းမှုများမှ ရရှိနိုင်သော အချက်အလက်များကို စုပေါင်းထားမှုအရ လိုင်စင်ထုတ်ပေးမှုကို ရပ်ဆိုင်းထားခြင်းသည် အများဆုံးအနေဖြင့် စတင်သက်ရောက်ပြီးနောက်တွင် အထွေထွေ တူးဖော်ထုတ်လုပ်မှုအပေါ် အသေးစားသက်ရောက်မှုတစ်ခုသာ ရှိပုံ ရပါသည်။ ကျောက်စိမ်းတူးဖော်ထုတ်လုပ်မှုအဆင့်များသည် အစိုးရ အပြောင်း အလဲမတိုင်မီ နှင့် လိုင်စင်ချထားပေးမှုရပ်ဆိုင်းခြင်း သက်ရောက်မှုမတိုင်မီ တူးဖော်ထုတ်လုပ်မှုများ တစ်ဟုန်ထိုးမြင့်တက်သွားခဲ့သည့် ၂၀၁၅ ခုနှစ်ရှိ အတိုင်းအတာထက် အနည်းငယ်မျှသာ နည်းပါးခဲ့ပြီး ၂၀၁၄ ခုနှစ်တွင်ထက် သိသိ သာသာ ဆက်လက်မြင့်မားနေဆဲဖြစ်သည်။

အောက်ဖော်ပြပါ ဇယားတွင် ဖော်ပြထားသည့်အတိုင်း တရားဝင်ကျောက်စိမ်း ထုတ်လုပ်မှုသည် ၂၀၁၄ နှင့် ၂၀၁၅ ခုနှစ်အကြား ၁၆၃၄၀ မက်ထရစ်တန်မှ ၃၅၆၂၈ မက်ထရစ်တန်သို့ အကြီးအကျယ် တိုးမြင့်ခဲ့သည်။ ထုတ်လုပ်မှုသည် ထိုမြင့်မားသောအဆင့်မှ နောက်ဆက်တွဲ နှစ်နှစ်ကာလအတွင်း ၂၀၁၆ ခုနှစ်တွင် (ရပ်ဆိုင်းမှုစတင်ချိန်တွင်) မက်ထရစ်တန် ၃၄,၆၅၅ သို့၊ ၂၀၁၇ ခုနှစ်တွင် ၃၁၆၇၈ မက်ထရစ်တန်သို့ ၁၁ ရာခိုင်နှုန်း ကျဆင်းသွားပြီးနောက် ၂ နှစ်အတွင်း အနည်းငယ် ကျဆင်းခဲ့သည်။ ဤအချက်အလက်တွင် MGE မှ တင်ပြခဲ့သည့် တရားဝင်ထုတ်လုပ်မှု နှင့် ကျောက်မျက်ရတနာပြပွဲမှ ရောင်းချရသည့် ပမာဏ များနှင့် ၂၀၂၀ ခုနှစ်အထိ ထုတ်ပြန်ခဲ့သော MEITI အစီရင်ခံစာ ၅ စောင် တို့တွင် ဖော်ပြထားသည့် ပမာဏများ ပါဝင်ပါသည်။ ပထမ MEITI အစီရင်ခံစာ ၃ စောင် တို့တွင် ကျောက်စိမ်းအဖြစ် အမျိုးအစားသတ်မှတ်ထားသည့် ပယင်း နှင့် အသွင် ပြောင်းကျောက်ထုတ်လုပ်မှုတို့အတွက် ပမာဏများကိုမူ ထည့်သွင်းထားခြင်း မရှိပေ။ ထို့နောက်ပိုင်း လတ်တလောနှစ်များအတွက် အချက်အလက်များကို ယခုအချိန်တွင် ထုတ်ပြန်ရခြင်းမရှိသေးပေ။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း၌ သက်တမ်းကျန်ရှိနေသေးသော လိုင်စင် အရေအတွက်ကို အမှန်တကယ် ကြီးကြီးမားမား စတင်လျော့ကျစေလာခဲ့သော လိုင်စင်ချထားပေးမှု ရပ်ဆိုင်းခြင်းသည် တရားဝင်တူးဖော်ထုတ်လုပ်မှုများ စတင် နှေးကွေးလာခဲ့စေသည့် အကြောင်းအရင်း ဖြစ်နိုင်ခြေရှိပါသည်။ မည်သို့ပင်ဆိုစေ ကာမူ ဤနှေးကွေးလာမှုသည် အနည်းဆုံးအတိုင်းအတာမျှသာဖြစ်ပြီး ပါမစ်များ သက်တမ်းကုန်ဆုံးလာသည်နှင့် သက်တမ်းရှိနေသေးသော လိုင်စင်များကျဆင်း လာခြင်းကို အမီလိုက်နိုင်ခြင်းမရှိပေ။

လိုင်စင်များ သက်တမ်းကုန်ဆုံးလာသည်နှင့်အမျှ တူးဖော်မှုများ ဆက်လက် လုပ်ကိုင်နေခြင်းသည် ရပ်ဆိုင်းမှုနောက်ပိုင်းတွင် တရားမဝင် တူးဖော်မှုများ မြင့်တက်လာခဲ့ကြောင်းကို အဆိုပြုနေပါသည်။ အမှန်စင်စစ်တွင် ဖော်ပြခဲ့ပြီးဖြစ်သည့် အတိုင်း စစ်တပ်နှင့်ဆက်စပ်နေသည့် ကျောက်စိမ်းကုမ္ပဏီများ၏ အရေးယူခံရခြင်း

### ANNUAL JADE PRODUCTION REPORTED BY MGE

Production volumes in metric tons. Data reported by MGE in annual MEITI reports. Production measured over fiscal year (April - March).




Chart: Global Witness • Source: MEITI Reports 1-5

global witness

ကျောက်မျက်ရတနာပြပွဲများရှိ ရောင်းချမှုများမှာ တိုးတက်လာခဲ့ခြင်း မရှိသော်လည်း တရားဝင် တင်ပြခဲ့သည့် ကျောက်စိမ်းတူးဖော်ထုတ်လုပ်မှုသည် ၂၀၁၄ ဘဏ္ဍာရေးနှစ် နှင့် ၂၀၁၅ ဘဏ္ဍာရေး နှစ်တို့ အကြားတွင် နှစ်ဆထက်ပို၍ မြင့်တက်လာခဲ့သည်။ [၄၂၃]

မရှိဘဲ ဆက်လက်လုပ်ဆောင်နိုင်မှုသည် ယင်းကို အတည်ပြုပါသည်။

ကျောက်မျက်ရတနာ ပြပွဲများရှိ ရောင်းချမှု ပမာဏများသည် စုစုပေါင်း ထုတ်လုပ်မှု ကိန်းဂဏန်းများနှင့်ပတ်သက်၍ အနည်းငယ်ကွဲပြားသည့် ပုံစံတစ်ခုကို ပြသနေပါသည်။ ရောင်းချမှု ပမာဏများသည် ၂၀၁၄ ခုနှစ်တွင် အမြင့်ဆုံးမြင့်တက်ခဲ့သော်လည်း ထို့နောက်ပိုင်း သုံးနှစ်တာအတွင်း အတက်အကျများ ရှိခဲ့ပါသည်။ သို့တိုင် ၂၀၁၇ ခုနှစ်ရောက်ရှိချိန်တွင် ရောင်းချမှုများသည် ၂၀၁၄ ခုနှစ် ရှိ အမြင့်ဆုံး ပမာဏထက် ၄၃% ပိုမိုနည်းပါးပါသည်။ ပိုမို၍ စိတ်ဝင်စားဖွယ်မှာ ၂၀၁၃ နှင့် ၂၀၁၄ တို့တွင် ထုတ်လုပ်သည့် (မှတ်တမ်းတင်ထားသည့်) ကျောက်စိမ်း အများစုတို့အား တရားဝင်ပြပွဲများတွင် နှစ်စဉ် ၆၀% ခန့် ရောင်းချခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ ၂၀၁၅ ခုနှစ်အတွင်း တရားဝင် ကျောက်စိမ်းထုတ်လုပ်မှုများ တစ်ဟုန်ထိုးမြင့်တက်ခဲ့ချိန်တွင် ရောင်းချမှုများသည် ၎င်းနှင့်အတူ မြင့်တက်လာခဲ့ခြင်း မရှိပေ။ ၂၀၁၅-၂၀၁၆ မှစတင်ကာ ပြပွဲများတွင် ရောင်းချသည့် ကျောက်စိမ်းများသည် စုစုပေါင်း ကျောက်စိမ်းထုတ်လုပ်မှု၏ ၂၀% သာ ဖြစ်တော့သည်။

အဆိုပါ အချက်အားလုံးတို့အရ မေးခွန်းနှစ်ခုကို ဖြစ်ပေါ်လာစေသည် - ကျောက်စိမ်းထုတ်လုပ်မှုသည် ၂၀၁၅-၁၆ ဘဏ္ဍာရေးနှစ်တွင် အဘယ့်ကြောင့် သိသိသာသာ မြင့်တက်လာခဲ့ပြီး ပြပွဲများမှ ရောင်းချမှုများမှာမူ အဘယ့်ကြောင့် ထိုသို့ မြင့်တက်လာခဲ့ခြင်း မရှိသနည်း။ ဖြစ်နိုင်ခြေရှိသည့် အဖြေအချို့ရှိပါသည်။ အစိုးရအနေဖြင့် ကျောက်စိမ်းထုတ်လုပ်မှုများကို မှတ်တမ်းတင်ရာတွင် ပိုမိုထိရောက်စွာ လုပ်ဆောင်လာနိုင်ပြီး တိုးတက်လာသည့် ထုတ်လုပ်မှုသည် ယခင်က စာရင်းများတွင် မပါဝင်ခဲ့သော ထုတ်လုပ်မှုများ 'တရားဝင် ဖြစ်လာခြင်း' ကြောင့် ဖြစ်နိုင်ခြေရှိပါသည်။ မည်သို့ပင်ဆိုစေကာမူ ထိုသို့ဖြစ်ဖွယ်မရှိပေ။ ပိုမိုဖြစ်နိုင်သည်မှာ ဤစုံစမ်းစစ်ဆေးမှုအတွင်းတွေ့ရှိရသည့် အဖြေဖြစ်ပါသည် - ရွေးကောက်ပွဲ နီးကပ်လာသည်နှင့်အမျှ နိုင်ငံရေးအခြေအနေ သိသိသာသာ ပြောင်းလဲသွားတော့မည် ဖြစ်ကြောင်းနှင့် လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ စည်းမျဉ်းများတွင် အပြောင်းအလဲတစ်ခု ဖြစ်လာနိုင်ကြောင်းတို့ကို သိရှိသဖြင့် ကုမ္ပဏီများအနေဖြင့် ကျောက်စိမ်းများကို တတ်နိုင်သမျှ အလျင်မြန်ဆုံး တူးဖော်ထုတ်လုပ်ရန်အတွက် တူးဖော်ထုတ်လုပ်မှုများကို အမှန်တကယ်ပင် အရှိန်အဟုန် မြှင့်တင်ခဲ့ပါသည်။ ထို့နောက်တွင် လိုင်စင်ထုတ်ပေးမှုကို ရပ်ဆိုင်းခဲ့ပြီးနောက် သက်တမ်းကျန်ရှိ နေသေးသော လိုင်စင်အရေအတွက်များ လျော့ကျလာခဲ့ပြီးနောက်တွင်ပင် အဆိုပါ မြင့်မားသည့်အဆင့်များဖြင့် ဆက်လက်တူးဖော်ခဲ့ကြပါသည်။ ယင်းသာ မှန်ကန်ပါက ထုတ်လုပ်မှုများသည် ၂၀၁၄ ခုနှစ်ရှိ အတိုင်းအတာထက်ပင် ဆက်လက်မြင့်မားနေသဖြင့် လိုင်စင်ထုတ်ပေးမှုကို ရပ်ဆိုင်းခြင်းနှင့် နောက်ဆက်တွဲ ပြုပြင် ပြောင်းလဲမှုတို့သည် ပို၍ပင် သိသိသာသာ ကျရှုံးခဲ့ပါသည်။

တရားဝင် အရောင်းပြပွဲများတွင် ရောင်းချသည့် ကျောက်စိမ်းရာခိုင်နှုန်း လျော့ကျလာခြင်းသည် ကုမ္ပဏီများအနေဖြင့် ခန့်မှန်းထားသည့် စည်းမျဉ်း ဥပဒေဆိုင်ရာ ပြောင်းလဲမှုများမတိုင်မီ ကျောက်စိမ်းတူးဖော်ထုတ်လုပ်မှုကို တိုးမြှင့်ကာ ပိုလျှံသည့် ကျောက်စိမ်းများအား အနာဂတ်တွင်ရောင်းချရန် သိုလှောင်နေခြင်းကြောင့် ဖြစ်နိုင်ပါသည်။ မည်သို့ပင်ဆိုစေကာမူ မြန်မာနိုင်ငံတွင် တူးဖော်ထုတ်လုပ်သည့် ကျောက်စိမ်းများ၏ ပိုမို ကြီးမားသည့် ပမာဏအားနိုင်ငံ၏ ပြင်ပသို့ မှောင်ခို တင်ပို့ခြင်း သို့မဟုတ် တရားဝင်မှုရှိမရှိ မသေချာသည့် ပုဂ္ဂလိက ကျောက်စိမ်းဈေးကွက်များတွင် ရောင်းချခြင်း ဖြစ်ပါသည်။ အဆိုပါ ဖြစ်နိုင်ခြေကို အောက်ပါ အပိုင်း ၃.၂ တွင် ထပ်မံဆွေးနွေးသွားမည်ဖြစ်သည်။

အဆိုပါအချက်အလက်များအားလုံးသည်တရားဝင်တူးဖော်ထုတ်လုပ်မှုနှင့်ရောင်းချမှု ကိန်းဂဏန်းများကို ကိုယ်စားပြုခြင်းဖြစ်ပြီး တရားမဝင်တူးဖော်ထုတ်လုပ်မှုများ သို့မဟုတ် ရောင်းချမှုများ မပါဝင်ကြောင်း ဂရုပြုရမည်ဖြစ်သည်။ စုစုပေါင်း တူးဖော်ထုတ်လုပ်မှုသည် တူးဖော်ခွင့်များ သက်တမ်းကုန်သွားသဖြင့် အနည်းငယ် လျော့ကျသွားကောင်း လျော့ကျသွားနိုင်သော်လည်း စစ်တပ်နှင့် အခြားသော ပဋိပက္ခတွင်ပါဝင်သည့် အဖွဲ့အစည်းများနှင့် အဆက်အသွယ်ရှိသော အင်အားကြီး ကုမ္ပဏီများသည် ပို၍ပင် အန္တရာယ်များပြားလာပြီး ဥပဒေအရ မေးခွန်းထုတ်ဖွယ် အလေ့အထများကို အသုံးပြုခြင်းဖြင့် တူးဖော်ထုတ်လုပ်မှုများကို ဆက်လက်လုပ်ဆောင်နေကြသည်ဟု Global Witness ၏ သက်သေ အထောက်အထားများအရ ညွှန်ပြနေပါသည်။ ၎င်းတို့သည် အချိန်မကုန်ဆုံးမီတွင် တတ်နိုင်သမျှ လျင်မြန်စွာ တူးဖော်ထုတ်လုပ်ကြသဖြင့် အဆိုပါလုပ်ငန်းများသည် ပို၍သာ အန္တရာယ်ကြီးလာခဲ့ပါသည်။ [၄၂၄]

အနီးကပ် အဆက်အသွယ်ရှိသော အရာရှိများ နှင့် စီးပွားရေးသမားများအကြားတွင်ပင် တူးဖော်ထုတ်လုပ်မှု အဆင့်များနှင့်ပတ်သက်၍ မတူညီသောအမြင်များ ရှိကြသဖြင့် တူးဖော်ထုတ်လုပ်မှု အချက်အလက်များသည် မည်မျှ နားလည်ရန် ခက်ခဲကြောင်း တွေ့မြင်နိုင်ပါသည်။ လုပ်ငန်းအတွင်းရှိ အကြီးတန်းအရင်းအမြစ်တစ်ခုက ၂၀၁၄ နှင့် ၂၀၁၈ တို့အကြားတွင် ပြပွဲမှ ရောင်းချမှုများ ကျဆင်းခဲ့ပြီး ကျောက်စိမ်းအများစုကို တရုတ်နိုင်ငံသို့ ပို့ဆောင်ခဲ့ပြီး ထုတ်လုပ်မှုသည် အနိမ့်ဆုံးအနေဖြင့် မပြောင်းလဲဘဲရှိနေခဲ့သည်ဟု ဆိုပါသည်။[၄၂၅] အခြားသူများကမူ တူးဖော်ထုတ်လုပ်မှုသည် စုစုပေါင်းအားဖြင့် လျော့ကျခဲ့သော်လည်း ပဋိပက္ခတွင် ပါဝင်သူများအပါအဝင် အချို့သော အဖွဲ့အစည်းများမှ ဆက်လက် တူးဖော်နေကြသည်ဟု အဆိုပြုခဲ့ကြပါသည်။ [၄၂၆]

နောက်ဆုံးတွင် တရားဝင်ကျောက်စိမ်းတူးဖော်ထုတ်လုပ်မှုသည် လိုင်စင်များ သက်တမ်းကုန်သွားသည့်အတွက်အနည်းငယ်မျှအရှိန်လျော့ကျလာခဲ့သော်လည်း ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမတိုင်မီထက် များစွာ ဆက်လက်မြင့်မားနေသည့် အချက်အရ ကုမ္ပဏီများသည် ကချင်ပြည်နယ်၏ တောင်ကုန်းများမှ ကျောက်စိမ်းများကို ဆက်လက်တူးဖော်ထုတ်လုပ်ကြရာတွင် ပိုမိုဆန်းသစ်လာကြသည် သို့မဟုတ် တမင်တကာ တရားမဝင် လုပ်ဆောင်လာကြပါသည်။

## ၃.၂ မှောင်ခိုကုန်သွယ်မှု မြင့်တက်လာခြင်း

မြန်မာနိုင်ငံ၏ ကျောက်စိမ်းလုပ်ငန်းရှိ အကြီးမားဆုံးသော ပြဿနာတစ်ခုမှာ မှောင်ခို ကုန်သွယ်မှုများ ပေါများနေခဲ့ခြင်းဖြစ်သည်။ အထက်တွင် ဖော်ပြခဲ့ပြီးသည့်အတိုင်း မြန်မာနိုင်ငံ၏ ကျောက်စိမ်းအများစုတို့အား တရားဝင်စနစ်အတွင်းသို့ ဝင်ရောက်ခဲ့ခြင်းမရှိဘဲ နိုင်ငံပြင်ပသို့ မှောင်ခိုတင်ပို့ပါသည်။ ထို့ကြောင့် ကျောက်စိမ်း လုပ်ငန်း၏ အရွယ်အစားကို တိကျစွာတွက်ချက်ရန် မဖြစ်နိုင်သလောက် ဖြစ်စေပြီး မြန်မာနိုင်ငံ၏ ပြည်သူများအတွက် အခွန်ဝင်ငွေ ဒေါ်လာ သန်းရာပေါင်းများစွာ ဆုံးရှုံးစေကာ မှောင်ခိုကုန်ကူးခြင်းနှင့်အတူ အခြားသော တရားမဝင် လုပ်ငန်းများကိုလည်း လုပ်ဆောင်စေရန် အဖွဲ့များအား တိုက်တွန်းအားပေးသည်။

လိုင်စင်ထုတ်ပေးမှုကို ရပ်ဆိုင်းထားခြင်းသည် မှောင်ခိုကုန်သွယ်မှု ပြဿနာကို အထောက်အပံ့ဖြစ်စေခဲ့သည်။ ယင်းသည် မရည်ရွယ်ထားသည့် အကျိုးဆက်တစ်ခုဖြစ်သည်။ သက်တမ်းကုန်ဆုံးခဲ့ပြီးဖြစ်သော လုပ်ကွက်များတွင် တူးဖော်နေသည့် ကုမ္ပဏီများအနေဖြင့် အကယ်၍ ၎င်းတို့အနေဖြင့် ဆန္ဒရှိလျှင်ပင် ၎င်းတို့၏ ကျောက်စိမ်းများအား တရားဝင် လမ်းကြောင်းများမှတစ်ဆင့် ရောင်းချနိုင်ခဲ့ခြင်း မရှိပေ။ ထို့ကြောင့် ၎င်းတို့၏ ကျောက်စိမ်းများအား ဈေးကွက်သို့ သယ်ယူပို့ဆောင်ရန် တရားမဝင်သည့် နည်းလမ်းများကို လိုအပ်လာခဲ့သည်။ မှောင်ခိုလုပ်ငန်းသို့ ပြန်လည်ရောက်ရှိလာစေခဲ့မှုသည် တူးဖော်ရေးနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်မှု ပြုလုပ်နေခဲ့ပြီးဖြစ်သည့် အဓိက လက်နက်ကိုင် အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုကြောင့် ပိုမိုလွယ်ကူခဲ့သည်။ ထို့ကြောင့် ကျောက်စိမ်းများအား ဈေးကွက်သို့ တင်ပို့ခြင်းကို ချဲ့ထွင်ရန်အတွက် ပူးပေါင်းဆောင်ရွက်ခြင်းသည် ယုတ္တိရှိပါသည်။

အမှန်စင်စစ်တွင် မှောင်ခိုတင်ပို့ခြင်းများသည် ဆက်လက်ဖြစ်ပွားနေပြီး ရပ်ဆိုင်းမှု ပြုလုပ်ခဲ့စဉ်မှစတင်ကာ ပို၍ပင်တိုးမြင့်လာခဲ့သည်ဟု လုပ်ငန်းအတွင်းမှ ပုဂ္ဂိုလ်များစွာတို့က Global Witness အား ပြောကြခဲ့ကြသည်။ ကိန်းဂဏန်း အတိအကျများကို ရရှိရန် အခက်အခဲရှိသော်လည်း ယခုအခါတွင် ကျောက်စိမ်း ထုတ်လုပ်မှု၏ ၇၀% မှ ၉၀% တို့အား တရုတ်နိုင်ငံသို့ မှောင်ခိုပို့ဆောင်နေပြီး[၄၃၂] မန္တလေးမှတစ်ဆင့် ပမာဏပိုမိုတိုးမြှင့်၍ သယ်ယူပို့ဆောင်လျက်ရှိကြသည်ဟု လုပ်ငန်း

# မြန်မာနိုင်ငံ၏ ကျောက်စိမ်း လုပ်ငန်းသည် မည်မျှ ကြီးမား သနည်း?

၂၀၁၅ ခုနှစ်တွင် Global Witness က ကျောက်စိမ်းတန်ဖိုးဖြတ်ခြင်းများအတွက် အမြင့်ဆုံးနှစ်ဖြစ်ဟန်တူသော ၂၀၁၄ ခုနှစ်အတွင်းရှိ မြန်မာနိုင်ငံ၏ ကျောက်စိမ်း ထုတ်လုပ်မှုသည် ဒေါ်လာ ၃၁ ဘီလီယံတန်ဖိုးရှိခဲ့သည်ဟု ခန့်မှန်းခဲ့သည်။ ဤ ကိန်းဂဏန်းသည် အာရုံစိုက်မှုအများအပြားကိုရရှိခဲ့ပြီး ထိုစဉ်မှစ၍ အခြားသော ခန့်မှန်းခြေများကိုပေးအပ်သည့် လေ့လာမှုအများအပြားတို့ကို လုပ်ဆောင်ခဲ့သည်။ Natural Resource Governance Institute မှ လုပ်ဆောင်ခဲ့သည့် ထိုသို့သော လေ့လာမှုတစ်ခုတွင် ကျောက်စိမ်းလုပ်ငန်းသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဒေါ်လာ ၂.၂ ဘီလီယံမှ ၁၅.၉ ဘီလီယံအထိ နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် တွင် ဒေါ်လာ ၄.၁ ဘီလီယံမှ ၄၇.၆ ဘီလီယံအထိ တန်ဖိုးရှိမည်ဟု ခန့်မှန်းခဲ့သည်။[၄၂၇] နောက်ထပ် လေ့လာမှုတစ်ခုတွင် The Open Data: Myanmar Jade စီမံကိန်းက ဒေါ်လာ ၆.၃ ဘီလီယံမှ ၆.၆ ဘီလီယံ အကြား ရှိမည်ဟု ခန့်မှန်းထားပြီး အခြားသော ကျွမ်းကျင်ပညာရှင်များသည် အဆိုပါ ကွဲပြားခြားနားသည့် တန်ဖိုးဖြတ်မှုအမျိုးမျိုးတို့ကို ထောက်ခံပြောဆိုခြင်းနှင့် ကန့်ကွက်ပြောဆိုခြင်းများ ရှိခဲ့ကြသည်။[၄၂၈] အမှန်စင်စစ်တွင် တန်ဖိုးအစစ်အမှန်သည် ကုန်သွယ်မှု၏ တရားမဝင်မှု မြင့်မားသော သဘောသဘာဝနှင့် တရားဝင် ကိန်းဂဏန်းများအတွင်းသို့ မည်သည့်အခါမျှ ရောက်ရှိလာခဲ့ခြင်း မရှိသော ထုတ်လုပ်မှု၏ ကြီးမားသော အစိတ်အပိုင်းတို့ကြောင့် ရှင်းလင်းမှုမရှိ ဖြစ်နေဆဲ ဖြစ်ပါသည်။ MEITI လုပ်ငန်းစဉ်မှ ဖြစ်စေ အခြားသော စနစ်တကျ ထုတ်ဖော်ခြင်းများမှတစ်ဆင့်ဖြစ်စေ အစိုးရထံမှ ပိုမို အချိန်နှင့် တပြေးညီဖြစ်ပြီး ပြည့်စုံသည့် သတင်းအချက်အလက်များ ရရှိခြင်းဖြင့် ရှင်းလင်းမှု ပိုမိုရရှိနိုင်မည် ဖြစ်ပါသည်။ နောက်ဆုံးတွင်မူ ကျောက်စိမ်း၏ ၉၀% အထိအား တရားဝင်လမ်းကြောင်းများမှတစ်ဆင့် ရောင်းချခြင်းမဟုတ်သည့်အခါ အရေးကြီးသည့် မရေရာမှုများကို ဆက်လက်ရှိနေစေပါသည်။

## တန်ဖိုး နှင့် တူးဖော်ထုတ်လုပ်မှု

ဤအစီရင်ခံစာသည် အဆိုပါ ကိန်းဂဏန်းများကို အသေးစိတ် ပြင်ဆင်မွမ်းမံမည့် အစား တရားဝင် တူးဖော် ထုတ်လုပ်ရေး တစ်ခုလုံးအပေါ် လိုင်စင်ထုတ်ပေးခြင်းကို ရပ်ဆိုင်းထားခြင်း၏ သက်ရောက်မှုများကို နားလည်ရန်အတွက် တူးဖော်ထုတ်လုပ်မှု ပမာဏများကို အသုံးပြုထားပါသည်။

ယင်းအတွက် အဓိကအကြောင်းအရင်းနှစ်ခု ရှိပါသည်။ ပထမတစ်ချက်အဖြစ် ကျောက်စိမ်းတူးဖော်ထုတ်လုပ်မှု အချက်အလက်သည် လုပ်ငန်းအား ဒေါ်လာတန်ဖိုးဖြင့် အရွယ်အစားသတ်မှတ်ခြင်းထက် လိုင်စင်ထုတ်ပေးမှုကို ရပ်ဆိုင်းထားခြင်းသည် တူးဖော်ထုတ်လုပ်မှုကို မည်သို့သက်ရောက်ကြောင်း မေးခွန်းနှင့် ပိုမို၍ ဆီလျော်မှု ရှိမည်ဖြစ်သည်။ တူးဖော်ထုတ်လုပ်မှု ပမာဏများသည် ကဏ္ဍ၏ စုစုပေါင်းတန်ဖိုးကဲ့သို့ ဈေးနှုန်းအတက်အကျများနှင့် ငွေလဲလှယ်မှု နှုန်းထားများကဲ့သို့သော ပြင်ပဈေးကွက် အင်အားစုများကြောင့် ထိခိုက်နိုင်ခြေ ပိုမိုနည်းပါးသဖြင့် လုပ်ငန်း၏အရွယ်အစားတန်ဖိုးထက် အမှန်တကယ် ကျောက်စိမ်းတူးဖော်ထုတ်လုပ်မှုကို ကိုယ်စားပြုပါသည်။ ဈေးနှုန်းသတ်မှတ်ခြင်းတွင် ပြောင်းလဲနေသည့် ငွေလဲလှယ်မှုနှုန်းထားများ၊ ကျောက်စိမ်းဈေးကွက်အတွင်းရှိ ဈေးနှုန်း အတက်အကျများ၊ ကျောက်စိမ်းအရည်အသွေး ကွာခြားမှုများနှင့် တူးဖော်ထုတ်လုပ်မှုအတွင်း နှစ်အလိုက်ပြောင်းလဲမှုများကို ဖုံးကွယ်ထားသည့် အခြားသော ကြားခံပြောင်းလဲနိုင်သော အချက်အလက်များ ပါဝင်ပါသည်။

ကျွန်ုပ်တို့အနေဖြင့် ယင်းကို သမိုင်းတစ်လျှောက် ဈေးနှုန်းသတ်မှတ်ခြင်းဆိုင်ရာ သတင်းအချက်အလက်များတွင် ရှင်းလင်းစွာ တွေ့မြင်နိုင်သည်။ The Open Data: Myanmar Jade လေ့လာမှုအရ တရုတ်နိုင်ငံသို့ တင်ပို့သော ကျောက်စိမ်း ဈေးနှုန်းသည် ၂၀၁၁ ခုနှစ်တွင် တစ်ကီလိုဂရမ်လျှင် ၅.၀၈ ဒေါ်လာ အဖြစ်မှ ၂၀၁၄ ခုနှစ်တွင် တစ်ကီလိုဂရမ်လျှင် ၁၂၇.၆၉ ဒေါ်လာအဖြစ်သို့ တစ်ဟုန်ထိုးမြင့်တက်သွားခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် တစ်ကီလိုဂရမ်လျှင် ၁၀.၅၂ ဒေါ်လာ အဖြစ်သို့ ပြန်လည်ကျဆင်းသွားခဲ့သည်။[၄၂၉] လုပ်ငန်း၏ စုစုပေါင်းတန်ဖိုးကိုသာ ကြည့်ရှုပါက အဆိုပါ ဈေးနှုန်းပြောင်းလဲမှုများအရ တူးဖော်ထုတ်လုပ်မှုပမာဏများ တစ်ထပ်



မြန်မာနိုင်ငံ၏ ကျောက်စိမ်းအများစုတို့သည် တရုတ်နိုင်ငံ၊ ယူနန်ခရိုင်၊ ရွှေလီ၊ ကြယ်ခေါင်ဈေးရှိ ဆိုင်များစွာအနက် တစ်ဆိုင်တွင် ဝယ်ယူနေကြသည့် တရုတ်လူမျိုးဖောက်သည်များထံတွင် အဆုံးသတ်သွားသည်။ *Global Witness*

တည်း ဖြစ်နေလျှင်ပင် လုပ်ငန်းသည် နှစ်စဉ် ကြီးမားစွာပြောင်းလဲနေဟန် မြင်ရနိုင်ပါသည်။

ဒုတိယအားဖြင့် ကျောက်စိမ်းဈေးကွက်အရွယ်အစားသတ်မှတ်မှု ခန့်မှန်းခြေများကိုလှုံ့ဆော်သည့် အခြားသော အဓိကကျသည့် ပြောင်းလဲနိုင်သည့်အချက်တစ်ချက်ဖြစ်သော - တူးဖော်ရောင်းချသည့် ကျောက်စိမ်း၏ အရည်အသွေးမှာ သိသိသာသာ ပြောင်းလဲသွားကြောင်း ညွှန်ပြရန်အတွက် သတင်းအချက်အလက် အနည်းငယ်မျှသာရှိသည်။ ဈေးနှုန်းသတ်မှတ်ခြင်းအပြင် ကျွန်ုပ်တို့၏ ၂၀၁၅ ခုနှစ် ခန့်မှန်းချက်အတွက် အခြေခံထားသည့် အခြားသောပြောင်းလဲနိုင်သည့် အချက်မှာ ကျောက်မျက်ရတနာ အရည်အသွေး "အဆင့်" ၃ ခုအနက် တစ်ခုချင်းစီအတွင်း ကျရောက်သည့် တူးဖော်ထုတ်လုပ်ထားသော ကျောက်စိမ်း၏ အချိုးအစား ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ၂၀၁၅ ခုနှစ် စုံစမ်းဖော်ထုတ်မှု၌ Harvard's Ash Center နှင့် Proximity Designs တို့မှ ပူးပေါင်းလုပ်ဆောင်ခဲ့သည့် ၂၀၁၃ ခုနှစ် ခန့်မှန်းချက်ကို အသုံးပြုထားပါသည်။ အဆိုပါ ခန့်မှန်းချက်အရ ကျောက်စိမ်း ၅% သည် A အဆင့်ဖြစ်ပြီး ၃၅% သည် B အဆင့် ဖြစ်ကာ ၆၀% သည် C အဆင့် ဖြစ်ပါသည်။ [၄၃၀]

၂၀၁၆ ခုနှစ်တွင် Harvard's Ash Center က လုပ်ငန်းအတွင်းရှိ တန်ဖိုး၏ အများစုဖြစ်သော စုစုပေါင်း ကျောက်စိမ်းတူးဖော်ထုတ်လုပ်မှု၏ ၀.၀၁% နှင့် ၃.၅% တို့အသီးသီး ဖြစ်သည့် ပိုမိုတန်ဖိုးမြင့်မားသည့် "ပထမတန်းစား (Imperial)" နှင့် "အလယ်အလတ်တန်းစား (commercial)" ကျောက်စိမ်းအမျိုးအစား နှစ်မျိုးတို့ကို အသိအမှတ်ပြုရန် ၎င်း၏ နည်းစနစ်ကို ချိန်ညှိခဲ့သည်။ [၄၃၁] အဆိုပါ ပြင်ဆင်မွမ်းမံထားသည့် အချက်အလက်များဖြင့် Ash Center သည် ၂၀၁၄ ခုနှစ် တွင် ပြင်ဆင်မွမ်းမံထားသည့် သမားရိုးကျ ခန့်မှန်းခြေ ဒေါ်လာ ၁၅ ဘီလီယံ သတ်မှတ်ခဲ့သည်။ ယင်းသည် Global Witness ၏ ကိုယ်ပိုင်ခန့်မှန်းခြေ၏ ထက်ဝက်သာ ဖြစ်သော်လည်း အလွန်များပြားသည့် ပမာဏတစ်ခု ဖြစ်နေဆဲ ဖြစ်သည်။ မြန်မာနိုင်ငံ၏ ကျောက်စိမ်းလုပ်ငန်း၏ အရွယ်အစားအပေါ် အဆိုပါ ခန့်မှန်းခြေများသည် လုပ်ငန်း၏ အရေးပါမှု အတိုင်းအတာ နှင့် ပြဿနာ၏ အရွယ်အစားကို ဂရုပြုမိစေရေးအတွက် ထိုစဉ်က အလွန် တန်ဖိုးရှိပါသည်။

သို့တိုင် အဆိုပါ ခန့်မှန်းခြေများအား ကျယ်ပြန့်သည့် သုတေသနများတွင် အခြေခံထားသော်လည်း ၎င်းတို့သည် မပြည့်စုံသည့် အချက်အလက်များပေါ်တွင် အခြေခံထားသော ခန့်မှန်းခြေများသာ ဖြစ်နေကြဆဲဖြစ်ပါသည်။ ငါးနှစ်ကြာပြီးချိန်တွင် တရားဝင် ထုတ်ပြန်သော အချက်အလက်များသည် တိုးတက်မှု အနည်းငယ်မျှသာ ရှိသဖြင့် မြန်မာနိုင်ငံအနေဖြင့် လုပ်ငန်းနှင့်ပတ်သက်သည့် ၎င်း၏အချက်အလက် စုဆောင်းမှု စွမ်းရည်များကို မြှင့်တင်ရန် ဦးစားပေးကာ အများပြည်သူထံသို့ သတင်းအချက်အလက်များ ပိုမိုထုတ်ပြန်ရန် ကတိကဝတ်ပြု ဆောင်ရွက်ရေး၏ အရေးကြီးပုံကို ပြသနေသည်။ တစ်ချိန်တည်းတွင် ဤအစီရင်ခံစာသည် လိုင်စင်ချထားပေးမှုကို ရပ်ဆိုင်းထားခြင်း၏ သက်ရောက်မှုများကို စိစစ်လေ့လာရန်အတွက် အနည်းငယ်မျှ ပိုမိုစိတ်ချနိုင်သည့် တူးဖော်ထုတ်လုပ်မှု ပမာဏ အချက်အလက်များကို စူးစမ်းလေ့လာထားပါသည်။

အတွင်းရှိ ရင်းမြစ်များက ခန့်မှန်းခဲ့ကြသည်။[၄၃၃] ယင်းအရ လုပ်ငန်းအတွင်းမှ ရင်းမြစ်များက ၅၀-၈၀% မှောင်ခိုပို့ဆောင်ခဲ့သည်ဟု ခန့်မှန်းခဲ့သည့်အခါတွင် ရပ်ဆိုင်းမှု စတင်ခဲ့စဉ်မှစ၍ မှောင်ခိုပို့ဆောင်မှုများ အတော်အသင့် မြင့်တက်လာခဲ့သည် ဟု အဆိုပြုနေပါသည်။[၄၃၄] ယင်းအား အပိုင်း ၃.၁ တွင် သုံးသပ်ဖော်ပြထားသည့် ကျောက်စိမ်းထုတ်လုပ်မှု အချက်အလက်များမှ ထောက်ခံနေပါသည်။ အဆိုပါ အချက်အလက်များအရ ၂၀၁၅ ခုနှစ်အတွင်း ကျောက်စိမ်းထုတ်လုပ်တွင် ကြီးမားသည့် မြင့်တက်မှုတစ်ခုကို ပြသနေသော်လည်း ပြပွဲမှ ရောင်းချမှုများတွင် တိုးတက်လာခြင်း မရှိကြောင်း တွေ့မြင်ရပါသည်။ ကုမ္ပဏီများအနေဖြင့် ၎င်းတို့ တူးဖော်ထုတ်လုပ်သည့် ကျောက်စိမ်းများကို ရောင်းချမှု ရပ်တန့်ခြင်း မဖြစ်နိုင်သဖြင့် အဆိုပါ ပိုနေသည့် ထုတ်လုပ်မှုများအား နိုင်ငံပြင်ပသို့ မှောင်ခိုပို့ဆောင်လျက် ရှိနိုင်ဖွယ် ရှိပါသည်။

## တရုတ်နိုင်ငံ၏ သွင်းကုန် အချက်အလက်များ နှင့် မှောင်ခိုကုန်သွယ်ခြင်း

ကုလသမဂ္ဂ၏ Comtrade အချက်အလက်စုစည်းမှုမှ အကောက်ခွန် အချက်အလက်များအရ တရုတ်နိုင်ငံသို့ မြန်မာနိုင်ငံမှ တင်သွင်းသည့် ကျောက်စိမ်းများ၏ တန်ဖိုးသည် ၂၀၁၄ ခုနှစ်အတွင်းရှိ အမြင့်ဆုံးနှစ်ပြီးနောက် ပုံမှန်ဖြစ်လာခဲ့သည်။[၄၃၅] မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ တင်ပို့မှုများသည် အောက်ပါဇယားတွင် တွေ့မြင်ရသည့် အတိုင်း ၂၀၁၄ ခုနှစ်တွင် အကြီးအကျယ် မြင့်တက်မလာမီတွင် ၂၀၁၀ ခုနှစ်တွင် စတင် မြင့်တက်လာခဲ့ပါသည်။ ယင်းတို့သည် လိုင်စင်ထုတ်ပေးမှု ရပ်ဆိုင်းပြီးနောက် သမိုင်းဝင်အဆင့်များသို့ ပြန်လည်ရောက်ရှိသွားခြင်း မရှိမီ ၂၀၁၅ ခုနှစ်အတွင်း အတော်သင့် ဆက်လက် မြင့်မားနေခဲ့ပါသည်။ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ တရားဝင် ကျောက်စိမ်းတင်သွင်းမှုဆိုင်ရာ အဆိုပါပြောင်းလဲမှုများသည် ၂၀၁၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ လျင်မြန်စွာ မြင့်တက်လာခဲ့ပြီး နောက်ထပ်နှစ်နှစ်ကာလအတွင်း ရုတ်ခြည်း ကျဆင်းသွားခြင်းသည် အထက်ပါ အပိုင်း ၃.၁ တွင် ဆွေးနွေးထားသည့် ကျောက်စိမ်းတူးဖော်ထုတ်လုပ်မှု ပုံစံများနှင့် ကိုက်ညီမှု မရှိပေ။



ရှမ်းပြည်နယ် မူဆယ်ရှိ နယ်စပ်ဆုံချက်တစ်ခုဖြစ်သော ဆင်ဖြူရှင်ဂိတ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ဝင်ရောက်ရန် စောင့်ဆိုင်းနေသည့် ယာဉ်တန်းများ၊ *Global Witness*

ဖြစ်နိုင်ခြေအရှိဆုံးမှာ ဤအချက်အလက်သည် ၂၀၁၁ ခုနှစ်တွင် တစ်ကီလိုဂရမ်လျှင် ၅.၀၈ ဒေါ်လာမှ ၂၀၁၅ ခုနှစ်တွင် ၁၀.၅၂ ဒေါ်လာသို့ ပြန်လည်ကျဆင်းခဲ့ခြင်း မတိုင်မီ ၂၀၁၄ ခုနှစ်တွင် ၁၂၇.၆၉ ဒေါ်လာ အထိ တစ်ဟုန်ထိုး မြင့်တက်လာခဲ့သည်နှင့်အမျှ ကျောက်စိမ်းဈေးနှုန်းများအတွင်း ပြောင်းလဲမှုများကို စောင့်ကြည့်ထားခြင်းဖြစ်သည်။[၄၃၆] ယင်းသည် တရုတ်နိုင်ငံအတွင်း တင်သွင်းမှုများ ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ် အကြား မြင့်တက်လာမှုနှင့် ကိုက်ညီလုနီးပါးဖြစ်သည်။ ယင်းသည် တရားဝင် ကျောက်စိမ်းဆိုင်ရာ ကိန်းဂဏန်းများ၏ အများအားဖြင့် စိတ်မချရသော သဘောသဘာဝကိုလည်း ဖော်ပြနေပြီး နှစ်စဉ် တရုတ်နိုင်ငံသို့ တရားမဝင် ဝင်ရောက်နေသည့် အမှန်တကယ် ကျောက်စိမ်းပမာဏနှင့် ပတ်သက်၍ မေးခွန်းထုတ်ဖွယ် ဖြစ်စေသည်။

### OFFICIAL CHINESE IMPORTS OF JADE FROM MYANMAR

| Year | Value of Imports | Year | Value of Imports |
|---|---|---|---|
| 2006 | $10.1m | 2013 | $1,522.0m |
| 2007 | $12.2m | 2014 | $12,123.1m |
| 2008 | $18.9m | 2015 | $1,668.7m |
| 2009 | $71.4m | 2016 | $48.5m |
| 2010 | $142.0m | 2017 | $91.7m |
| 2011 | $817.6m | 2018 | $57.5m |
| 2012 | $364.4m | 2019 | $196.4m |

Table: Global Witness • Source: UN Comtrade Data

global witness

တရုတ်နိုင်ငံသို့ တရားဝင် ကျောက်စိမ်းတင်ပို့မှု တန်ဖိုးသည် ၂၀၁၄ ခုနှစ်တွင် ကျောက်စိမ်း တစ်ကီလိုတန်ဖိုး မြင့်တက်လာခဲ့ခြင်းနှင့်အတူ တစ်ဟုန်ထိုးမြင့်တက်လာခဲ့သည်။ [၄၃၇]

## မှောင်ခိုလုပ်ငန်းသည် အစိုးရ၏ ဝင်ငွေများကို ယုတ်လျော့စေပါသည်။

အရေးအကြီးဆုံးအဖြစ် မှောင်ခိုတင်ပို့သည့်ပမာဏနှင့် လိုင်စင်ချထားပေးမှု ရပ်ဆိုင်းစဉ်မှစတင်ကာ သိသိသာသာမြင့်တက်လာမှုတို့ကို ကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံ၏ ကျောက်စိမ်းကြွယ်ဝမှုများ၏ မည်မျှနည်းပါးသော အတိုင်းအတာ သည်သာ အရေးတကြီးလိုအပ်နေသော လူမှုရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု သို့မဟုတ် ကချင်ပြည်နယ်ရှိ ဒေသခံပြည်သူလူထုကို အကျိုးပြုရန်အတွက် အစိုးရထံသို့ ရောက်ရှိကြောင်းကို မီးမောင်းထိုးပြနေပါသည်။ ဤဆုံးရှုံးမှု၏ ပမာဏအတိအကျ ကို အကဲဖြတ်သုံးသပ်ရန်ခက်ခဲသော်လည်း ကျွန်ုပ်တို့အနေဖြင့် အကြမ်းဖျင်း ခန့်မှန်းခြေတစ်ခုကို ပေးအပ်နိုင်ပါသည်။

မြန်မာနိုင်ငံ၏ EITI အစီရင်ခံစာများသည် ပြပွဲများတွင် ရောင်းချသော ကျောက်စိမ်း များ၏ တန်ဖိုးကို နှစ်စဉ် ယူရို နှင့် ကျပ် နှစ်မျိုးစလုံးတို့ဖြင့် စာရင်းပြုစုထားသည်။ အောက်ဖော်ပြပါဇယားသည် EITI အစီရင်ခံစာ တစ်ခုစီတွင် တင်ပြထားသော ပြပွဲ၌ ရောင်းချရမှု၏ စုစုပေါင်းတန်ဖိုးကိုဖော်ပြထားပြီး စုံစမ်းစစ်ဆေးမှုများအရ နိုင်ငံ၏ ပြင်ပသို့ မှောင်ခိုတင်သွင်းသည့် ကျောက်စိမ်း၏ အနည်းဆုံးရာခိုင်နှုန်း (၇၀%) ကို အခြေခံကာ မြန်မာနိုင်ငံမှတင်ပို့သော ကျောက်စိမ်း၏အနည်းဆုံး ဒေါ်လာ တန်ဖိုးကို တွက်ချက်ထားသည်။

ဤတွက်ချက်မှုအရ မြန်မာနိုင်ငံသည် မှောင်ခိုလုပ်ငန်းကြောင့် နှစ်စဉ်အခွန်ဝင်ငွေ ဒေါ်လာမီလီယံ ရာပေါင်းများစွာ ဆုံးရှုံးလျက်ရှိနေကြောင်း ပြသနေသည်။ ယင်း သည်ပင်လျှင် လျှော့၍တွက်ချက်ထားခြင်းဖြစ်နိုင်ဖွယ် ရှိပါသည်။ မြန်မာနိုင်ငံမှ ကျောက်စိမ်း၏ ၇၀% ကျော်တို့အား နိုင်ငံပြင်ပသို့ မှောင်ခိုတင်ပို့ပြီး အဖိုးတန် ကျောက်စိမ်း အများစုတို့အား တရုတ်နိုင်ငံသို့ တိုက်ရိုက်မှောင်ခိုတင်ပို့ကာ အရည် အသွေးနိမ့်သော ကျောက်စိမ်းများကိုသာ ပြပွဲများတွင် ရောင်းချသည်။ [၄၃၉]

မည်သို့ပင်ဆိုစေကာမူ မြန်မာနိုင်ငံ၏ ကျောက်စိမ်းကြွယ်ဝမှု မည်မျှသည် ၎င်း၏ ပြည်သူများကို အကျိုးမဖြစ်ထွန်းစေဘဲ နိုင်ငံ၏ပြင်ပသို့ ရောက်ရှိသွားကြောင်းကို ရှင်လင်းစွာဖော်ပြနေပါသည်။ ၂၀၁၉ ခုနှစ် ကျောက်မျက်ရတနာဥပဒေသည် ထုတ်လုပ်ရေးအတွက် စုစုပေါင်းအခွန်နှင့် အရောင်းခွန်များအား လက်ရှိ စုစုပေါင်း ၂၀% မှ ၁၃% ခန့်သို့ လျှော့ချသင့်ပါသည် (လာမည့်စာမျက်နှာရှိ ဖြစ်စဉ်လေ့လာမှု ကို ကြည့်ရှုပါ)။ အထက်တွင်ဖော်ပြခဲ့သော ကျောက်စိမ်း မှောင်ခိုလုပ်ငန်းသို့ အထက်ပါ အခွန်နှုန်းထားများကို သတ်မှတ်ပါက မြန်မာနိုင်ငံသည် နှစ်စဉ်မှောင်ခို လုပ်ငန်းမှ အခွန်ဝင်ငွေ အမေရိကန်ဒေါ်လာ သန်းပေါင်း ရာနှင့်ချီ၍ ဆုံးရှုံးလျက် ရှိခဲ့ပါသည်။

COVID-19 ကပ်ရောဂါသည် မှောင်ခိုလုပ်ငန်းအန္တရာယ်များကို ပိုမိုတိုးပွားစေခဲ့ သည်။ ကမ□ာတစ်ဝန်းတွင် ကပ်ရောဂါ ကူးစက်ပျံ့နှံ့လာခဲ့သည့်အခါ မြန်မာနိုင်ငံ အစိုးရသည် ၂၀၂၀ ခုနှစ် မတ်လတွင် နေပြည်တော်၌ ပြုလုပ်ရန် စီစဉ်ထားသည့် အရည်အသွေးမြင့်ကျောက်စိမ်းများ ရောင်းဝယ်ရန်အတွက် အဓိက တရားဝင် ဈေးကွက်ဖြစ်သော ၅၇ ကြိမ်မြောက် ကျောက်မျက်ရတနာပြပွဲကို ဆိုင်းငံ့လိုက် သည်။ ကျောက်စိမ်းကုန်သည်များသည် တရားဝင်ရောင်းချရန် နေရာမရှိသော ကြောင့် ၎င်းတို့၏ ကျောက်စိမ်းကို ရောင်းချရန် အခြား နည်းလမ်းများ ရှာနိုင်ဖွယ် ရှိသည်။ [၄၄၀]

အာဏာသိမ်းမှုသည် မှောင်ခိုကုန်သွယ်မှုကို အလျဉ်ပြတ်တောက်စေခဲ့သည်။ Global Witness ၏ ရင်းမြစ်တစ်ဦးအရ ရွှေလီ နှင့် မူဆယ်တို့အကြား ဖြတ်သန်း သွားလာသည့် တရုတ်နယ်စပ်အား အာဏာသိမ်းမှု၏ နိုင်ငံရေးဆိုင်ရာ ကသောင်း အနင်းအခြေအနေကြောင့် ပိတ်ဆို့ခဲ့ရသည်။ ရှမ်းပြည်နယ် နောက်ပိုင်းတွင် ပေါ် ပေါက်လာခဲ့သည့် တိုက်ပွဲများနှင့် ပေါင်းစပ်လိုက်သည့်အခါ ယင်းသည် တရုတ် နိုင်ငံအတွင်းသို့ မန္တလေး - ရွှေလီ လမ်းကြောင်းတစ်လျှောက်မှ မှောင်ခို ပို့ဆောင် ခြင်းများကို ရပ်တန့်စေခဲ့သည်ဟု ကြားသိရသည်။[၄၄၁] ဤအခြေအနေသည် အကန့် အသတ်မရှိ ကြာမြင့်နိုင်ဖွယ်မရှိသဖြင့် နိုင်ငံရေးအခြေအနေ တည်ငြိမ်လာသည် နှင့်အမျှ မှောင်ခိုကုန်သွယ်မှုများသည် အကြီးစားအတိုင်းအတာဖြင့် ပြန်လည် ပေါ်ပေါက်လာနိုင်ဖွယ်ရှိပါသည်။

### WHAT DOES SMUGGLING MEAN FOR MYANMAR?

Combining officially reported emporium sales with the finding that at least 70% of Myanmar's jade is smuggled out of the country shows just how much money, at a minimum, the country loses to smuggling every year.

| Fiscal Year (April - March) | Value of Emporium Sales (reported by MGE) | Minimum Value of Smuggled Jade (assume 70% smuggled) |
|---|---|---|
| 2013-2014 | $1,531.6m | $3,573.8m |
| 2014-2015 | $1,142.9m | $2,666.8m |
| 2015-2016 | $668.0m | $1,558.6m |
| 2016-2017 | $738.8m | $1,723.8m |
| 2017-2018 | $1,019.7m | $2,379.3m |

Table: Global Witness • Source: MGE Dislosures in MEITI Reports 1-5

global witness

တန်ဖိုးအမြင့်မားဆုံးကျောက်စိမ်းများအား အမြဲတမ်းနီးပါး တရုတ်နိုင်ငံသို့ မှောင်ခိုတင်သွင်းသဖြင့် မှောင်ခိုကုန်သွယ်သည့် ကျောက်စိမ်း၏ အမှန်တကယ်တန်ဖိုးသည် ထို့ထက်ပိုမို မြင့်မားနိုင်ဖွယ်ရှိပါသည်။ [၄၃၈]

# ကျောက်စိမ်းအခွန်များကို ပြောင်းလဲခြင်း

မှောင်ခိုကုန်သွယ်ခြင်းသည် မြန်မာနိုင်ငံ၏ကျောက်စိမ်းအပေါ် အခွန်ကောက်ခံမှုနှုန်းထားများ မြင့်မားခြင်းနှင့်တကွ ၎င်းတို့၏ ရှုပ်ထွေးမှုတို့ကြောင့်လည်း ဖြစ်စေသည်။ သမိုင်းအရ ကျောက်စိမ်းသည် လမ်းကြောင်းအမျိုးမျိုးတို့မှတစ်ဆင့် အစိုးရအား ဝင်ငွေများပေးအပ်ပါသည်။ ကျောက်စိမ်းကို အောက်ပါတို့မှတစ်ဆင့် အပါအဝင် အကြိမ်ရေအများအပြား အခွန်ကောက်ခံပါသည် [၄၄၂]-

၁။ "လက်မှတ်ထိုးသည့် အခကြေးငွေများ" – တူးဖော်ခွင့်လိုင်စင်တစ်ခုရရှိရန်အတွက် ကုမ္ပဏီတစ်ခုမှ ပေးချေရသည့် ပမာဏ။

၂။ "ထုတ်လုပ်မှုအခွန်" သို့မဟုတ် "ရေမြေခွန်" – တူးဖော်မည့် ကျောက်စိမ်းအရိုင်းတုံးများ၏ ခန့်မှန်းတန်ဖိုးနှင့်ပတ်သက်၍ ကျောက်စိမ်းတွင်းများတွင် တန်ဖိုးဖြတ်သည့် အခွန်များ။ ဤတန်ဖိုးဖြတ်ခြင်းအား MGE အရာရှိများ၊ ပြည်နယ်အစိုးရအရာရှိများနှင့် လုပ်ငန်းအတွင်းမှ ကိုယ်စားလှယ်များ ပါဝင်သည့် တန်ဖိုးဖြတ်ရေးကော်မတီများဖြင့် လုပ်ဆောင်ကြသည်။ လက်တွေ့တွင် တန်ဖိုးဖြတ်ခြင်းအား MGE အဖွဲ့ဝင်များကသာ လုပ်ဆောင်ကြပြီး ကျောက်စိမ်းအရိုင်းများအား တန်ဖိုးဖြတ်ခြင်း၏ တိကျမှုမရှိသော သဘောသဘာဝနှင့် တန်ဖိုးဖြတ်ရေးကော်မတီအပေါ် ကြီးကြပ်ကွပ်ကဲမှု မရှိခြင်းတို့ကြောင့် ဤလုပ်ငန်းစဉ်တွင် အကျင့်ပျက်ခြစားမှုများနှင့် ခြယ်လှယ်မှု များစွာတို့ ဖြစ်ပွားလေ့ရှိပါသည်။ [၄၄၃]

၃။ "အရောင်းခွန်များ" သို့မဟုတ် "အထူးကုန်စည်ခွန်များ" – အရောင်းပြပွဲများရှိ ရောင်းချမှုများအပေါ် အခွန်ကောက်ခံမှုများ နှင့် အကျိုးတူလုပ်ငန်းများ၏ အစိတ်အပိုင်းအဖြစ် MGE ထံ ပေးအပ်သည့် အခကြေးငွေများ။

၄။ "ကုန်သွယ်ဝင်ငွေခွန်" – ကုမ္ပဏီများ၏ အကျိုးအမြတ်များအပေါ် နှစ်စဉ်အခွန်ကောက်ခံမှုများ။

၅။ အခြားသောအခကြေးငွေများ–အစိုးရသည်ကုမ္ပဏီများအားနိုင်ငံခြားငွေကြေးဖြင့် ရေမြေခွန်များ သို့မဟုတ် အုပ်ချုပ်ရေး အခကြေးငွေများကဲ့သို့ အခြားသော အခကြေးငွေများကို ပေးဆောင်စေခဲ့သည်။

မြန်မာနိုင်ငံသည်ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ရေးအတွက်ကမ□ာပေါ်ရှိ အမြင့်ဆုံး ရေမြေခွန်များတွင် တစ်ခုအပါအဝင်ဖြစ်ပြီးဖြစ်ပါသည် -[၄၄၄] ၁၉၉၅ ခုနှစ် ကျောက်မျက်ရတနာဥပဒေသည် ထုတ်လုပ်ရေးအတွက် အခကြေးငွေ ၂၀% ကောက်ခံသဖြင့် လာဘ်ပေးလာဘ်ယူမှုနှင့် မှောင်ခိုကုန်သွယ်မှုတို့အတွက် အဓိက မက်လုံးတစ်ခုကို ဖြစ်စေသည်။ [၄၄၅]

၂၀၁၄ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေတွင် ကုမ္ပဏီများအား ကျောက်စိမ်း နှင့် ကျောက်မျက်ရတနာ ရောင်းချမှုများမှ နောက်ထပ် 'အထူး ကုန်စည်ခွန်' နောက်ထပ်တစ်မျိုးကိုပေးချေရန် ကုမ္ပဏီများအား သတ်မှတ်ခဲ့သည်။[၄၄၆] ၂၀၁၆ ခုနှစ်တွင် အထူးကုန်စည်ခွန်သည် ၁၅% မှ ၂၀% သို့ မြင့်တက်လာခဲ့ပြီး လုပ်ငန်းအတွင်း တုန်လှုပ်ချောက်ချားမှုများနှင့် တွေ့ကြုံခဲ့ပြီး[၄၄၇] နောင်နှစ်များအတွင်း ၁၅% သို့ ပြန်လည်လျှော့ချခဲ့သည်။[၄၄၈] ၂၀၁၉ ခုနှစ်အထိ ကျောက်စိမ်းအရိုင်းကို အထူး ကုန်စည်ခွန် ကောက်ခံခြင်းမရှိသော်လည်း ကျောက်မျက်ရတနာ အခွန် ၁၁% ကို ပေးဆောင်ရသည်။ [၄၄၉]

၂၀၁၉ ကျောက်မျက်ရတနာဥပဒေ စတင်သက်ရောက်လာသည်နှင့် ယင်းသည် ကျောက်စိမ်းဆိုင်ရာ အဖွဲ့အစည်းများအတွက် ရှိပြီးသားအခွန်ကောက်ခံမှုတာဝန်များအပေါ် အစားထိုးသက်ရောက်မည်ဖြစ်သည်။[၄၅၀] ယင်းအရ ရေမြေခွန်များအား ၁၀% အထိ လျှော့ချပြီး ကျောက်အရိုင်းများအပေါ် ၃% နှင့် ကျောက်မျက်ရတနာ အချောထည်များအတွက် ၁% အရောင်းခွန်ကောက်ခံသည်။[၄၅၁] လိုင်စင်ရရှိရန်အတွက် လက်မှတ်ထိုးသည့် အခကြေးငွေတစ်ခု ရှိနေဆဲဖြစ်သည်။ အဆိုပါပြောင်းလဲမှုများသည် မှောင်ခိုလုပ်ငန်းများကို လျှော့ချပြီး နိုင်ငံတော်ဝင်ငွေများကို မြှင့်တင်ပေးနိုင်သော်လည်း စည်းမျဉ်းထိန်းကျောင်းသူများအနေဖြင့် စည်းမျဉ်းများကို ထိရောက်စွာ အကောင်အထည်ဖော်ပြီး လုပ်ငန်းအတွင်း ယခင်က ရှိခဲ့သည့် ရှုပ်ထွေးသော အခွန်ကောက်ခံမှုစနစ်ကို ပြန်လည်ဖန်တီးခြင်းအား ရှောင်ကြဉ်ရမည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အဆိုပါ အချက်များသည် လက်ရှိ အခြေအနေအတွင်း အဓိကစိန်ခေါ်မှုများ ဖြစ်နေဆဲ ဖြစ်ကြသည်။

## How Myanmar's goverment taxes jade




တရားဝင်အခွန်များ နှင့် အခကြေးငွေများအပြင် ကျောက်စိမ်းတူးဖော်မှု နှင့် ရောင်းချမှု လုပ်ငန်းစဉ် တစ်လျှောက်တွင် လုပ်ပိုင်ခွင့်အတွက် လာဘ်ပေးလာဘ်ယူမှုများ နှင့် အခြားသော တရားမဝင် ငွေပေးချေရမှုများ ရှိနေသည်။

## ၃.၃ ဖားကန့်ရှိ တရုတ်စီးပွားရေး အကျိုးစီးပွားများ

တရုတ် စီးပွားရေးလုပ်ငန်း အကျိုးစီးပွားများသည်လည်း ၂၀၁၆ ခုနှစ် နောက်ပိုင်းတွင် ဆက်လက်ပေါ်များလာခဲ့သည်။ ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ရေးတွင် ပြည်ပပိုင်ဆိုင်မှုများအပေါ် တားမြစ်ချက်များရှိသော်လည်း[၇၂] မြန်မာနိုင်ငံ၏ ကျောက်စိမ်းကဏ္ဍကို ငွေကြေးပံ့ပိုးပြီး အချောထည်မရောက်မီအဆင့်နှင့် အချောထည်ပြုလုပ်ရန် အဆင်သင့်ဖြစ်နေသည့်အဆင့်ရှိ ဈေးကွက်နှင့် တန်ဖိုးမြှင့်ဈေးကွက်များကိုပါ လွှမ်းမိုးထားရာတွင် တရုတ်နိုင်ငံ၏ ဖုံးကွယ်ထားသော အကျိုးစီးပွားများသည် ထင်ရှားသည့် အခန်းကဏ္ဍတစ်ခုတွင် ပါဝင်နေပါသည်။[၇၃] လုပ်ငန်းအတွင်းရှိ အတွင်းသိ ရင်းမြစ်တစ်ဦးက ယခုအခါတွင် ဖားကန့်ရှိ ကုမ္ပဏီအားလုံးနီးပါးတို့တွင် တရုတ်နိုင်ငံမှ ငွေကြေးပံ့ပိုးသည့် ပုံစံအချို့ဖြင့် အကျိုးစီးပွားများရှိကြသည်ဟု အခိုင်အမာ ပြောကြားခဲ့ကြသည်။[၇၄]

ကျွန်ုပ်တို့၏ ၂၀၁၅ ခုနှစ်အတွင်းရှိ အစီရင်ခံစာတွင် ဖော်ထုတ်ခဲ့ပြီး ယနေ့တိုင် ဆက်လက်ဖော်ထုတ်ခဲ့သည့်အတိုင်း လုပ်ငန်းအတွင်းရှိ အတွင်းလူများက တရုတ်နိုင်ငံသားများသည် မြန်မာမှတ်ပုံတင်များကိုရယူပြီး မြန်မာလူမျိုးများ မှတ်ပုံတင်ထားသည့်ကုမ္ပဏီတစ်ခုမှတစ်ဆင့် မည်သို့တိုက်ရိုက်လုပ်ငန်း လုပ်ကိုင်ကြကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြသည်။ နောက်ထပ်နည်းစနစ်တစ်ခုတွင် တရုတ်နိုင်ငံမှ ကျောထောက်နောက်ခံပြုသူများ၏ကိုယ်စားလုပ်ကိုင်သည့် မြန်မာနိုင်ငံသားများ ပါဝင်သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအပေါ် ကန့်သတ်ချက်များအား ရှောင်လွှဲရန်အတွက် အယောင်ပြကုမ္ပဏီများ အသုံးပြုခြင်းပါဝင်သည်။[၇၅] ယင်းတွင် တူးဖော်ခွင့်အတွက် လိုင်စင်ပိုင်ရှင်နှင့် တရားမဝင်အကျိုးအမြတ်ခွဲဝေခြင်းနှင့် အခြားသော ငွေကြေးဆိုင်ရာသဘောတူညီချက်များပါဝင်လေ့ရှိသည်။[၇၆] ထင်ရှားသည့် ကျောက်စိမ်းလုပ်ငန်းရှင်တစ်ဦးက တရုတ်လူမျိုးစီးပွားရေးသမားများသည် အဆိုပါ တရားမဝင် အကျိုးတူပူးပေါင်းသည့် သဘောတူညီချက်များအတွင်း မြန်မာနိုင်ငံသား တရုတ်လူမျိုးများနှင့် မကြာခဏ ပူးပေါင်းလုပ်ကိုင်ကြသည် ဟု အတည်ပြု ခဲ့သည်။ ယင်းတို့တွင် "တရားမဝင် သဘောတူညီချက်များ" ပေါ်တွင် အခြေခံကာ တရုတ်ရင်းနှီးမြှုပ်နှံသူကို မျက်နှာသာပေးထားသည့် ၅၀/၅၀ သို့မဟုတ် ၇၀/၃၀ အကျိုးအမြတ် ခွဲဝေမှုတစ်ခု ပါဝင်လေ့ရှိသည်။[၇၇]

အချောထည်ပြုလုပ်ရန်အဆင်သင့်ဖြစ်နေသည့်အဆင့်ရှိ ကဏ္ဍအတွင်း တရုတ်တို့၏ ပါဝင်ပတ်သက်မှုများသည် ငွေအရင်းအနှီး သို့မဟုတ် တန်ဖိုးကြီးမားသည့် တူးဖော်ရေး ကိရိယာများနှင့် စက်ယန္တရားကြီးများကဲ့သို့ ငွေကြေးအစားထိုး အရင်းအမြစ်များကို ဒေသခံကုမ္ပဏီများထံ ပေးအပ်ကာ ထုတ်လုပ်မှု၏ဝေစုတစ်ခု သို့မဟုတ် အကျိုးအမြတ်၏ ဝေစုတစ်စုကိုရယူသည့်ပုံစံလည်း ပါဝင်ပါသည်။[၇၈] အဆိုပါတရုတ်ကျောထောက်နောက်ခံပြုထားသည့်လုပ်ငန်းများအတွက် ငွေကြေးပံ့ပိုးမှုများသည် ဤစုံစမ်းဖော်ထုတ်မှု၏ နယ်ပယ်ထက် ကျော်လွန်နေသော်လည်း တရုတ်နှင့် မြန်မာနိုင်ငံအစိုးရများအနေဖြင့် ပြည်ပပိုင်ဆိုင်မှုများနှင့် ပတ်သက်သည့် ဥပဒေများနှင့် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများကို သေချာစေရန် အရေးကြီးပါသည်။

ကုန်ကြမ်းအချောသတ်မှုများ မပြုလုပ်မီအဆင့်ရှိ တရုတ်အကျိုးစီးပွားများ၏ အခန်းကဏ္ဍများအား တပ်မတော်၏ အကြီးတန်းအရာရှိများမှ အကူအညီပေးနိုင်ကြသည်။ တပ်မတော်၏ မန္တလေးတိုင်းဒေသကြီး တိုင်းစစ်ဌာနချုပ်ရှိ စစ်ဦးစီးအရာရှိတစ်ဦးက တရုတ်နိုင်ငံမှကုမ္ပဏီများသည် ဖားကန့်သို့ဝင်ရောက်ရန် တံခါးမှူးများအဖြစ် လုပ်ဆောင်ကြသည့် အင်အားကြီးမားသော တပ်မတော်အရာရှိများ ဖြစ်ကြသော ကချင်ပြည်နယ်ရှိ ဒေသနှင့်တိုင်းအဆင့် တပ်မှူးများနှင့် သဘောတူညီမှုများ ပြုလုပ်ကြသည်ဟု အတည်ပြုခဲ့ပါသည်။ အဆိုပါ သဘောတူညီမှုများအား ၎င်းတို့၏လုပ်ငန်းများကို အဆင်ပြေချောမွေ့စေရေးအတွက် ကြီးမားသည့် ခရိုနီလုပ်ငန်းစုကြီးများမှလည်း ကြားခံပွဲစားအဖြစ် ဆောင်ရွက်ပေးကြပါသည်။[၇၉]

ရလဒ်မှာ အသေးစားဒေသခံကုမ္ပဏီများသည် ထိုသို့ ငွေအရင်းအနှီးများစွာရှိပြီး စက်ယန္တရားကြီးများစွာအသုံးပြုသည့် တရုတ်မှငွေကြေးပံ့ပိုးသော သို့မဟုတ် လုပ်ဆောင်သော လုပ်ငန်းများနှင့် ယှဉ်ပြိုင်နိုင်ခြင်း မရှိသဖြင့် KIA နှင့် အဆက်အသွယ်မရှိသော ဒေသခံကချင်ကုမ္ပဏီများအား ပို၍ ဘေးသို့ရောက်စေခဲ့သည်။[၈၀]

ကုန်ကြမ်းအချောသတ်မှုများ မပြုလုပ်မီအဆင့်ရှိ ကျောက်စိမ်းကဏ္ဍအတွင်း တရုတ်တို့၏ ပါဝင်ပတ်သက်မှုများကိုထောက်ပြကာ လုပ်ငန်းအတွင်းရှိ အတွင်းလူတစ်ဦးက လုပ်ငန်းအတွင်း၌ တရုတ်-မြန်မာ နှစ်နိုင်ငံစလုံးမှ နိုင်ငံသားများဖြစ်ကြသူများ ပေါ်များလာခဲ့သည်ဟု မှတ်ချက်ပြုခဲ့ကာ Global Witness ထံသို့ အောက်ပါအတိုင်း ပြောကြားခဲ့သည် - "၎င်းတို့သည် ဒေသခံဘာသာစကားများ (ဗမာစကားဖြစ်စေ ကချင်စကားဖြစ်စေ) ကို ပြောဆိုနိုင်ခြင်း မရှိသော်လည်း မှတ်ပုံတင်များရှိကြပြီး ဒေသခံများကဲ့သို့ပင် သတ္တုတွင်းများတွင် လုပ်ကိုင်ကြသည်။" ဤအတွင်းသိ ပုဂ္ဂိုလ်က တရုတ်ကုမ္ပဏီများသည် ဒေသခံမြန်မာ ကုမ္ပဏီများမှ မှတ်ပုံတင်ခြင်းကို တာဝန်ယူပြီး တရုတ်ရင်းနှီးမြှုပ်နှံသူများက တူးဖော်ရေး ကိရိယာများနှင့် ငွေကြေးအရင်းအနှီးတို့ကိုတာဝန်ယူသည့် အကျိုးတူလုပ်ငန်းများမှတစ်ဆင့် မည်သို့ပူးပေါင်းဆောင်ရွက် ကြကြောင်း ဖော်ပြခဲ့သည်။ ၎င်းက တရုတ်ကုမ္ပဏီများသည် ငွေအရင်းအနှီး ပိုမိုများပြားပြီး စစ်ဗိုလ်ချုပ်များ၏ မိသားစုများနှင့် ပူးပေါင်းထားသဖြင့် ပိုမိုကြီးမားသည့် လုပ်ကွက်များကို ရရှိနိုင်ကြကြောင်းကိုလည်း ပြောကြားခဲ့သည်။[၈၁]

ဒေသခံရင်းမြစ်များအရ တရုတ်လူမျိုး ရင်းနှီးမြှုပ်နှံသူများသည်လည်း ဖားကန့်ရှိ UWSA နှင့်အဆက်အသွယ်ရှိသော အဖွဲ့အစည်းများနှင့်အတူတကွ လုပ်ကိုင်နေကြသည်ဟု ဒေသခံရင်းမြစ်များက ဆိုပါသည်။ ရင်းနှီးမြှုပ်နှံမှုများသည် နယ်စပ်မှတစ်ဆင့် ငွေသားပေးချေမှုများအဖြစ် စီးဆင်းဝင်ရောက်လာနိုင်သည် သို့မဟုတ် တူးဖော်မှုအတွက် အသုံးပြုသည့် အကြီးစားစက်ယန္တရားကြီးများအဖြစ် ဝင်ရောက်နိုင်ပါသည်။[၈၂] ကုမ္ပဏီတစ်ခု သို့မဟုတ် ၎င်း၏ပိုင်ရှင်များအား မြန်မာ သို့မဟုတ် တရုတ်နိုင်ငံမှဖြစ်ကြောင်း ခွဲခြားရန် ဒေသခံများအတွက် မလွယ်ကူပေ။[၈၃]

အာဏာသိမ်းမှု ဖြစ်ပွားပြီးနောက်တွင်လည်း တရုတ်နိုင်ငံသည် မြန်မာ့ကျောက်စိမ်းအတွက် အဓိကဈေးကွက်တစ်ခုဖြစ်နေဆဲဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ အာဏာသိမ်းမှုကြောင့် အကြီးအကျယ် အလျဉ်ပြတ်မှုများ ဖြစ်စေခဲ့သည်။ အာဏာ သိမ်းပြီးနောက်ပိုင်း ဖြစ်ပွားသည့် ပဋိပက္ခများနှင့် ကိုဗစ်-၁၉ ကပ်ရောဂါတို့ကြောင့် တရုတ်ပြည်သို့ ပို့ဆောင်သည့် ကျောက်စိမ်းအများစုကို ဖြတ်သန်းသယ်ဆောင်သော ရွှေလီရှိ တရုတ်-မြန်မာ နယ်စပ်ဂိတ်တွင် ပိတ်ဆို့မှု အများအပြားကို ဖြစ်ပေါ်လာစေခဲ့သည်။ သို့တိုင် အာဏာသိမ်းမှုနှင့် ဆက်စပ်နေသည့် အလျဉ်ပြတ်မှုများသည် ယာယီသာ ဖြစ်နိုင်ဖွယ်ရှိသည်။ တရုတ်နိုင်ငံအတွက် ပိုမိုစိုးရိမ်ပူပန်ဖွယ်ရာ ကိစ္စရပ်မှာ အာဏာသိမ်းမှုအပေါ် တရုတ်နိုင်ငံမှ အထောက်အပံ့ပေးသည်ဟု ရှုမြင်မှုကြောင့် မြန်မာနိုင်ငံသားများ၏ တရုတ်နိုင်ငံအပေါ်အမြင်များကို ယိုယွင်းလာစေခဲ့ခြင်း ဖြစ်သည်။ အကယ်၍ ပိုမိုဆိုးရွားလာပါက ဤခံယူချက်ကြောင့် ကျောက်စိမ်းအချောထည်လုပ်ငန်းအတွင်း တရုတ်နိုင်ငံ၏ တိုက်ရိုက်ပါဝင်ပတ်သက်မှုကို လျော့ကျစေနိုင်ပါသည်။ အခြားတစ်ဖက်တွင် အကြီးမားဆုံး ကျောက်စိမ်း ဈေးကွက်တစ်ခု ဖြစ်သည့် တရုတ်နိုင်ငံ၏အနေအထားနှင့် တရုတ်နိုင်ငံတွင် ငွေကြေးအရင်းအနှီးများ ပေါ်များစွာရှိနေခြင်းတို့ကြောင့် လာမည့်နှစ်များအတွင်း ဖားကန့်၌ တရုတ်အကျိုးစီးပွားများသည် အကြီးအကျယ် ဆက်လက်ပါဝင်ပတ်သက်နေနိုင်ဖွယ်ရာ ရှိပါသည်။ အာဏာသိမ်းမှုနောက်ပိုင်းတွင် ဖားကန့်ရှိ အားနည်းနေပြီးသားဖြစ်သော တရားဥပဒေ စိုးမိုးမှုသည် ပျက်စီးသွားခဲ့ခြင်းကြောင့် ကျောက်စိမ်းလုပ်ငန်းအတွင်း လျှို့ဝှက်ငွေရှင်များအတွက် နယ်ပယ် ပိုမို ကျယ်ပြန့်စေနိုင်ဖွယ် ရှိပါသည်။

## ၃.၄ ရေမဆေးသမားများ မြင့်တက်လာမှု

လိုင်စင်ချထားခြင်းကို ရပ်ဆိုင်းလိုက်ခြင်းနှင့် ၎င်းကြောင့်ဖြစ်ပေါ်လာသော အန္တရာယ်ရှိသည့် သတ္တုတူးဖော်ရေးအလေ့အထများသည် ဖားကန့်ရှိ ရေမဆေးသမားများအပေါ် အထူးသိသာထင်ရှားစွာ သက်ရောက်မှုရှိခဲ့ပြီး ၎င်းတို့၏ အရေအတွက်သည် ၂၀၁၆ ခုနှစ်မှစတင်ကာ သိသိသာသာ မြင့်တက်လာခဲ့သည်။ ယခုအခါတွင် အများအားဖြင့် မြန်မာနိုင်ငံအလယ်ပိုင်း၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့မှ ခန့်မှန်းခြေ ၃၀၀၀၀၀ မှ ၄၀၀၀၀၀ ရှိသော လက်လုပ်လက်စား ကျောက်စိမ်းတူးဖော်သူများသည် နှစ်စဉ် အမြင့်ဆုံးရာသီအတွင်း ဖားကန့်သို့ လာရောက်ကြပါသည်။[၈၄] ဤသို့အလွန်အံ့အားသင့်ဖွယ် ကိန်းဂဏန်းများသည် မြန်မာနိုင်ငံ၏ လုပ်သားထုတစ်ခုလုံး၏ ၂% ခန့်ကို ကိုယ်စားပြုပြီး အများစုတို့သည် ၎င်းတို့ ယခင်ကရရှိခဲ့သည်ထက် နှစ်ဆနီးပါး ပိုမိုများပြားသော နေ့စဉ်လုပ်အားခများ၏ မက်လုံးကြောင့် ဆွဲဆောင်ခြင်းခံရသည်။[၈၅]

၂၀၁၆ မတိုင်မီတွင် ရေမဆေးကျောက်ရှာဖွေသူများသည် မြေစာများကို စွန့်ပစ်ရန် ကုမ္ပဏီများအား အစိုးရမှ တရားဝင်သတ်မှတ်ပေးထားသည့် နေရာများတွင် ကျောက်စိမ်းကို ရှာဖွေခဲ့ကြသည်။ ၂၀၁၆ ခုနှစ်နောက်ပိုင်းတွင် အဆိုပါ သတ်မှတ်ထားသည့် မြေစာပုံများမှ လက်ဖြင့် ရှာဖွေခြင်းများသည် ကုမ္ပဏီတစ်ခုချင်းစီတို့၏ လုပ်ကွက်များသို့ ရွှေ့ပြောင်းလာခဲ့သည်။[၄၆၆] ထိုသို့ဖြစ်ရသည့် အကြောင်းအရင်းများကို လုံးလုံးလျားလျား ရှင်းလင်းစွာ မသိရသော်လည်း ၂၀၁၆ ခုနှစ်ရှိ လိုင်စင်ထုတ်ပေးမှု ရပ်ဆိုင်းခြင်းကြောင့် ကုမ္ပဏီများအနေဖြင့် ပိုမိုကြီးမားသည့် ကိရိယာများဖြင့် ပိုမိုလျင်မြန်စွာ တူးဖော်ထုတ်လုပ်ရန် တွန်းအားဖြစ်စေခဲ့သဖြင့် မြေစာများအား သတ်မှတ်ထားသည့် အများနှင့်ဆိုင်သော စွန့်ပစ်ရန်နေရာများသို့ သွားရောက်စွန့်ပစ်ရန် သယ်ယူပို့ဆောင်ရသည့် အချိန်နှင့် ငွေကြေးကုန်ကျမှုများကြောင့် ကုမ္ပဏီများအနေဖြင့် ၎င်းတို့၏ကိုယ်ပိုင်တူးဖော်ရေး လုပ်ကွက်များအတွင်း၌သာ မြေစာများကို စွန့်ပစ်ခြင်းဖြင့် ချွေတာမှုပြုလုပ်ရန် အားပေးခဲ့သည်။[၄၆၇]

ဤသို့ စွန့်ပစ်သည့် အလေ့အထများသည် တရားဝင်မဝင် ရှင်းလင်းစွာ မသိရသော်လည်း ထိုသို့ရွှေ့ပြောင်းမှုသည် မကြာသေးမီကဖြစ်ပွားခဲ့သော မြေပြိုမှုများစွာကဲ့သို့ သတ္တုတူးဖော်ရေးဆိုင်ရာ ဘေးအန္တရာယ်များ၏ သားကောင်ဖြစ်ရန် အချိုးအစားမကျသည့် ဖြစ်နိုင်ခြေရှိသည့် ရေမဆေးသမားများ၏ လုံခြုံရေးဆိုင်ရာ အန္တရာယ်များကို ပိုမိုဆိုးဝါးစေခဲ့နိုင်ဖွယ်ရှိပါသည်။ ဖားကန့်မြို့၏ ရှုခင်းတွင် ပေါများစွာတွေ့မြင်ရသော ရောမမြေစာပုံကြီးများနှင့် ကြီးမားပြီးအန္တရာယ်ရှိသည့် နန်းစစ်ကန်များသည် အဆိုပါ တူးဖော်ရေးအလေ့အထများ၏ ရှင်းလင်းသည့် အထောက်အထားများဖြစ်ကြသည်။

ရေမဆေးသမားများသည်လည်း လိုင်စင်ထုတ်ပေးမှုကို ရပ်ဆိုင်းခဲ့စဉ်မှစ၍ တန်ဖိုးပိုမိုမြင့်မားသည့် ကျောက်စိမ်းများကို ရှာတွေ့လာကြခြင်းကြောင့် ကဏ္ဍကို ထိန်းချုပ်ရန် လိုအပ်ချက်ကို မြင့်တက်လာစေခဲ့ပြီး ၂၀၁၆ ခုနှစ်မှ စတင်ကာ ရေမဆေးသမားဦးရေ တစ်ဟုန်ထိုး မြင့်တက်လာခဲ့ခြင်းကို အထောက်အပံ့ ဖြစ်ကောင်းဖြစ်စေနိုင်ခဲ့ပါသည်။[၄၆၈] ဤသို့ တိုးမြင့်လာမှုသည် ပိုမိုလျင်မြန်စွာ တူးဖော်ရန် တက်သုတ်ရိုက်ခြင်းကြောင့် ကုမ္ပဏီများအနေဖြင့် အကြီးဆုံးနှင့် တန်ဖိုးအမြင့်ဆုံး ကျောက်စိမ်းတုံးကြီးများကိုသာ ရှာဖွေကြရာတွင် ပိုမိုသေးငယ်သည့် ကျောက်စိမ်းတုံးအချို့ကို သတိမမူမိခြင်းကြောင့် ဖြစ်နိုင်ပါသည်။

အဆိုပါ ရေမဆေးကျောက်ရှာဖွေသူများအား အများအားဖြင့် လောပန်း ဟူသော တရုတ်စကားလုံးဖြင့် အများအားဖြင့်သိထားကြသည့် "သူဌေးများ" မှ စုစည်းထားလေ့ရှိကြပါသည်။ လောပန်းများသည် ၎င်းတို့အား အစားအသောက်၊ ကိရိယာများနှင့် နေထိုင်ရန် အထောက်အပံ့များပေးအပ်ပြီး မည်သည့်ကျောက်စိမ်းရှာဖွေတွေ့ရှိမှုမှ အကျိုးအမြတ်ကိုမဆို ဝေစုခွဲဝေရယူသည်။ လက်လုပ်လက်စားတူးဖော်သူများနှင့်ပတ်သက်၍ International Growth Centre ၏ ၂၀၁၉ ခုနှစ် အစီရင်ခံစာတစ်စောင်၌ တစ်ဦးချင်းတူးဖော်သူများဟု အမည်ခံထားသူများ၏ ၄၀% ကျော်တို့သည် အဆိုပါ ပုဂ္ဂလိကလောပန်းများအတွက် လုပ်ကိုင်နေကြခြင်းဖြစ်ကြောင်း တွေ့ရှိခဲ့ရသည်။ လောပန်းတစ်ဦးအတွက် တိုက်ရိုက်အလုပ်လုပ်ခြင်း မရှိသည့် တူးဖော်သူများသည်ပင်လျှင် ၎င်းတို့နှင့်ဆက်ဆံရလေ့ရှိသည် - တူးဖော်သူ ထက်ဝက် ကျော်တို့က ၎င်းတို့၏ ဝင်ငွေများအား ဒေသခံလောပန်းတစ်ဦးနှင့် ခွဲဝေခဲ့ဖူးသည်ဟု သတင်းပေးပို့ခဲ့ကြသည်။[၄၆၉]


အလုပ်ချိန် အပြောင်းအလဲအတွင်း ကုမ္ပဏီတစ်ခု၏ တူးဖော်ရေး လုပ်ကွက်အတွင်းသို့ ဝင်ရောက်ရန် တန်းစီနေကြသည့် ရေမဆေးသမားများ။ တစ်ကိုယ်ရေ တူးဖော်သူများသည် ကျောက်စိမ်းရှာဖွေရန် ကုမ္ပဏီများ၏ လုပ်ကွက်များသို့ ပိုမိုဝင်ရောက်လာကြရသည်။ *Global Witness*

IGC အစီရင်ခံစာအရ အဆိုပါ လောပန်းများသည် ပုံမှန်အားဖြင့် အစားအသောက်နှင့် နေထိုင်စရာအတွက် တူးဖော်သူတစ်ဦး၏ဝင်ငွေ၏ ၅၀% ကို ရယူသည် သို့မဟုတ် တူးဖော်သူတစ်ဦးအနေဖြင့် ၎င်း၏ ကိုယ်ပိုင်နေရာထိုင်ခင်းရှိပါက ၃၃% သာ ရယူသည်ဟု တွေ့ရှိခဲ့ရသည်။[၄၇၀] အဆိုပါလောပန်းများသည် ဒေသခံကချင်လူမျိုးများ၊ ကိုယ်ပိုင်ရေမဆေးသမားများ ငှားရမ်းရန် ငွေကြေးအလုံအလောက် ရရှိခဲ့သည့် ရေမဆေးသမားများ၊ မန္တလေးတိုင်းဒေသကြီးမှ တရုတ်လူမျိုး စီးပွားရေး လုပ်ငန်းရှင်များနှင့် ရခိုင်မှ ရွှေ့ပြောင်းလာသူများ ပိုမိုပါဝင်လာကြသည်။[၄၇၁] လောပန်းအများစုတို့တွင် မည်သည့်အချိန်တွင်မဆို ၎င်းတို့အတွက် လုပ်ကိုင်နေကြသူ သတ္တုတူးဖော်သူ ၃၀ ဦးအောက်ရှိကြပြီး ၅ ဦးအထိလည်း ရှိနိုင်ပါသည်။ အစာကွင်းဆက်၏ ထိပ်ဆုံးတွင်မူ ပြင်ပဈေးကွက်များသို့ တန်ဖိုးမြင့်မားသည့် ကျောက်စိမ်းရောင်းချမှုများကို ဦးဆောင်ပြီး တစ်ခါတစ်ရံတွင် ကိုယ်ပိုင်လုပ်ကွက်များကို လည်ပတ်လုပ်ဆောင်ကြသည့် "လောပန်းကြီးများ" ရှိကြသည်။[၄၇၂] "တစ်ခါတစ်ရံတွင် အဆိုပါလောပန်းများသည် ကျောက်စိမ်းကုမ္ပဏီများထက် ပိုမို ကြွယ်ဝပါသည်" ဟု ဂျာနယ်လစ်တစ်ဦးက ပြောကြားခဲ့ပါသည်။[၄၇၃]

အဆိုပါ လောပန်းများသည် လက်လုပ်လက်စား တူးဖော်သူများအတွက် များစွာလိုအပ်နေသော ဘေးကင်းလုံခြုံရေးဆိုင်ရာ အားကိုးအားထားပြုစရာတစ်ခု ပေးအပ်နိုင်သော်လည်း ထိခိုက်လွယ်သည့် တူးဖော်သူများကိုလည်း အလွယ်တကူ အမြတ်ထုတ်နိုင်ကြသည်။ ရေမဆေးသမားများအနေဖြင့် ကျောက်တစ်ခုအား



ကုမ္ပဏီလုပ်ကွက်တစ်ခုရှိ အခြားရေမဆေးသမားများနှင့်ပူးပေါင်းရန် ကိရိယာများသယ်ဆောင်လာသည့် ဤငယ်ရွယ်သည့် ယောက်ျားလေးနှစ်ဦးကဲ့သို့ပင် ဖားကန့်သို့ နှစ်စဉ်လာရောက်ကြသည့် သိန်းနှင့်ချီသော ရေမဆေးသမားများအနက် ကလေးအများအပြား ပါဝင်ကြသည်။
*Global Witness*




တန်ဖိုးနိမ့်ခံရခြင်း သို့မဟုတ် အရည်အသွေးမြင့် ကျောက်စိမ်းများအား ကုမ္ပဏီများ၊ လောပန်းများ သို့မဟုတ် ပွဲစားများထံ လွှဲပြောင်းပေးရန် အကျပ်ကိုင်ခြင်းများပင် ဖြစ်ပွားနိုင်ခြေရှိပါသည်။ ၎င်းတို့သည် အများအပြားဖြင့် ကျောက်တစ်ခု၏ တန်ဖိုးအစစ်အမှန်၏ ၃၀% ကိုသာ ရရှိကြသည်ဟု လုပ်ငန်းအတွင်းရှိ ရင်းမြစ်တစ်ဦးက ဆိုပါသည်။[၄၇၄]

အလွတ်တန်း တူးဖော်သူများသည် နိုင်ငံရေး သို့မဟုတ် စီးပွားရေးအရ ဩဇာအာဏာ ကြီးမားသည့် စီးပွားရေးလုပ်ငန်းရှင်များနှင့် လက်နက်ကိုင်တပ်ဖွဲ့များမှ "ဂိုဏ်းများ" သို့မဟုတ် "တရားမဝင်လုပ်ငန်းများ" အဖြစ်သို့ ဖွဲ့စည်းခြင်းခံရလေ့ရှိသည်ဟု ယုံကြည်ကြောင်း ရင်းမြစ်အမျိုးမျိုးတို့က ဆိုကြပါသည်။[၄၇၅] အဆိုပါ အုပ်စုများသည် အပြန်အလှန်အားဖြင့် လာဘ်ငွေများ သို့မဟုတ် တရားမဝင် အခွန်များကောက်ခံခြင်း ပြုလုပ်နိုင်ဖွယ်ရှိကြသော KIA, စစ်တပ် နှင့် ရဲတပ်ဖွဲ့တို့၏ သဘောတူညီချက်ဖြင့် လုပ်ကိုင်နေပုံရပါသည်။[၄၇၆] "အကယ်၍ [လိုင်စင်များကို ရပ်ဆိုင်းခြင်းဖြင့်] တိုင်းရင်းသားအဖွဲ့များ၏ဝင်ငွေကို ပိတ်ပင်ပါက ရေမဆေးသမားများ ဝင်ရောက်လာသည်"ဟု ပုဂ္ဂိုလ်တစ်ဦးကဆိုခဲ့ပြီး အဆိုပါအဖွဲ့များသည် နိုင်ငံတစ်ဝန်းမှ လုပ်သားများကို ဖားကန့်သို့ ရွှေ့ပြောင်းလုပ်ကိုင်ရန်ပင် အားပေးနိုင်သည် ဟု အရိပ်အမြွက် ပြောကြားခဲ့ပါသည်။[၄၇၇] ဤစုံစမ်းစစ်ဆေးမှုအရ လောပန်းများသည် AA အပါအဝင် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များနှင့် ဆက်စပ်နေနိုင်ကြောင်း တွေ့ရှိခဲ့ရသည်။ အဆိုပါတွေ့ရှိချက်အား ဤအစီရင်ခံစာ၏အထက်ပိုင်းတွင် ဆွေးနွေးဖော်ပြထားပါသည်။

## ၃.၅ နှုတ်ဆိတ်နေစေသည့် အကြောက်တရားနှင့် အကြမ်းဖက်မှု

အင်အားကြီးကုမ္ပဏီများ၊ စစ်တပ်၊ လက်နက်ကိုင်အဖွဲ့များ နှင့် ရာဇဝတ်သားများ အနေဖြင့်ကျောက်စိမ်းတူးဖော်သည့် နယ်မြေများအပေါ် ၎င်းတို့၏ထိန်းချုပ်မှုကို ချဲ့ထွင်လာကြသည့်နှင့်အမျှ အရပ်ဘက် အဖွဲ့အစည်းများ နှင့် မီဒီယာများအနေဖြင့် ၎င်းတို့၏လုပ်ဆောင်ချက်များကို စေ့စေ့စပ်စပ်ကြည့်ရှုစစ်ဆေးရန် ပိုမိုခက်ခဲလာပြီး ၎င်းတို့ကို ဆန့်ကျင်၍ ထုတ်ဖော်ပြောဆိုသူများအတွက် ပို၍အန္တရာယ်ရှိလာသည်။

ဒေသခံ ဂျာနယ်လစ်များက ၎င်းတို့အနေဖြင့် ယိုယွင်းလာသည့် လူ့အခွင့်အရေး နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေများကို ပိုမိုတင်ဆက်လိုသော်လည်း ကုမ္ပဏီများ၊ စစ်တပ်နှင့် လက်နက်ကိုင်တပ်ဖွဲ့များထံမှ ခြိမ်းခြောက်မှုများကို ရင်ဆိုင်နေကြရသည်ဟု Global Witness အား ပြောကြားခဲ့ကြသည်။[၄၇၈] အယ်ဒီတာတစ်ဦးက အစိုးရအရာရှိများနှင့် ပုဂ္ဂလိကကုမ္ပဏီ ကိုယ်စားလှယ်များ သည် ၎င်းတို့၏ ရုံးခန်းများအတွင်းသို့ လာရောက်ကာ ၎င်းတို့ ရေးသားသည့် အကြောင်းအရာများတွင် အချက်အလက်များ မှားယွင်းနေသည်ဟု စွပ်စွဲကြသည်။ အခြားတစ်ဖက်တွင်မူ KIA နှင့် ပြည်သူ့စစ်များမှာမူ သတင်းတစ်ပုဒ်နှင့် ပတ်သက် ၍ မကျေနပ်ပါက ၎င်းတို့၏ ကွန်ရက်အတွင်းရှိ မိတ်ဆွေများမှတစ်ဆင့် သတင်း စကားများ ပေးပို့လေ့ရှိကြသည်ဟု အယ်ဒီတာက ဆိုပါသည်။[၄၇၉]

"'ကျွန်တော်တို့ ခင်ဗျားကို ဒီတစ်ခါတော့ လွှတ်ပေးလိုက်မယ်။ ဒါပေမဲ့ နောက် တစ်ကြိမ်ဆိုရင်တော့ . . . .' စသဖြင့် ပြောကြားကြသည်" ဟု အယ်ဒီတာက ဆိုပါသည်။[၄၈၀]

နောက်ထပ် ဂျာနယ်လစ်တစ်ဦးက ၎င်းအနေဖြင့် ၂၀၁၉ ခုနှစ်နှောင်းပိုင်းအတွင်း ဖားကန့်ရှိ သက်တမ်းကုန်ဆုံးနေသည့် လုပ်ကွက်တစ်ခု၌ တရားမဝင် တူးဖော်မှု များကို မှတ်တမ်းတင်ရိုက်ကူးခဲ့ရာတွင် KIO ကိုယ်စားလှယ်များ က ၎င်း၏ ရိုက် ကူးမှုကို ရပ်တန့်ရန်အတွက် ခြိမ်းခြောက်ခဲ့သည်ဟု ဆိုသည်။ ၎င်းက KIO/A နှင့် UWSP/A နှင့် အဆက်အသွယ်ရှိသော ကုမ္ပဏီများသည် တရားမဝင် ပူးပေါင်း ဆောင်ရွက်နေသည်ဟု ဆိုသည်။ "KIA သည် ၎င်းတို့အား ဆန့်ကျင်ပြောဆိုသူ များကိုသတ်ဖြတ်ခဲ့ကြသည်" ဟု ဂျာနယ်လစ်တစ်ဦးကဆိုပြီး ၎င်းအနေဖြင့် ယခု အခါတွင် ဖားကန့်အတွင်း ၎င်း၏ လုံခြုံရေးအတွက် စိုးရိမ်ပူပန်ရသည်ဟု ရှင်းပြ ခဲ့ပါသည်။[၄၈၁]

KIO ကိုယ်စားလှယ်တစ်ဦးက KIO/A သည် ကျောက်စိမ်းတူးဖော်သည့် နယ်မြေ များအတွင်း ဂျာနယ်လစ်များနှင့် မကြာခဏ လုပ်ကိုင်ကြပြီး "သတ်ဖြတ်ခြင်းခံ ခဲ့ရသည့် ဂျာနယ်လစ်များသည် KIO နှင့် မသက်ဆိုင်" ဟု ဆိုသည်။[၄၈၂]

သတင်းပို့တိုင်ကြားခြင်းမရှိသည့် ပစ်ခတ်မှုများ မကြာခဏဖြစ်ပွားကြောင်း ဒေသခံ ဂျာနယ်လစ်များက Global Witness ထံ ပြောကြားခဲ့သည်။[၄၈၃] တရားမဝင် ရေမဆေးသမားများနှင့် ကုမ္ပဏီလုံခြုံရေးတို့သည် ကျောက်စိမ်းသယံဇာတများ နှင့်ပတ်သက်၍ ပဋိပက္ခများပုံမှန်ဆိုသလိုဖြစ်ပွားပါသည်။

"လူတွေ နေ့စဉ်သေဆုံးနေကြတယ်" ဟု သတင်းထောက်တစ်ဦးကဆိုပြီး ၎င်းတို့ အနေဖြင့် ဖားကန့်ရှိ ကြီးထွားလာနေသည့် တင်းမာမှုများနှင့် အကြမ်းဖက်မှုများ ကို တင်ပြရန် စိုးရိမ်ပူပန်သည်ဟု ဆိုသည် - "ဖားကန့်မှာ လူတွေက အလွယ်တကူ ပျောက်သွားတတ်တယ်။"[၄၈၄]

တရားမဝင်ရေမဆေးသမားများသည် အင်အားကြီးမားသည့် အဖွဲ့အစည်းများ ၏ မတရားဖိနှိပ်ခြင်းများ နှင့် အမြတ်ထုတ်ခြင်းများကို ထုတ်ဖော်ပြောဆိုနိုင်သည့် အနေအထားမရှိပေ။ ကံမကောင်းစွာပင် ဆင်းရဲနွမ်းပါးသည့် ရွှေ့ပြောင်းလုပ်သား များ ဖြစ်ကြသော ရေမဆေးသမားများစွာတို့အား ထိုသို့သော အဖွဲ့အစည်းမှားမှ မတရားဖိနှိပ်ခြင်းများနှင့် အမြတ်ထုတ်ခြင်းများပြုလုပ်ရန် မကြာခဏ ပစ်မှတ် ထားလေ့ရှိကြသည်။ ရေမဆေးရှာဖွေသည့် လုပ်ငန်းများအား အများအားဖြင့် စည်းမျဉ်းထိန်းကျောင်းထားမှုမရှိခြင်းကြောင့် ဥပဒေအရ မသဲကွဲသည့်နယ်ပယ် တစ်ခုအတွင်း လုပ်ကိုင်နေရစေပြီး တရားမျှတမှုရရှိရန် အားကိုးအားထားပြုနိုင်ခြင်း မရှိဘဲ ၎င်းတို့၏ မတရားဖိနှိပ်ခြင်းများနှင့်ပတ်သက်၍ ထုတ်ဖော်ပြောဆိုခြင်းမှာ ဖြစ်နိုင်ခြေမရှိပေ။[၄၈၅]

> "ခင်ဗျားကို ပစ်ခတ်ပြီး ခင်ဗျားအလောင်းကို အစဖျောက်ပစ်လိမ့်မယ်။ အဲဒါကြောင့် ပြဿနာမရှာဘဲ ကိုယ့်အလုပ်ကိုယ်လုပ်ပါ။"
> - ကျောက်စိမ်းကုန်သည်တစ်ဦး [၄၈၆]

တပ်မတော်ထံသို့ လာဘ်ထိုးရန် ပျက်ကွက်ခြင်းသည်လည်း အသက်သေဆုံးနိုင် စေပါသည်။ အကယ်၍ ကျောက်စိမ်းတူးဖော်သူတစ်ဦးသည် အရည်အသွေး ကောင်းမွန်သည့် ကျောက်စိမ်းတစ်ခုကို တွေ့ရှိပါက သတင်းသည် လျင်မြန်စွာ ပျံ့နှံ့သွားမည်ဖြစ်ပြီး တပ်မတော်သည် ၎င်းအတွက် ဝေစုတောင်းခံမည်ဖြစ်သည်။ "အကယ်၍ မပေးပါက သတ်ပစ်မည်ဟု ၎င်းတို့က ပြောဆိုလိမ့်မည်" ဟု နောက် ထပ် ကျောက်စိမ်းကုန်သည်တစ်ဦးက ဆိုပါသည်။ "စစ်တပ်ထံသို့ လာဘ်မထိုး လိုသဖြင့် သတ်ဖြတ်ခံရသည့် ရေမဆေးသမားများစွာရှိပါသည်။" [၄၈၇]

အာဏာသိမ်းမှုနောက်ပိုင်းတွင် အဆိုပါ ခြိမ်းခြောက်မှုများသည် အထူးသဖြင့် ဂျာနယ်လစ်များအပေါ် ပို၍သာ တိုးပွားလာခဲ့သည်။ မေလ ၂ ရက် နေ့တွင် စစ်တပ်သည် ကချင်ပြည်နယ်ရှိ အမှီအခိုကင်းလွတ်လပ်သော သတင်းရင်းမြစ် အနည်းငယ်အနက်မှ တစ်ခုဖြစ်သော မြစ်ကြီးနားသတင်းဂျာနယ်အား စစ်တပ်ကို ဆန့်ကျင်သော ဆန္ဒပြလှုပ်ရှားမှုများကို မဆုတ်မနစ်ဖော်ပြခဲ့ခြင်းအတွက် ပိတ်ပင် ခဲ့သည်။[၄၈၈] ထိုသို့ပိတ်ပင်မှုမပြုမီ နှစ်ပတ်အလို မေလလယ်တွင် အဆိုပါ ဂျာနယ်၏ သတင်းထောက် ၃ ဦးတို့ကို ဖမ်းဆီးခဲ့သည်။[၄၈၉] ဤသို့သော ဒေသန္တရစာနယ်ဇင်း လွတ်လပ်ခွင့်အပေါ် ဖိနှိပ်မှုသည် ပွင့်လင်းမှုနှင့် တာဝန်ခံမှုတို့ မရှိသလောက်နီးပါး ဖြစ်နေသည့် ဖားကန့်ရှိအခြေအနေများကို ပို၍သာ ဆိုးရွားလာစေနိုင်ပါသည်။ ထိုသို့ ဖိနှိပ်မှုသည် ဝေဖန်သူများကို အသံတိတ်စေရန်၊ စစ်တပ်၏ ရာဇဝတ်မှုများ ကို ဖုံးကွယ်ရန်နှင့် မြန်မာပြည်သူများထံသို့ သတင်းအချက်အလက်များ မရောက် ရှိစေရန်ရည်ရွယ်ကာ ဒါဇင်နှင့်ချီသော ဂျာနယ်လစ်များအား ဖမ်းဆီးအကျဉ်းချခြင်း နှင့် မီဒီယာလိုင်စင်များ ရုတ်သိမ်းခြင်းတို့ကို ပြုလုပ်ခဲ့သည့် တပ်မတော်၏ မီဒီယာ လွတ်လပ်ခွင့်အပေါ် ပိုမိုကျယ်ပြန့်သည့် ဖိနှိပ်မှု၏ အစိတ်အပိုင်းတစ်ခုလည်း ဖြစ်ပါသည်။



ဖားကန့်ရှိ ကုမ္ပဏီ လုပ်ကွက်တစ်ခုတွင် အလုပ်လုပ်ကိုင်ကြသော အလွတ်တန်း သတ္တု တူး ဖော်သူများသည် ရဲတပ်ဖွဲ့၏စောင့်ကြည့်မှုအောက်တွင် လုပ်ကိုင်ကြရသည်။ ရဲများအား လုပ် ကွက်များအတွက် လုံခြုံရေးပေးရန် ကုမ္ပဏီများက ငှားရမ်းထားခြင်းဖြစ်သည်ဟု သတ္တု တူး ဖော်သူများက ဆိုကြသည်။ *Global Witness*



ဖားကန့်မြို့နယ်၊ လုံးခင်မြို့ရှိ ကျောက်စိမ်းတူးဖော်သူများထံ ၂၀၀၀ ကျပ်ဖြင့် ရောင်းချသည့် ဘိန်းဖြူအထုပ်တစ်ထုပ်ကို ပြင်ဆင်နေသည့် ဘိန်းဖြူရောင်းချသူတစ်ဦး။ *Global Witness*

# မူးယစ်ဆေးဝါးများ နှင့် ကျောက်စိမ်း - ပဋိပက္ခနှင့် ထိခိုက်မှုတို့အတွက် လမ်းစတစ်ခု

တူးဖော်သူများနှင့် ဖားကန့်ရှိ ဒေသခံပြည်သူလူထုတို့ ရင်ဆိုင်နေရသည့်အန္တရာယ်များမှာ အကြမ်းဖက်မှုများ၊ မြေပြိုမှုများနှင့် ခိုးဝှက်မှုများ သာမကပေ - ဖားကန့်ရှိ အခြေအနေ ယိုယွင်းလာခဲ့သည်နှင့်အမျှ မူးယစ်ဆေးဝါးများနှင့် မီသာဖက်တမင်းများစွဲနေသည့် ကပ်ရောဂါတစ်ခုသည် ဒေသကို အရှိန်အဟုန်ဖြင့် ပျက်စီးစေခဲ့သည်။

မူးယစ်ဆေးဝါးများသည် မြန်မာနိုင်ငံ၏ ပဋိပက္ခစီးပွားရေးအတွက် အုတ်မြစ်တစ်ခုဖြစ်ပြီး ကာလရှည်ကြာ ရှိခဲ့သည့် ဘိန်းကုန်သွယ်မှုများသည် ယခုအခါတွင် နှစ်စဉ်ဘီလီယံနှင့်ချီသော ဒေါ်လာများစွာ တန်ဖိုးရှိသည့် ရုတ်တရက် တိုးပွားလာသော မီသာဖယ်တမင်း ထုတ်လုပ်မှုများကြောင့် ပိုမိုရှုပ်ထွေးလာခဲ့ပါသည်။ International Crisis Group ၏ ဖော်ပြချက်အရ "ယခုအခါတွင် မူးယစ်ဆေးဝါး ထုတ်လုပ်မှုများနှင့် အကျိုးအမြတ်များသည် အလွန်ကျယ်ပြန့်နေသဖြင့် ရှမ်းပြည်နယ်ရှိ တရားဝင်ကဏ္ဍကိုပင် သေးငယ်သွားစေခဲ့သည်။"[၄၉၀] မူးယစ်ဆေးဝါးကုန်သွယ်မှုသည် နည်းလမ်းအမျိုးမျိုးတို့ဖြင့် ကျောက်စိမ်းလုပ်ငန်းနှင့် ဆက်နွှယ်နေပြီး မြန်မာနိုင်ငံမြောက်ပိုင်းရှိ ပဋိပက္ခစီးပွားရေး၏ ဗဟိုတွင်ရှိနေသည့် လုပ်ငန်းနှင့် လက်နက်ကိုင်အဖွဲ့များအတွက် ဝင်ငွေများရရှိစေရုံသာမကဘဲ တူးဖော်သည့်နယ်မြေများရှိ လူမှုရေးဆိုင်ရာ ထိခိုက်မှုများကိုလည်း မီးလောင်ရာလေပင့် ဖြစ်စေသည်။

"အကျင့်ပျက်ခြစားမှုများကြောင့် ဖားကန့်တွင် မည်သည့်အခါတွင်မျှ မူးယစ်ဆေးဝါးများကို သိမ်းဆည်းရမိခြင်းမရှိ"

- ဒေသခံ ပက်ဂျာဆန်ခေါင်းဆောင်တစ်ဦး [၄၉၁]

"မူးယစ်ဆေးဝါးများကြောင့် သေဆုံးသူဦးရေသည် စစ်မြေပြင်တွင် သေဆုံးသူဦးရေထက် ပိုမိုများပြားပါသည်"

- ကချင်ကျောက်စိမ်းကုန်သည်တစ်ဦး [၄၉၂]

## မူးယစ်ဆေးစွဲသည့် ကပ်ရောဂါတစ်ခု

မူးယစ်ဆေးစွဲခြင်းသည် ဖားကန့်ရှိ ရေမဆေးကျောက်သမားများအကြားရှိ ဖြစ်ပွားလေ့ရှိပြီး ဒေသခံများ၏ ခန့်မှန်းချက်များအရ အလွတ်တန်း တူးဖော်သူများ၏ ၇၀% မှ ၉၀% တို့သည် မီသာဖက်တမင်းနှင့် ကဖိန်း ရောစပ်ထားသော ယာဘသို့မဟုတ် ဘိန်းဖြူတို့အား မကြာခဏ အသုံးပြုကြသည်။[၄၉၃] ရင်းမြစ်များက တူးဖော်ရေးကုမ္ပဏီများသည် လုပ်သားများကို လုပ်ကွက်များအတွင်း ပိတ်ထားပြီး အချိန်မပြတ် အလုပ်လုပ်နေစေရေးအတွက် အားပေးရန် ယာဘဆေးများ ပုံမှန်ပေးအပ်ခဲ့သည်ဟု ဆိုပြီး အချို့က တူးဖော်သူများအား မူးယစ်ဆေးဝါးများဖြင့်ပင် တိုက်ရိုက်ပေးချေနိုင်သည်ဟု ဆိုပါသည်။[၄၉၄] နိုင်ငံတကာ မူးယစ်ဆေးဝါးဆိုင်ရာ ကျွမ်းကျင်ပညာရှင်တစ်ဦးက ယင်းသည် မူးယစ်ဆေးဝါး အသုံးပြုမှုအား စီးပွားရေးအကျိုးအမြတ်ရရှိရေးအတွက် "လက်နက်သဖွယ်အသုံးပြုနိုင်စေရန်" ပုံစံရေးဆွဲထားသည့် နည်းစနစ်တစ်ခုဟု ဆိုပါသည်။[၄၉၅]

ကျောက်စိမ်းတူးဖော်သူများသည် ယာဘ နှင့် ဘိန်းဖြူတို့အား လက်နက်ကိုင်များသို့မဟုတ် "လူဆိုးဂိုဏ်းဝင်များ" ၏ အစောင့်အကြပ်ဖြင့် ကျောက်စိမ်းတွင်းများအနီးရှိ အမိုးအကာမရှိသော မူးယစ်ဆေးဝါးအသုံးပြုရန် ရိပ်မြုံများတွင် ပေါ်ပေါ်ထင်ထင် အသုံးပြုကြသည်။ ဒေသခံ ရပ်ရွာအသိုင်းအဝိုင်း ခေါင်းဆောင်များက အဆိုပါ လက်နက်ကိုင်တပ်ဖွဲ့များသည် ဥပဒေအထက်တွင် ရှိနေကြပြီး ဥပဒေကို တိမ်းရှောင်ရန်အတွက် ရဲတပ်ဖွဲ့၊ စစ်တပ် နှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အာဏာပိုင်အဖွဲ့အစည်းများထံသို့ပင် လာဘ်ထိုးခြင်းများရှိသည်ဟု ဆိုပါသည်။[၄၉၆]

## မူးယစ်ဆေးဝါးများမှ ဝင်ငွေများကို ခဝါချခြင်း

ဤစုံစမ်းဖော်ထုတ်မှုအတွက် အဓိကအချက်မဟုတ်သော်လည်း ကျောက်စိမ်းနှင့် မူးယစ်ဆေးဝါးတို့အကြားရှိ ဆက်စပ်မှုများသည် ကျောက်စိမ်းတွင်းများရှိ မူးယစ်ဆေးစွဲခြင်းများထက် များစွာ ပိုမိုကြီးမားပုံရပါသည်။ ကျောက်စိမ်းတူးဖော်သည့် နယ်မြေများအတွင်း မူးယစ်ဆေးဝါးများ ပေါများနေခြင်း နှင့် မူးယစ်ဆေးဝါး နှင့် ကျောက်စိမ်း နှစ်ခုစလုံးတွင် လက်နက်ကိုင်အဖွဲ့အချို့၏ ပါဝင်ပတ်သက်မှုများသည် "ထပ်ဆင့်အမြတ်အစွန်း" ရရှိစေသည့် လည်ပတ်နေသော စီးပွားရေးတစ်ခုကို ဖြစ်စေပြီး ကျောက်စိမ်းမှ အမြတ်ငွေများဖြင့် မူးယစ်ဆေးဝါးများ ဝယ်ယူကာ ဖားကန့်သို့ ပို့ဆောင်ရေးချပြီး မူးယစ်ဆေးဝါး ရောင်းချရငွေများဖြင့် ကျောက်စိမ်းတူးဖော်မှုများကို ဆက်လက်ငွေကြေးပံ့ပိုးနိုင်သည်။ [၁၉၇]

"မူးယစ်ဆေးဝါး နှင့် ကျောက်စိမ်းတို့သည် အတွင်းကျကျ ဆက်စပ်နေပါသည်။ တစ်ခုသည် ဝင်ငွေကို ပေးအပ်ပြီး နောက်တစ်ခုသည် ယင်းကို ခဝါချနိုင်စေပါသည်။"

- အရပ်ဘက်အဖွဲ့အစည်း ကိုယ်စားလှယ်တစ်ဦး [၁၉၈]

ဤစုံစမ်းဖော်ထုတ်မှုအတွက် တွေ့ဆုံမေးမြန်းခဲ့သည့် ရင်းမြစ်များစွာတို့က ကျောက်စိမ်းကုန်သွယ်မှုတွင် ပါဝင်ပတ်သက်နေသည့် အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များအနေဖြင့် ကျောက်စိမ်းလုပ်ငန်းကို အသုံးချကာ ၎င်းတို့၏ မူးယစ်ဆေးဝါး ရောင်းရငွေကို ခဝါချရာတွင် ပါဝင်ပတ်သက်နေသည်ဟု ဆိုပါသည်။ ဥပမာအားဖြင့် မူးယစ်ဆေးဝါးကုန်သည်တစ်ဦးသည် မူးယစ်ဆေးဝါးမှ အမြတ်ငွေများကို အသုံးချကာ သတ္တုတူးဖော်ရေးကိရိယာများ ဝယ်ယူနိုင်သဖြင့် ငွေမည်းများကို ရင်းနှီးမြှုပ်နှံမှုတစ်ခုအဖြစ်သို့ ပြောင်းလဲနိုင်သည်။ [၁၉၉]

လုပ်ငန်းအတွင်းရှိ အကြီးတန်း ရင်းမြစ်တစ်ခုက မူးယစ်ဆေးဝါးမှ ငွေကြေးကို တရုတ်နိုင်ငံနယ်စပ်ကို ဖြတ်ကျော်ကာ တူးဖော်ရေး နှင့် ဆက်စပ်ကုမ္ပဏီများမှတစ်ဆင့် ကျောက်စိမ်းဝင်ငွေများဖြင့် ရောနှောကာ မြန်မာနိုင်ငံသို့ အလွယ်တကူ ရွှေ့ပြောင်းနိုင်သည်ဟု ဆိုပါသည်။[၂၀၀] လက်နက်ကိုင်တပ်ဖွဲ့များသည် ကျောက်စိမ်း ရောင်းချမှုများမှတစ်ဆင့် တရားမဝင် ဝင်ငွေများကို ခဝါချခြင်း၊ ကျောက်စိမ်းဈေးကွက်ကို ပုံစံပျက်ယွင်းစေခြင်းစသည့် စွပ်စွဲမှုများကို ရင်ဆိုင်ကြရသည်။ ထိုသို့သောနည်းလမ်းများသည် ပိုမိုတာဝန်ယူမှုရှိသော အလေ့အထများကို ကျင့်သုံးရန် မက်လုံးများမရှိသည့်အခါ ဖြစ်နိုင်ခြေရှိပါသည်။ [၂၀၁]

ဖားကန့်ရှိ KBZ ဘဏ်ခွဲတစ်ခုတွင် ငွေကြေးများကိုရေတွက်နေသည့် ဝန်ထမ်းတစ်ဦး။ ကျောက်စိမ်းလုပ်ငန်း၏ ငွေသားကို အဓိက အခြေခံထားသည့် သဘောသဘာဝများသည် ယင်းကို ငွေကြေးခဝါချခြင်းအတွက် အန္တရာယ် မြင့်မားစေပါသည်။ *Global Witness*





ဖားကန့်မြို့နယ်၊ လုံးခင်မြို့ရှိ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းခွင်တစ်ခုရှိ 'သေနတ်ပစ်ကွင်း' တစ်ခုတွင် ဘိန်းဖြူထိုးသွင်းနေသည့် ရေမဆေးသမားတစ်ဦး။ မူးယစ်ဆေးသုံးစွဲမှုသည် ကချင်ပြည်နယ်၏ အဓိက ကျောက်စိမ်းတူးဖော်ရေး ဒေသများတွင် ကပ်ဆိုးတစ်ခု ဖြစ်လာခဲ့သည်။ *Global Witness*

ကျောက်စိမ်းလုပ်ငန်းသည် ငွေကြေးခဝါချမှုများ ပြုလုပ်ရန် အကောင်းဆုံးနည်းလမ်းဖြစ်သည်။ ဥပမာအားဖြင့် သင့်အနေဖြင့် အရည်အသွေး ညံ့ဖျင်းသည့် ကျောက်စိမ်းတုံးတစ်ခုအား ငွေကြေးပမာဏမြင့်မားစွာဖြင့် ဝယ်ယူခြင်းဖြင့် သင်၏ငွေကြေးကို ခဝါချပြီးသားဖြစ်စေသည်။"

–ကျောက်စိမ်းဆိုင်ရာစည်းမျဉ်းထိန်းကျောင်းသူတစ်ဦး[၂၀၂]

လက်နက်ကိုင်အဖွဲ့အစည်းများအား ၎င်းတို့၏ ထိန်းချုပ်မှုများကို ခိုင်မာစွာ အမြစ်တွယ်စေရန် နှင့် တရားမဝင်စီးပွားရေးများ ကြီးပွားတိုးတက်ရန် ခွင့်ပြုပေးခဲ့သည့် ဖားကန့်ရှိ မေးမှိန်လာသည့် တရားဥပဒေစိုးမိုးမှုကြောင့် ယင်းတို့အားလုံးကို ပိုမိုဆိုးရွားစေခဲ့သည်။ ရလဒ်အဖြစ် အဆိုပါပဋိပက္ခ၏ ဘဏ္ဍာရေးဆိုင်ရာအရင်းအမြစ် နှစ်ခုစလုံးကို ဖြေရှင်းမည့် ဘက်စုံပါဝင်သော မူဝါဒနည်းလမ်းများကို ရေးဆွဲရန် လိုအပ်ပါသည်။ ရှင်းလင်းသည့် ဖြေရှင်းချက်တစ်ခုမှာ မူးယစ်ဆေးဝါးကုန်သွယ်မှုတွင် ပါဝင်ပတ်သက်နေသည့် အဖွဲ့များနှင့် အဆက်အသွယ်ရှိသော ကုမ္ပဏီများအား ကျောက်စိမ်းတူးဖော်ခွင့်လိုင်စင်များ ပေးအပ်ခြင်း မပြုရန်ဖြစ်ပါသည်။ ပိုမိုကျယ်ပြန့်သည့် နိုင်ငံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများနှင့်တကွ ကျောက်စိမ်း၊ မူးယစ်ဆေးဝါး နှင့် ပဋိပက္ခ ဆက်စပ်မှုတို့ကြောင့် ဖြစ်ပေါ်သည့် ဘက်စုံစိန်ခေါ်မှုများကို ဖြေရှင်းနိုင်သည့် လူထုအသိုင်းအဝိုင်းအဆင့် ကြားဝင်ဆောင်ရွက်မှုများကိုလည်း လိုအပ်မည်ဖြစ်သည်။

# ၃.၆ လိုင်စင်ထုတ်ပေးမှု ရပ်ဆိုင်းခြင်းကို ပြန်လည်ဆင်ခြင်သုံးသပ်ခြင်း

၂၀၁၆ ခုနှစ် လိုင်စင်ထုတ်ပေးမှုကို ရပ်ဆိုင်းခြင်းသည် အစိုးရအနေဖြင့် ကျောက်စိမ်းလုပ်ငန်းကို သန့်စင်ရန်အတွက် နိုင်ငံရေးဆိုင်ရာ ဝန်းကျင်တစ်ခုပေးအပ်ရန် အရေးကြီးခဲ့ပါသည်။ ကံမကောင်းစွာပင် အခွင့်အရေးသည် အများအားဖြင့် အချည်းနှီးဖြစ်ခဲ့ပြီး လက်ရှိအုပ်ချုပ်စီမံမှု အခြေအနေနှင့် သတ္တုတွင်းများရှိ အခြေအနေတို့သည် ရပ်ဆိုင်းမှုမတိုင်မီနှင့်နှိုင်းယှဉ်ပါက တိုးတက်မှုတစ်စုံတစ်ရာရှိသည် ဟု ဆိုရန် ခက်ခဲပါသည်။ အစိုးရအနေဖြင့် ခိုင်မာအားကောင်းသည့် ဥပဒေနှင့် စည်းမျဉ်းဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို မိတ်ဆက်ထည့်သွင်းခြင်း သို့မဟုတ် အကျင့်ပျက်ခြစားမှုများနှင့် ပဋိပက္ခတို့နှင့် ဆက်စပ်မှုအရှိဆုံး အကျိုးစီးပွား ပတ်သက်ဆက်နွယ်သူများကို ပစ်မှတ်ထားခြင်းတို့ဖြင့် အချိန်အခါကောင်းကို အသုံးမချနိုင်ခဲ့ဘဲ ယခုအချိန်အထိ အကျင့်ပျက်ခြစားမှုများနှင့် ဥပဒေမဲ့မှုများအား ဗဟိုချုပ်ကိုင်မှု လျှော့ချခဲ့ခြင်းသာဖြစ်သည့် အစီအစဉ်အားနည်းပြီး ညှိနှိုင်းထားမှုမရှိသည့် လုပ်ငန်းစဉ်တစ်ခုကိုသာ ဖော်ဆောင်ခဲ့သည်။



နေထွက်ချိန်တွင် စွန့်ပစ်မြေစာသယ်ဆောင်သည့် ကားတန်းများအား ဖားကန့် San Khar ရှိ Myanmar Win Gate ကုမ္ပဏီ၏ သတ္တုတူးဖော်ရေး လုပ်ငန်းခွင်တစ်ဝိုက်တွင် လှုပ်ရှားနေကြောင်း တွေ့မြင်ရသည်။ ၂၀၁၉ ခုနှစ်တွင် ရိုက်ကူးခဲ့သည့်ဤဓာတ်ပုံအရ လိုင်စင်ထုတ်ပေးမှုကို ရပ်ဆိုင်းခြင်းသည် ယခုတွေ့မြင်ရသည့် ထိခိုက်ပျက်စီးမှုများ ဖြစ်စေသော တူးဖော်ထုတ်လုပ်ရေး အလေ့အထများကို ရပ်တန့်နိုင်ခဲ့ခြင်းမရှိကြောင်း ပြသနေပါသည်။ *Global Witness*

ခိုင်မာအားကောင်းသည့် ကြီးကြပ်မှုနှင့် အကောင်အထည်ဖော်မှုတို့ မရှိပါက ရပ်ဆိုင်းမှုသည် ကျောက်စိမ်း-ပဋိပက္ခ ဆက်စပ်မှု၏ လျော့ကန်မှုမရှိဆုံး အင်အားစုအများစုအနက် အချို့ကို ပြန်လည်အင်အားဖြည့်ပေးသည့် မရည်ရွယ်ထားသော အကျိုးသက်ရောက်မှုရှိခဲ့သည်။ လိုင်စင်များ သက်တမ်းကုန်ခဲ့ခြင်းကြောင့် ကုမ္ပဏီများသည် ပိုမိုလျင်မြန်စွာ နှင့် ပိုမိုအန္တရာယ်ကြီးမားစွာ တူးဖော်ထုတ်လုပ်ခဲ့ကြပြီး ဖားကန့်ပြင်ပရှိ ပဋိပက္ခအတွင်း လက်နက်ကိုင်အဖွဲ့များအနေဖြင့် လက်နက်များကို ဘေးဖယ်ထားကာ ကျောက်စိမ်းတူးဖော်ရေးအတွက် အတူတကွ ပူးပေါင်းလာကြစေခဲ့သည်။

သို့တိုင် NLD အစိုးရ၏ ဒုတိယသက်တမ်းကို ပြန်လည်စတင်သည့်အခါ တိုးတက်မှုများ ပြုလုပ်နိုင်မည့် အခွင့်အလမ်းများ ရှိနေဆဲဖြစ်ခဲ့ပါသည်။ အစိုးရအနေဖြင့် ပိုမို၍ ရှေ့နောက်ညီညွတ်သော ကျောက်မျက်ရတနာဆိုင်ရာ မူဝါဒများနှင့် စည်းမျဉ်းစည်းကမ်းများ စုစည်းမှုတစ်ခုကို ပြဋ္ဌာန်းနိုင်မည့် အခွင့်အလမ်းတစ်ရပ် နောက်ဆုံးတွင် ရှိလာခဲ့မည် ဖြစ်ပါသည်။ အစိုးရဌာနများနှင့် စည်းမျဉ်းထိန်းကျောင်းသူများ အနေဖြင့် ကုမ္ပဏီများအနေဖြင့် ဥပဒေဆိုင်ရာ သတ်မှတ်ချက်များကို လိုက်နာရန်ပျက်ကွက်ခြင်း သို့မဟုတ် ဥပဒေကို ချိုးဖောက်ခြင်းများရှိပါက မသိကျိုးကျွံပြုနေခြင်းကို ရပ်တန့်နိုင်ခဲ့မည် ဖြစ်ပါသည်။ အစိုးရအနေဖြင့်လည်း MEHL, MEC နှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီများအား ကျောက်မျက်ရတနာဆိုင်ရာ လုပ်ပိုင်ခွင့်များ မပေးအပ်ခြင်းဖြင့် စစ်တပ်-ကျောက်စိမ်း ဆက်စပ်မှုများကို ပြန်လည်ဖယ်ရှားနိုင်ခဲ့မည် ဖြစ်ပါသည်။

လက်နက်ကိုင်တပ်ဖွဲ့များ နှင့် ကုမ္ပဏီတစ်ခုချင်းစီတို့သည်လည်း လုပ်ဆောင်နိုင်သည်များ ရှိခဲ့ကြပါသည်။ တပ်မတော်အနေဖြင့် ၎င်း၏အဖွဲ့အစည်းအတွင်း အကျင့်ပျက်ခြစားမှုများကို ထိထိရောက်ရောက် နှိမ်နင်းနိုင်ခဲ့မည် ဖြစ်ပါသည်။ KIO/A အနေဖြင့် တရားမဝင်တူးဖော်ရေး အလေ့အထများကို အကူအညီပေးနေခြင်းကို ရပ်တန့်ကာ အနာဂတ်တွင် လုပ်ပိုင်ခွင့် ခွဲဝေပေးသည့်အခါတွင်အရေးပါသည့် အုပ်ချုပ်ရေးဆိုင်ရာ အခန်းကဏ္ဍတစ်ခုတွင် ပါဝင်ရန်အတွက် ၎င်းတို့ မျှော်လင့်ခဲ့ကြသည့်ဒေသအတွက် တာဝန်ယူမှုရှိသော တူးဖော်ရေးမူဝါဒများ ရေးဆွဲရေးတွင် အာရုံစူးစိုက်နိုင်ခဲ့မည် ဖြစ်ပါသည်။ ဖားကန့်ရှိ မည်သူမဆိုတို့သည် လုပ်သားများ၏ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် သဘာဝပတ်ဝန်းကျင်ကို အကာအကွယ်ပေးရေးတို့အား ပိုမို၍ အလေးအနက်ထား ဆောင်ရွက်နိုင်ခဲ့မည် ဖြစ်ပါသည်။

အာဏာသိမ်းမှု ပေါ်ပေါက်လာခဲ့ပြီးနောက် ၎င်းတို့ကို လုပ်ဆောင်ရန် စနစ်အားဖြင့် ဖြစ်နိုင်နေဆဲဖြစ်သော်လည်း နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် ထိုသို့တစ်စုံတစ်ရာ ဖြစ်ပွားလာနိုင်မည်ဟု ထင်မှတ်မှားခြင်း မပြုသင့်ပေ။ စစ်တပ်သည် ကျောက်စိမ်းကဏ္ဍအတွင်းရှိ၎င်း၏အာဏာကို လျော့ကျစေမည့် တစ်ဝက်တစ်ပျက်ဖြစ်နေသော ပြုပြင်ပြောင်းလဲမှုများကို ဆက်လက် ဖော်ဆောင်နိုင်ဖွယ်မရှိပေ။ အလားတူပင် KIO/A သည်လည်း ၎င်းဆုံးရှုံးခဲ့သော နယ်မြေကို ပြန်လည်ရယူခြင်း၊ တပ်မတော်၏ ထောက်ပံ့ပို့ဆောင်ရေး စစ်ကြောင်းများကို တိုက်ခိုက်ခြင်း နှင့် ၎င်း၏ စစ်ပွဲဆိုင်ရာ အားထုတ်မှုများကို ဆက်လက်ထိန်းသိမ်းနိုင်ရန်နှင့် တိုးပွားလာလျက်ရှိသော အကူအညီလိုအပ်နေသည့် ကချင်အရပ်သားများအတွက် စောင့်ရှောက်နိုင်ရန် ဝင်ငွေ အရင်းအမြစ်များ ရှာဖွေခြင်းတို့အတွက် အလုပ်ရှုပ်နေသည့်အတွက် ၎င်း၏ ကိုယ်ပိုင်သတ္တုတူးဖော်ရေးအလေ့အထများကို အာရုံစိုက်နိုင်မည်မဟုတ်ပေ။ အစဉ်ရှိနေခဲ့သည့်အတိုင်းပင် ဖားကန့်နှင့် မြန်မာနိုင်ငံမြောက်ပိုင်းရှိ ပြည်သူများသည် ကျောက်စိမ်း- ပဋိပက္ခ ဆက်စပ်မှု၏အလယ်တွင် မြေစာပင်ဖြစ်နေဆဲ ဖြစ်ပါသည်။

# ၄။ နိဂုံး -

## ၄.၁ မြန်မာနိုင်ငံ၏ ကျောက်စိမ်း - ပဋိပက္ခ ဆက်စပ်မှုကို ဖြတ်တောက်ခြင်း

မြန်မာနိုင်ငံ၏ ကျောက်စိမ်းကဏ္ဍသည် မြန်မာနိုင်ငံ မြောက်ပိုင်းရှိ ပိုမိုကျယ်ပြန့်သည့် ပဋိပက္ခ စီးပွားရေးစနစ်တစ်ခုအတွင်း ခွဲထုတ်၍မရနိုင်သည့် အစိတ်အပိုင်းအဖြစ်ရှိနေကာ ပဋိပက္ခကို မီးလောင်ရာလေပင့်ဖြစ်စေပြီး ပဋိပက္ခများဆက်လက်ရှိနေစေရန် မက်လုံးဖြစ်စေသည့် ဝင်ငွေများပေးအပ်နေသည်။ ဤအစီရင်ခံစာတွင် ဖော်ပြခဲ့သည့်အတိုင်း ကျောက်စိမ်းလုပ်ငန်းအတွင်းရှိ အင်အားစုများသည် မြန်မာနိုင်ငံ၏ အခြားသော အစိတ်အပိုင်းများအပေါ်လည်း သက်ရောက်နေပြီး ကျောက်စိမ်းတွင်းများသည် AA အတွက် တပ်သားစုဆောင်းရာ နယ်မြေတစ်ခု ဖြစ်နေကာ ကျောက်စိမ်းရှာဖွေတွေ့ရှိမှုများဖြင့် ဝယ်ယူခဲ့သည့် လက်နက်များသည်လည်း ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ဖြစ်ပွားနေသည့် ပဋိပက္ခများဆီသို့ ရောက်ရှိသွားကြသည်။

NLD အစိုးရ လက်ထက်တွင် တပ်မတော်၊ ၎င်း၏ မဟာမိတ်များ နှင့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များသည် အမြတ်အစွန်းများပြားပြီး ဥပဒေမဲ့သည့် သတ္တုတွင်းနယ်မြေများအပေါ် ထိန်းချုပ်မှုများကို ချဲ့ထွင်ခဲ့ပြီး အမြတ်အစွန်းများကို ခွဲဝေရန် ပူးပေါင်းဆောင်ရွက်ကြစဉ်တွင် သဘာဝပတ်ဝန်းကျင်ကို ပျက်စီးစေခြင်း၊ ရပ်ရွာလူထုနှင့် လုပ်သားများ၏ဘဝများကို ဖွတ်ဖွတ်ညက်ညက်ကြေစေခြင်း၊ နှင့် ကဏ္ဍကို စည်းမျဉ်းထိန်းကျောင်းရန် အစိုးရ၏ ကြိုးပမ်းအားထုတ်မှုများကို ဖျက်ဆီးခြင်းတို့ကို ပြုလုပ်ကြသည်။ အကျင့်ပျက်အရာရှိများ၊ ပဋိပက္ခတွင်ပါဝင်သူများနှင့် မသမာသောကုမ္ပဏီများမှ အသင့်ခူးခပ်ယူသည့် အမေရိကန်ဒေါ်လာဘီလီယံပေါင်းများစွာရှိသည့် ဝင်ငွေများသည် မြန်မာနိုင်ငံအစိုးရနှင့် ကချင်ပြည်သူလူထုအတွက် ဆုံးရှုံးမှုများ ဖြစ်ကြသည်။ ပညာရေးနှင့် ကျန်းမာရေးတို့ အပါအဝင် မြန်မာနိုင်ငံရှိ အရေးတကြီး လိုအပ်နေသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အထောက်အပံ့ ပေးမည့်အစား အဆိုပါ ဝင်ငွေများသည် နှစ်ဦးနှစ်ဖက် ပျက်စီးဆုံးရှုံးမှုများစွာ ဖြစ်စေသည့် ပဋိပက္ခကို အထောက်အကူပြုနေသည်။ လက်ရှိနှုန်းအတိုင်းသာ ဆက်လက် တူးဖော်ထုတ်လုပ်နေပါက မြန်မာနိုင်ငံ၏ ကျောက်စိမ်းသယံဇာတများသည် ခါးသီးသည့် ပြည်တွင်းစစ်အဆုံးမသတ်မီ များစွာ ဆောလျင်စွာ ကုန်ခမ်းသွားမည် ဖြစ်သည်။

အဆိုပါ ပဋိပက္ခစီးပွားရေးများသည် ဆက်လက်ရှိနေခဲ့သော်လည်း မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် သိသာသည့်တိုးတက်မှု အနည်းငယ်မျှသာ ရှိခဲ့ပါသည်။ အာဏာသိမ်းမှု နောက်ပိုင်းတွင်ပင်လျှင် တပ်မတော်သည် စစ်တိုက်နေသော အုပ်စုများအား စေ့စပ်ညှိနှိုင်းရေးစားပွဲသို့ခေါ်ဆောင်ရန် နည်းလမ်းအဖြစ် အားနည်းချက်များရှိနေသည့် NCA ကို ဆက်လက်အားပေးမြှင့်တင်နေဆဲဖြစ်သည်။ သို့တိုင် NCA သည် ဖက်ဒရယ် အုပ်ချုပ်ရေး ဖွဲ့စည်းပုံများနှင့် သယံဇာတများမှ ရရှိသည့် ဝင်ငွေများကို ခွဲဝေခြင်းကဲ့သို့သော အရေးပါသည့် နိုင်ငံရေးဆိုင်ရာ ပြဿနာများအပေါ် ဆွေးနွေးခြင်းမရှိဘဲ အပစ်အခတ်ရပ်စဲမှုမှတစ်ဆင့် တိုက်ပွဲများ အဆုံးသတ်ရေးတွင်သာ အဓိက အာရုံစူးစိုက်သည်။ ယင်းသည် လက်ရှိ သယံဇာတများ တူးဖော်ထုတ်လုပ်မှုပုံစံများကြောင့် ဖြစ်ပေါ်လာသည့် နိုင်ငံရေးဆိုင်ရာ မကျေနပ်မှုများ နှင့် ဘဏ္ဍာရေးဆိုင်ရာ မက်လုံးများအပါအဝင် ပဋိပက္ခ၏ နောက်ခံ အကြောင်းအရင်းများကို ဖြေရှင်းနိုင်ခြင်းမရှိပေ။

တပ်မတော်သည် သယံဇာတများအား ကုန်ပစ္စည်းချင်းဖလှယ်သည့် ကိရိယာတစ်ခုအဖြစ် ဆယ်စုနှစ်များစွာကြာ ဆက်ဆံခဲ့သဖြင့် ပဋိပက္ခများအား ပြေလည်စေမည့်အစား ပိုမိုဆိုးရွားစေခဲ့သည်။ မြန်မာနိုင်ငံ၏ ရပ်တန့်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အသက်သွင်းရန်အတွက် သဘာဝသယံဇာတ စီမံအုပ်ချုပ်မှုနှင့် မြေယာပိုင်ဆိုင်မှုတို့ဆိုင်ရာ ခက်ခဲသည့်မေးခွန်းများကို ဖြေရှင်းရမည် ဖြစ်သည်။ တပ်မတော်အနေဖြင့် ၎င်း၏ လက်ရှိထိန်းချုပ်မှုကို ဆက်လက်ထိန်းသိမ်းထားနိုင်ပါက အဆိုပါ အရေးကြီးသည့် မေးခွန်းများကို မည်သည့်အခါတွင်မျှ မေးခွန်းထုတ်ရန်ပင် ဖြစ်နိုင်မည်မဟုတ်ပေ။

၂၀၁၅ ခုနှစ်ရှိ အကောင်းမြင်မှုသည် မရှိတော့သည်မှာ ကြာမြင့်ပြီဖြစ်သည်။ အာဏာသိမ်းမှုသည် စစ်တပ်အနေဖြင့် တိုက်ခိုက်ခြင်းမပြုဘဲ အာဏာကို စွန့်လွှတ်မည် မဟုတ်ကြောင်း ရှင်းလင်းစွာဖော်ပြနေပြီး ၎င်းအာဏာရှိနေသရွေ့ ကျောက်စိမ်းလုပ်ငန်းသည် တရားမဝင် တူးဖော်ခြင်း၊ အကျင့်ပျက်ခြစားမှုများနှင့် ပဋိပက္ခများဖြစ်ပွားရာ ဒုစရိုက်နယ်တစ်ခုဖြစ်နေဦးမည်မှာ မလွဲမသွေပင် ဖြစ်သည်။

သို့တိုင် မျှော်လင့်ချက်များထားရှိရန် အကြောင်းအရင်းများ ရှိနေသေးပါသည်။ အာဏာသိမ်းမှုသည် စစ်တပ်၏ အကျင့်ပျက်ခြစားမှုများဖြင့် ကျောထောက်နောက်ခံပြုထားသည့် စီးပွားရေး အကျိုးစီးပွားများသည် တိုင်းပြည်၏သယံဇာတများနှင့် ကြွယ်ဝမှုများကို မျိုးဆက်များစွာတိုင် ထိခိုက်ယိုစီးစေခဲ့ကာ ၎င်းတို့တွင် မိမိတို့၏မိသားစုများနှင့် မိတ်ဆွေများ ကြွယ်ဝရေးအတွက် အလွဲသုံးစား ပြုသည့် ရည်ရွယ်ချက်တစ်ခုတည်းသာရှိပြီး တိုင်းပြည်၏ အဖိုးတန်သည့် သယံဇာတများအား ပဋိပက္ခများကြောင့် လေလွင့်ပျက်စီးမှုများဖြစ်စေကြောင်း ရှင်းလင်းသည့် သတိပေးချက်တစ်ခုကို ပေးအပ်ပါသည်။ ဤသတိပေးချက်သည် နိုင်ငံတကာရှိ မူဝါဒချမှတ်သူများနှင့် ပြည်တွင်းရှိ တက်ကြွလှုပ်ရှားသူများအနေဖြင့် ကျောက်စိမ်းလုပ်ငန်းအပါအဝင် စစ်တပ်၏စီးပွားရေး အကျိုးစီးပွားများကိုပစ်မှတ်ထားရေး၏ အရေးပါမှုတွင် အာရုံစူးစိုက်မိစေပါသည်။

ဆန္ဒပြလှုပ်ရှားမှုများသည် မြန်မာနိုင်ငံ၏ ပြည်သူများအကြားတွင် ယခင်ကမရှိခဲ့ဖူးသော ပေါင်းစည်းမှုကို ဖြစ်ပေါ်လာစေခဲ့ပြီး ဗမာနှင့် ဗမာမဟုတ်သည့်လူမျိုးများအကြားတွင် တူညီသည့်အတွေ့အကြုံနှင့် စည်းလုံးညီညွတ်မှုတို့ကို ပေါ်ပေါက်လာစေခဲ့ပါသည်။ အာဏာသိမ်းမှုသည် ရိုဟင်ဂျာများအတွက် ကိုယ်ချင်းစာမှုနှင့် ၎င်းတို့၏အခွင့်အရေးများကို ဖြေရှင်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း အသိအမှတ်ပြုလက်ခံမှုတို့ ပေါက်ဖွားလာစေခဲ့ခြင်းအပါအဝင် တိုင်းရင်းသားလူနည်းစုများ၏ အတိဒုက္ခများကို အမှန်တကယ်နားလည်နိုင်ရန် တိုင်းရင်းသားနယ်မြေများနှင့် အလွန်ဝေးလံစွာရှိခဲ့ကြသော ဗမာမြို့နေလူတန်းစားများအတွက် စစ်တပ်၏ ရက်စက်ကြမ်းကြုတ်မှုနှင့်ပတ်သက်၍ အချိန်တိုအတွင်း သင်တန်းပေးသကဲ့သို့ ဖြစ်စေခဲ့သည်။ ဤသို့အတူတကွ ပေါင်းစည်းမိလာခြင်းသည် တိုင်းရင်းသားလူနည်းစုများ၏ ကာလရှည်ကြာရှိလာခဲ့သော မကျေနပ်မှုများအား ဖုံးကွယ်ထားမည့်အစား အဓိပ္ပာယ်ပြည့်ဝစွာ ဖြေရှင်းပေးနိုင်မည့် အနာဂတ်နိုင်ငံရေးဆိုင်ရာသဘောတူညီမှုတစ်ခုအတွက် မျှော်လင့်ချက်ကိုလည်း ပေးပါသည်။ အကယ်၍ မြန်မာနိုင်ငံတွင် အရပ်သားအစိုးရ ပြန်လည်အာဏာရရှိလာပါက ထိုအခါတွင် အစိုးရသည် လက်နက်ကိုင်အဖွဲ့အစည်းများအကြား ညှိနှိုင်းဖျန်ဖြေရန် ကြိုးပမ်းမည့်အစား ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ခုအဖြစ် ပဋိပက္ခ၏ဘဏ္ဍာရေးနှင့် နိုင်ငံရေးဆိုင်ရာ အရင်းအမြစ်များကို ဖြေရှင်းရန် တိုင်းရင်းသားအုပ်စုများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့်အခြားသောအရေးပါသည့်အကျိုးစီးပွားပတ်သက်ဆက်နွယ်သူများနှင့် အတူတကွလုပ်ကိုင်ဆောင်ရွက်ကြရမည် ဖြစ်သည်။ ယင်းသည် ပြောင်းလဲမှုအတွက် စိတ်ချယုံကြည်နိုင်သော အစီအစဉ်တစ်ခုကို ပေးအပ်နိုင်ပြီး အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို အားပေးမြှင့်တင်ပေးနိုင်ပါသည်။

အထက်ပါအချက်အားလုံးသည် စစ်တပ်အား ၎င်း၏ဆန္ဒအလျောက်ဖြစ်စေ အခြားနည်းလမ်းဖြင့်ဖြစ်စေ အာဏာမှ ဖယ်ရှားနိုင်မည်ဟု ယူဆထားခြင်း ဖြစ်ပါသည်။ ထိုသို့ ဖယ်ရှားနိုင်ခြင်းမရှိပါက ကျောက်စိမ်းလုပ်ငန်းသည် မြန်မာနိုင်ငံ၏ ပဋိပက္ခများ၏ ဗဟိုချက်တွင် ဆက်လက်ရှိနေဦးမည် ဖြစ်ပါသည်။

# ၄.၂ အကြံပြုတင်ပြချက်များ

## ကြီးမားသည့် မြင်ကွင်း

Global Witness က ဤအစီရင်ခံစာအတွက် သုတေသနပြုသည့်အချိန်မှစ၍ မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေသည် အကြီးအကျယ် ပြောင်းလဲသွားခဲ့သည်။ NLD ၏ ပြုပြင်ပြောင်းလဲရေး အစီအစဉ်သည် လိုအပ်ချက်များစွာ ရှိနေသေးသော်လည်း ကျောက်စိမ်းကဏ္ဍသည် တဖြည်းဖြည်း လမ်းမှန်ပေါ်သို့ ရောက်ရှိနေသည်မှာ သံသယဖြစ်ဖွယ်မရှိပေ။ ထို့ကြောင့် Global Witness သည် ဤအစီရင်ခံစာကို NLD အား ပြုပြင်ပြောင်းလဲရေးအပေါ် ပြန်လည်ဦးစားပေးရေးနှင့် ၎င်း၏ ကနဦးအဆင့်တွင် လျစ်လျူရှုခဲ့သော ပြဿနာများကိုဖြေရှင်းရေး တွန်းအားပေးရန် အခွင့်အလမ်း တစ်ရပ်အဖြစ် ရှုမြင်ခဲ့ပါသည်။ တိကျသော မူဝါဒဆိုင်ရာ အကြံပြုချက်များအပြင် Global Witness သည် အပြောင်းအလဲကို အဟန့်အတားဖြစ်စေသော ကျယ်ပြန့်သော ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ ပြဿနာ လေးခုကို ဖော်ထုတ်ခဲ့ပါသည်။ ထိုပြဿနာများကို ဖြေရှင်းခြင်းသည် ကျောက်စိမ်း- ပဋိပက္ခ ဆက်စပ်မှုကို ချိုးဖျက်ရန်အတွက် အခရာကျသည့် အချက် ဖြစ်ပါသည်။

**ပထမအချက်အနေဖြင့် ပြုပြင်ပြောင်းလဲရေးသည် မြန်မာနိုင်ငံ၏ မူဝါဒရေးဆွဲသူများမှ အစိုးရထိပ်ပိုင်းအထိ အားလုံးအတွက် အထူးဦးစားပေးလုပ်ငန်းစဉ်ဖြစ်ရန် လိုအပ်ပါသည်။** မြန်မာ့ ရွေးကောက်ခံခေါင်းဆောင်များ၏ ဆောင်ရွက်မှု မပါရှိပါက များစွာ ဆုံးရှုံးနစ်နာမည့် ပါဝင်ပတ်သက်သူများစွာသည် NLD လက်အောက်တွင် ၎င်းတို့ လုပ်ခဲ့သည့်အတိုင်း အဓိပ္ပာယ်ပြည့်ဝသော ပြုပြင်ပြောင်းလဲရေးကို ရှုထောင့်တိုင်းမှ အားနည်းအောင် ဆောင်ရွက်ပါလိမ့်မည်။

**ဒုတိယအချက်အနေဖြင့် သဘာဝသယံဇာတ စီမံအုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုသည် ငြိမ်းချမ်းရေးဖြစ်စဉ်၏ အခြေခံကျသော အစိတ်အပိုင်းတစ်ခုအဖြစ် ထည့်သွင်း စဉ်းစားရန် လိုအပ်ပါသည်။** သဘာဝ သယံဇာတများသည် မြန်မာနိုင်ငံရှိ လူနည်းစု တိုင်းရင်းသားအများအပြား၏ ဆုံးရှုံးနစ်နာမှုများအတွက် အရေးပါသည့် အကြောင်းရင်းတစ်ခု ဖြစ်နေပါသည်။ ပိုင်ဆိုင်မှုများ၊ ရရှိရမည့် အခွင့်အရေးများနှင့် ပတ်သက်သော အငြင်းပွားမှုများသည် ရာစုနှစ်ဝက်အတွင်း ဖြစ်ပွားခဲ့သော ပြည်တွင်းပဋိပက္ခများ၏ တစ်ခုတည်းသော အကြောင်းရင်း မဟုတ်သော်လည်း အနိမ့်ဆုံးအားဖြင့် ၎င်းတို့သည် အရေးကြီးသော အချက်တစ်ချက်ဖြစ်ပါသည်။ မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်တွင် သဘာဝသယံဇာတများအပေါ် အပစ်အခတ်ရပ်စဲပြီးနောက် ဆွေးနွေးရန်လိုအပ်သည့် အလယ်အလတ်အဆင့် ပြဿနာများအဖြစ် သတ်မှတ်၍ အလေးမထားခြင်း ကို ရပ်တန့်ပြီး ငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင် အထူးဦးစားပေး ဆွေးနွေးသင့်ပါသည်။

**တတိယအချက်အနေဖြင့် လက်နက်ကိုင်များသည် ကျောက်စိမ်းတူးဖော်ရေးကဏ္ဍနှင့် ပိုမိုကျယ်ပြန့်သည့် စီးပွားရေးနယ်ပယ်မှ ထွက်ခွာရန် သို့မဟုတ် ဖယ်ထုတ်ပစ်ရန် လိုအပ်နေပါသည်။** အရေးအကြီးဆုံးအနေဖြင့် ယင်းအချက်တွင် တပ်မတော်၏ အဖွဲ့အစည်းလိုက်သာမက အဆင့်မြင့် အရာရှိတစ်ဦးချင်းနှင့် ကျောက်စိမ်းကုမ္ပဏီများ၊ လုပ်ကွက်များကို ပိုင်ဆိုင်ထားသည့် ၎င်းတို့၏ မိသားစုဝင်များပါ ပါဝင်ပါသည်။ အရေးကြီးသော စီးပွားရေးကဏ္ဍများတစ်လျှောက် တပ်မတော်၏ ပျံ့နှံ့နေရာယူထားခြင်းသည် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို ထိခိုက်စေပြီး ပဋိပက္ခကို ပိုမိုဆိုးဝါးစေပါသည်။ အာဏာသိမ်းမှုသည် ယင်းအချက်မှန်ကန်ကြောင်းကို ထပ်လောင်းအတည်ပြုခဲ့ပါသည်။ သဘာဝ သယံဇာတ စီမံအုပ်ချုပ်မှုကို သေချာစွာ ထည့်သွင်းစဉ်းစားထားသည့် ခိုင်မာသော ငြိမ်းချမ်းရေးသဘောတူညီမှုသည် တိုင်းရင်းသားအဖွဲ့အစည်းများကို စစ်ရေးလှုပ်ရှားမှုများ



ပြုပြင်ပြောင်းလဲမှု မရှိပါက ဖားကန့်ရှိ ၂၀၁၉ ခုနှစ် မြေပြိုမှုနောက်ပိုင်း ဤသို့သောမြင်ကွင်းများသည် ဆက်လက်ဖြစ်ပွားနေဦးမည်ဖြစ်ပါသည်။ လုပ်ဆောင်ရမည့်အချိန်သည် ယခုအချိန် ဖြစ်ပါသည်။ *Global Witness*

ရပ်တန့်ရန် သို့မဟုတ် ၎င်းတို့၏ အုပ်ချုပ်ရေးဆောင်ရွက်မှုများနှင့် လက်နက်ကိုင် အင်အားများကို နယ်စပ်လုံခြုံရေးနှင့် အစိုးရယန္တရားတွင်ပေါင်းစပ်ရန် ခွင့်ပြုပေး နိုင်ပါသည်။

**နောက်ဆုံးအနေဖြင့် တပ်မတော်၏အာဏာကို လျှော့ချရေးနှင့် ပြည့်စုံသော ငြိမ်းချမ်းရေးသဘောတူညီမှုတစ်ခု၏ မူဘောင်အတွင်း ဗဟိုချုပ်ကိုင်မှု လျှော့ချထားသော ဖက်ဒရယ်အစိုးရစနစ်တစ်ရပ် ဖြစ်ပေါ်လာစေရေးနှစ်ရပ်လုံးအတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်ရန်လိုအပ်ပါသည်။** တိုင်းပြည်ရှေ့သို့ ဆက်လက်ချီတက်နိုင်ရေးအတွက် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေကို မဖြစ်မနေ ပြင်ဆင်ရန် လိုအပ်ပါသည်။

ဤဖွဲ့စည်းမှုဆိုင်ရာ အတားအဆီး လေးခုလုံးသည် ယနေ့အခြေအနေနှင့် ကိုက်ညီမှု ရှိနေဆဲ ဖြစ်ပါသည်။ ကံဆိုးသည်မှာ အာဏာသိမ်းမှုသည် ထိုပြဿနာများ၏ မည်သည့်အချက်ကိုမျှ ဖြေရှင်းပေးနိုင်ရန်ဖြစ်နိုင်ခြေမရှိဟု ဆိုလိုနေပါသည်။ အနိမ့်ဆုံးအနေဖြင့် တပ်မတော်မှ မြန်မာနိုင်ငံ၏အုပ်ချုပ်ရေးကို ဆက်လက်ထိန်းချုပ်ထားသမျှ မဖြစ်နိုင်ပေ။ သို့သော် ကျောက်စိမ်း-ပဋိပက္ခ ဆက်စပ်မှုကို ဖြေရှင်းရန် ကြိုးပမ်းနေကြသူများအား မျှော်လင့်ချက်ကုန်ဆုံးသည့်အခြေအနေတွင် မထားရစ်ခဲ့သင့်ပါ။ အာဏာသိမ်းမှုသည် တပ်မတော်ကို ပံ့ပိုးပေးနေသည့် စီးပွားရေး အကျိုးစီးပွားကို ပြန်လည်သတိပြုမိစေခဲ့ပြီး တပ်မတော်မှ အာဏာကို လက်လွှတ်လိုက်ရသည့်အချိန်တွင် ၎င်းတို့ကို အရေးတကြီးပြုပြင်ပြောင်းလဲရန် လိုအပ်နေကြောင်း မီးမောင်းထိုးပြခဲ့ပါသည်။ တပ်မတော်ကို ချက်ချင်းရေတိုကာလအတွင်း ဆန့်ကျင်ရန်နှင့် ကျောက်စိမ်းလုပ်ငန်း၏ အနာဂတ်အတွက် မျှော်မှန်းချက်အသစ်တစ်ခုကို ရေးဆွဲထားရန် ဆက်စပ်ပါဝင်နေသူများဆောင်ရွက်နိုင်မည့် အလုပ်များစွာ ရှိနေပါသည်။

## နိုင်ငံတကာ အသိုင်းအဝိုင်းအတွက်

ဆန္ဒပြသူများနှင့် လက်နက်ကိုင်အဖွဲ့များ၏ ဆန့်ကျင်မှုတိုးမြှင့်လာစဉ် တပ်မတော်သည် အာဏာသိမ်းမှု ဆန့်ကျင်ရေး လှုပ်ရှားမှုများကို ဖြိုခွင်းရန် ကြိုးစားနေပါသည်။ ထို့ကြောင့် တပ်မတော်က မြန်မာနိုင်ငံ အုပ်ချုပ်ရေးကဏ္ဍကို ကျယ်ပြန့်စွာ ထိန်းချုပ်ထားနိုင်သမျှကာလပတ်လုံး ကျောက်စိမ်းကဏ္ဍတွင် ဖြစ်ပွားလာနိုင်သည့် လူ့ဆင်းရဲဒုက္ခအများအပြားကို လျှော့ချနိုင်မည့် အရေးကြီးသည့် ပြုပြင်ပြောင်းလဲမှုအတွက် မျှော်လင့်ချက်မရှိသလောက်ပင် ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတကာအသိုင်းအဝိုင်း၏ အဓိကဦးစားပေးမှုသည် တပ်မတော်ကို အာဏာစွန့်လွှတ်စေရန်နှင့် မြန်မာပြည်သူများလက်ခံနိုင်မည့် တရားဝင်အစိုးရသစ်တစ်ရပ်ကို ဖွဲ့စည်းရေးအတွက် ကူညီရာတွင် ထားရှိသင့်ပါသည်။ ဤမဟာဗျူဟာ၏ အဓိကကျသောအချက်မှာ ကျောက်စိမ်းလုပ်ငန်းနှင့် အခြား တရားဝင်နှင့် တရားမဝင် သဘာဝသယံဇာတများမှ အကျိုးအမြတ်ရယူနိုင်စွမ်းကို ကန့်သတ်မည့် မူဝါဒများကို ကျင့်သုံးသင့်ပါသည်။

### နိုင်ငံတကာအသိုင်းအဝိုင်းသည် အောက်ဖော်ပြပါနောက်ဆက်တွဲ အချက်များကို တိကျစွာ အကောင်အထည်ဖော်သင့်ပါသည်။

၁။ တပ်မတော်၏ဥပဒေနှင့် ဆန့်ကျင်သော အာဏာသိမ်းမှုကို တရားဝင်ကြောင်း အသိအမှတ်မပြုရန်- နိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်းများ၊ စုပေါင်းအသင်းအဖွဲ့များ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် အခြားအဖွဲ့များသည် စစ်တပ်၏ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ (SAC) ကို ဥပဒေနှင့် ညီညွတ်သော သို့မဟုတ် တရားဝင်သော မြန်မာအစိုးရတစ်ရပ်အဖြစ် အသိအမှတ်မပြုရန်နှင့် ဖြစ်စဉ်တိုင်းတွင် ၎င်းတို့၏ ကိုယ်စားပြုမှုနှင့် တရားဝင်အသိအမှတ်ပြုမှုကို ငြင်းပယ်သင့်ပါသည်။

၂။ အမျိုးသားညီညွတ်ရေးအစိုးရ(NUG)ကို ဒေသတွင်းနှင့် နိုင်ငံတကာ တွေ့ဆုံဆွေးနွေးပွဲများတွင် ပါဝင်ခွင့်ပြုရန်- နိုင်ငံများသည် NUG အစိုးရကို တရားဝင်အစိုးရအဖြစ် သံတမန်ရေးရာအရ အပြည့်အဝ အသိအမှတ်ပြုပေးနိုင်ရန် ပြင်ဆင်ထားခြင်း မရှိနိုင်သေးသော်လည်း အနိမ့်ဆုံးအနေဖြင့် နိုင်ငံတကာနှင့် ဒေသတွင်း တွေ့ဆုံဆွေးနွေးပွဲများတွင် NUG ၏ ကိုယ်စားလှယ်များကို ပါဝင်စေသင့်ပါသည်။ ယင်းအချက်သည် အထူးသဖြင့် မြန်မာနိုင်ငံ၏ အနာဂတ် အတွက် ညှိနှိုင်းဆွေးနွေးရာတွင် တိုက်ရိုက်သက်ဆိုင်သည့် အာဆီယံကဲ့သို့သော အဖွဲ့အစည်းများအတွက် မှန်ကန်ပါသည်။

၃။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ လက်နက်ရောင်းချမှု ပိတ်ပင်ခြင်းနှင့် ရွေးကောက်ခံ အရပ်သားအစိုးရဆီသို့ လျင်မြန်၍ ငြိမ်းချမ်းသော အကူးအပြောင်းတစ်ခု ဖြစ်ပေါ်လာစေနိုင်သော ဖြေရှင်းချက်တစ်ခုကို ဆောင်ရွက်ပေးခြင်းအားဖြင့် အာရှတိုက်၏ဗဟိုတွင် ပျက်သုဉ်းနိုင်ငံတစ်ခု ပေါ်ထွက်လာနိုင်သည့်အခြေအနေသည် ဒေသတွင်းသာမက နိုင်ငံတကာ ငြိမ်းချမ်းရေး နှင့် လုံခြုံရေးတို့အတွက် ဘေးအန္တရာယ်တစ်ခု ဖြစ်လာနိုင်သည့်အပေါ် အလေးထား တုံ့ပြန်ရန်။

၄။ အာဏာသိမ်းမှုနှင့် ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားပြီးနောက် ဖြစ်ပေါ်လာသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အရေးပေါ်အခြေအနေ မြင့်တက်လာခြင်းကိုဖြေရှင်းရန် စစ်အစိုးရကိုအသိအမှတ်ပြုခြင်းမရှိဘဲ ထောက်ပံ့ကူညီမှုများကို တိုးမြှင့်ပေးရန်။

၅။ အရေးယူဆောင်ရွက်ခြင်း မပြုရသေးသည့် နိုင်ငံများသည် မြန်မာ့ပြည်သူများအပေါ် သက်ရောက်မှုအနည်းဆုံးဖြစ်စေပြီး စစ်တပ်၏ စီးပွားရေးလမ်းကြောင်းများကို ဦးတည်သည့် စီးပွားရေးပိတ်ဆို့မှုများကို အသုံးပြု၍ ကုမ္ပဏီများကို စစ်တပ်နှင့် စစ်တပ်ပိုင်ကုမ္ပဏီများအား ပစ္စည်းပံ့ပိုးပေးခြင်း သို့မဟုတ် စီးပွားရေး လက်တွဲဆောင်ရွက်ခြင်းမှ တားဆီးသင့်ပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင်-

(က) စစ်တပ်ပိုင် ကုမ္ပဏီများဖြစ်သည့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း နှင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၊

(ခ) မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း နှင့် ယခုအခါ စစ်တပ်ကို ငွေကြေးပံ့ပိုးနေသည့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းကဲ့သို့ နိုင်ငံပိုင်အခြားစီးပွားရေးလုပ်ငန်းများ၊

(ဂ) စစ်ကောင်စီကို လက်နက်များ၊ စောင့်ကြည့်စစ်ဆေးသည့် နည်းပညာများ မြန်မာပြည်သူများကို ဖိနှိပ်ရန် လိုအပ်သည့် အခြားအရင်းအမြစ်များ အပါအဝင် ၎င်း၏ အုပ်ချုပ်ရေးနှင့် လုပ်ပိုင်ခွင့်ကို တည်မြဲစေရန် မရှိမဖြစ်လိုအပ်သည့် နိုင်ငံခြားငွေရရှိစေရန် ကူညီပေးနေသည့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ နှင့်

(ဃ) အရာရှိတစ်ဦးချင်းနှင့် စစ်ကောင်စီတွင် ပါဝင်သော တစ်ဦးချင်းအပြင် ၎င်းတို့၏အရင်းနှီးဆုံးမိသားစုများပါ ပါဝင်ရပါမည်။

၆။ မြန်မာ့ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာ လုပ်ငန်းများတွင် စစ်တပ်၏ ပျံ့နှံ့လွှမ်းမိုးနေမှုကို အသိအမှတ်ပြု၍ မြန်မာနိုင်ငံမှ ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာ တင်ပို့မှုအားလုံးကို တားမြစ် ပိတ်ပင်ရန်။

၇။ NUG နှင့် အရပ်ဘက်အဖွဲ့အစည်းများက လူနည်းစုတိုင်းရင်းသားများအားလုံး ပါဝင်ပြီး သယံဇာတများကို မည်သို့ စီမံခန့်ခွဲမည်ကို ဆုံးဖြတ်ရာတွင် ဒေသခံများအား အဓိပ္ပာယ်ပြည့်ဝသောအခန်းကဏ္ဍမှ သေချာထည့်သွင်းထားသည့် ကျောက်စိမ်းလုပ်ငန်း၏ အနာဂတ်အတွက် စီမံချက်ရေးဆွဲရာတွင် အားပေးကူညီရန်။

## အမျိုးသားညီညွတ်ရေး အစိုးရအတွက်

၁။ NUG သည် သယံဇာတအပေါ် အခြေခံသည့် ပဋိပက္ခများ၏ အကြောင်းရင်းများကို ဖြေရှင်းရန် အလေးအနက်ထားမှုကိုဖော်ပြသည့် ဖက်ဒရယ်မူဘောင်တစ်ခုအတွင်း ဘက်ပေါင်းစုံပါဝင်သော သဘာဝ သယံဇာတ စီမံအုပ်ချုပ်ရေးအတွက် စီမံချက်တစ်ရပ်ကို ရေးဆွဲသင့်ပါသည်။ ထို့အပြင် လူနည်းစု

တိုင်းရင်းသားများအား ၎င်းတို့၏ စိုးရိမ်မှုနှင့် ဦးစားပေးမှုများကို NUG ၏ မူဝါဒဆိုင်ရာ ဦးစားပေးမှုများတွင် ထည့်သွင်းသွားမည်ကို အာမခံချက် ပေးသင့်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် NUG သည် အောက်ပါ အချက်များကို ဆောင်ရွက်နိုင်ပါသည်။

(က) NUG ၏ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအတွင်း ကျောက်စိမ်း၊ ကျောက်မျက်ရတနာနှင့် အခြား သဘာဝ သယံဇာတများအတွက် NUG ၏ မူဝါဒကို ရေးဆွဲရာတွင် ဦးဆောင်နိုင်မည့် လုပ်ငန်းအဖွဲ့တစ်ခု ဖွဲ့စည်းခြင်း

(ခ) သဘာဝ သယံဇာတ စီမံအုပ်ချုပ်ရေးကို NUG ၏အဓိပ္ပာယ် ပြည့်ဝသည့် အနာဂတ် ဖက်ဒရယ်စနစ်အတွက် အစီအစဉ် ရေးဆွဲရာတွင် ပါဝင်စေရေး သေချာစေရန်ဆောင်ရွက်ခြင်း

(ဂ) ကချင်နှင့် ရှမ်းပြည်နယ်ရှိ ဆက်စပ်ပါဝင်သူများ၏ ကိုယ်စားလှယ်များ ပါဝင်သည့် ဆွေးနွေးပွဲများတွင် ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာ စီမံခန့်ခွဲမှုအရေးကိစ္စကို ထည့်သွင်းခြင်း

၂။ အာဏာသိမ်းပြီး နောက်ဆက်တွဲ ပြဿနာများကို ဖြေရှင်းရာတွင် စစ်တပ်၏ အုပ်ချုပ်မှု ခိုင်မာစေရန် နှင့် အင်အားဖြည့်တင်းရန် ထောက်ကူပေးနိုင်သည့် ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာကဏ္ဍတွင် စစ်ကောင်စီ၏ ဆောင်ရွက်မှုများကို အောက်ပါအတိုင်း တုံ့ပြန်ရန် -

(က) စစ်တပ်နှင့် ဆက်နွယ်နေသည့် ကုမ္ပဏီများသည် ကျောက်မျက်တူးဖော်မှုလိုင်စင်ရရှိရန်အတွက် အရည်အချင်း မပြည့်မီတော့ကြောင်း၊ ကျောက်မျက်လုပ်ငန်းအတွင်း စစ်တပ်နှင့်စီးပွားဖက် ကုမ္ပဏီများအား တရားမဝင် ကုမ္ပဏီများအဖြစ် သတ်မှတ်မည် ဖြစ်ကြောင်း ကြေညာခြင်း၊

(ခ) လိုင်စင်များပြန်လည် ခွင့်ပြုပေးခြင်းသည် ဥပဒေနှင့် မညီညွတ်ကြောင်း နှင့် စစ်ကောင်စီကထုတ်ပေးသည့် လိုင်စင်များသည် တရားမဝင်ကြောင်း ကြေညာ၍ စစ်ကောင်စီမှ ဝင်ငွေလျင်မြန်စွာ ရရှိစေရန် လိုင်စင်ပြန်လည်စတင် ခွင့်ပြုပေးမည့် အန္တရာယ်ကို ကြိုတင်ကာကွယ်တားဆီးခြင်း၊

(ဂ) စစ်ကောင်စီမှ ကျင်းပသည့် ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာ ပြပွဲများကို သပိတ်မှောက်ရန် ပြည်တွင်းကုမ္ပဏီများကို တိုက်တွန်းအားပေးခြင်း၊

(ဃ) စစ်ကောင်စီမှ စီမံသည့် လိုင်စင်ကိစ္စရပ်များနှင့် ရောင်းချခြင်းများတွင် ပါဝင်သည့်ကုမ္ပဏီများအတွက် အနာဂတ်တွင် လိုင်စင်လျှောက်ထားရန် နာမည်ပျက်စာရင်း ထည့်သွင်းခြင်းကဲ့သို့သော သက်ရောက်မှုများကို ရှင်းလင်းတင်ပြခြင်း၊

၃။ NUG ၏ မူဝါဒများသည် အတိတ်ကာလမှ NLD ၏ မူဝါဒများ၊ စစ်ကောင်စီ၏ မူဝါဒများနှင့် မည်သို့ကွဲပြားသည်ကို ဖော်ပြ၍ မူဝါဒပြုပြင်ပြောင်းလဲရေး အဆိုပြုချက်များအပေါ် အာရုံစိုက်ရန်- ထိုသို့ဆောင်ရွက်ရာတွင်

(က) NLD အစိုးရ လက်ထက်တွင် ဆိုင်းငံ့ထားခဲ့သည့် အမျိုးသား ကျောက်မျက်ရတနာမူဝါဒ ပြင်ဆင်ခြင်းနှင့် အပြီးသတ်ခြင်း- NUG သည် ဆက်စပ်ပတ်သက်သူ ပေါင်းစုံပါဝင်သည့် မူဝါဒ ရေးဆွဲရေး အစီအစဉ်အောက်တွင် ပြန်လည်ဆောင်ရွက်သင့်ပါသည်။

(ခ) ကျောက်မျက်လုပ်ငန်းအတွင်း ပွင့်လင်းမြင်သာမှုရှိစေရေး နှင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းအတွင်း အကျိုးစီးပွား ပဋိပက္ခများကို လျှော့ချရေးတို့အတွက် NUG က မည်သို့ ရည်ရွယ်သည်ကို ဖော်ပြရန် လိုင်စင်ခွင့်ပြုပေးသည့် လုပ်ငန်းစဉ်အား ပြုပြင်ပြောင်းလဲမည်ကို ကြေညာခြင်း၊

(ဂ) သဘာဝ ပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်ရေးနှင့် ထိခိုက်နစ်နာခဲ့ရသည့် ဌာနေ လူ့အသိုင်းအဝိုင်းများ၏ အခွင့်အရေးများကို ဦးစားပေးမည်ဖြစ်ကြောင်း ကတိပြုခြင်း နှင့်

(ဃ) စက်မှု ယန္တယားအသုံးပြု၍ ကျောက်စိမ်းတူးဖော်ခြင်း နှင့် အကြီးစားထုတ်လုပ်မှုအားလုံးကို တားမြစ်ပိတ်ပင်ခြင်း

## ကချင်လွတ်လပ်ရေးအဖွဲ့ချုပ် / ကချင်လွတ်မြောက်ရေးတပ်မတော် အတွက်

စစ်အာဏာသိမ်းမှု ကျဆုံး၍ တရားဝင် အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေးအတွက် အခွင့်အလမ်း ရှိလာပါက သို့မဟုတ် KIO/A သည် ဖားကန့်ကို ပြန်လည်ရယူပြီး ဆက်လက်ထိန်းချုပ်ထားနိုင်ပါက KIO/A တွင် ကျောက်စိမ်းအပေါ် ပိုမိုတာဝန်ယူမှုရှိသော ချဉ်းကပ်မှုရှိကြောင်း ဖော်ပြနိုင်ရန် အခွင့်အလမ်းများ ရှိလာမည် ဖြစ်သည်။

### အထက်ပါ အခြေအနေများ ဖြစ်လာခဲ့ပါက KIA ဆောင်ရွက်သင့်သည်မှာ -

(က) အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ ဒေသခံအသိုင်းအဝိုင်းများ၊ နိုင်ငံရေးပါတီများနှင့် ပူးပေါင်း၍ အရပ်သားထိန်းချုပ်မှုအောက်တွင် ရေရှည်တည်တံ့သည့် သယံဇာတ စီမံခန့်ခွဲမှုအတွက် အဖွဲ့၏မျှော်မှန်းချက်ကို ဖော်ပြထားသည့် ကျောက်စိမ်းတူးဖော်ရေး မူဝါဒတစ်ရပ် အပါအဝင် ကချင်ပြည်နယ်မှ ပြည်သူလူထုကို အကျိုးဖြစ်ထွန်းစေပြီး သဘာဝ ပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်သည့် သဘာဝသယံဇာတ ဖယ်ဒရယ်စနစ်အတွက် အသေးစိတ် အစီအစဉ်ရေးဆွဲရန်

(ခ) သဘာဝ သယံဇာတနှင့် ပတ်သက်သည့် ပိုမို ကျယ်ပြန့်စွာပါဝင်သော အနာဂတ်အတွက် အထူးသဖြင့် ကချင်ပြည်နယ်တွင် ပေါများသည့် ကျောက်စိမ်းနှင့် သစ်ထုတ်လုပ်ရေးကဲ့သို့ သယံဇာတများတွင် NUG ၏ မျှော်မှန်းချက်ကို အားဖြည့်ပေးရန်အတွက် NUG နှင့် ထိတွေ့ဆက်ဆံရန်

(ဂ) ပြစ်မှုကျူးလွန်သူများကို အရေးယူရန် အကြီးတန်းခေါင်းဆောင်များ နှင့် အမိန့်ပေးစေခိုင်းသူများအပါအဝင် KIA/O တာဝန်ရှိသူများ ပါဝင်နေသည့် အကျင့်ပျက်ခြစားမှုဆိုင်ရာ စွပ်စွဲချက်များကို စုံစမ်းစစ်ဆေးနိုင်ရေးအတွက် ယုံကြည်စိတ်ချရသော စနစ် ယန္တရားတစ်ရပ် တည်ဆောက်ရန်

(ဃ) KIO/A ၏ အခွန်စည်းမျဉ်း၊ လိုင်စင်သတ်မှတ်ချက်များ၊ ဝင်ငွေ၊ အသုံးစရိတ်နှင့် ကြီးကြပ်ရေးယန္တရားများ၏ အသေးစိတ် အချက်အလက်များအပါအဝင် ကျောက်စိမ်းကဏ္ဍ စီမံခန့်ခွဲမှုဆိုင်ရာ အချက်အလက်များကို EITI မှ ချမှတ်ထားသည့် စံချိန်စံညွှန်းများနှင့်အညီ အများသိရှိနိုင်ရန် ထုတ်ပြန်ရေးအတွက် ပြင်ဆင်ထားရန်၊

(င) တပ်မတော်အား အာဏာမှ ဖယ်ရှားခံရပါက ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းအပါအဝင် သဘာဝ သယံဇာတ ကဏ္ဍမှ ထွက်ခွာမည်ဖြစ်ကြောင်း လူသိရှင်ကြား ကတိပြုရန်။

## ပြည်တွင်း ကျောက်စိမ်းတူးဖော်ရေးနှင့် ကုန်သွယ်ရေး ကုမ္ပဏီများ အတွက်

၁။ ကျောက်မျက် တူးဖော်ရေးလုပ်ငန်းများကို ချက်ချင်းပြန်လည်သုံးသပ်ပြီး မြန်မာနိုင်ငံဥပဒေ သို့မဟုတ် နိုင်ငံတကာ စံချိန်စံညွှန်းများကို ချိုးဖောက်နေသည့် လုပ်ငန်းစဉ်များကို ရပ်တန့်ရန်၊ စီမံအုပ်ချုပ်ရေး၊ သဘာဝပတ်ဝန်းကျင်၊ လူမှုရေး၊ လူ့အခွင့်အရေးနှင့် အလုပ်သမားအခွင့်အရေးဆိုင်ရာ စံချိန်စံညွှန်း

များနှင့်အညီ လုပ်ငန်းဆောင်ရွက်ရန်။
